

မြန်မာ မျှားနတ်မောင် Community Forums
မြန်မာကျူးပစ်ဂျာနယ်
အမှတ်စဉ်(၁၀)
http://www.mmcpcommunity.net
၇ နှစ်ပြည့်
Happy Newyear 2012
Home
Forum
Library
New Posts
Private Messages
Myanmar Cupid Community Forums
Admins' Announcements
Requests to the Admins
မြန်မာ မျှားနတ်မောင် Community Forums
7

# စာတည်းအဖွဲ့ နှုတ်ခွန်းဆက်

မြန်မာကျူးပစ်ဖိုရမ်ရဲ့ ၇ နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မြန်မာကျူးပစ်ဂျာနယ် အမှတ်စဉ် ၁၀ ကို ကျူးပစ် မိသားစုများရဲ့ မျက်ဝန်းရှေ့မှောက်သို့ နည်းနည်းကလေး နောက်ကျသွား ရပေမဲ့ အရောက် ပို့ပေးလိုက်နိုင်လိုက်ပါပြီ။

သာမန်အားဖြင့် တစ်နှစ်မှ တစ်ကြိမ် တစ်ခါသာ ထုတ်ဝေနိုင်တဲ့ ဂျာနယ်လို့ ဆိုနိုင်သော်လည်း အရင့် အရင်က ဂျာနယ်တွေရဲ့ စံနမူနာကောင်းတွေလို သုတ၊ ရသ၊ ဟာသတွေနဲ့ တတ်စွမ်းသလောက် ကဏ္ဍ စုံလင်နိုင်သမျှ စုံလင်အောင် ကျူးပစ်များက ကျူးပစ်ရဲ့ အစဉ်အလာကောင်းတွေကို မပျက် မကွက်စေရဘဲ ကြိုးစားအားထုတ်ပေးထားကြပါတယ်။ ကျူးပစ်များရဲ့ လက်စွမ်းလက်စတွေနဲ့ အားထုတ်နိုင်စွမ်းတွေရဲ့ ဆုံစည်းမှုကြောင့်သာ မြန်မာကျူးပစ်ဂျာနယ်က အမှတ်စဉ် ၁၀ အထိ ရောက်အောင် လျှောက်လှမ်းနိုင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

မြန်မာကျူးပစ်ဂျာနယ် အမှတ် ၉ နဲ့ အမှတ် ၁၀ ကြား ကာလကလေးကတော့ ကျူးပစ်တွေရဲ့ စိတ်နှလုံးကို အမျိုးမျိုး စေစားခဲ့သယောင်ယောင် လို့ ဆိုရမလိုပါပဲ။ စိတ်လှုပ်ရှားမှု၊ စိတ်အားတက်မှု၊ စိတ်ပျက်ပျင်းမှု၊ စိတ်နှလုံး မချမ်းမြေ့မှု၊ အဲ့ဒီလို တစ်ကိုယ်စာချင်းစီရဲ့ စိတ်အခြေအနေ အလှည့် အပြောင်း၊ အနိမ့်အမြင့်၊ အတက်အကျ၊ အချိုးအကွေ့တွေနဲ့ အမျိုးစုံလင်နေအောင် ဆွဲငင်ဖန်တီး ခဲ့ကြတဲ့ ဖြစ်ရပ်များကြောင့် ကျူးပစ်တွေလည်း အတော်ကလေးကိုပဲ စိတ်များခဲ့ရတဲ့ ကာလ တစ်ခု ဖြစ်ခဲ့ရတယ် လို့ အထင်ရောက်စရာပါပဲ။

ဒါပေမယ့် အဲ့ဒီလို တစ်ကိုယ်ရည် စိတ်လှုပ်ရှားမှုအတိုင်း ခပ်ညှို့ညှို့ မျောပါဆောင်ရွက်တာမျိုး ထက် စိတ်ရဲ့ အလှုပ်တွေတိုင်းကို တတ်နိုင်သမျှ ပဲ့ကိုင် ထိန်းကျောင်းနိုင်ခဲ့ကြတဲ့ ကျူးပစ်တွေကို စာတည်းအဖွဲ့က ချီးကျူးစကား ဆိုရင်း ကျူးပစ်တွေ အားလုံး မြန်မာနှစ်သစ် အကူးကာလမှာ မင်္ဂလာ အပေါင်းစညောင်းစွာနဲ့ ငြိမ်းအေး ချမ်းမြေ့ကြပါစေကြောင်း ချစ်ခင်စွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျူးပစ်တွေနဲ့ ကျူးပစ်ကြီးကတော့ အဲ့ဒီလိုပဲ ရှေ့ကို ဆက်လက် လျှောက်လှမ်း စီးမျော နေကြအုံး မှာလို့လည်း ယုံကြည်နေပါတယ်။

မြန်မာ မျှားနတ်မောင်
Community Forums

# မာတိကာ

CONTENTS


က စာတည်းအဖွဲ့မှ နှုတ်ခွန်းဆက်သလွှာ

ခ ၂၀၁၂-၂၀၁၃ ကျူးပစ်များ၏ အလှူမင်္ဂလာမှတ်တမ်း

**ကဗျာ**

၁ အရင်းနှီးဆုံးသူစိမ်း(သို့) ဒီဇင်ဘာ မိခေါင်း

၂ ပန်းသီးတစ်ကိုက်စာ ဂျီ

၃ ဖမ်းဆုပ်ခွင့်မရှိတော့သော ကလူကလူ

၄ အနမ်းတစ်ခုနဲ့ ခြေဆန့်တဲ့ညနေခင်း ဆုမြတ်မိုး

၅ အာရုံရိုင်းတို့ ရှက်လွင့်ရာ မော်ကင်းလေး

၈ ညနဲ့ညစာစားပွဲ icy

၉ အကြောင်းမပြည့်စုံလှဘူး nelayne

**ကာတွန်း၊ဟာသ**

၁၀ Yoda MMCP

၁၁ မရွှေစု

၁၃ johnansen

**သတင်း**

၁၄ ကျူးပစ် သတင်းဒိုင်ယာရီ (၂၀၁၂) batoe

**သုတေသနစာတမ်း**

၂၉ ထီး mrlynn

**စာအုပ် အညွှန်း**

၃၄ စတီရော့ မောင်ဘတ်

**နိုင်ငံတကာရေးရာ**

၃၈ စိနတိုင်းမှ လျှို့ဝှက် လက်နက်စက်ရုံများ GuruAM

**လေ့လာ သုံးသပ်ချက်**

၄၂ Game Review ဇော်ဂျီလေး

၄၄ သိုင်းဝတ္ထုများအကြောင်း မျိုးမျိုး တစေ့တစောင်း

**ဘာသာရေး**

၄၆ စိတ်ပျော်ရွှင် ကျန်းမာအောင်နေနည်း မရွှေစု

**ကျန်းမာရေး**

၄၈ အစာလည်းဆေး ဆေးလည်းအစာ မရွှေစု နေလမာတ်ပညာ

၅၀ အရက် KOSMOS

**ခရီးသွား ဒိုင်ယာရီ**

၅၂ မွန်တို့ဌာနီ ရာမညဆီသို့ ခမ်းလှိုင်

**အတိတ်ကအရိပ်**

၆၃ သတင်းစာများကပြောသော သကြီန်ပုံရိပ်များ မရွှေစု

**တစ်မျက်နှာ ခံစားမှု**

၆၆ လမ်း ယာမာမိုတို

**ရသစာတမ်း**

၆၇ အားနေသော ပခုံးနဲ့ သန်စွမ်းဆဲ လက်ရုံးများ မောင်ကောင်း

**သတင်းဆောင်းပါး**

၇၀ ဆံမြိတ်လည်းပြေ.. ပန်းလည်းကြွေခဲ့ရတဲ့ ဘဝများ.. supercupid

**ကျူးပစ် ဉာဏ်စမ်း ပဟေဠိ**

၇၅ နာမည်လေးတွေ ဆက်ကြမယ် ဖီးကွက်

**ကျူးပစ်အငြိမ့်ခန်း**

၇၇ မြားနတ်ရှင် အငြိမ့်သဘင် ကိုရင်အုန်း

**စားသောက်ဖွယ်ရာ**

၈၅ ထန်းလျက်ကြော် ချိုချိုလေး မရွှေစု

**ဝတ္ထုတို**

၈၆ ကျီးကန်းမ tiptop

၉၀ နက်ကျော် Yoda MMCP

၉၆ သမုဒယနယ်ထဲက ကျွန်မ လှိုင်းကလေးသင်

၁၀၀ စက်ဝိုင်း ကူးကူး

**ဝတ္ထုရှည်**

၁၀၆ စိတ်ကို စွဲလမ်းစေတတ်သော ညို့ထက်ညို့

၁၁၇ အာရုံစေရာ မော်ကင်းလေး

**ဘာသာပြန်**

၁၂၆ တံတားနားက အဘိုးအို Incubuz

၁၃၀ ညှော်သည် icy

ဂ ကျေးဇူးတင်လွှာ

C Featured by Cupids

ဃ ကျူးပစ်ဂျာနယ် အမှတ် (၁၀) အဖွဲ့သားများ မှတ်တမ်း

# ၂၀၁၂ – ၂၀၁၃

# ကျူးပစ်များ၏ အလှူမင်္ဂလာမှတ်တမ်း

၂၀၁၃ ဧပြီလ(၁)ရက်နေ့မှာ မြန်မာကျူးပစ်ဖိုရမ် တည်ထောင်ခဲ့တာ (၇)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ မြန်မာကျူးပစ်ဖိုရမ် တည်ထောင်ခဲ့သည့် သက်တမ်းအတွင်း ကမ္ဘာတဝန်းမှာ ရှိသည့် ကျူပစ်အဖွဲ့ဝင်များအားလုံးသည် ဖိုရမ်မှ ဦးဆောင်ကျင်းပခဲ့သော သာရေး နာရေး လူမှုရေး လုပ်ငန်းများတွင် လူအားငွေအား တတ်စွမ်းသမျှ များနှင့် ဘက်ပေါင်းစုံမှ တက်တက်ကြွကြွ ပါဝင်ခဲ့ကြပါသည်။

ယခုဂျာနယ်မှာတော့ ၂၀၁၂ – ၂၀၁၃ခုနှစ် ကာလအတွင်း မြန်မာကျူးပစ်ဖိုရမ်အဖွဲ့သားများ၏ လူမှုရေးလှုပ်ရှားမှုများနှင့် အလှူမင်္ဂလာ ကုသိုလ်တော် မှတ်တမ်းများကို အစီရင်ခံလိုပါသည်။

## လူမှုရေး ကူညီမှုများ

### ၁) စက်ဆန်းမီးဘေးအလှူ (၂၀၁၂ ဇန်နဝါရီ)




မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်း သဘော်ကျင်း ခါတုဗေဒကုန်လှောင်ရုံ မတော်တဆ ပေါက်ကွဲမှု၌ ကျဆုံးခဲ့သော မီးသတ်ရဲဘော်များ၏ မိသားစုများ၊ ထိခိုက်ဒါဏ်ရာရခဲ့သော လူနာများအား မြန်မာကျူးပစ်ဖိုရမ် မြန်မာများအတွက်မြန်မာအဖွဲ့မှ ဦးဆောင်၍ ၂၀၁၂ ဇန်နဝါရီလတွင် စုစုပေါင်း မြန်မာကျပ်ငွေ ၂၀၇၀၀၀၀ ကျပ်တိတိ လှူဒါန်းခဲ့ကြပါသည်။

ကျဆုံး မီးသတ်ရဲဘော်ငါးဦးအတွက် တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် (၅၀၀၀၀၀ ကျပ်)၊ ရန်ကုန်ဆေးရုံကြီးမှ လူနာများအတွက် တစ်ဦးလျှင် ငါးသောင်းနှုန်းဖြင့် ၂၃ဦး (၁၁၅၀၀၀၀ ကျပ်)၊ တစ်ဦးလျှင် နှစ်သောင်းနှုန်းဖြင့် ၂၁ဦး (၄၂၀၀၀၀ ကျပ်)၊ စုစုပေါင်း မြန်မာကျပ်ငွေ ၂၀၇၀၀၀၀ ကျပ် တိတိ လှူဒါန်းခဲ့ကြပါသည်။

+++++

### ၂) ရခိုင်သွေးချင်းများအတွက်အလှူ (၂၀၁၂ ဇွန်)



၂၀၁၂ခုနှစ် ဇွန်လမှာတော့ ရခိုင်ဒေသတွင်း မငြိမ်မသက်မှုများကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားရသော ရခိုင်သွေးချင်းများအတွက် မြန်မာကျူးပစ်ဖိုရမ် မြန်မာများအတွက်မြန်မာအဖွဲ့မှ ဦးဆောင်ပြီး လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ မြန်မာကျူးပစ်ဖိုရမ်မှ ကိုအရဏ်ဦးကိုယ်တိုင် စစ်တွေသို့ သွားရောက်ကြည့်ရှုကာ လိုအပ်နေသောနေရာများသို့ စုစုပေါင်း မြန်မာကျပ်ငွေ ၇၆သိန်း ၉သောင်း လှူဒါန်းနိုင်ခဲ့ပါသည်။

လှူဒါန်းခဲ့သည်များမှာ ဒုက္ခသည်များ ခေတ္တစုပေါင်းခိုလှုံနေထိုင်ရာ ဘုန်းကြီးကျောင်း ၅ကျောင်းသို့ ဆန်အိတ် ၂၅၀၊ ဆီပိဿာ ၅၀၊ ပဲပိဿာ ၅၀၊ ရေသန့်ပါကင် ၄၀၀၊ ထင်းအချောင်း– ၂၀၀၀၊ အိမ်သာ– ၁၀လုံး၊ အဝတ်အစားများ၊ ဓါတ်ဆားထုပ်များ၊ အထွေထွေဆေးအလှူ၊ ခေါက်ဆွဲထုပ်များနှင့် မုန့်မျိုးစုံ တို့ဖြစ်ပါသည်။

+++++

# လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းအလှူ

## ၃) ပဲခူး မိဘမဲ့ ကျောင်းများသို့ အလှူ (၂၀၁၂ ခုနှစ်)



### က) ရွှေဂူလေး – မဟာပဒုမ စာသင်တိုက် (ပဲခူး)

နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျောင်းသား ဦးရေ ၁၀၀၀ နီးပါးခန့် ရှိပြီး သူငယ်တန်း မှ တက္ကသိုလ် ဝင်တန်းထိ တာဝန်ယူသင်ကြား ပေးလျက်ရှိပါသည်။

အလှူပစ္စည်းများမှာ ဗလာစာအုပ် ဒါဇင်၅၀၀၊ လေးကြောင်းမျဉ်းစာအုပ် ဒါဇင်၅၀၊ အတန်းစုံ ကျောင်းသားများအတွက် ဖတ်စာအုပ် ၄၅၀အုပ်၊ ဘောပင် ၁၄၅၀ချောင်း၊ ခဲတံ ၃၆၀၊ ကွန်ပတ်(စ်) ၈ဒါဇင်၊ အထွေထွေ ကျောင်းသုံးကိရိယာများဖြစ်သော ခဲဖျက် ပေတံ စသည်များ နှင့် အခြား ကစားစရာ စားစရာ ချိုချဉ် မုန့်မျိုးစုံတို့ ဖြစ်ပါသည်။

### ခ) လူငယ်ဖွံ့ဖြိုးရေး ပန်းခြံကုန်း ပရဟိတဂေဟာ (ပဲခူး)

ပန်းခြံကုန်းကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာ တွင် နယ်စပ်ဒေသမှ တိုင်းရင်းသား မိဘမဲ့ ကလေးများ၊ ပဲခူးမြို့ပေါ်ရပ်ကွက် အသီးသီးမှ မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသော ကလေးများ ၂၀၀ခန့်ရှိပြီး မူလတန်းမှ တက္ကသိုလ်အဆင့်ထိ ပညာသင်ကြားပေးလျက် ရှိပါသည်။ ဒီကျောင်းလေးကို ၂၀၁၀ ခုနှစ်ကလည်း မြန်မာများအတွက် မြန်မာအဖွဲ့မှ သွားရောက် လှူဒါန်းခဲ့ဖူးပါသည်။

အလှူပစ္စည်းများမှာ အထွေထွေ အသုံးစရိတ်အတွက် ကျပ်ငွေ ၆သိန်း၊ ကလေးများအတွက် အင်္ကျီ (၂၃၀)ထည်၊ မျက်နှာသုတ် ပုဝါ အထည် ၂၀ နှင့် ချိုချဉ် မုန့်မျိုးစုံ တို့ဖြစ်ပါသည်။

မြန်မာကျူးပစ် ဖိုရမ် အဖွဲ့ဝင် ကိုအရဏ်ဦး နှင့် ကိုအရဏ်ဦး ကုမ္ပဏီ မှ ဝန်ထမ်းများက အလှူငွေ ၁၅ သိန်းခန့် စုပေါင်း မ တည်၍ မြန်မာများအတွက် မြန်မာအဖွဲ့မှ အသင်းဝင် စုငွေ ၄သိန်း – စုစုပေါင်းအလှူငွေ ၁၉သိန်း ထည့်ဝင် လှူဒါန်းခဲ့ပါသည်။

+++++

# ဘာသာ သာသနာ ရေး

## ၄) မြန်မာကျူးပစ် မိသားစု ပဋ္ဌမအကြိမ် စုပေါင်း မဟာဘုံကထိန် ပွဲတော် (၂၀၁၂ နိုဝင်ဘာ)

နှစ်စဉ်ကျင်းပမြဲ မြန်မာကျူးပစ် မိသားစု မဟာဘုံကထိန် မင်္ဂလာတော်ကြီး ကို ၁၁–၁၁–၂၀၁၂တွင် သတိပဋ္ဌာန် ရိပ်သာ SMC (Satipatthana Meditation Centre) စင်ကာပူ နိုင်ငံ၌ ကျင်းပခဲ့ကြပါသည်။ ဒီကထိန် ပွဲတော်ကြီးမှာ မြန်မာကျူးပစ်မိသားစုဝင် များမှ ကထိန်ပွဲကျင်းပရန် လုပ်အားပေး ကုသိုလ်များနှင့်အတူ ပရိက္ခရာရှစ်ပါးအစုံ၊ သင်္ကန်းဒွိစုံ၊ သပိတ်တစ်လုံး၊ ထီးတစ်လက်၊ ဖိနပ်တစ်စုံ အပါအဝင် ငွေပဒေသာပင် ၁၇၃၀ စင်ကာပူ ဒေါ်လာတို့ဖြင့် စုပေါင်းပါဝင် ကုသိုလ်ယူခဲ့ကြပါသည်။



+++++

# ကျန်းမာရေး ကူညီမှု

## ၅) သတင်းစာ နှင့် စာရေးဆရာကြီး ဆရာမောင်ဝံသ ကို ဂါရဝပြုခြင်း (၂၀၁၃ မတ်လ)

မြန်မာကျူးပစ်မိသားစုမှ ၂၀၁၀ ဒီဇင်ဘာက စာရေးဆရာ အနုပညာရှင် (၁၅)ဦးကို စုပေါင်းပြီး ဂါရဝပြု ကန်တော့ခဲ့ကြဖူးပါသည်။

ယခုလည်း အဆုတ်ကင်ဆာ ဝေဒနာခံစားနေရရှာသည့် သတင်းစာ နှင့် စာရေးဆရာဆရာကြီးမောင်ဝံသ စင်ကာပူတွင် ဆေးကုသမှု ခံယူနေစဉ် မြန်မာကျူးပစ်ဖိုရမ် မိသားစု နီးစပ်ရာ သူငယ်ချင်းများမှ စုပေါင်းကာ ဆရာကြီး တည်းခိုသည့် နေအိမ်သို့ သွားရောက်တွေ့ဆုံ ဂါရဝပြုခဲ့ပြီး စင်ကာပူဒေါ်လာ ၁၀၀၀ နှင့် အခြား စားသောက်ဖွယ်ရာများနှင့် ကန်တော့ခဲ့ကြပါသည်။

+++++

မြန်မာကျူးပစ်ဖိုရမ် ကျူးပစ်အဖွဲ့သားများ အနေနှင့် ရှေ့လာမည့်နှစ်များမှာလည်း မြန်မာနိုင်ငံ၏ သာသနာအကျိုး၊ အများအကျိုးကို တစ်ထောင့်တစ်နေရာမှ ပါဝင်ကာ တတ်စွမ်းနိုင်သမျှ ဆတက်ထမ်းပိုး ဆက်လက် သယ်ပိုးသွားနိုင်ရန် ရည်မှန်းထားပါသည်။

အလှူဒါနများကို တတ်အားသရွေ့ လှူဒါန်းခဲ့ကြသူ ကမ္ဘာတဝန်းမှ မြန်မာကျူးပစ် အဖွဲ့သူ အဖွဲ့သားများ အားလုံးလည်း အချင်းချင်း စည်းလုံးညီညွတ် ပျော်ရွှင်စွာဖြင့် ဒီထက်မက တိုး၍ ပို၍ လှူဒါန်းနိုင်ကြပြီး ကောင်းသော လိုရာဆန္ဒမှန်သမျှ တလုံးတဝတည်း ပြည့်ဝနိုင်ကြပါစေ ဟု တောင်းဆုချွေရင်း... ။

မေတ္တာဖြင့်
မြန်မာကျူးပစ် မိသားစု

# အရင်းနှီးဆုံး သူစိမ်း (သို့မဟုတ်) နိုဝင်ဘာ

နိုဝင်ဘာဟာ နိဒါန်းဖြစ်သလို
နိုဝင်ဘာဟာ နိဂုံးလည်း ဖြစ်တယ်
နိုဝင်ဘာကို ကြိုဆိုပြုံးခဲ့ပေမဲ့
နိုဝင်ဘာဟာ မောပန်းခရီးရှည်

လွဲမှားခြင်းအလင်းတွေ သွန်ကျ
လက်ရှိဒီအမှောင်ထက်တော့
မနက်ပါရစေနဲ့တော့ နိုဝင်ဘာ

တစ်ခေါ်တစ်မျှော် အအေးဓာတ်တွေနဲ့
စိတ်ကူးထဲသာ နှင်းတွေဝေခဲ့ရတာ
ပြေးလွှားတိုက်စားမြန် သက္ကရာဇ်များမှာ
ကိုယ့်ကိုယ်ကိုယ် အမှန်အတိုင်း
မြင်ရုံမြင်ရ ကျေနပ်လှပြီ

ကျစ်ကျစ်လျစ်လျစ် ထုပ်ပိုးထားတဲ့
ကိုယ်ပိုင်ဒဏ်ချက်တွေထက်
မြင်လေရာ အပြုံးတွေပွင့်ဖို့
ရေလောင်းပေါင်းသင်ရတာကို
ပိုလို့ ခုံမင်ပါရစေ နိုဝင်ဘာ

တော်တန်ရုံ သန်မာခြင်းမျိုးနဲ့
မစွမ်းသာမှန်း သိပေမယ့်
ဒါဟာလည်း ပြီးသွားတာပါ
ဒီအသိတစ်ခုသာ ငါ့အတွက် ထားပြီးတဲ့အခါ
နင်လိုရာ သွားနိုင်ပြီ နိုဝင်ဘာ။

မိဆောင်း

# ပန်းသီးတစ်ကိုက်စာ ကဗျာ

မမ
နောက်ဆုံး အမှုန်အမွှား ကလေး အထိ ချိုမယ့်
ကျွန်တော့် သကြားပွင့်ကလေး
အရည်ပျော် မြန်သလို
ကွဲ အက် ဖို့လည်း လွယ်လွန်းလှတယ်
အားတင်းထားပါ မမရယ်။

မမ
အပြုံးထဲ ဝင်ဝင်ပုန်း နေတတ်တာ
ခုနစ်စဉ်ကြယ်လား ...
မမ ရယ်သံတွေကြားမှာ
မျက်ဝန်း က လား နှုတ်ခမ်း က လား မသိတဲ့
လက်လက် ကလေးတွေ
တောက်တောက် နိုင်လွန်းတယ်
မမ.......
ကျွန်တော် ဖမ်းကြည့် ချင်တယ်။

မမ
မဲ့နက်ခြောက် ကလေးတွေကြား
ဘယ်တော့မှ မရိုးသွားမယ့်
ကပိုကရို မာနတွေရှိတယ်
ဖုံးလို ဖုံးညား ရွှေဝါရောင် သနပ်ခါးလူးတဲ့ အခါ
မမဟာ စံပယ်မမီ အောင် မွှေးပြန်တယ်။

မမ
မမက  အချစ်ကို မသိလို့ ကြွေးကြော်နေတုန်းမှာပဲ
ဒီမှာ ဒူးထောက်ကျ ရှုံးနိမ့်ခဲ့ရပြီးပြီ
မမ အလင်္ကာ
ကျွန်တော့်စာမျက်နှာတွေကို
ချွင်းချက် မရှိ အောင်နိုင်ခဲ့ပါတယ်။

မမ
ခင်ဗျားလက်သန်း ပုတုကလေး
ကွေးချည် ဖြန့်ချည်နဲ့တင်
ကျွန်တော့် အိပ်မက်တွေ နေ့ဖြစ်  ညဖြစ်
နည်းနည်း  မြန် ပစ်လိုက် လို့ရရင်တောင်
ရစ်  မပစ်ရက် တာ မမရောဂါ။

မမ
လှည့်ကြည့်ပါ ဝေဖန်ပါ ဆုံးဖြတ်ပါ။
ကျွန်တော့် ကို
ဘဝ တွေ ဆက်ဆက်ပြီး ချည်ထားဦးမယ့်
ကမ္ဘာကြိုးနီ ကလေး ဖြစ်ခွင့်ပေးပါ။
ဒါဆို
တစ်ကွေ့ မဟုတ်တစ်ကွေ့
ကျွန်တော်တို့
ပြန်ပြန် တွေ့ ကြဦးမယ် လေ နော် ။

ဂျီ



## “ဖမ်းဆုပ်ခွင့် မရှိတော့သော ....”

♦ ပြောမပြဖြစ်ခဲ့ဘူး
ရင်ဘတ်ထဲမဆန့်တော့တဲ့
အမှည့်လွန် အချစ်တွေ
အခုတော့
တချို့တလေလည်း မြေမှာကျဲပြန့်
တချို့တလေကြောင့်
ငါဟာ အဆိပ်တက်နေခဲ့ပြီ
♣ လွမ်းရုံလေးနဲ့
နင့်နှုတ်ခမ်းလေး အိမ်မက်ထဲခိုးနမ်းရုံလေးနဲ့လည်း
ကျေနပ်တယ်ချစ်သူ ....
နင့်အတွက် ပင့်သက်တစ်ရှိုက်မှျပါပဲ
မသိလိုက် မသိဖာသာနဲ့
ငါ့မှာသာ အခါခါကျရှုံးခဲ့ရ
♥ အချစ်က အရာရာ ဖန်ဆင်းသတဲ့
ဟင့်အင်း ....
အချစ်က အရာရာ နင်းခြေခဲ့တယ်
♣ ဒိုင်ယာရီထဲက
ဘယ်တော့မှ အဆုံးမသတ်တဲ့
နင့်အတွက်ကဗျာ တစ်ပိုင်းတစ်စ ....
ဖွက်လို့ထားတဲ့
ငါ့မျက်လုံးထဲက စကားသံ တချို့တစ်ဝက်တို့
နောက်ဆုံးထွက်သက်အထိ
ရှုံးမိုက်စွာ ဖက်တွယ်သွားဖို့ .... ငါ
အသင့်ရှိနေပါပြီ
♦ ခွင့်လွှတ်တော့ ချစ်သူ
ငါဖွင့်ပြောမပြမိခဲ့ဘူး ....
နင်မသိပေမဲ့
ငါနင့်ကို ချစ်မိတဲ့အကြောင်း
နင်မသိပေမဲ့
ရင်ထဲမှာ နင်အမြဲ ရှိခဲ့တဲ့အကြောင်း .... .... .... ။ ။

ကလူကလူ

# အနမ်းတစ်ခုနဲ့ ခြေဆန့်တဲ့ ညနေခင်း

ရင်ဘတ်တစ်ခုရဲ့ လိပ်ပြာတောင်ပံခတ်ခြင်း
ညှင်းဖွဖွ အပြာရောင်တမ်းချင်း တစ်ပုဒ်ကို ခပ်သွက်သွက်ဆို
နူးညံ့ခြင်းရဲ့ အဆုံးစွန်တစ်ဖက်
နမ်းရှိုက်လိုက်တဲ့ ပင့်သက်တိုင်းဟာ သင်းပျံ့တယ် ။ ။

မြေသားစိုင်ထုရဲ့နက်ရှိုင်းခြင်း
မိုးသားကောင်းကင်ရဲ့ ကျယ်ပြန့်ခြင်း
အနှိုင်းမဲ့တွေရဲ့ အနန္တဟာ
ရင်ဘတ်ထဲကို အရှိန်အဟုန်နဲ့ ငုပ်လျှိုးဆင်းသက်။ ။

မိုးစက်သံ တပေါက်ပေါက်ဟာ
အချိန်အခါရဲ့ တောင်းဆိုမှုလား
ပြာလွင်လွင် တိမ်တိုက်တွေဟာ
အခြေအနေရဲ့ တောင်းဆိုမှုလား
ရင်ဘတ်တစ်ခုလုံးစာ လွင့်မျောဖို့
အခြေအနေ အချိန်အခါတွေကို သော့ခတ်သိမ်းဆည်းရန် အဆင်သင့် ။ ။

ခါးသော အရသာဟာ နှလုံးသားနဲ့ ခံစားရင် ချိုတယ်
ဘဝတစ်ခုလုံးစာဟာလည်း အတိုင်အဖောက်ညီစွာနဲ့
ခါးလျက်ချိုတဲ့ လေညင်းဟာ.....
ညနေခင်း ညှင်းသွဲ့သွဲ့နဲ့ အသက်ဝင်လှုပ်ရှားကာ
အနမ်းတစ်ခုနဲ့ ခြေဆန့်လို့ ။ ။

**ဆုမြတ်မိုး**



# အာရုံရိုင်းတို့ ရွက်လွှင့်ရာ

ကန့်လန့်ဖြတ်ပြီး
ကျနော်ကူးခဲ့တဲ့
ဟောရာကလိုက်တက်စ်ရဲ့မြစ်တွေက
အစင်းစင်းဆိုတော့
လာမယ့်မွေးနေ့အတွက် ပြက္ခဒိန်လှန်ကြည့်ဖို့တောင်
ကျနော့်လက်တွေ လေးလံလွန်းနေခဲ့ပြီ…

နောက်ဆုံး ရှိုက်ထုတ်မယ့်လေမှာ
ဘာတွေများ ပါသွားနိုင်မလဲ
ကျနော် မတွေးမိခင်မှာ
စိတ်ကောက်လွယ်တဲ့ ကောင်မလေးအတွက်
ဗာလင်တိုင်းလက်ဆောင် ဘာဝယ်ပေးရမလဲ ဆိုတာနဲ့
ဖေ့ဘွတ်ပေါ်က မတူညီတဲ့ အမြင်တွေကို
အာဘောင်အာရင်းသန်သန်နဲ့
ဘယ်လိုပြန်ငြင်းရမလဲ ဆိုတာကို
ကျနော်စဉ်းစားနေမိရဲ့…

ဟိုတစ်နေ့က
နားသယ်စပ်က
လျှပ်တစ်ပြက် တွေ့လိုက်ရတဲ့ ဆံပင်ဖြူ တစ်ချောင်းကိုနုတ်ဖို့
ဘီးအစား ဇာဂနာကို ပြောင်းကိုင်လိုက်စဉ်မှာ
ဟောရာကလိုက်တက်စ်က ခပ်အုပ်အုပ်လေး ကျနော့်ကိုဟားလို့။

တားထားတဲ့ ကျောင်းဝင်းသံဆူးကြိုးအောက်
ခွေးတစ်ကောင်လို ခေါက်ကနဲ ဝင်သွားတဲ့ သူငယ်ချင်းကို
တစ်နေ့က ပြန်တွေ့တော့ ဆူမိုနပန်းသမား ဖြစ်နှင့်နေပြီ၊
ဒီကောင့် ခေါင်းထက်မှာလည်း ဆံပင်ပန်းတွေဝေလို့ပေါ့…

ဘီယာခွက်ထဲက ငယ်ဘဝတွေထဲမှာ
လွန်ခဲ့တဲ့ ၆ နှစ်လောက်က သေသွားပြီဖြစ်တဲ့
ဝင်းကိုရဲ့ အကြောင်းလဲ(လည်း)ပါတယ်
ဘာသာမတူ လူမျိုးကွဲပေမဲ့
တစ်တွဲထဲ တွဲခဲ့ကြသူတွေ
ကျောင်းပြေးဖော် ဖဲရိုက်ဖက်
ငြင်းဖက်ခုံဖော်
ပျော်ဖော်ငိုဖက်
ဆင်းမယ့် မှတ်တိုင်ရောက်တော့ လက်ကလေးတောင် ပြမသွားခဲ့တဲ့ကောင် …

အဲဒီကောင်ကြီး ဆင်းသွားတဲ့
မှတ်တိုင်ကို ကျော်လွန်ပြီး
ကျနော်ဖြတ်ခဲ့တဲ့ ဟောရာကလိုက်တက်စ်ရဲ့မြစ်ပေါင်းက

ခြောက်စင်းတောင်ရှိခဲ့ပြီပဲ။

အခုတော့
ကျနော့်ရှေ့က
ကျောင်းဝင်းသံဆူးကြိုးကို ခွေးလိုတိုးခဲ့တဲ့ကောင်ကလည်း
ဆံပင်ပန်းပွင့်တွေနဲ့ ဆူမိုနပန်းသမားကြီးဖြစ်လို့
ဖားပြုတ်တစ်ကောင်လို မို့အစ်နေတဲ့ သူ့လက်ဖမိုးကို
ခဏခဏညှစ်ရင်း
နဝရတ်ကိုးသွယ် တစ်ဖက်
တဖျတ်ဖျတ်တောက်ပနေတဲ့ စိန်တစ်ဖက်
လည်မျိုကို အညစ်ခံထားရလို့ လျှာထွက်နေရှာတဲ့
လက်သူကြွယ်ချောင်းတွေကို ဖြေလျှော့နေလေရဲ့ …

ကျောက်သင်ပုန်းပေါ်မှာ ကျောက်တံနဲ့ရေးဆွဲရတဲ့
ဝလုံးတွေ ပိန်ရှုံ့နေလို့ သစ်သားပေတံနဲ့ အရိုက်ခံခဲ့ရတဲ့
ကျနော်တို့ရဲ့ပထမနေ့ရက်တွေကနေ
ဒီနေ့ ဒီရက်အထိ
ကျနော် ဘယ်လို ရှင်သန်လာခဲ့သလဲ
အိုး … များလိုက်တဲ့ ဟေရာကလိုက်တက်စ်ရဲ့မြစ်တွေ
ရှေ့မှာရော ဘယ်နှစ်စင်း ကျနော်ထပ်ပြီးကျော်ရဦးမှာလဲ
နောက်ဆုံးမြစ်မှာ
ခမောက်ရှည်ကြီးဆောင်းထားတဲ့ ကူးတို့သမ္ဗာန်သမားကိုပေးဖို့
ကူးတို့ခ ရော ..

ဖြန့်ကြည့်လိုက်တော့ လက်ထဲမှာ ကျနော်ဆုပ်ကိုင်ထားမိတာက
လက္ခဏာအရေးအကြောင်းတွေနဲ့ လက်ဖဝါးတစ်ခုတည်းရယ်
အယ် ….
ဒါပေမဲ့ လက်ဖဝါးထက်က
အင်္ဂါဂြိုလ်ခုံက မြင့်လှချည်လား
အိုး … သောကြာခါးပတ်ကလည်း ထင်းကနဲ
ဦးခေါင်းလမ်းကြောင်းက အောက်ဘက်ကိုကွေးကျလို့
အလို …
နှလုံးလမ်းကြောင်းပေါ်မှာလည်း ကျွန်းကြီးကျွန်းငယ်
အသွယ်သွယ်နဲ့

ဒီလိုနဲ့

အတွေ့အာရုံနောက်
ကောက်ကောက်ပါအောင်လိုက်ရင်း ရမ္မက်ဝိုင် ပြင်းရှရှတွေပေါ်မှာလည်း
ကျနော့်သာယာဖူးရဲ့
အမြင်အာရုံ နားဖားကြိုးဆွဲရာ
လိုက်ပါခဲ့ရင်းနဲ့
နှစ်သက်ခြင်း ဝတ်ရည်တွေလည်း သောက်သုံးဖူးရဲ့
အကြားအာရုံမောင်းနှင်ရာ

လိုက်ပါစီးနင်းရင်းက
ဒေါသမာနတွေနဲ့လည်း လုံးထွေးခဲ့ဖူးရဲ့
အတွေးအာရုံ လေသင်္ဘောကြီး
စီးနင်းရင်းက
စိတ်ပျက်မှုတွေ တက်ကြွမှုတွေလည်း
တရှိုက်တမက် ပွေ့ဖက်ဖူးရဲ့။

အင်း
ဒီလိုပါပဲ
အာရုံရိုင်းများခေါ်ဆောင်ရာ
လွင့်ပါမျောရင်း
မြစ်အစင်းစင်းကို ဒီကနေ့အထိ ကျနော်ကျော်ဖြတ်နေဆဲလေ
နောက်ဆုံးမြစ်ကို မရောက်မချင်း
မြစ်အစင်းစင်းကို ဆက်ပြီး ဖြတ်ကျော်နေရဦးမယ်ပေါ့၊
တခါတခါဆို
ကျော်ဖြတ်ခဲ့တဲ့မြစ်ဟောင်းထဲ
အတွေးအာရုံ သယ်ယူမှုနဲ့
ရေတောင်ပြန်ချိုးဖူးသေး
ဟေရာကလိုက်တပ်စ်ကတော့
နံဘေးက ဟားတိုက်လို့ပေါ့ ..

အဲ
သေချာတာတစ်ခုက
နောက်ဆုံးမြစ်ကိုကူးဖို့
ကူးတို့ခ
အခုအချိန်အထိ
ကျနော့် လက်ထဲမှာ ရှိမနေသေးတာပါပဲ။

## Mokenlay

အယ်ဒီတာ မှတ်ချက်။ ။
Heraclitus (ဟေရာကလိုက်တက်စ်) – ဆော့ခရတ္တီးမတိုင်မီ၊ (ဘီစီ ၅၃၅–ဘီစီ ၄၇၅) ဂရိအတွေးအခေါ်ပညာရှင်။
အရာရာသည် စီးဆင်းပြောင်းလဲနေသည်ဟု ယူဆသူ။
သူ၏အထင်ရှားဆုံး အဆိုအမိန့်မှာ " မြစ်တစ်ခုမှာ ရေနှစ်ခါ ချိုးလို့ မရနိုင်။" ဟူသောအဆိုအမိန့်။
( You Cannot Step Twice In The Same River.)



# ညနဲ့ညစာစားပွဲ

ညနဲ့ လက်ဆုံစားဖို့ ဒီည ညကို ညစာဖိတ်ထားတဲ့ညမှာ
ညဟာ ခါတိုင်းလို ဖိတ်စာမပါဘဲ ညအစော
ငါ့ညဆီ မညခင် တစ်ကိုယ်တည်း

မသိနားမလည်ခြင်းတွေနဲ့ လန်းဆန်းတက်ကြွနေတဲ့
ညဟာ ခါတိုင်းထက်ပိုပြီး ဖြူဖတ်ဖြူလျော်
ပိန်ပါးပါး အတွင်းခံမဲ့အပျိုရောင်ညလွင်ပြင်မှာ ညသံစုံတီးဝိုင်းမစခင် ညကို
တီးခေါက်ဆော့ကစားရင်း ရေခဲတုံးပေါ်က ညဟာ ရဲတင်းမှုတွေနဲ့ နွေးထွေးလာတဲ့အခါ
မှားယွင်းမှုခြင်တွေ လက်တစ်ဖက်ကရိုက် နောက်တစ်ဖက်နဲ့ ညဇာပါးပေါ်
အနာဂတ်တွေရေးရေးပြနေဆဲ ညဟာ သူ့လက်နဲ့သူ တဖြည်းဖြည်း ဝေး

ညဟာ မမေးမစမ်း သူ့အုံ့ဖွယ် ပဥ္စလက်တွေကို သူ့ သွေးချင်းနီလက်နဲ့
ဘယ်ညာပြောင်းရိုက် ညလေထဲ ညလက်တွေ တမြှောက်မြှောက် အေးခဲချိန်
ညဟာ ညသထက်ည လာတော့ ညလည်း သူ့ညသူ ပီပီသသ ညနိုင်ဖို့နေနေ
ဆွံ့အခြင်းတွေ လည်မျိုထဲက ထွက်ထွက်ကျ တစ်ခွက်ပြီးတစ်ခွက် တပြည့်ပြီးတပြည့်
ဝမ်းဗိုက်ရိုး ဝမ်းဗိုက်ရိုး အတွဲလိုက် လက်နက်ကြီးတွေ အသံတိတ်ပစ်သံတို့ ဆူညံ

ရေခဲရိုက်ညနေခင်းသတင်းတို့ ထမင်းပွဲ လုနေကြပုံများ စား–ပွဲတွေ ဟောင်းလောင်း
အရာမယွင်းအောင်ကို ကံကြမ္မာစားပွဲထိုးရဲ့ အစီအစဉ်မကျ ဒရောသောပါး
ကျပန်းညှော်ခံမှုတွေမှာ ညစာကို ဘူဖေးလို တစ်သက်လုံး ငါ ညာစားနေခဲ့တယ်

ညဟာ တဟားဟား မျက်ရည်ရောဝတီ ပူဆွေးမှုနဲ့ ပီတိကို အချိုးကျရောစပ်
ညကော့တေးထဲ ညကိုယ်တိုင် စီးမျောသွား အရည်ပျော်ညတွေ
အစိုင်အခဲဖြစ်လိုက် အငွေ့ဖြစ်လိုက် အသွင်ကူးပြောင်းခြင်းတွေ ညကို
ဝိုင်းပတ်ကခုန်ကြ ဒုံးယိမ်း ဒုံးယိမ်းတဲ့ အချို့က လိင်အခိုးအငွေ့တွေ လွင့်ပျံ
လွှင့်ထုတ် နိုက်ကလပ်လို ညကို ပျော်ပျော်ကြီး ရောင်းစားကြ ရောင်းတမ်းဝင်ည

ပေါင်စရာမရှိတဲ့ည အပေါင်ခံတဲ့ည အပေါင်ဆုံးတဲ့ညတွေနဲ့ ညဇယားတစ်ခု
နေ့ဘက်မှာ လင်းလင်းထင်းထင်းနေနိုင်ဖို့ ညဟာ သူ့အသွေးအသားတွေ စတေးလို့
ညဟာ ညပီပီ တစတစ လဲပြိုကျ ညစက်ခလုတ်တွေ စကားဝှက်မဖော်နိုင် လက်မှိုင်ချ

တစ်မြို့လုံးကို ညဆန်ကောထဲ ထည့်မွှေ ညတွေ ရောထွေးယှက်တင်
ဒီလိုနဲ့ လူနာတင်အရေးပေါ်ယာဉ်မီးလုံးလေး မှုန်ပျပျ အဝေးမှာ ဝါတစ်ချက် နီတစ်ဖုန်
ညကို ဆေးရုံတင်ဖို့ရာ ညဟာ မှားယွင်းမှုတွေ စုမိဆောင်းမိ သေတ္တာထဲ အတင်းဖိသိပ်
ထုံကျင်လက်တို့ တစ်နေကုန် ရုပ်ဖျက်ခရီးနှင်ဖို့ရာ
ညဟာ ငါ့ကို ညမှာ ထားရစ်ပြီ

ညနဲ့ ညစာစား အဲ့ဒီည ဘယ်သူ့ညလဲ ငါ့ညငါ ငါမသိ
ညမရှိတဲ့ညမှာ နောက်တစ်ညစာ ဖိတ်စာတွေပြင်ရင်း

**ICY**

# အကြောင်း မပြည့်စုံလှဘူး

လေပြည် ဟာ ကျောကို ပွတ်သပ်ရုံ သက်သက်နဲ့တော့ ငါ့အနားလာခဲ့တာ မဟုတ်ဘူး
ငါလည်း မမေးလိုက်မိဘူး လမ်းကြုံလို့ ဝင်လာ သလားလို့
ပြီးမှ စားပွဲပေါ်က ကော်ဖီခွက်ထဲ ငါ့စိတ်မကောင်းခြင်းတွေ အန်ချ
ဒါနဲ့ သူတို့တွေ ဘာလို့ စိတ္တဇ ဂျာနယ်ဆိုပြီး မထုတ်ကြတာလဲ
ငါတော့ ဝမ်းနည်းလို့ကို မဆုံးဘူး
အရင်ကထက် ပို ပူလာတယ် .... အဲ့ဒီ သတင်းတွေကလည်း ငါတစ်ယောက်တည်း ကွက်ကျားနေရသလား အောက်မေ့ရတယ်
ဘာမှ မလုပ်တတ်ပါဘူးဆိုမှ အိမ်က “အော်တိုချုပ်” က မလာတော့ဘူး
အရင်လိုပဲ ငါ့ကိုယ်ငါ ဖက်ထားတဲ့ စွယ်တော်ရွက်ကလေးထဲ ငါပြန်ဝင်နေလိုက်မယ်
ဟော ဖြုံးဆို .... ငါ့အပေါ်ရေတွေမှောက်ကျ ....
ဒီနှစ်ကိုက အပြောင်းအလဲ တွေ ဆက်တိုက်ပါပဲ ....
၁။ လမ်းထိပ်က ကွမ်းယာဆိုင်ကလေး ပြောင်းသွားတယ်
အရင်လို ဆာလောင်တိုင်း ဆေးလိပ်ထွက်ဝယ်လို့ မရတော့ဘူး
၂။ စီးနေကျ ဆိုက်ကားဆရာက ဆေးရုံတင်ရလို့ သူ့ ဆိုက်ကားလေးလည်း ပြောင်းသွားတယ်
အရင်လို နေပူကြောင်း မီးပျက်ကြောင်း ကလေးတွေစာမေးပွဲဖြေတဲ့ အကြောင်း ပြောလို့မရတော့ဘူး
၃။ ညနေဘက် စားနေကျ ထမင်းကြော်ဆိုင်ကလေးက ဘေးက အကြော်ဆိုင်နဲ့ အကြီးအကျယ်ရန်ဖြစ်ပြီးကတည်းက
မထွက်တာ ၃ လ ရှိတော့မယ် ဘယ်ပြောင်းသွားလဲ မသိဘူး
အရင်လို ငါးရာဖိုး ထမင်းကြော်လေးလည်း  ငတ်ပြီ ....
၄။ မနက်မနက် အလုပ်သွားနေကျ ကားမှတ်တိုင်ကလေးက ပဲခူးနဲ့ဒလလောက်ကို ပြောင်းသွားတယ်
အရင်လို ဖင်နားကပ်မှ ထလို့ မရတော့ဘူး အစောကြီးထနေရတယ်
နေပါဦး အပေါ်က စာပိုဒ်ကို ငါ့အိပ်မက်ထဲက ဗိုက်ထဲမှာ ငါ့ကိုထည့်အော်နေတဲ့ အကြောင်းအရာတွေမဟုတ်လား
မီးလောင်ရာ လေပင့် ပါပဲ .....
အေး ငါက စကားပုံတွေ သိပ်မုန်းတာ .....
ဒါပေမဲ့ ငါက commercial  ဆန်ဆန်ပြုံးတတ်ပါတယ် မျက်လုံးကိုဖုံးနေတဲ့ စိတ် ကို ငါ့ဘာသာတရားနဲ့ ငါသပ်ချ
အိပ်ရေး မဝတဲ့ သတင်းတွေ ဂျာနယ်ထဲမှာ အမြဲ သမ်းဝေ နေကြတယ်
မင်းနဲ့ ငါနဲ့ လမ်းမှာ တွေ့ရင် ဘာကိုးကွယ်တာလဲ ဆိုတာကြီးနဲ့ ငါတော့ မနှုတ်ဆက်ချင်ဘူး
ငါ့ကိုလက်ဖက်ရည်တိုက်ပါ ငါက အိပ်မက်တွေ တိုက်မယ်လေ
အတတ်နိုင်ဆုံးတော့ စိတ်တွေ ဖြတ်ထားပါတယ် ....
နွယ်တွေက စိပ်လွန်းနေတော့ အကြောင်းမပြည့်စုံလှဘူး ။



**NELAY**


မူးမတ် လို့
ဘာလို့ ခေါ်တာလဲ
မောင်ရင် သိရဲ့လား
ဂိန်!
သိတာပေါ့
ငါးမူး နဲ့ တစ်မတ်
နှစ်ခု ပေါင်းလေ
၇၅ ပြားပေါ့...
33 MMCP


မကျခင် ဒိုင်ဗင်ပစ်ပြီး
သက်စွန့် ဆံဖျား လှမ်းဆွဲ
ကယ်လိုက် ရတာဗျ
ဆွဲထားတာ လွယ်အိတ် ဗျ...
လွတ်.... လွတ်....
အိ... အိ... အစ်...
33 MMCP

# ဤကျူနယ်တွင် သူတို့တွေ ဤသို့ပျော်ရွှင်စွာ ပါဝင်ကြပါသည်။












မြားနတ်ရှင် အငြိမ့်သဘင်... စာမျက်နှာ (၇၇) တွင် ဖတ်ရန်။

# ဟင်နရီ

johnansen

တစ်ညမှာတော့ ကျွန်တော့် မိတ်ဆွေ အင်ဒရူး နဲ့အတူ ကျွန်တော် ဘားတစ်ခုမှာ အချိန်ဖြုန်း နေကြပါတယ်။ သိပ်မကြာခင်မှာပဲ လှပကျော့ရှင်းတဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်ဟောင်း အမျိုးသမီးတစ်ယောက် ရောက်လာပြီး သူ့ဘေးနားမှာ ဝင်ထိုင်ပါတယ်။ သူမဟာ သူ့အမျိုးသား ရဲအရာရှိနဲ့ ရန်ဖြစ်ပြီး အိမ်ကနေ ခဏထွက်လာတဲ့အကြောင်း ပြောပြပါတယ်။ ကျွန်တော်က သူတို့စကားပြောပြီး သိပ်မကြာခင်မှာပဲ သူ့နားကပ်ပြီးတိုးတိုးလေး သူ့ကိုနောက်ချင်တာနဲ့ ပြောလိုက်မိတယ်။ အောက်ပါအတိုင်း ပြောလိုက်မိတယ်။

"အင်ဒရူး ... နောက်လှည့်မကြည့်နဲ့ဦး။ ဖြပေ ၅လက်မ ရှိတဲ့ ငနဲတစ်ကောင် ဝင်လာတယ်။ သူ့ လက်မှာလည်း သေနတ်ပါတယ်။"

အင်ဒရူး က တုန့်ဆိုင်းမနေဘဲ ကျွန်တော့် ဘက်ကို လှည့်ပြီး "ငါ့နှုတ်ခမ်းကို မြန်မြန် နမ်းစမ်းပါ အက်ဒ်ရေ..." ဆိုပြီး ပြောလိုက်ပါတယ်။

+++++

ဟင်နရီက ဘုန်းတော်ကြီးထံ သွားပြီးတော့ အပြစ်ဝန်ခံ စကားပြောနေရာတွင် ဖြစ်သည်။

"ဖသား... ကျွန်တော် မနေ့ညက မိန်းမ ၇ဦးနဲ့ အတူ ရှိခဲ့ကြောင်း ဝန်ခံပါတယ်။ ဒီအပြစ်အတွက် ဆေးကြောပေးပါ"

"ရှောက်သီး ၇ လုံး ယူပြီး ခွက်ထဲကို ညှစ်ပြီး အဲ့ဒီဖျော်ရည်ကို သောက်လိုက်ပါ။"

ဟု ဘုန်းတော်ကြီး ပြန်ဖြေသည်။

"ဒါဆိုရင် ကျွန်တော့် အပြစ်တွေ ကင်းစင်သွားမှာလား။" ဟု ဟင်နရီ မေးရာ

ဘုန်းတော်ကြီးက "မဟုတ်ဘူး။ ဒါပေမယ့် မင်းမျက်နှာပေါ်က စိတ်ပျက်စရာ စပ်ဖြဲဖြဲ အမူအရာကတော့ ပျောက်သွားမှာ။" ဟု ပြန်ဖြေသည်။

ပိုပြီး လုံခြုံတဲ့နေရာရဖို့အတွက် Security Feature ရှိတဲ့ ကွန်ဒိုမီနီယမ်ကို ကျွန်တော် ပြောင်းရွှေ့ နေထိုင်ဖြစ်ပါတယ်။ တစ်ညမှာတော့ ဗိုက်ဆာလို့ ပီဇာအော်ဒါမှာပြီး ကျွန်တော် နေထိုင်တဲ့လိပ်စာကို ပြောပြလိုက်ပါတယ်။

"ကျွန်တော်တို့ နာရီဝက်အကြာမှာ အဲ့ဒီကို ပီဇာ လာပို့ပါမယ်။ ခင်ဗျားတို့ ကွန်ဒိုရဲ့ ဂိတ် pass code ၁၂၃၈ ဟုတ်တယ် မဟုတ်လား။" ဆိုပြီး မေးလိုက်တော့ ကျွန်တော်ရဲ့လုံခြုံမှုတွေက ပြတင်းပေါက်ထဲက ဆွဲထုတ်လွှင့်ပစ်လိုက်သလို ခံစားလိုက်ရပါတယ်။

+++++



# ကျူးပစ် သတင်းဒိုင်ယာရီ (၂၀၁၂)

batoe




**ကျွန်တော့်အသက် ၄၅နှစ် ရှိပါပြီ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ ၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံနဲ့ စစ်အစိုးရခေတ်တွေကို ဖြတ်သန်းခဲ့ရပါတယ်။ ဒီနေ့ဒီအချိန်မှာတော့ မြန်မာပြည်အခြေအနေတွေက အရင်ကလိုမဟုတ်ဘဲ အမှန်တကယ်ပြောင်းလဲနေပါပြီ။ ဘာတွေပြောင်းလဲနေသလဲ၊ ဘယ်သူတွေက ဘာတွေလုပ်နေသလဲဆိုတာတွေကို ကျွန်တော်တို့အနေနဲ့ နောက်ပိုင်းမှာ အလွယ်တကူ ရှာဖွေ မှတ်သားနိုင်အောင် ကျွန်တော် ဖတ်မိလေ့လာမိသမျှ သတင်းအချက်အလက်တွေကို ဒိုင်ယာရီဆန်ဆန် မှတ်တမ်းတင်ပြီး သတင်းအတိုလေးတွေအနေနဲ့ စုစည်းပေးထားပါတယ်။ လက်လှမ်းမီသမျှ စုစည်းထားတာဖြစ်လို့ လိုအပ်တာ မပြည့်စုံတာတွေရှိနိုင်ပေမယ့် အသုံးတည့်နိုင်သလောက် တည့်မယ်ဆိုရင် ကျေနပ်ရမှာပါ။**






**ဇန်နဝါရီလ ၂၀၁၂**

– ရန်ကုန်မြို့ ဓါတ်ဆီဆိုင်များတွင် ဓါတ်ဆီဈေးနှုန်းကို တစ်ဂါလံ ၂၅၀၀ ကျပ်မှ ၃၃၅၀ ကျပ်အထိ ဈေးနှုန်းတိုးမြှင့်ရောင်းချခဲ့ပြီး လျှပ်စစ်ဓါတ်အား သုံးစွဲခကိုလည်း ဇန်နဝါရီလ ၁ရက်နေ့မှ စတင်ပြီး အိမ်သုံးတစ်ယူနစ် ၂၃ကျပ်မှ ၃၅ကျပ်သို့လည်းကောင်း၊ လုပ်ငန်းသုံး တစ်ယူနစ် ၅၀ကျပ်မှ ၇၅ကျပ်သို့လည်းကောင်း အသီးသီး တိုးမြှင့် ကောက်ခံမည်ဖြစ်ကြောင်း အစိုးရမှ ကြေညာခဲ့ပါသည်။

– အမေရိကန်အခြေစိုက် Open Society Institute (OSI) ကို ထူထောင်သူ အမေရိကန်နိုင်ငံသား သူကြွယ်ကြီး ဂျော့ဆိုးရော့ဇ်သည် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား တက္ကသိုလ်ရိပ်သာလမ်း နေအိမ်တွင် လာရောက်တွေ့ဆုံခဲ့ပါသည်။

– NLD သဘာပတိအဖွဲ့ကို နာယက – ဦးတင်ဦး၊ အဖွဲ့ဝင် – ဦးဝင်းတင်၊ ဦးသန်းထွန်း၊ ဦးညွန့်ဝေ၊ ဦးလှဖေ၊ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ – ဒေါ်အောင်ဆန်းစုကြည်၊ အဖွဲ့ဝင် – ဦးဉာဏ်ဝင်း၊ ဦးဝင်းမြင့်၊ ဦးဟံသာမြင့်၊ ဦးအုံးကြိုင်၊ ဦးထွန်းထွန်းစိန်၊ ဒေါက်တာမေဝင်းမြင့်တို့ဖြင့် ဖွဲ့စည်းလိုက်သည်။

– ၂၀၁၂ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံနိုင်ရန်အတွက် ပါတီမှတ်ပုံတင်ခဲ့သည့် NLDပါတီကို ရွေး ကောက်ပွဲကျင်းပရေး ကော်မရှင်က နိုင်ငံရေးပါတီမှတ်ပုံတင် ထုတ်ပေးလိုက်သည်။

– နှစ်ပေါင်း ငါးဆယ်ကျော်အတွင်း မြန်မာနိုင်ငံသို့ပထမဆုံးလာရောက်သည့် ဗြိတိန် အဆင့်မြင့် သံတမန်တစ်ဦးအဖြစ် ဗြိတိန်နိုင်ငံခြား ရေးဝန်ကြီး ဝီလျံဟိဂ်သည် ဇန်နဝါရီလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိလာခဲ့ပြီး ၂ရက်တာ ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအဖွဲ့အစည်းများအပါအဝင် ၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။

– လာဘ်ပေး၊ လာဘ်ယူမှုများဖြင့် တိုင်ကြားခြင်းခံရသည့် တနင်္သာရီတိုင်းဝန်ကြီးချုပ် ဦးခင်ဇော်ကို မိမိသဘောဆန္ဒအလျောက် တာဝန်မှ အနားယူခွင့်ပြုကြောင်း ကြေညာခဲ့သည်။

– အကျဉ်းသား ၆၅၁ ဦး ကို ဇန်နဝါရီ ၁၃ ရက်နေ့တွင် လွှတ်ပေးမည်ဟု ကြေညာပါသည်။

– ကိုမင်းကိုနိုင်၊ ဦးခင်ညွန့်၊ ဦးကိုကိုကြီး၊ ဦးခွန်ထွန်းဦး၊ ကိုဌေးကြွယ်၊ ကိုပဏ္ဍိတ်ထွန်း၊ ဦးဂမ္ဘီရ၊ မမီးမီး၊ မနီလာသိန်း၊ ကိုညာဏ်လင်း၊ မသက်သက်အောင်၊ ကိုဇော်ဇော်မင်း၊ ကိုအံ့ဘွယ်ကျော်၊ ဒေါက်တာတင်မင်းထွဋ်၊ ကိုမင်းဇေယျာ၊

ကိုမြအေး၊ ကိုဂျင်မီ၊ ကိုမျိုးအောင်နိုင်၊ ကိုသန်းတင်၊ ကိုလှမျိုးနောင်၊ ကိုသက်ဇော်၊ ကိုပြုံးချို၊ ကိုဇော်သက်ထွေး၊ မစန္ဒာမင်း၊ ဦးညီပုတို့ ထောင်မှလွတ်လာပါသည်။

– ဦးစိန်ဝင်း၊ (ကို)မိုးသီးဇွန်အပါအဝင် ပြည်ပရောက်မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လာနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားပါသည်။

– ၂၀၀၆ ခုနှစ်က လာဘ်ပေးလာဘ်ယူမှုများကြောင့် အကောက်ခွန်ဦးစီးဌာန စီမံခန့်ခွဲခဲ့သည့် နယ်စပ်ကုန်သွယ်ရေး စခန်းများကို စီးပွားကူးသန်းဝန်ကြီးဌာနက လွှဲပြောင်းစီမံခန့်ခွဲခဲ့ရာမှ လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံများ ထပ်မံပေါ်ပေါက်ခဲ့သည့်အတွက် ရှမ်းပြည်နယ် ရေပူနယ်စပ်ကုန်စည်စစ်ဆေးရေးစခန်းနှင့် မွန်ပြည်နယ် မရမ်းချောင် နယ်စပ်ကုန်စည်စစ်ဆေးရေးစခန်းတို့ကို အကောက်ခွန်ဦးစီးဌာန လက်အောက်သို့ ပြန်လည်လွှဲပြောင်းခဲ့သည်။

– ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းက “မြန်မာပြည်မှာ စစ်တပ်က အာဏာပြန်သိမ်းရန် မဖြစ်နိုင်တော့ဘူး” ဟု ပြောကြားပါသည်။

– အစိုးရနှင့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA)တို့ အချက်(၁၁)ချက်ပါ သဘောတူညီမှုကို မူအားဖြင့် သဘောတူ လက်မှတ်ရေး ထိုးပါသည်။

– ၈၈ မျိုးဆက် ကျောင်းသားများ ရန်ကုန်တွင် ရုံးဖွင့်ပြီး နိုင်ငံရေးလုပ်မည်ဖြစ်ကြောင်း ကြေညာပါသည်။

– ရွှေညဝါဆရာတော်ကို သာခုကျောင်းတိုက်မှ တစ်လအတွင်း ထွက်ခွာပေးရန် တိုင်းသံဃနာယကအဖွဲ့က ဆုံးဖြတ်ချက် ချခဲ့ပါသည်။

– သမ္မတဦးသိန်းစိန် စင်္ကာပူနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ပြီး တိုနီတန်၊ ဂိုချုပ်တောင်၊ လီရှန်လုံးတို့နှင့် တွေ့ဆုံခဲ့ပါသည်။

– ဗဟိုဘဏ်၏ ညွှန်ကြားမှုဖြင့် အမေရိကန်ဒေါ်လာ တစ်သောင်းအထိ မည်သည့် စာရွက်စာတမ်းမှ ပြသစရာ မလိုဘဲ နိုင်ငံခြားငွေ လဲလှယ်ခွင့်လိုင်စင်ရ ကောင်တာများတွင် လဲလှယ်ခွင့်ပြုခဲ့သည်။

– မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီလ ၃၁ ရက်နေ့က ရောက်ရှိလာပါတယ်။

– မြန်မာနိုင်ငံက တခြားနိုင်ငံများသို့ ပေးဆပ်ရန်အကြွေး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၀၂၃ (၁၁ ဘီလီယံ) ကျော် ရှိနေကြောင်း ဘဏ္ဍာရေးဝန်ကြီး ဦးလှထွန်းက လွှတ်တော်တွင် တင်ပြသွားသည်။








**ဖေဖော်ဝါရီလ ၂၀၁၂**

– ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

– ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီ ၁၉ ပါတီ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာသည်။

– ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်စရာမရှိသေးကြောင်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်း ရေးမှူး ဦးဌေးဦးက ပြောကြားသည်။

– ပုသိမ်မြို့သို့ ဖေဖေါ်ဝါရီလ ၇ ရက်နေ့တွင် လာရောက်မည့် ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်ကြိုဆို လိုက်ပါခြင်း မပြုနိုင်အောင် ရည်ရွယ်ပြီး ပုသိမ်တက္ကသိုလ်တွင် အထူးပြုဘာသာရပ်အားလုံး ထိုနေ့တွင် စာမေးပွဲ ဖြေဆိုရန် ရုတ်တရက် ကြေညာခဲ့သည်။

– လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် ၃၊ တိုင်ရီဖိနပ်စက်ရုံမှ အလုပ်သမား ၁၈၄၅ ဦးသည် လုပ်ခလစာ နည်းပါးမှု၊ ဖြတ်တောက်မှုများကြောင့် စတင်ဆန္ဒပြကြသည်။

– ကော့မှူးမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ အမည်စာရင်း တင်သွင်းထားမှုကို ရွေးကောက်ပွဲကော်မရှင်က စိစစ်အတည်ပြုလိုက်သည်။

– ဒေါ်အောင်ဆန်းစုကြည်သည် ပုသိမ်နှင့် မြောင်းမြမြို့များသို့ စည်းရုံးရေးခရီးထွက်ခဲ့သည်။
– ဦးစောဒွေးမောင် ဦးဆောင်သည့် KNU/KNLA တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် ကရင်ပြည်နယ် အစိုးရတို့အကြား ငြိမ်းချမ်းရေး သဘောတူညီချက်ကို နေပြည်တော်ရှိ အမရာဟိုတယ်တွင် လက်မှတ်ရေးထိုးခဲ့သည်။
– KNU ခွဲထွက် ဗိုလ်ချုပ်ထိန်မောင်အဖွဲ့နှင့် အစိုးရတို့ အပစ်ရပ် လက်မှတ်ထိုးသည်။
– လက်ရှိအခြေအနေအရ အမျိုးသား စစ်မှုထမ်းဥပဒေကို ပြုလုပ်မည့်အစီအစဉ် မရှိသေးကြောင်း ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်လှမင်းက ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားသည်။
– ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unite and Peace) ကိုယ်စားပြု ကော့မှုးတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည့် ကိုယ်စားလှယ်လောင်း ဦးတင်ရီက ဒေါ်အောင်ဆန်းစုကြည်ကို ကန့်ကွက်သည်။
– ဦးခင်ညွန့်သည် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရံပုံငွေ ကျပ်သိန်း ၁၀၀ မတည်ပြီး 'ရွှေမော်ဝန်း' လူမှုရေးအဖွဲ့ကို ဖွဲ့စည်းသည်။
– ကြားဖြတ်ရွေးကောက်ပွဲတွင် မတရားမှု၊ မသမာမှုများ တွေ့ရှိရသဖြင့် အချက်အလက် တိတိကျကျ ပြည့်ပြည့် စုံစုံနှင့် တိုင်ကြားလာလျှင် အရေးယူပေးမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နိုင်ငံရေးပါတီများကို ပြောကြားလိုက်ပါသည်။
– အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစည်းရုံးရေးခရီးစဉ်များနှင့် ပတ်သက်ပြီး ပိတ်ပင်တားမြစ်ချက်များကို ရုပ်သိမ်းကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာပါသည်။
– အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးကို NLD ပါတီဝင်အဖြစ် လက်ခံလိုက်ပါသည်။
– ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သဝဏ်လွှာ ပေးပို့ခဲ့ပြီး အဆိုပါ သဝဏ်လွှာ၌ ပြည်သူ့ဝန်ထမ်းများအတွက် လုပ်ခ၊ လစာများကို အနိမ့်ဆုံးလစာ တစ်လ ကျပ်တစ်သိန်း ဖြစ်သင့်ကြောင်း၊ ထိုက်သင့်သောအခွန် နုတ်ပယ်ပြီးပါက တစ်လ ကျပ်၈၀၀၀၀၊ ကျပ်၉၀၀၀၀ ပေးသင့်ကြောင်း၊ ငွေကြေးလုံလောက်မှု မရှိသေးပါက ဖြစ်နိုင်သလောက် တိုးမြှင့် ပေးသင့်ကြောင်း ပြောကြားခဲ့သည်။
– မြန်မာနိုင်ငံ၏ လက်ရှိ ပြုပြင်ပြောင်းလဲမှုများသည် နှေးကွေးလေးလံနေပြီး အားရကျေနပ်စရာ မကောင်းလှသေးဟု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားပါသည်။
– ဂျပန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ၂၅နှစ်ကြာ ရပ်ဆိုင်းထားခဲ့သော ချေးငွေပေးရေး အစီအစဉ်ကို ပြန်လည်စတင်တော့မည်ဟု ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒ က ကြေညာပါသည်။
– ဟားဗတ်တက္ကသိုလ်မှ မြန်မာနိုင်ငံတွင် ဆေးပညာသင်ကြားပေးနိုင်ရန်နှင့် ဆေးကောလိပ်ဖွင့်လှစ်နိုင်ရန်အတွက် ပထမအဆင့် လာရောက်ဆွေးနွေးသည်။
– မွန်ပြည်သစ်ပါတီနှင့် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် အပစ်အခတ်ရပ်စဲရေးအပါအဝင် အချက်၄ချက် ပါဝင်သော ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ပဏာမသဘောတူညီချက်ကို သဘောတူလက်မှတ် ရေးထိုးပါသည်။
– ဒေါ်အောင်ဆန်းစုကြည်အား လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမှု ကန့်ကွက်လွှာကို ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင်မှ ပယ်ချလိုက်ပြီး တချိန်တည်းတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အသိအမှတ်ပြုလိုက်ပြီဟု ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။










March 2012

**မတ်လ ၂၀၁၂**

– ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှုးရုံးတွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီး လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။
– ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် အစိုးရတို့ တွေ့ဆုံခဲ့ကြသည့် ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲရေး ဆွေးနွေးပွဲတွင် နှစ်ဘက်ဆက်ဆံရေးရုံးဖွင့်လှစ်ရန် သဘောတူညီခဲ့ကြသည်။

– တစ်သက်တစ်ကျွန်းထောင်ဒဏ်ချမှတ်ခံထားသည့် ကေအင်န်ယူအဖွဲ့ဝင် (ဦး)မန်းငြိမ်းမောင်ကို သမ္မတ ဦးသိန်းစိန်၏ တိုက်ရိုက်အမိန့်ဖြင့် လွတ်မြောက်ခွင့်ပေးလိုက်သည်။
– ပုသိမ်မြို့မှ ငပုတောမြို့သို့ ထွက်ခွာလာသော ပုသိမ်သူမော်တော်ယာဉ်မှာ ငပုတောမြို့၊ ကမ်းဆိပ်ရွာတံတားအနီး မတ်လ ၂၀ ရက်၊ ညနေ သုံးနာရီဝန်းကျင်တွင် နစ်မြုပ်သွားသောကြောင့် ခရီးသည် ခန့်မှန်းဦးရေ အယောက် ၆၀ ကျော် လိုက်ပါလာသည့်အနက် ၃၀ ကျော် ပျောက်ဆုံးနေပြီး တစ်ဦးသေဆုံးကြောင်း သိရှိရသည်။
– ဧပြီလ ၁ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာရန် အာဆီယံ စောင့်ကြည့်လေ့လာသူငါးဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပါလီမန်အဖွဲ့ဝင်နှစ်ဦးစီ၊ ၎င်းတို့နှင့်အတူ မီဒီယာသမားများ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့မှ စောင့်ကြည့် လေ့လာသူများအား မြန်မာအစိုးရက မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။
– ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် ဝင်ငွေခွန်ကို ဧပြီလမှ စတင်ပြီး ကောက်ခံတော့မည်ဖြစ်ကြောင်း ဦးစီးဌာနအတွင်း ညွှန်ကြားချက်ထုတ်ပြန်လိုက်သည်။
– ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းတွင် မတ်လ ၂၆ ရက်နေ့ နေ့လယ် ၂နာရီ ခွဲခန့်မှစ၍ လောင်ကျွမ်းခဲ့သည့်မီးမှာ ဆိပ်ကမ်းရှိကျောက်မီးသွေးများမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်းသိရသည်။ ဒေသခံများအဆိုအရ မီးလောင်သည်မှာ ထူးကုမ္ပဏီပိုင် သစ်လုံးများဖြစ်သည်ဟု ဆိုကြသည်။
– မြန်မာအမျိုးသမီးနှင့်လက်ထပ်ကာ ၎င်းအား ကုမ္ပဏီအမည်ခံခိုင်းထားသော နိုင်ငံခြားသားများအနေဖြင့် လုပ်ငန်းပိုင်ဆိုင်မှု၏ ၅၀ရာခိုင်နှုန်းကို ဇနီးဖြစ်သူအားပေးရမည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်လိုက်သည်။
– ကသာမြို့ဈေးကြီး မီးလောင်ကျွမ်းခဲ့ရာ ဆိုင်ခန်းပေါင်း (၁၄၀) ဝန်းကျင် မီးထဲပါသွားခဲ့ပါသည်။ ဆုံးရှုံးသွားသည့်ပမာဏမှာ ကျပ်သိန်း (၇၀၀၀၀) ခန့်ရှိပါသည်။
– အသက်ငါးဆယ်ဝန်းကျင် ဂျပန်နိုင်ငံသားတစ်ဦးနှင့် လက်ထပ်ထားသည့် အသက် ၁၉နှစ်အရွယ် ရှမ်းတိုင်းရင်းသူ မနန်းဝိုးဖန်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ စစ်ဆေးနေစဉ်အတွင်း ဆိပ်ကမ်းသာလမ်းရှိ အထူးစုံစမ်းစစ် ဆေးရေးရုံးတည်ရှိရာ ငါးထပ်အဆောက်အဦးမှ ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ပါသည်။
– ဝန်ကြီးဌာန ခြောက်ခု ၏ ကျပ်ငွေသိန်းပေါင်းထောင်ချီသည့် အလွဲသုံးစားမှုများနှင့်ပတ်သက်သည့်အစီရင်ခံစာကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့သည်။
– နိုင်ငံ့ဝန်ထမ်းများနှင့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများကို ပုံမှန်လစာအပြင် အပိုဆောင်းငွေကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း) ကို ခံစားခွင့်ပြုကြောင်းနှင့် အစိုးရဌာနများရှိ နေ့စားဝန်ထမ်းများအား နေ့စဉ် ပုံမှန်လုပ်ခ ၁၁၀၀ကျပ်အပြင် အပိုဆောင်းငွေအဖြစ် တစ်ရက်လျှင် ၁၀၀၀ကျပ် စုစုပေါင်း ၂၁၀၀ကျပ်ကို ခံစားခွင့်ပြုကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြေငြာစာအမှတ် ၁၀၀/၂၀၁၂ ဖြင့် ဧပြီလ (၁)ရက်နေ့မှစ၍ ခံစားခွင့်ပြုကြောင်း နိုင်ငံပိုင်ရေဒီယိုများမှ ကြေညာပါသည်။
– ၂၀၀၈ ခုနှစ်က စတင်အငြင်းပွားခဲ့သော မြန်မာ–ဘင်္ဂလား ရေပိုင်နက်အငြင်းပွားမှုကို ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံး **OTLOS** က အပြီးသတ် အဆုံးအဖြတ်ပေးလိုက်ရာတွင် မိမိတို့ဘက်မှ အနိုင်ရရှိကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံက ကြေညာသွားပါသည်။
– ကချင်ပြည်နယ်မှ မဲဆန္ဒနယ်များဖြစ်သည့် ဖားကန့်၊ မိုးကောင်း၊ ဗန်းမော်တို့မှာ လုံခြုံရေး အခြေအနေကြောင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပနိုင်မည်မဟုတ်ဘဲ ရွှေ့ဆိုင်းလိုက်သည်ဟု ရွေးကောက်ပွဲကော်မရှင်က ကြေညာပါသည်။
– တိုင်ရီဖိနပ်စက်ရုံ အလုပ်သမားများသမဂ္ဂ၊ ချည်မျှင်နှင့်အထည်ချုပ်စက်ရုံ အလုပ်သမားများသမဂ္ဂနှင့် အခြေခံဆောက်လုပ်ရေး အလုပ်သမားများသမဂ္ဂ အစရှိသည့် လွတ်လပ်သော အလုပ်သမားသမဂ္ဂများ စတင် ပေါ်ပေါက်လာခဲ့ပါသည်။
– ဧပြီလ ၁ရက်နေ့မှစတင်ပြီး ပုံသေသတ်မှတ်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်းများကိုပယ်ဖျက်ပြီး ဈေးကွက်အခြေအနေကိုမူတည်သောနှုန်းရှင်ဖြင့် နေ့စဉ်ပုံမှန်သတ်မှတ်ပေးသွားမည်ဟု ဗဟိုဘဏ်ကကြေညာချက်ထုတ်ပြန်ပါသည်။





**ဧပြီလ ၂၀၁၂**

April 2012

– ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်သည် ကော့မှူးမြို့နယ်မှ အနိုင်ရရှိသွားပါ သည်။ ယှဉ်ပြိုင်ရာ ၄၄ နေရာအနက် ပြည်သူ့လွှတ်တော် ၃၇နေရာ၊ အမျိုးသားလွှတ်တော် ၄နေရာနှင့် တိုင်းဒေသကြီး လွှတ်တော် ၂နေရာ စုစုပေါင်း ၄၃နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိသွားပါသည်။

– တစ်နှစ်မှ တစ်ရက်သာလျှင်ဖွင့်သော ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တနင်္လာ၊ အင်္ဂါနေ့များမှလွဲ၍ နေ့တိုင်း ပြန်လည် ဖွင့်လှစ်ပါသည်။

– ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်မှ ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သို့ လည်းကောင်း၊ ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များ ဒုတိယ ဗိုလ်ချုပ်ကြီးမှ ဗိုလ်ချုပ်ကြီးသို့ လည်းကောင်း အသီးသီး ရာထူးတိုးသွားပါသည်။

–မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများကို နော်ဝေနိုင်ငံမှ ရပ်ဆိုင်းလိုက်သည်။

– ကြားဖြတ်ရွေးကောက်ပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်း ဒေါ်လဲ့လဲ့အေးမှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် မဲ မသမာမှု စွပ်စွဲချက်ဖြင့် ကန့်ကွက်ခဲ့ပါသည်။

– ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်သည် ဘန်ကောက်ပို့စ်သတင်းစာနှင့် တွေ့ဆုံ အင်တာဗျူးခဲ့ခြင်း မရှိဘဲ ဒီပဲယင်း အရေးအခင်းတွင် ဒေါ်အောင်ဆန်းစုကြည်အား ကယ်တင်ဖူးသည်ဟူသော စကားကိုလည်း ပြောကြားခြင်း မရှိခဲ့ ကြောင်း ရဲသတင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဝင်းနိုင်ထွန်းနှင့် ဗိုလ်မှူးဟောင်း ဝင်းမောင်မောင်တို့က သတင်းစာ ရှင်းလင်းပွဲတွင် ငြင်းဆိုလိုက်ကြသည်။

– လွှတ်တော်နှစ်ရပ်ရှိ တပ်မတော်သား ကိုယ်စားလှယ် (၅၉)ဦးအနက် လက်ရှိ ဗိုလ်မှူးရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၃၉)ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးတို့၏နေရာတွင် ပိုမိုရာထူးကြီးသော ဒုတိယဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ် အစရှိသည့် အရာရှိများဖြင့် အစားထိုးပြောင်းလဲခန့်အပ်ခဲ့ပါသည်။

– နှစ်ပေါင်း ၂၈နှစ်အတွင်း မြန်မာနိုင်ငံ၏ အမြင့်ဆုံးနိုင်ငံခေါင်းဆောင်တစ်ဦး၏ ခရီးစဉ်အဖြစ် ဂျပန်နှင့် မဲခေါင်ဒေသ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် သမ္မတဦးသိန်းစိန် ဂျပန်နိုင်ငံသို့ ငါးရက်တာခရီးသွားရောက်ခဲ့ ပါသည်။

– ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အလိုရှိနေသော မြန်မာနိုင်ငံသား မူးယစ်ရာဇာ နော်ခမ်းကို လာအိုစစ်တပ်က ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း လာအိုရုပ်မြင်သံကြားမှ ကြေညာသည်။

– ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တက္ကသိုလ်ရိပ်သာလမ်း နေအိမ်တွင် တွေ့ဆုံပြီး သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ပါသည်။

– နိုင်ငံရေးပြဿနာ မဖြစ်ပွားလိုသောကြောင့် ရွေးကောက်ခံ NLD အမတ်များအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ စာသားအတိုင်း အလျှော့ပေး ကျမ်းကျိန်ဆိုကာ လွှတ်တော်အစည်းအဝေးများကို တက်ရောက်မည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသည်။

– လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်လှိုင်သည် မတ်လ ၂၃ ရက်နေ့ထုတ် Hot News ဂျာနယ်ပါ အင်တာဗျူးတွင် လွှတ်တော်၊ လွှတ်တော်အမတ်များနှင့် ပတ်သက်ပြီး သုံးနှုန်းခဲ့သည့် သူ၏အသုံးအနှုန်းများအတွက် ပြည်ထောင်စုလွှတ်တော်တွင် ဝန်ချတောင်းပန်ခဲ့ပါသည်။





May 2012

**မေလ ၂၀၁၂**

– ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တက္ကသိုလ်ရိပ်သာလမ်း နေအိမ်တွင် တွေ့ဆုံပါသည်။ ထိုသို့တွေ့ဆုံစဥ်အတွင်း ကုလသမဂ္ဂအထွေထွေညီလာခံတွင် တက်ရောက်မိန့်ခွန်း ပြောကြားရန် ဘန်ကီမွန်းက ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ကြားခဲ့သည်။

– ဒေါ်အောင်ဆန်းစုကြည်နှင့် NLD လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော် အမတ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုကြပါသည်။

– မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဆုငွေထုတ်ထားခြင်းကို ထိုင်းအာဏာပိုင်များဖက်မှ ဖြေရှင်းခြင်းမပြုပါက နှစ်နိုင်ငံနယ်စပ်၏ တည်ငြိမ်ရေးကို ထိခိုက်နိုင်ကြောင်း တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် (DKBA)မှ ဗိုလ်နှုတ်ခမ်းမွေးခေါ် ဗိုလ်မှူးချုပ် စောလားပွယ်က ပြောဆိုလိုက်သည်။

– မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းတယ်လီဖုန်းကဒ် ပျောက်ဆုံး/ပျက်စီးခြင်းများအတွက် အသစ်လျှောက် ထားမှုနှင့် ပတ်သက်၍လည်းကောင်း၊ ဖုန်းဖြင့် အင်တာနက်တပ်ဆင်၊ သုံးစွဲခများနှင့် ပတ်သက်၍ လည်းကောင်း ဧပြီလ (၃၀)နှင့် မေလ (၂) ရက်များတွင် ကြေညာချက်ထုတ်ပြန်လိုက်ပါသည်။

– နိုင်ငံသားတိုင်း နိုင်ငံခြားငွေဘဏ်စာရင်းဖွင့်လှစ်ပြီး ၂၀၀၇ ခုနှစ် မော်ဒယ်အထက်ကားများကို ဘတ်စ်ကားမှအပ တင်သွင်းခွင့်ပြုကြောင်း ကြေညာလိုက်သည်။

– ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီကို သမ္မတဦးသိန်းစိန် ဦးဆောင်ပြီး ဒုသမ္မတ နှစ်ဦး၊ လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦး၊ ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် နှင့် သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်အပါအဝင် အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

– ဒုသမ္မတ ဦးတင်အောင်မြင့်ဦးသည် ကျန်းမာရေးကြောင့် စင်္ကာပူမှ ဆေးကုသ၍ ပြန်လာပြီးနောက် မေလ ၃ရက်က နုတ်ထွက်စာတင်ပြီး ရဟန်းဝတ်သွားပါသည်။

– နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်း ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းစည်းဝေးပွဲတွင် သမ္မတဦးသိန်းစိန်က အစိုးရသစ်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ရေးရိုးစွဲ ခေတ်နောက်ပြန်စွဲ အမြင်ရှိသည့်သူများကို ချန်ထားခဲ့မည်ဖြစ်ကြောင်း ပြောဆို လိုက်သည်။

– တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် တွေ့ဆုံပါသည်။

– ဆန္ဒမဲလက်မှတ်များတွင် ဖယောင်းသုတ်ထားသည်ဟု NLD ၏ စွပ်စွဲပြောဆိုမှုကို ကော်မရှင်ကဖော်ထုတ်စစ်ဆေးရာ ဖြစ်စဉ် မှန်ကန်မှုမရှိကြောင်း နိုင်ငံပိုင်သတင်းစာများမှတဆင့် ရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ပါသည်။

– လျှပ်စစ်မီးပုံမှန်ရရှိရေးအတွက် နိုင်ငံအဝှမ်းတွင် ဖယောင်းတိုင်မီးများထွန်းညှိပြီး ဆန္ဒပြကြပါသည်။

– သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ထောက်ခံချက်ပေါ်မူတည်ပြီး ဘတ်စ်ကားနှင့် တက္ကဆီကားများကို တင်သွင်းခွင့်ပြုလိုက်သည်။

– ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံသို့ထွက်ခွာသွားပြီး၊ လွှတ်တော်အမတ် ဒေါ်စန္ဒာမင်း၊ ကိုယ်ရေး အရာရှိ ဒေါက်တာတင်မာအောင်၊ လုံခြုံရေးအရာရှိဦးစိုးဝင်းတို့ လိုက်ပါသွားပါသည်။ ယင်းခရီးစဥ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် မဟာချိုင်ရှိ မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ၏အခြေအနေကို လှည့်လည်ကြည့်ရှုပါသည်။ ထို့အပြင် ထိုင်း–မြန်မာနယ်စပ် မယ်လ ဒုက္ခသည်စခန်းကိုလည်း သွားရောက်ခဲ့ပါသည်။ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့ပါသည်။

– ချစ်သူမိန်းကလေးနှင့် စကားများရန်ဖြစ်ပြီး အိမ်ရှေ့လူကိုပါ ဓါတ်ဆီလောင်းပြီးမီးရှို့မှုတစ်ခု ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် (၃)ရပ်ကွက်တွင် ဖြစ်ပွားခဲ့ပါသည်။ မီးရှို့ခံရသူအမျိုးသမီးမှာ သုံးရက်အကြာတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

–နှစ်ပေါင်း ၂၅နှစ်အတွင်း အိန္ဒိယဝန်ကြီးချုပ်များ၏ ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်အဖြစ် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း မြန်မာနိုင်ငံသို့ ၃ရက်ကြာ ချစ်ကြည်ရေး အလည်အပတ်ခရီး လာရောက်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ် အတွင်း အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ဒေါ်လာသန်း ၅၀၀ကို အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေပေးအပ်ရန် သဘောတူညီခဲ့သည်။

– ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်ကျေးရွာမှ မသီတာထွေးအား အစ္စလာမ်ဘာသာဝင် လူငယ်(၃)ဦးက မုဒိန်းကျင့်ပြီး သတ်ဖြတ်ခဲ့ပါသည်။





**ဇွန်လ ၂၀၁၂**

June 2012

– တောင်ကုတ်မြို့တွင် ခရီးသွားဘတ်စ်ကားပေါ်ပါ အစ္စလာမ်ဘာသာဝင် ဆယ်ဦး အား ဒေသခံဟုယူဆရသော လူအုပ်စုကြီးက ဝိုင်းဝန်းသတ်ဖြတ်လိုက်ပါသည်။

– တောင်ကုတ်မြို့ သတ်ဖြတ်မှုနှင့် ပတ်သက်သောသတင်းကို ဇွန်လ ၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် မလျော်မကန်သော အသုံးအနှုန်းဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

– ဘင်္ဂါလီလူမျိုးများနှင့် ရခိုင်ဒေသခံများ၏ ပဋိပက္ခကြောင့် ရခိုင်ပြည်နယ်တစ်ဝန်းတွင် အိမ်မီးရှို့ခြင်း၊ လူသတ်ဖြတ်ခြင်းစသည့် ဆူပူအကြမ်းဖက်မှုများ ပြုလုပ်နေကြသဖြင့် အစိုးရမှ ပုဒ်မ ၁၄၄ (ညမထွက်ရအမိန့်) ထုတ်ပြန်လိုက်ပါသည်။

– ရခိုင်ပြည်နယ်တွင် ဆူပူအကြမ်းဖက်မှုများဖြစ်ပွားစေရန် လှုံ့ဆော်ဦးဆောင်ကြသူများတွင် ပါဝင်သည်ဟုယူဆရသူ ဒေါက်တာ ထွန်းအောင်ကို မောင်တောမြို့နယ်သုံးမိုင်တွင်ဖမ်းဆီးခဲ့ပြီး စစ်တွေမှ ရန်ကုန်သို့ထွက်ခွာမည့် ၎င်း၏ သမီးဖြစ်သူကိုလည်း ဖမ်းဆီးခဲ့ ပါသည်။

– ရခိုင်ပြည်နယ်တွင်း ဖြစ်ပေါ်ခဲ့သော ပဋိပက္ခကိစ္စနှင့် ပတ်သက်၍ အစိုးရက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင် (၁၆)ဦးပါ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းလိုက်ပါသည်။

– အစိုးရမှ ရခိုင်ပြည်နယ်ကို အရေးပေါ်အခြေအနေ ကြေညာပါသည်။

– မောင်တောဖြစ်စဉ်နှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတ က နိုင်ငံပိုင်ရုပ်သံလိုင်းများမှတစ်ဆင့် မိန့်ခွန်း ပြောကြားပါသည်။

– ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေးနမ်ဗီယာသည် ဇွန်လ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိလာပါသည်။

– ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၁၃ ရက်နေ့တွင် ဥရောပခရီးစဉ် (ဗြိတိန်၊ အိုင်ယာလန်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ပြင်သစ်) အတွက် ရန်ကုန်မှ ထွက်ခွာသွားပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ ဦးဇေယျာသော်၊ ဦးခွန်သာမြင့်၊ ဒေါက်တာတင်မာအောင်နှင့် ဦးနေခြည်ဝင်းတို့ လိုက်ပါသွားပါသည်။

– မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ်တစ်သောင်းတန် ငွေစက္ကူအသစ် ထုတ်ဝေပါသည်။

– အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ အိုင်အယ်လ်အိုတွင် မိန့်ခွန်းပြောကြားသော ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုမရှိကြောင်း ဝေဖန်ပြောဆိုလိုက်သည်။

– ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၁ခုနှစ်အတွက်ရရှိခဲ့သော ငြိမ်းချမ်းရေးနိုဗယ်လ်ဆုကို နော်ဝေးနိုင်ငံ အော်စလိုမြို့တွင် လက်ခံရယူခဲ့ပါသည်။

– ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းကျေးရွာအနီး မသီတာထွေးအား အဓမ္မပြုကျင့်ကာ ပစ္စည်းများလုယူပြီး သတ်ဖြတ်ခဲ့သော ထက်ထက်(ခ)ရော်ရှီး၊ ရော်ဖီးနှင့် ခိုချီးတို့ သုံးဦးအား ကျောက်ဖြူခရိုင်တရားသူကြီးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ၁/ဂ အရ သေဒဏ် ချမှတ်လိုက်ပါသည်။
– ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပေးအပ်သော Ambassador of Conscience ဆုနှင့် ဒဗ္ဗလင်မြို့က ပေးအပ်သော ဂုဏ်ထူးဆောင်ဒဗ္ဗလင်မြို့သူဆုကို အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့တွင် လက်ခံရယူခဲ့ပါသည်။
– ဗြိတိသျှပါလီမန်တွင် မိန့်ခွန်းပြောကြားသော ပထမဦးဆုံးသော အာရှတိုက်သားအဖြစ် ဒေါ်အောင်ဆန်းစုကြည်က ဗြိတိသျှပါလီမန်ကို မိန့်ခွန်းပြောကြားခဲ့ပါသည်။
– ဝါရင့်သတင်းစာဆရာကြီး လူထုစိန်ဝင်း(အသက် ၇၁ နှစ်)သည် ဇွန်လ ၁၇ ရက်နေ့၊ ည ၁၁ နာရီ၊ မိနစ် ၃၀ အချိန်တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံ၌ နာတာရှည်အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားပါသည်။
– ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးစဉ်မိန့်ခွန်းများတွင် Myanmarဟု မသုံးဘဲ Burmaဟုသုံးစွဲသဖြင့် NLDပါတီကို ရွေးကောက်ပွဲကော်မရှင်က သတိပေးလိုက်ပါသည်။






July
2012

**ဇူလိုင်လ ၂၀၁၂**

– ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းဦးဆောင်သောအဖွဲ့နှင့် ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့ဦးဆောင်သော ၈၈မျိုးဆက်ကျောင်းသားများ အဖွဲ့တို့ ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။
– နိုင်ငံသားအကျဉ်းသား ၃၇ဦး၊ နိုင်ငံသားအကျဉ်းသူ ၉ဦးနှင့် နိုင်ငံခြားသားအကျဉ်းသား ၃၄ဦးတို့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပါသည်။
– တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားပြီး ဆက်ဆံရေး ကောင်းမွန်ရန် အစဉ်တစိုက် ကြိုးစားသွားမည်ဖြစ်ကြောင်း ဥရောပခရီးစဉ်နှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါသည်။
– အသက် ၂၂နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် အာရှအသက် ၂၂ နှစ်အောက် ပြိုင်ပွဲအတွက် ခြေစစ်ပွဲ အောင်မြင်ခဲ့ပါ သည်။
– ကမ္ဘာကျော်ကွန်ဖူးမင်းသားဂျက်ကီချန်းသည် ကုလသမဂ္ဂချစ်ကြည်ရေးသံတမန်တာဝန်ဖြင့် မြန်မာနိုင်ငံသို့ သုံးရက်ကြာ လာရောက်ခဲ့ပါသည်။
– ဇူလိုင်လ ၁ရက်နေ့မှ စတင်၍ ကျန်းမာရေးအခြေအနေကြောင့် ဒုတိယသမ္မတ ဦးသီဟသူရတင်အောင်မြင့်ဦးသည် ရာထူးမှ နုတ်ထွက်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်တွင် ကြေညာပါသည်။
– ၂၀၁၀ ရွေးကောက်ပွဲကာလတွင် ဖွဲ့စည်းခဲ့သော ၁၀ပါတီမဟာမိတ်အဖွဲ့နှင့် သမ္မတဦးသိန်းစိန်တို့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ ကြသည်။
– အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အရေးယူပိတ်ပင်မှုများထဲမှ ငွေကြေးဆိုင်ရာပိတ်ပင်ထားမှုများနှင့် အမေရိကန်နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှု ပိတ်ပင်ထားမှုများကို ဖယ်ရှားခွင့်ပြုပေးခဲ့ပါသည်။
– လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသတွင် (ပုဒ်မ ၁၄၄) ညမထွက်ရအမိန့်ကို ထုတ်ပြန်လိုက်သည်။
– အာဇာနည်နေ့ အခမ်းအနားကို ဒုသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ဂါရဝပြုသည်။

– အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အရေးဆောင်ရွက်နေသော လူမှုဝန်ထမ်းအဖွဲ့ အစည်းတချို့နှင့် ဘန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

– ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် လွပ်လပ်၍ ပွင့်လင်းမြင်သာမှုရှိသည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး မစ္စတာဗီဂျေနမ်ဘီယာက တောင်းဆိုလိုက်သည်။

– ပြည်သူ့လွှတ်တော်အမတ် ဦးအောင်သိန်းလင်းကို တောင်ဥက္ကလာပ မဲဆန္ဒရှင်ပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရုပ်စဲပေးရန် လက်မှတ်ရေးထိုးသော လှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့ကြသည်။

– သမ္မတဦးသိန်းစိန်က ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ တရားသူကြီးချုပ်များ အပါအဝင် အစိုးရအဖွဲ့ဝင်အားလုံးတို့၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုအားလုံးကို စာရင်းပြုစုတင်ပြရန် ညွှန်ကြား လိုက်သည်။

– မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားလူမျိုးစု ၁၃၀ ကျော်အနက် ရိုဟင်ဂျာလူမျိုး မပါဝင်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ထပ်လောင်းပြောကြားခဲ့သည်။

– မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားနှင့် အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂ ရက်တာခရီး လာရောက်ခဲ့ပြီး ရခိုင်ပြည်နယ် မောင်တောမြို့သို့ သွားရောက်ခဲ့သည်။

– ပြန်ကြားရေးဝန်ကြီးဌာနက The Voice ဂျာနယ်နှင့် Envoy ဂျာနယ်ကို ထုတ်ဝေခွင့် ရပ်ဆိုင်းလိုက်ပါသည်။





## ဩဂုတ်လ ၂၀၁၂

– ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် စစ်မျိုးဆက်ကျောင်းသားများဆိုသည့် နာမည်သုံးစွဲပြောဆိုဆွေးနွေးခြင်းကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ပိတ်ပင်တားမြစ်လိုက်သည်။

– ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မောင်တောမြို့များသို့ သွားရောက်ပြီး ပဋိပက္ခဖြစ်ပွားခဲ့သော ဒေသများကို လေ့လာခဲ့ပါသည်။

– အလုပ်သမားဆန္ဒပြမှုများနှင့်ပတ်သက်၍ စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်အဆိုကို ပြည်သူ့လွှတ်တော်တွင် မဲခွဲဆုံးဖြတ်သည့်အခါ ရှုံးနိမ့်ခဲ့ပါသည်။

– ရန်ကုန် X2O သကြ်န်မဏ္ဍပ် ဖုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ သေဒဏ်ချမှတ်ခြင်းခံထားရသည့် ကိုဖြိုးဝေအောင်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ လွှတ်ပေးလိုက်သည်။

– သတင်းဂျာနယ် ၂စောင် ထုတ်ဝေခွင့်ရပ်ဆိုင်းခံရခြင်းအတွက် သတင်းလွတ်လပ်ခွင့်ကော်မတီ (ယာယီ)ကို ဖွဲ့စည်းကာ သတင်းဂျာနယ် များက ပုံစံမျိုးစုံဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကို ဦးတည်ဆန့်ကျင်ခဲ့ကြသည့် နောက်ပိုင်း ၂ပတ်သာ ထုတ်ဝေခွင့်ပိတ်ပင်ခြင်းဖြစ်ကြောင်း စာပေစိစစ်ရေးမှ အကြောင်းကြားခဲ့သည်။

– ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီတစ်ခုဖြစ်သည့် "တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ" ၌ ဥက္ကဋ္ဌအဖြစ် ပထမဆုံးတာဝန်ယူမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်တွင် ကြေညာသည်။

– တပ်မတော်(ရေ)ဦးစီးချုပ် ဗိုလ်ချုပ်ကြီးညဏ်ထွန်းကို ဒုသမ္မတအဖြစ် ရွေးချယ်လိုက်ပါသည်။

– အစိုးရအဖွဲ့ဝင်များ၏ ပိုင်ဆိုင်မှုကို ထုတ်ဖော်ကြေညာပြီး လွှတ်တော်တွင် မှတ်တမ်းတင်ထားရန် အဆိုကို ပြည်သူ့လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ မဲအပြတ်အသတ်ဖြင့် ရှုံးနိမ့်သွားခဲ့သည်။

– ရခိုင်ပြည်နယ်တွင် ဇွန်လအတွင်းက ဖြစ်ပျက်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများနှင့် ဆက်စပ်သည်ဆိုကာ ဖမ်းဆီးထားသည့် INGOs နှင့် UNHCR မှ ဝန်ထမ်းတချို့ကို ပြည်ထဲရေးဝန်ကြီးဌာနအမိန့်ဖြင့် ပြန်လည်လွှတ်ပေးလိုက်သည်။
– ရခိုင်ပြည်နယ်ပဋိပက္ခနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန်နှင့် အကြံပြုတင်ပြရန် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ် ၂၇ ဦး ပါဝင်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို သမ္မတရုံးက ဖွဲ့စည်းပေးလိုက်သည်။
– နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးများကို မြန်ဆန်စွာဆောင်ရွက်လျှက်ရှိရာ နှေးကွေးသူများကို ချန်ထားခဲ့မည်ဖြစ်ကြောင်း သမ္မတဦးသိန်းစိန်က VOA သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုလိုက်ပြန်သည်။
– မြန်မာနိုင်ငံတွင် ၄၈နှစ်ကြာကျင့်သုံးခဲ့သော စာပေစိစစ်ရေးမူဝါဒများကို ဖြေလျှော့လိုက်ပြီး သတင်းဂျာနယ်များ အပါအဝင် စာအုပ် စာတမ်းအားလုံးကို စာပေစိစစ်ရေးသို့ ကြိုတင်ပြစရာမလိုဘဲ ထုတ်ဝေခွင့်ပြုလိုက်သည်။
– ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သည့် သဝဏ်လွှာနှင့်အတူ ပူးတွဲပေးပို့သည့်သုံးသပ်ချက်၌ ပါဝင်သောစွပ်စွဲချက်များကို ရခိုင်တိုင်းရင်းသား ပါတီတစ်ခုက ကန့်ကွက်ခဲ့သည့်အတွက် သဝဏ်လွှာကို ပြန်လည်ရုပ်သိမ်းခဲ့ရသည်။
– အမှတ် (၁) လျှပ်စစ်စွမ်းအား ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်မြင့်တို့ကို ရာထူးမှ ဖယ်ရှားလိုက်သည်။
– ပြည်ဝင်ခွင့်ပိတ်ပင်ထားခြင်း အမည်မည်းစာရင်းက ပယ်ဖျက်လိုက်သည့် နိုင်ငံသားများနှင့် နိုင်ငံခြားသား ၂၀၈၂ဦး၏စာရင်းကိုသမ္မတရုံးကထုတ်ပြန်ပါသည်။
– ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် လွှတ်တော်နှစ်ရပ်အကြား ငြင်းခုန်နေသည့် လွှတ်တော်ရေးရာအဖွဲ့များ အဆင့်သတ်မှတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ရပ် ဖွဲ့စည်းလိုက်ပါသည်။





**စက်တင်ဘာလ ၂၀၁၂**

– အမှတ်(၁)နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (၂)ခုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပြီး မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ဖျက်သိမ်းလိုက်ပါသည်။
– ထိုင်းနိုင်ငံတွင်ထုတ်လုပ်သည်ဟုယုံကြည်ရသော ကျပ်ငါးထောင်တန် ငွေစက္ကူအတုများကို ရှမ်းပြည်နယ် ဟိုမိန်းမြို့နယ်နှင့် တနင်္သာရီတိုင်း ကော့သောင်းမြို့တို့တွင် အသီးသီး ဖမ်းဆီးရမိခဲ့ပါသည်။
– ပြည်ထောင်စုအစိုးရအဖွဲ့ကို ဝန်ကြီးဌာနပေါင်း ၃၆ ခုဖြင့် ပြင်ဆင်ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်ပါသည်။
– ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကို စွပ်စွဲပြစ်တင်ရန် အမျိုးသားလွှတ်တော်၏ အဆိုကို ပြည်သူ့လွှတ်တော်က ထောက်ခံ လိုက်ပါသည်။
– မန္တလေးမြို့တွင် သမ္မတဦးသိန်းစိန်၏ ရခိုင်အရေးရပ်တည်ချက်အား ထောက်ခံသော ဆန္ဒဖော်ထုတ်မှုကို ပြုလုပ်ခဲ့ကြပါသည်။
– မြန်မာ့တပ်မတော်အတွင်း မြောက်ပိုင်းတိုင်း၊ အလယ်ပိုင်းတိုင်း၊ အရှေ့မြောက်ပိုင်းတိုင်း၊ အရှေ့အလယ်ပိုင်းတိုင်းနှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်များတွင် စစ်တိုင်းမှူးနှင့် တပ်မမှူးနေရာများကို အပြောင်းအရွှေ့ ပြုလုပ်ခဲ့ပါသည်။
– ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အားလုံး မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်သွားကြပါသည်။
– အစိုးရဝန်ကြီးအဖွဲ့ အပြောင်းအလဲတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဒေါ်မြတ်မြတ်အုန်းခင်ကို နှစ်ပေါင်း ခြောက်ဆယ်ကျော်အတွင်း ပထမဆုံး အမျိုးသမီး ပြည်ထောင်စုဝန်ကြီး အဖြစ် ခန့်ထားလိုက်သည်။
– တရုတ်နိုင်ငံတွင် ခိုလှုံနေသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ကျော်ဇောကို ပြည်ဝင်ခွင့်ပြုကြောင်း အစိုးရမှတရားဝင် ထုတ်ဖော် ပြောကြားခဲ့သည်။

– ရန်ကုန်မြို့ ၁လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အိမ်သုံးဂက်စ်အရောင်းဆိုင်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပါသည်။
– ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စုခရီးစဉ်ကို စက်တင်ဘာလ ၁၆ ရက်နေ့တွင် စတင်ပါသည်။
– ၂၀၁၂ ခုနှစ်အတွင်း တတိယအကြိမ်မြောက်အဖြစ် သမ္မတဦးသိန်းစိန်က အကျဉ်းသား ၅၁၇ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။
– သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ငါးရက်ကြာ ချစ်ကြည်ရေး အလည်အပတ်ခရီးသွားရောက်ပြီးနောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ ခရီးထွက်ခွာပါသည်။
– အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ဒဏ်ခတ်အရေးယူ ပိတ်ဆို့မှုများကို လျှော့ချဖို့ ထောက်ခံကြောင်း ဒေါ်အောင်ဆန်းစုကြည်က အမေရိကန် ငြိမ်းချမ်းရေးအင်စတီကျုတွင် ပြောကြားခဲ့ပါသည်။
– သမ္မတဦးသိန်းစိန်သည် ကုလသမဂ္ဂ၏ ၆၇ ကြိမ်မြောက် အထွေထွေညီလာခံတွင် နှစ်ပေါင်းခြောက်ဆယ်ကျော်အတွင်း မြန်မာသမ္မတ တစ်ဦးအနေဖြင့် ပထမဦးဆုံးအကြိမ်အဖြစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် မိန့်ခွန်းပြောကြားခဲ့သည်။
– ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတအဖြစ် ပြည်သူများကရွေးချယ်လျှင် လက်ခံမည်ဖြစ်ကြောင်း သမ္မတဦးသိန်းစိန်က ဘီဘီစီ သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ပါသည်။
– ၈၈မျိုးဆက် ကျောင်းသားများအဖွဲ့က ဦးဆောင်ပြီး လက်ပံတောင်းတောင်နဲ့ ချင်းတွင်းအလှသဘာဝကာကွယ်ထိန်းသိမ်းရေး နှီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။









**အောက်တိုဘာလ ၂၀၁၂**

– အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာလ ၄ ရက်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပါသည်။
– အမေရိကန်ခရီးစဉ် ပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော သမ္မတဦးသိန်းစိန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လူစုလူဝေးဖြင့် ထောက်ခံကြိုဆိုခဲ့ကြသည်။
– ကရင်အမျိုးသားအစည်းအရုံး KNU၏ထိပ်တန်းခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး၊ ပဒိုရောဂျာခင်နှင့် ပဒိုဒေးဗစ်ထောတို့အား တာဝန်မှရပ်စဲလိုက်ကြောင်း KNUက ကြေညာပါသည်။
– ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗုဒ္ဓသာသနိကအဆောက်အဦများ အကြမ်းဖက်ဖျက်ဆီးခြင်းခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာသံဃာတော်အချို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးရှေ့တွင် ဆန္ဒပြခဲ့ကြသည်။
– ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူလူထုလိုလားပါက သမ္မတအဖြစ်တာဝန်ယူမည်ဖြစ်ကြောင်း NLD ရုံးချုပ်တွင် ပြုလုပ်သော အမေရိကန်ခရီးစဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။
– မြန်မာနိုင်ငံတွင် OIC ရုံးခွဲ ဖွင့်လှစ်ခွင့်ပြုမည်ဆိုသော သတင်းများထွက်ပေါ်လာသည့်အတွက် စစ်တွေမြို့တွင် သံဃာတော်များ ဦးဆောင်သည့် လူပေါင်းများစွာက ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။
– တရုတ်နိုင်ငံတွင် နိုင်ငံရေးခိုလှုံနေရသည့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် အသက် (၉၃)နှစ်အရွယ်၌ ကူမင်းမြို့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသည်။
– ရခိုင်ပြည်နယ်တွင် ည ၇ နာရီအချိန်မှ နံနက် ၅နာရီအထိ ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့် (ပုဒ်မ ၁၄၄)ကို ည ၁၀ နာရီအချိန်မှ နံနက် ၄ နာရီသို့ အချိန်လျှော့ချလိုက်ပါသည်။

– စစမျိုးဆက် ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သည့် ကိုကိုကြီး၏ ပထမဆုံး ပြည်ပခရီးအဖြစ် ဥရောပသို့ တစ်လကြာ ခရီးစဉ်ကို စတင်ခဲ့ပါသည်။
– မြန်မာနိုင်ငံတွင် အစ္စလာမ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေးကိစ္စမှ ပြည်သူ့ဆန္ဒနှင့် မကိုက်ညီသဖြင့် ဖွင့်လှစ်ရန် ခွင့်ပြုမည်မဟုတ်ကြောင်း သမ္မတရုံးမှ ကြေညာလိုက်သည်။
– ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ပထမအကြိမ် ပြည်လုံးကျွတ်ညီလာခံကို အောက်တိုဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်ကျင်းပခဲ့ပြီး ဦးသိန်းစိန်ကို ပါတီဥက္ကဋ္ဌအဖြစ် ပြန်လည် ရွေးချယ်ခဲ့ကြသည်။
– နိုင်ငံခြားဘဏ်များ အနေဖြင့် ပြည်တွင်း ပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းလုပ်ကိုင်မည်ဆိုပါက တစ်ဆင့်ခြင်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာ/အခွန် ဒုဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားခဲ့ပါသည်။
– ဒုတိယကမ္ဘာစစ်အတွင်းက မြှုပ်နှံခဲ့သည့် spitfire အမျိုးအစား တိုက်လေယာဉ် အစီး (၆၀)ခန့်ကို ရှာဖွေတူး ဖော်ရန် မြန်မာ့လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ရွှေတောင်ပေါ်ကုမ္ပဏီနှင့် ဗြိတိန်နိုင်ငံမှ DJC ကုမ္ပဏီတို့ အောက်တိုဘာလ ၁၆ ရက်နေ့တွင် စာချုပ် ချုပ်ဆိုလိုက်ကြသည်။
– ပြည်ပနိုင်ငံများသို့ viber သုံးပြီး ဖုန်းခေါ်ဆိုခြင်းသည် တရားမဝင်သဖြင့် ဖုန်းလိုင်းဖြတ်မည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့ပါသည်။
– သမ္မတဦးသိန်းစိန်သည် အောက်တိုဘာလ ၂၁ရက်နေ့တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်တွင် ပြည်တွင်းပြည်ပ သတင်းဌာနများနှင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ပါသည်။
– အစိုးရက ခွင့်ပြုရန်ရှိသည့် Permanent Residence (အမြဲတမ်းနေထိုင်ခွင့်)ကို ပြည်ပနိုင်ငံသား ခံယူထားသည့် မြန်မာလူမျိုး များသာမက နိုင်ငံခြားသားများကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းက အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြောကြားလိုက်သည်။
– ဂျပန်နိုင်ငံ အိုကီနာဝါတွင် ကျင်းပပြုလုပ်ခဲ့သည့် (၅၂)ကြိမ်မြောက် Miss International Beauty Pageant ၂၀၁၂ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင် နန်းခင်ဇေယျာသည် Miss Internet ဆုနှင့် People Choice Awardဆု နှစ်ဆုကို ဆွတ်ခူး ရရှိခဲ့ပါသည်။
– ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မြေပုံ အစရှိသည့် မြို့နယ်အချို့တွင် ဘင်္ဂါလီများနှင့် ဒေသခံ ရခိုင်လူမျိုးများ ပဋိပက္ခထပ်မံဖြစ်ပွားခဲ့ပါသည်။
– တရုတ်နိုင်ငံမှ အခွန်တိုးမြှင့်ကောက်ခံခြင်းကြောင့် မြန်မာ့ကျောက်စိမ်းဈေးကွက်တွင် ဝယ်လိုအား အထူး ကျဆင်းခဲ့ရပါသည်။
– အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျရောက်မည့် အစ္စလာမ်ဘာသာဝင်များ ပြုလုပ်နေကျ ကုရ်ဘာနီ အိဒ်ပွဲတော် ကို ရပ်ဆိုင်းထားရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကြေညာခဲ့ပါသည်။
– ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့သော တော်လှန်ရေးကောင်စီ ဒုတိယခေါင်းဆောင် ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး သည် အသက် (၉၄) နှစ်အရွယ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။
– နိုင်ငံတော်သမ္မတရုံးမှ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားမှု အခြေအနေနှင့် စပ်လျဉ်း၍ အသိပေး ကြေညာခြင်း တစ်ရပ်ထုတ်ပြန်ပြီး နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားသူများကို ဖော်ထုတ်အရေးယူမည်ဟု ကြေညာခဲ့ပါသည်။






**နိုဝင်ဘာလ ၂၀၁၂**




– နိုဝင်ဘာလ (၁) ရက်နေ့မှ စတင်ပြီး သာမန် မြန်မာနိုင်ငံကူးလက်မှတ်ကို သက်တမ်း၄၊ နှစ်ဖြင့် စတင်ထုတ်ပေး ပါသည်။
– အခန်း ၂၀ ပါဝင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို နိုဝင်ဘာလ ၂ရက်နေ့ ရက်စွဲဖြင့် သမ္မတကလက်မှတ်ရေး ထိုးကာ ထုတ်ပြန်လိုက်ပါတယ်။
– ရခိုင်ပြည်နယ် ပဋိပက္ခနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်က သတင်းထုတ်ပြန်ချက် အမှတ် ၂ ကို နိုဝင်ဘာလ ၅ ရက် နေ့ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ပါသည်။

– ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းရေးကော်မရှင်၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို သမ္မတထံအစီရင်ခံစာတင်ရန် နိုဝင်ဘာလ ၁၆ ရက်နေ့ဟု သတ်မှတ်ထားရာမှ မတ်လ ၃၁ ရက်နေ့သို့ ပြောင်းလဲ သတ်မှတ်လိုက်သည်။

– နိုဝင်ဘာလ ၁၁ ရက် နံနက် ၇နာရီ ၄၅မိနစ် ဝန်းကျင်တွင် ရွှေဘိုမြို့အရှေ့မြောက်ဘက် ၁၅ မိုင်အကွာကို ဗဟိုပြု ၍ အင်အား ရစ်ချ်တာစကေး ၆.၆ ရှိ အင်အားပြင်း ငလျင်ကြီးတစ်ခု လှုပ်ခတ်ခဲ့ပါသည်။ ငလျင်လှုပ်ခတ်မှုကို ရွှေဘို၊ မန္တလေး၊ မုံရွာ၊ အမရပူရ၊ မိုးကုတ်၊ စစ်ကိုင်း စသော မြို့များတွင် ပြင်းပြင်းထန်ထန် ခံစားခဲ့ရသည်။

– ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံသို့ ၅ ရက်တာ ခရီးစဉ်ကို နိုဝင်ဘာလ ၁၂ ရက်နေ့တွင် စတင်ပါသည်။

– အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသော ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၊ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် တွေ့ဆုံပြီး မဟတ္တမဂန္ဒီ အထိမ်းအမှတ်ဂူဗိမာန်တွင် ဂါရဝပြုကာ လွမ်းသူ့ပန်းခွေချခြင်း၊ ဂျဝါဟာလာနေရူး အထိမ်းအမှတ် ဂူဗိမာန်သို့ သွားရောက်ဂါရဝပြုခြင်းနှင့် နေရူးအမှတ်တရပွဲတွင် မိန့်ခွန်း ပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

– ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရက အသုံးစရိတ် ကျပ်ငွေဘီလီယံ ၄၃၀ ကျော် တင်ပြတောင်းခံခဲ့သည့်အတွက် ဘတ်ဂျက်လိုငွေပြမှုမှာ ကျပ်ငွေ ၂ ထရီလီယံကျော် ဖြစ်သွားခဲ့ပါသည်။

– အမေရိကန်သမ္မတ အိုဘားမားသည် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် အတူ နိုဝင်ဘာ ၁၉ရက်နေ့တွင် မြန်မာနိုင်ငံသို့ ၆နာရီကြာခရီး ရောက်ရှိလာခဲ့ရာ သမ္မတဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံပြီး ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။

– အိုဘားမား ရောက်ရှိလာသည့် အချိန်မှစ၍ သမ္မတသွားမည့် ခရီးစဉ်များအား MRTV-4 ရုပ်သံလိုင်းမှ အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပြသခဲ့ပါသည်။

– စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်ကြီးကျေးရွာအနီးတွင် ဆီတင်ရထားတွဲ ၂တွဲ လမ်းချော်ရာမှ လောင်စာဆီ ယိုဖိတ်မှု ဖြစ်ပွားခဲ့ပြီး ဆီတင်တွဲများမှ ယိုဖိတ်လာသည့် လောင်စာဆီများအား ကျေးရွာမှ ရွာသူ ရွာသားအချို့ လာရောက်ခပ်ယူစဉ် မီးလောင်ကျွမ်းမှုကြောင့် လူ ၂၅ ဦး သေဆုံးပြီး ၆၂ ဦး ဒဏ်ရာ ရရှိခဲ့ပါသည်။

– ဗဟိုဘဏ်အား ပြည်ထောင်စုအဆင့်အဖြစ် သမ္မတရုံးလက်အောက်တွင်ထားရန် သမ္မတမှ လွှတ်တော်သို့ သဝဏ်လွှာပေးပို့ပါသည်။

– အစိုးရက မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၄၅၂ ဦးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါသည်။

– မဇ္ဈိမလှိုင်းတေးဂီတ၏ ပင်တိုင်အဆိုတော် ဦးခင်မောင်တိုးသည် အသက် ၆၂ နှစ်အရွယ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပြီး ရုပ်အလောင်းကို စင်္ကာပူနိုင်ငံတွင် မီးသင်္ဂြိုဟ်ခဲ့ပါသည်။

– အစိုးရဝန်ကြီးဌာန ၁၅ ခုက ယမန်နှစ် ဘဏ္ဍာနှစ်အတွင်း အလွဲသုံးစား ပြုလုပ်ထားသော ပြည်သူ့ဘဏ္ဍာများကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခြင်းမရှိပါက ဝန်ကြီးဌာနများကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးသိန်းထိုက်က လွှတ်တော်တွင် ပြောဆိုလိုက်သည်။

– ရိုဟင်ဂျာ အခေါ်အဝေါ်နှင့် ရိုဟင်ဂျာတိုင်းရင်းသားဆိုသည့် အသုံးအနှုန်းကို ပြည်ထောင်စုအစိုးရက လက်ခံမည် မဟုတ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက သတင်းမီဒီယာ များကို ပြောကြားသည်။

– လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် စံပယ်တောင် တောင်ဖက် ကြေးစင်တောင်စီမံကိန်းတို့နှင့် ပတ်သက်၍ NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏အဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အတည်ပြုကြောင်း ကြေညာလိုက်ပြီး စီမံကိန်းရပ်တန့်ရေး တောင်းဆိုမှုများနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေး ကော်မတီဖွဲ့၍ စစ်ဆေးရန် ပြည်သူ့လွှတ်တော် အစည်းအဝေးက နိုင်ဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောတူ ဆုံးဖြတ် လိုက်ကြသည်။

– လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်ပြီး သမ္မတရုံးဝန်ကြီး ဦးအောင်မင်းက တရုတ်အစိုးရကို ကြောက်ရပါကြောင်း ပြောကြားသွားပါသည်။

– သမ္မတက လက်မှတ်ရေးထိုးခြင်း မပြုသော်လည်း လွှတ်တော်ဆိုင်ရာ ပြင်ဆင်ချက် ဥပဒေနှစ်ရပ်ကို ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဌာန်းခဲ့ပါသည်။

– ပြည်ထဲရေးဝန်ကြီးဌာနမှ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ဆန္ဒပြနေသော အဖွဲ့အစည်း အားလုံး နိုဝင်ဘာလ (၂၇) ရက်နေ့၊ ည (၁၂) နာရီကို နောက်ဆုံးအချိန်ထားပြီး ဖယ်ရှားရှင်းလင်းပေးရန်၊ အကယ်၍

ဖယ်ရှား ရှင်းလင်းခြင်း မပြုပါက ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများအတိုင်း အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်ပါသည်။

– ကြေးနီစီမံကိန်း သပိတ်စခန်းများကို လုံထိန်းရဲများက နိုဝင်ဘာလ ၂၉ ရက် နံနက် (၃) နာရီမှ စတင်ကာ အကြမ်းဖက် ဖြိုခွဲပါသည်။ ဒေသခံအရပ်သားများ အပါအဝင် သံဃာတော်များ မီးလောင်ဒဏ်ရာများ ရရှိခဲ့ပါသည်။

– အစိုးရသတင်းထုတ်ပြန်ရေးအဖွဲ့က လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆန္ဒပြမှုနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၁၁/၂၀၁၂)ကို ညနေ ၄နာရီတွင် ထုတ်ပြန်ပြီး ၆နာရီ ၂၀မိနစ်တွင် ပြန်လည် ရုပ်သိမ်းလိုက်ပါသည်။

– တရုတ်သံရုံးမှ လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းအဆင်ပြေစွာ အကောင်အထည်ဖော်နိုင်ရန် အကျိုးရှိသော အခြေအနေ တည်ဆောက်ပေးပါရန် မေတ္တာရပ်ခံထားသော ကြေညာချက်တစ်စောင် ထုတ်ပြန်ပါသည်။

– ဒေါ်အောင်ဆန်းစုကြည်က ကျေးရွာလေးခုရှိ ဒေသခံများ၏လုံခြုံရေးကို အာမခံကြောင်း ဝက်မွေး၊ ဆည်တည်း၊ ဇီးတော၊ ကံကုန်း ကျေးရွာများမှ ဒေသခံများနှင့် တွေ့ဆုံရာတွင် ကတိပြုပြောကြားသွားခဲ့သည်။ ဒေသခံများနှင့် တွေ့ဆုံပြီးနောက် ဒေါ်အောင်ဆန်းစုကြည် သည် ဝမ်ပေါင်ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးသည်။

–သီတဂူဆရာတော် ဦးဉာဏိဿရသည် မုံရွာဆေးရုံသို့ ကြွချီလာပြီး မီးလောင်ဒဏ်ရာရရှိသော သံဃာတော်များကို လှည့်လည်အားပေးသည်။









**ဒီဇင်ဘာလ ၂၀၁၂**

– နယ်စပ်ကုန်သွယ်ရေးဇုန်များတွင် ဒေသခံကုန်သည်ငယ်များနှင့် လုပ်ငန်းရှင်များအတွက် တစ်ဦးချင်း အနည်းဆုံး ကျပ်သိန်း ၅၀ တန်ဖိုးအထိ တင်ပို့ တင်သွင်းခွင့်ရှိသည့် သွင်းကုန်ထုတ်ကုန် လိုင်စင်ကတ်များကို ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်ပြီး ထုတ်ပေးခဲ့ပါသည်။

– ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ်၊ ၉၂/၂၀၁၂ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီး မြို့နယ်အတွင်းရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ဖြစ်ပေါ်လျက်ရှိသော ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ကြေးနီမိုင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် နှင့် ဆန္ဒပြမှု ဖြစ်စဉ်များ ထိန်းသိမ်းခြင်းတို့အပေါ် အခြေအနေအမှန် ဖော်ထုတ်နိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို သမ္မတလက်မှတ်ရေးထိုးပြီး ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်။ ထိုအဖွဲ့တွင် ကိုမင်းကိုနိုင်နှင့် ကိုကိုကြီးတို့ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ၎င်းတို့ ၂ဦးက တာဝန်များ ဆောင်ရွက်မည်မဟုတ်ကြောင်း သမ္မတရုံးဝန်ကြီး ဦးအောင်မင်းကို ပြောကြားခဲ့ပါသည်။

– ဘဏ်မဟုတ်သည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအား နိုင်ငံခြားငွေ ရောင်းဝယ်လဲလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုမည်ဟု မြန်မာနိုင်ငံဗဟိုဘဏ်က ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကြေညာလိုက်သည်။

– လက်ပံတောင်းတောင်သပိတ်စခန်းကို အကြမ်းဖက်ဖြိုခွဲခဲ့သည့် လုပ်ရပ်အတွက် မြန်မာနိုင်ငံမြို့ကြီးများနှင့် နိုင်ငံတကာရှိ မြန်မာသံရုံး များရှေ့တွင် သံဃာတော်များဦးဆောင်သော ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပါသည်။

– ရခိုင်ပြည်နယ်ပဋိပက္ခတွင် ဘင်္ဂါလီများအပေါ်လူမျိုးတုံးသတ်ဖြတ်မှု ပြုလုပ်နေသည်ဆိုသော ကာတာနိုင်ငံ အခြေစိုက် အယ်လ်ဂျာဇီးရား ရုပ်သံလွှင့်ဌာန၏ ထုတ်လွှင့်ချက်ကို မြန်မာအစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်ကန့်ကွက်လိုက်ပြီး ပဋိပက္ခများ ထပ်မံဖြစ်ပွား လာပါက ယင်းသတင်းဌာနတွင် တာဝန်ရှိမည်ဖြစ်ကြောင်း ရခိုင်အရေးစုံစမ်းရေးကော်မရှင်က ပြောဆိုလိုက်ပါသည်။

– အသက် ၆၀ နှင့် ၇၀ ကျော်အရွယ် ဘိုးဘွားများ နိုင်ငံပိုင်ဆေးရုံကြီးများတွင် အခမဲ့ ဆေးကုသခွင့်နှင့် ကျန်းမာရေး စစ်ဆေးခွင့်များ ရရှိတော့မည်ဖြစ်ကြောင်း ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်း အဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပြောကြားခဲ့သည်။

– သုံးစွဲသူအများစုက ကန့်ကွက်ခဲ့ကြသည့် မိုဘိုင်းအင်တာနက် အသုံးပြုခများကို Data Volume စနစ်ဖြင့် ကောက်ခံမည့်အစီအစဉ် ပြောင်းလဲကျင့်သုံးရန် ဖြစ်နိုင်ခြေ နည်းပါးသွားပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြောကြား ခဲ့ပါသည်။

– ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် လက်ပံတောင်းတောင်ကိစ္စများနှင့် ပတ်သက်၍ စုံစမ်း စစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပါ သည်။ "ယခုကိစ္စသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များနှင့် ပတ်သက်၍ ရရှိလာမည့် အခြေအနေများမှာ မိမိတို့နိုင်ငံသည် တရားဥပဒေစိုးမိုးရေးဖြစ်စဉ်နှင့် ပတ်သက်၍ အမှန်ဘက်က ရပ်တည်ပေးနိုင်မှုအပေါ်တွင်သာ အဓိကကျကြောင်း၊ ယခုကိစ္စကြောင့် ဒီမိုကရေစီလမ်းကြောင်း နောက်ပြန်လှည့်နိုင်သည် မလှည့်နိုင်သည်မှာ မည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လက်ထဲတွင်မျှမရှိကြောင်း၊ နိုင်ငံသားများ၏ လက်ထဲတွင်သာ ရှိကြောင်း" ပြောကြား ခဲ့ပါသည်။

– လက်ပံတောင်းတောင် အရေးအခင်း ဖြိုခွင်းမှုတွင် ဒဏ်ရာရရှိခဲ့သော သံဃာများနှင့် ပတ်သက်၍ သံဃာတော်များ အား အစိုးရကိုယ်စား သမ္မတရုံးဝန်ကြီး ဦးလှထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရဲချုပ်အပါအဝင် တာဝန်ရှိသူများက တရားဝင်ဝန်ချတောင်းပန်ပွဲကို ဒီဇင်ဘာလ ၁၇ ရက်နေ့က မန္တလေးမြို့တွင် ပြုလုပ်ခဲ့ပါသည်။

– မြန်မာ့စတီရီယိုခေတ်ဦးတွင် နာမည်ကျော်ကြားခဲ့သူ တေးသံရှင်လားရှိုးသိန်းအောင်သည် ပြည်ပတွင် နှစ်ပေါင်း ၄၀ ကျော်ကြာ နေထိုင်ခဲ့ပြီးနောက် မြန်မာပြည်သို့ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိလာခဲ့ပါသည်။

– အိန္ဒိယ–အာဆီယံ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ခရီးထွက်ခွာခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့ရှိ သီပေါမင်းစံမြန်းခဲ့ရာ စံအိမ်တော်ကို သွားရောက် လေ့လာခဲ့ပါသည်။

– မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေသော အေဘီအက်စ်ဒီအက်ဖ် (ကျောင်းသားတပ်မတော်) ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားပါတီ များမှ ကိုယ်စားလှယ်များ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး လာမည့်နှစ်အတွင်း နိုင်ငံရေးအစုအဖွဲ့အားလုံး ပါဝင်သော ညီလာခံတစ်ရပ်ကျင်းပရန် သဘောတူညီခဲ့ကြပါသည်။

– အဲပုဂံလေကြောင်းလိုင်းမှ ရန်ကုန်–မန္တလေး–ဟဲဟိုး ခရီးစဉ်အတိုင်း ပျံသန်းသည့် အက်ဖ်–၁၀၀ အမျိုးအစား လေယာဉ်အမှတ် XY-AGC ခရီးစဉ်အမှတ် ၀၁၁ သည် ဟဲဟိုးလေယာဉ်ကွင်းသို့ ဆင်းသက်ရာ နှင်းများထူထပ်စွာ ကျရောက်နေခြင်းကြောင့် ဟဲဟိုး–အောင်ပန်း ကားလမ်းအနီး သစ်ပင်များနှင့် ဝင်တိုက်မိပြီး အနီးရှိ စိုက်ပျိုးရေးဌာန၊ စိုက်ကွင်းထဲသို့ လျှောဆင်းခဲ့ရသည်။ လေယာဉ်မှာ မီးလောင်သွားခဲ့ပြီး (၁၁)ဦး ဒဏ်ရာရရှိကာ (၂)ဦး သေဆုံး ခဲ့သည်။ သေဆုံးသူများမှာ ခရီးသည် မန္တလေးလင်းရှိန် (Tour Guide)နှင့် လမ်းပေါ်တွင်ဆိုင်ကယ်စီးနေရင်း ထိခိုက်သေဆုံးသွားသော ဦးပြားဟု သိရှိရပါသည်။

– နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာ ထုတ်ဝေလိုသူများအနေဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ပြီး လျှောက်ထား နိုင်ပြီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ကြေညာလိုက်ပါသည်။

– ကေအိုင်အေ နှင့် အေဘီအက်စ်ဒီအက်ဖ် စုပေါင်း အင်အား ၅၀၀ကျော် ထိန်းချုပ်ထားသော ရှေ့တန်းစခန်း တစ်ခု ဖြစ်သည့် ပွိုင့် ၇၇၁ တောင်ကုန်း လဂျားယန်စခန်းအား တပ်မတော်က သိမ်းပိုက်လိုက်နိုင်သည့်သတင်းကို မြဝတီ ရုပ်မြင်သံကြားမှ တရားဝင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ တပ်မတော်မှ တိုက်လေယာဉ်များ အသုံးပြုခဲ့ပါသည်။

**batoe**











# ထီး

mrlynn



'ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း' ဆိုတဲ့ ရှေးစကားကို လူတိုင်း ကြားဖူးကြလိမ့်မယ်လို့ ထင်ပါတယ်။ အမှန်တော့ ရှေးစကားဆိုတာထက် လူကြီးသူမ စကားလို့ ပြောရင် ပိုမှန်လေမလားပဲ။ ဒီစကား ဒီအသုံးအနှုန်းဘယ်ကဘယ်လို၊ ဘယ်ခေတ်မှာစပေါ်သလဲ မေးလာခဲ့ရင် လွန်ရောကျွံရော လွန်ခဲ့တဲ့ အနှစ် ၁၀၀ လောက်ကလို့မယုတ်မလွန် ဖြေချင်ပါတယ်။



ပုဂံ လောကထိပ်ပန် ဘုရားမှ နံရံဆေးရေးပန်းချီ

အဲဒီဆိုရိုးစကားရဲ့ အစ 'ထီး' အကြောင်း သိသလောက်နည်းနည်း ပြောချင်ပါတယ်။ 'ထီး' ဆိုတဲ့ အရေးသားကို ၁၁ရာစုအစောပိုင်း ပုဂံခေတ်ကျောက်စာတစ်ခုမယ် 'ဘုရားလည်းပြုဧ၊ ထီးလည်းပြုဧ' ဆိုပြီး တွေ့တဲ့အတွက် ဘုရားအတွက် 'ထီး' လှူတဲ့ အလေ့အထပုဂံခေတ်မှာ ရှိပြီး ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒေါက်တာသန်းထွန်းရဲ့အဆိုက ပုဂံဘုရားတွေမှာ ထီးမတင်၊ ထီးမရှိလို့ ပြောပါတယ်။

အဲဒါကို ရှင်းအောင်ထပ်ပြောဖို့ လိုပါမယ်။ မြန်မာတို့ရဲ့ 'ဘုရား' ဆိုတဲ့အသုံးဟာ 'စေတိယ' ဆိုတဲ့ စေတီကို ပြောသလား၊ဘုရားရုပ်ပွား ဆင်းတုတော်ကို ပြောသလား ဆိုတာ အမြဲ မရှင်းမရှင်း ဖြစ်နေတတ်ပါတယ်။ စေတီကိုလည်း ဘုရားလို့ ခေါ်ဆိုတတ်သလို ရုပ်ပွားဆင်းတုတော်ကိုလည်း ဘုရားလို့ ဆိုစမြဲ ဖြစ်လို့ပါ။



ပုဂံခေတ် ဘုရားစေတီ

ဒေါက်တာသန်းထွန်းပြောတဲ့ ပုဂံဘုရားတွေမှာ ထီးမရှိ/ထီးမတင်လို့ ပြောတာဟာ 'စေတီတော်' ရဲ့ အထွဋ်မှာ ထီးတင်လေ့မရှိ၊ ထီးမပါတာကို ရည်ညွှန်းတာ ဖြစ်ပါလိမ့်မယ်။ ပုဂံခေတ်စေတီအထွဋ်တွေမှာ ယခုခေတ်လို ထီးမပါပါ။ ဒါပေမဲ့ ကျောက်စာမှာ ပြောထားတာက 'ဘုရားလည်းပြုဧ၊ ထီးလည်းပြုဧ' ဆိုတဲ့တွက် အလှူရှင်ဟာ ရုပ်ပွားဆင်းတုတော်လှူတယ်၊ ပြီးတော့ ထီးလည်းလှူတယ်လို့ ပြောတာဖြစ်တယ်။ သူလှူတဲ့ထီးက ဘာထီးလဲဆိုပြီး မေးစရာဖြစ်ပါတယ်။ အရိုးရှည်ရှည် ဝါးလုံးထိပ်မှာနှီးဝါးနဲ့ ထီးဝန်းဖော်၊ ဖျင်စနဲ့အုပ်ပြီး ချုပ်လုပ်ထားတဲ့ ထီးဖြစ်ပါတယ်။ ဘုရားကြွချီတော်မူတဲ့အခါ နောက်က လူတစ်ယောက်က ထီးတော်မိုးပြီး လိုက်တဲ့ပုံတို့၊ ပုဆစ်ဒူးတုတ်ပြီး ထီးလှူနေပုံ စတာတွေဟာ နံရံဆေးရေး အဖြစ် ကျန်ရစ်ခဲ့ပါတယ်။

**ဒေါက်တာသန်းထွန်းပြောတဲ့**
ပုဂံဘုရားတွေမှာ **ထီးမရှိ/** ထီးမတင်လို့
ပြောတာဟာ ' စေတီတော် ' ရဲ့ အထွဋ်မှာ **ထီးတင်လေ့မရှိ** ၊ ထီးမပါတာကို ရည်ညွှန်းတာဖြစ်ပါလိမ့်မယ်။



ခရစ်တော်မပေါ်မီ နှစ်၂၀၀ လောက်မှာ တည်ထားခဲ့တဲ့ အိန္ဒိယတို့ရဲ့ ကာရ်လိ (Karli) စေတီ

ဒီလိုပြောတော့ ပုဂံခေတ်မတိုင်ခင်ကရော ဘုရားထီးမရှိဘူးလားလို့ ထပ်ပြီး မေးစရာဖြစ်ပါတယ်။ ကြိုက်ကြိုက် မကြိုက်ကြိုက် ဖြေစရာရှိတာဖြေရရင် ပျူခေတ်မှာလည်း 'ထီး' ဘုရားထီးရှိတယ်လို့ ဖြေချင်ပါတယ်။ စေတီအထွဋ်ပေါ် ထီးတင်တဲ့ဓလေ့ဟာ ခရစ်တော်မပေါ်မီ အနှစ် ၂၀၀ လောက်ကတည်းက အိန္ဒိယမှာ ရှိခဲ့ပြီး သူတို့ တည်ထားကိုးကွယ်ခဲ့တဲ့ ကာရ်လိ (Karli) ဂူမှာ တွေ့နိုင်တယ်။ ဒါ့အပြင် ခရစ်တော်မပေါ်မီ အနှစ် ၁၅၀ ဝန်းကျင်လောက်က တည်ခဲ့တဲ့ ဆန်ချီ (Sanchi) အထွဋ်မှာကျပြန်တော့ ထီးကို အဆင့်သုံးဆင့်ခံပြီး ဆောက်တယ်။ ကျောက်သားတုံးကြီးတစ်ခုကနေ ထီးပုံစံရအောင် ထွင်းထုယူတာဖြစ်လို့ လွယ်တဲ့အလုပ်တော့ မဟုတ်ပါ။



ခရစ်တော်မပေါ်မီ အနှစ်၁၅၀လောက်က အိန္ဒိယ ဆန်ချီစေတီ




ပုံ ၅ ။ မော်ဇာ ခင်ဘကုန်း ဌာပနာတိုက်ဖုံးကျောက်ပြားက စေတီရုပ်ကြွ၊ ခရစ်နှစ် လေးရာစုနှစ်
(Luce 1985, P1.27 b)

မော်ဇာ ခင်ဘကုန်း ကျောက်ပြားပေါ်မှာတွေ့ရတဲ့ ထီးအထွဋ်ပါစေတီဟန်နှင့် ပျူခေတ်ထီးဆောင်း ထီးတော်မိုးတို့ရဲ့ဟန်

အဲလို စေတီအထွဋ်မှာ ထီးတင်တဲ့ဓလေ့ဟာ ပျူတွေဆီ ရောက်ပါတယ်။ မော်ဇာ ခင်ဘကုန်း စေတီပျက်ကရတဲ့ ကျောက်ပြားချပ်ကြီးပေါ်မှာ ကျောက်ဆစ်ရုပ်ကြွတွေ တွေ့ရတယ်။ စေတီတစ်ဆူရဲ့ အထွဋ်မှာ အဆင့် ငါးဆင့်ပါတဲ့ထီး တင်ထားတာ တွေ့ရတယ်။ စေတီရဲ့ဘေးမှာ လူနှစ်ယောက်က အရိုးပါ ထီးတစ်လက်စီကိုင်ပြီး အုပ်မိုးပေးနေဟန်လည်း တွေ့ရတယ်။ ယနေ့မြင်နေရတဲ့ ပြည်ဘောဘောကြီးဘုရားဟာ ပျူလက်ရာဖြစ်ပါတယ်။ ဒါပေမဲ့ အထွဋ်မှာ ထီးမရှိတော့ပါ။




mrlynn

ဘုရားထီးအကြောင်း နည်းနည်းပြောပြီးပြီမို့နန်းသုံးမင်းသုံး ထီးတွေအကြောင်း နည်းနည်းထပ်ပြောပါမယ်။



ခရစ်တော်မပေါ်မီ အနှစ်၁၅၀လောက်က အိန္ဒိယ ဆန်ချီမှာတွေ့ရတဲ့ ကြငှန်းထီး

၁၆ရာစုအစောပိုင်း ဘုရင့်နန်းတော်ထဲမှာသုံးတဲ့ အဆောင်ယောင်ထီးတွေနဲ့ ပတ်သက်ပြီး နည်းနည်း ပြောထားတာတွေ့လို့ ထီးအကြောင်းပြောဖို့ရာ လမ်းစတွေ့ပါတယ်။ ထီးတွေကို စာရင်းလုပ်တဲ့အခါ အက္ခရာစဉ်အလိုက် ဆိုရင်

၁။ ကနက္ကဒဏ်ထီး
၂။ ကမ္ဗုထီး (ဂမ္ဘားထီးလို့လည်းခေါ်တယ်)
၃။ ကြငှန်းထီး
၄။ စန္ဒထီး
၅။ ပဒုမ္မထီး
၆။ ဝိသကြုံထီး
၇။ သမုဒ္ဒရာဇ်ထီး
၈။ သမုဒ္ဒဇာထီး
၉။ သူရိယထီး
၁၀။ ဥရုထီး ဆိုပြီး ရပါတယ်။

တစ်ခုချင်းစီရဲ့ လုပ်ပုံကိုင်ပုံကို အသေအချာ အတိအကျ ရေးထားတဲ့ မှတ်တမ်းတော့ ရှာမတွေ့သေးပါ။ မြန်မာတွေရဲ့ မံဘုရားရုပ်ပွားတော် ပြုလုပ်ပုံ အဆင့်ဆင့်ကို အသေအချာ မှတ်တမ်းတင်ထားတဲ့ မှတ်တမ်းရှိသလို အခုလိုထီး လုပ်ပုံလုပ်နည်းကို အသေးစိတ် မှတ်တမ်းကျမ်း ရှိမယ်လို့ ထင်ပါတယ်။

၁။ ကနက္ကဒဏ်ထီး

ကနက္ကဒဏ်ထီးကို ဘယ်လိုစီရင်ပြီး ဘယ်လိုလုပ်တယ်ဆိုတာ မပြောနိုင်ပေမဲ့ ထီးမှာပါတဲ့ အဆင်တန်ဆာတွေကိုတော့ မှတ်တမ်းကြည့်ပြီး ပြောနိုင်ပါတယ်။ ထီးရွက်ပတ်ပတ်လည်မှာ ဆင်တဲ့ ရတနာအမျိုးစားနှင့် အရေအတွက်တွေကို စာရင်း လုပ်ကြည့်တဲ့အခါ

၁။ ရွှေခြူညောင်ရွက် ၅၀၀
၂။ ပတ္တမြားဆိုင်း ၁၀၀
၃။ ပယားဆိုင်း ၁၀၀
၄။ ပုလဲဆိုင်း ၁၀၀
၅။ ဂေါမိတ်ဆိုင်း ၁၀၀
၆။ စိန်ဆိုင်း ၁၀၀
၇။ သန္တာဆိုင်း ၁၀၀ ဖြစ်ပါတယ်။



ထီးရွက်ကို ရတနာဆင်သလို ထီးရိုး၊ ထီးတံ၊ ထီးလက်နှင့် ထီးချက်တို့ကိုလည်း ရတနာတွေ ဆင်ကြပါသေးတယ်။ထီးတံ ထီးလက်နှင့် ထီးရိုးကို ရွှေပုစွန် ၇တန့် ဆင်သလို၊ ထီးချက်ကိုတော့ နဝရတ်စီတယ်။ သာမန်ထီးထက်မြတ်တဲ့လောကီ အစီအရင်ထီး ဖြစ်တဲ့အတွက် အချိန်အခါကိုက်ပြီး (အခါတော်နဲ့အညီ)ချုပ်လုပ်ရပါတယ်။ အစောင့်အရှောက်အဖြစ် ထီးချက်ကို သဟံပတိဗြဟ္မာနှင့် ဃဋိရဗြဟ္မာ စောင့်ပါတယ်။

ထီး၀ ၅၅၊ ထီးတံထီးလက် ၃၅ ဖြစ်ပြီး၊ ထီးရိုးအရှည် ၅၂ ဖြစ်တယ်။ ထီးရိုးလုံးပတ် ၁၈လက်မ ရှိ၏လို့ဆိုတဲ့အတွက် အလွယ်ပြောရရင် ထီးရိုးဟာ မန်လူတစ်ယောက်ရဲ့ ခြေသလုံးလောက်ရှိပါတယ်။ အရွယ်အစားကြီးတဲ့ထီးဖြစ်တဲ့အတွက် ဒီထီးကို ထီးခုံနဲ့ ထားရပါတယ်။ ထီးရွက်ကိုဖွင့်လျှက် ဥဂင်လိုင်နန်း ရာဇပလ္လင် ရှေ့ ဝဲ–ယာ တစ်ဖက်တစ်ချက်စီမှာရှိတဲ့ ထီးခုံမှာ စိုက်လျှက် ထားရပါတယ်။ ဒီထီးဟာ မြန်မာ ထီးဆောင်းမင်းတွေ



mrlynn

အတွက် ထီးတကာထက်မြတ်တဲ့ မင်းမြောက်တန်ဆာငါးပါး စာရင်းဝင်ဖြစ်ပြီး ဒီထီးကို အဆောင်အယောင်အဖြစ်နဲ့ အသုံးပြုကာ ဘိသိက်ရေစင်သွန်းမှသာ မင်းအဖြစ်ကို ရောက်ပါတယ်။

## ၂။ ကမ္ဗုထီး (ဂမ္ဘာထီးလို့လည်းခေါ်တယ်)

ဒီထီးဟာခြောက်မြောင့်ပါတဲ့ထီးဖြစ်တယ်။ ဒီထီးကိုဆင်တဲ့ ရတနာတွေကို ပြောတဲ့အခါသိပ်မရှင်းပါ။ ရွှေခြူညောင်ရွက် ၃ဆင့်လို့ ပြောပေမဲ့ ရွက်ရေ အတိအကျ မပါပါ။ ထီးအုံကို ရွှေစင် ၁၅ ပြား အုံတယ်။ ထီးကိုယ်ကို စိန်ကြောင်စီတယ်ဆိုပြီး ပြောထားပေမဲ့ ထီးကိုယ်ဆိုတာ ထီးရဲ့ ဘယ်အစိတ်အပိုင်းကို ရည်ညွှန်း တယ်ဆိုတာ သေသေချာချာ မပြောနိုင်ပါ။ ထီးဝအကျယ် ၄၇ ရှိပြီး နဝရတ်ကိုးပါးစီတယ်။ ထီးထားတဲ့နေရာက ရာဇပလ္လင်ရှေ့ ဝဲ-ယာ တစ်ဖက်တစ်ချက်စီမှာ ဖြစ်တယ်။ ဒီထီးကို စောင့်တဲ့နတ်ရဲ့ အမည်က အကမ္ဗုဖြစ်တဲ့အတွက် ကမ္ဗုထီးလို့ ခေါ်ဟန်တူပါတယ်။

## ၃။ ကြငှန်းထီး

ဒီထီးဟာ 'ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်း' ဆိုတဲ့စကားထဲက ကြငှန်းဆိုတဲ့ မင်းဆောင်းထီးတစ်မျိုး ဖြစ်ပါတယ်။ ဘုရင့်နန်းတော်ထဲမှာ လှည့်လည်သွားလာရင်ပဲဖြစ်ဖြစ် နန်းတော်အပြင်ဘက် သွားလာရင်ပဲဖြစ်ဖြစ် အမိုးအကာအဖြစ်လိုက်ပြီး ဆောင်းပေးရတဲ့ထီးကို 'ကြငှန်း' လို့ခေါ်တယ်။ ဘယ်သွားသွား ထီးတော်မိုးကကိုင်ပြီး လိုက်ရတယ်။ ထီးဝန်းအကျယ် ၄၅ ဖြစ်တယ်။ ထီးမှာဆင်တဲ့ ရတနာတွေက ရွှေခြူညောင်ရွက် ၂၀၀၊ သန္တာဆိုင်း ၂၀၀စီ ဆင်တယ်။ ဒီထီးကို စောင့်တဲ့နတ်က ကုဝေရနတ် ဖြစ်တယ်။

## ၄။ စန္ဒထီး

ထီးဝန်းအကျယ် ၄၅ ဖြစ်ပြီး ရွှေခြူညောင်ရွက် ၂၀၀၊ မြဆိုင်း ၂၀၀ ဆင်တယ်။ ထီးစောင့်နတ်အမည် စန္ဒနတ်ကို အစွဲပြုပြီး စန္ဒထီးလို့ ခေါ်တယ်။

## ၅။ ပဒုမ္မထီး

ထီးဝန်းအကျယ် ၄၅ ဖြစ်ပြီး ရွှေခြူညောင်ရွက် ၂၀၀၊ ဥဿဘုရားဆိုင်း ၂၀၀ ဆင်တယ်။ ထီးလက် ထီးတံနှင့်ထီးချက်ကို ပတ္တမြားအပြည့် စီတယ်။ ဒီထီးကို သမုက္ခ နတ်စောင့်တယ်။

## ၆။ ဝိသကြုံထီး

ထီးဝန်းအကျယ် ၄၇ ဖြစ်ပြီး ရွှေခြူညောင်ရွက် ၂၀၀၊ စိန်ဆိုင်း ၂၀၀၊ ပြယာဆိုင်း ၂၀၀၊ ထီးလက်ထီးတံနှင့် ထီးချက်ကို ပတ္တမြားအပြည့် စီတယ်။ ဒီထီးကိုဝိသကြုံနတ် စောင့်တယ်လို့ ယုံကြည်တဲ့အတွက်ဝိသကြုံထီးလို့ ခေါ်တယ်။

## ၇။ သမုဒ္ဒရာဇ်ထီး

ထီးလို့သာပြောတယ် ထီးရိုးမပါပါ။ သလွန်တော်အထက် မျက်နှာကြက်မှာ သံချိတ်နဲ့ဆွဲပြီး ချထားတယ်။ ပုဂံခေတ် ဘုရားထီးဆိုတာ သမုဒ္ဒရာဇ်ထီးလို ဖြစ်မယ်။ ထီးဝန်း အကျယ် ၇ ရှိတယ်။ ရွှေခြူညောင်ရွက် ၃၀၀ ကို ၅ဆင့် ခွဲပြီးစီတဲ့အတွက် တစ်ဆင့်မှာ အရွက် ၆၀ သုံးတယ်။ ပုလဲဆိုင်း ၃၀၀ ကိုလည်း ထိုနည်းအတိုင်း ဆင်တယ်။ ထီးစောင့်နတ်က သမုဒ္ဒရာဇ်ဖြစ်တဲ့အတွက် သမုဒ္ဒရာဇ်ထီး လို့ခေါ်တယ်။

၈။ သမုဒ္ဒဇာထီး

ထီးဝန်းအကျယ် ၄၅ ဖြစ်တယ်။ ရွှေခြူညောင်ရွက် ၂၀၀၊ မြဆိုင်း ၂၀၀ ဆင်တယ်။ ထီးစောင့်နတ် သမုဒ္ဒဇာ။

၉။ သူရိယထီး

ထီးဝန်းအကျယ် ၄၆ ဖြစ်တယ်။ ရွှေခြူညောင်ရွက် ၂၀၀ ဆင်ပြီး ဒီထီးကို သူရိယနတ် စောင့်တယ်။

၁၀။ ဥရုထီး

ထီးဖြူ အမျိုးအစားဖြစ်ပြီး ထီးဝန်းအကျယ် ၄၈ ဖြစ်တယ်။ ထီးတံအရှည် ၃၆ ဖြစ်ပြီး ထီးရိုးလုံးပတ် ၂၁ ဖြစ်တယ်။ဆင်တဲ့ ရတနာအရေအတွက်က စိတ်ဝင်စားစရာဖြစ်ပြီး လောကီအစီအရင် ဖြစ်ဖို့များတယ်။ ရွှေခြူညောင်ရွက် ၁၉၀၊ သန္တာဆိုင်း ၁၉၀ ဆင်တယ်။ ထီးအုံထီးချက်ကို နဝရတ်စီတယ်။ ထီးရွက်ကို ပိတ်လျှက် ဥကင်တော် လက်ဝဲလက်ရာ နှစ်ဖက်မှာရှိနေတဲ့ ထီးခုံကို ယူသွားရတယ်။ ထီးခုံမှာ ထီးရိုးကို စိုက်ပြီးပြီဆိုမှ ထီးရွက်ကို ဖွင့်ရတယ်။ ဒီထီးကို နဝရတ်စီတယ်ဆိုတဲ့အတွက် မင်းသုံးထီးဖြစ်မယ်။ နဝရတ်ကိုးပါးကို မင်းတွေသာ ဆင်မြန်းခွင့်ရှိလို့ ဖြစ်ပါတယ်။ ဒီထီးကို ဥရုနတ်စောင့်တဲ့အတွက် ဥရုထီးလို့ အမည်ခေါ်တွင်တယ်။

ရှေ့မှာပြောခဲ့တဲ့ထီးတွေအပြင် ရိုးရိုးသာမန် စစ်သူကြီး၊ အမတ်၊ မင်းသား၊ မင်းသမီး၊ စော်ဘွား၊ မြို့စားတွေ သုံးရတဲ့ထီးတွေ ရှိပါသေးတယ်။ သိပ်ရှည်သွားမှာမို့ မပြောလိုတော့ပါ။ ခုပြောသွားတဲ့အထဲမှာ ထီးတွေရဲ့အတိုင်းအတာတွေကိုလည်း သေချာအောင်လေ့လာနေဆဲမို့ အတိအကျ ပြောမပြနိုင်သေးပါဘူး။ အထက်ဖော်ပြပါ ထီးတွေရဲ့ အတိုင်းအတာတွေကို သေသေချာချာ လေ့လာပြီးတော့ ပုံဆွဲပြီး ပုံပြသမိုင်းအနေနဲ့ လုပ်နိုင်ခဲ့ရင် ရှေးရိုးရာအတွက် တန်ဖိုးရှိတဲ့ကျမ်းတစ်စောင် ရလာနိုင်ပါတယ်။

## ကိုးကား။

- Legends & Myths of India, Egypt, China & Japan by Rachel Storm
- The Atlas of World Archaeology by Paul G. Bahn, Barry Cunliffe
- A World History of Art by Hugh Honour, John Fleming
- Mapping History, Classical World by Dr Ian Barnes
- ပုဂံခေတ် ဘုရားထီး၊ ဒေါက်တာသန်းထွန်း။
- အမိန့်တော်ပေါင်းချုပ်၊ ဒေါက်တာသန်းထွန်း။

**Mrlynn**

ထီး

# စာအုပ် အညွှန်း ( စတိဂျော့ Steve Jobs )



မောင်ဘတ်

**"ဘီလ်ဂိတ်ကို အခုချက်ချင်း ငါ့ဆီခေါ်လိုက်စမ်း"** လို့ စတိဂျော့က သူ့လက်ထောက်တစ်ယောက်ကို ဒေါသ တကြီးနဲ့ ပြောလိုက်တယ်။



အချိန်ကတော့ ၁၉၈၅ ခုနှစ်။ ဘီလ်ဂိတ်က IBM အတွက် Graphical User Interface (GUI) ပါတဲ့ operating system (OS) တစ်ခုကို ရေးပေးမယ်လို့ ကြေညာလိုက်တဲ့အတွက် စတိဂျော့ ဒေါသူပုန်ထနေခြင်းပဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက Microsoft ဟာ အတန်အသင့် နာမည်ရနေပြီဖြစ်တဲ့ ဆော့ဖ်ဝဲ company တစ်ခု အဆင့်သာ ဖြစ်ပြီး တော့၊ Apple ကတော့ အောင်မြင်မှုရနေတဲ့ company ကြီးတစ်ခု ဖြစ်နေပါပြီ။ သူတို့တွေရဲ့ အရွယ်ပမာဏကို နှိုင်းယှဉ်ပြရမယ် ဆိုရင်ဖြင့် Microsoft ရဲ့ တစ်နှစ်တာ ရောင်းအားက ၃၂ သန်း ဖြစ်ပြီး၊ Apple ကတော့ တစ်နှစ်တာ ရောင်းအား တစ်ဘီလျံ ရှိနေတဲ့အချိန်ပါ။ Microsoft က BASIC programming - language ကို တီထွင်ရင်းနဲ့ နာမည်ရလာခဲ့တဲ့ company တစ်ခု ဖြစ်ပြီးတော့ Word, Excel အစရှိတဲ့ ဆော့ဖ်ဝဲတွေကို အဓိက ရေးသားနေခဲ့တဲ့ အချိန်ပါ။ အဲဒီအချိန်မှာ Apple က ထုတ်လုပ်မယ့် Macintosh OS အတွက် BASIC ဗားရှင်းတစ်ခု ရယ်၊ Word နဲ့ Excel ဆော့ဖ်ဝဲတွေရေးပေးဖို့ စတိဂျော့က ဘီလ်ဂိတ်နဲ့ စာချုပ်ချုပ်လိုက်ပါတယ်။ Macintosh ကတော့ အဲဒီအချိန် အခါကဆို အဆန်းအသစ်ဆုံးတီထွင်မှု ဖြစ်တဲ့ GUI နဲ့ သုံးလို့ရမယ့် operating system တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလို Apple နဲ့ အတူတွဲလုပ်ပြီးတော့မှ၊ သူတို့ရဲ့ စိတ်ကူးအသစ်ဖြစ်တဲ့ GUI နဲ့ OS တစ်ခုကို သူတို့ရဲ့ ပြိုင်ဘက် IBM အတွက် ရေးပေးမယ်လို့ ဘီလ်ဂိတ်က ကြေညာလိုက်တဲ့အတွက် စတိဂျော့က အကြီးအကျယ် ဒေါသဖြစ်နေခဲ့ရတာပါပဲ။

ဘီလ်ဂိတ် Apple ရုံးကို ရောက်လာချိန်မှာတော့ စတိဂျော့က ဘီလ်ဂိတ်ကို ဘယ်လိုများ ဆော်ပလော်တီးမလဲ ဆိုတာ ပွဲကြည့်ပရိသတ်လုပ်ဖို့ စောင့်နေကြတဲ့ Apple ဝန်ထမ်း ၁၀ ယောက် လောက်လည်း ရှိနေပါသေးတယ်။ စတိဂျော့ကလည်း ဘီလ်ဂိတ်ကို တွေ့တွေ့ချင်းမှာပဲ "မင်း ငါတို့ကို သက်သက်မဲ့ လုပ်စားတာပဲ ... ငါက မင်းကို ယုံလို့ မင်းနဲ့အတူလုပ်ခဲ့တာ အခု မင်းက ငါတို့ဆီက ခိုးချတယ်" ဆိုပြီးတော့ အော်ကြီးဟစ်ကျယ်နဲ့ ဆူပူပါလေ တော့တယ်။ အဲဒီမှာ ဘီလ်ဂိတ်က နည်းပညာလောကမှာ မှတ်တမ်းတင်ကျန်ခဲ့မယ့် စကားကို အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်ပါတယ်။

"ဒီကိစ္စကို သူ့ဘက် ကိုယ့်ဘက် ရှုထောင့်အမျိုးမျိုးကို ကြည့်လို့ရပါတယ်ဗျာ... ကျွန်တော့်ဘက်က ကြည့်မယ် ဆိုရင်တော့ ကျွန်တော်တို့ နှစ်ယောက်စလုံးဆီမှာ Xerox ဆိုတဲ့ ချမ်းသာတဲ့ အိမ်နီးချင်းတစ်ယောက် ရှိတယ်၊ ကျွန်တော်က သူ့အိမ်ထဲ ခိုးဝင်ပြီး တီဗီအလစ်သုတ်မလို့ကြံတော့၊ ခင်ဗျားက အရင်ဦးသွားနှင့်နေပြီ"။



ကျွန်တော်က သူ့အိမ်ထဲ ခိုးဝင်ပြီး တီဗီအလစ်သုတ်မလို့ကြံတော့၊ ခင်ဗျားက အရင်ဦးသွားနှင့်နေပြီ"။

တကယ်တော့လည်း ဘီလ်ဂိတ် ပြောခဲ့တာ မမှားပါဘူး။ Xerox Corporation's Palo Alto Research Center (Xerox PARC) ဟာ GUI ကို ဦးဆုံး စတင်တီထွင်ခဲ့တာပဲ ဖြစ်ပါတယ်။ Xerox ရင်းနှီးမြှုပ်နှံမှု အဖွဲ့က Apple ဆီမှာရှယ်ယာတွေဝယ်ပြီး ရင်းနှီးမြှုပ်နှံဖို့ ကမ်းလှမ်းလာခဲ့တဲ့ အခါမှာ၊ စတိဂျော့က သူ့ကို Xerox မှာ အခုလက်ရှိ လုပ်နေတာတွေကို ကြည့်ခွင့်ပေးမယ် ဆိုရင်ဖြင့် Xerox ကို ရှယ်ယာတွေ ရောင်းပေးမယ်လို့ ပြန်တောင်းဆိုလိုက်တယ်။ စတိဂျော့ရဲ့တောင်းဆိုချက်ကို Xerox က လက်ခံခဲ့ပြီးတော့ Xerox PARC မှာ သူတို့ စမ်းသပ်နေဆဲ နည်းပညာတွေကို ရှင်းလင်းပြသပေးဖို့ သဘောတူညီခဲ့တယ်။ အဲဒီအစီအစဉ်ကို စတိဂျော့က သူအားထားရတဲ့ အင်ဂျင်နီယာတွေနဲ့အတူ လာရောက်ကြည့်ရှုခဲ့တယ်။ အဲဒီအစီအစဉ်မှာ Xerox က ပြသခဲ့တဲ့ နည်းပညာတွေထဲက စတိဂျော့ကို အရမ်းကို စိတ်ဝင်စားသွားခဲ့တာကတော့ GUI ပါပဲ။ အဲဒီအချိန်က ဘယ်သူ့ဆီမှာမှ မရှိသေးတဲ့၊ အင်မတန်မှ ဆန်းသစ်တဲ့ နည်းပညာတစ်ခုပါပဲ။ အဲဒီနောက်မှာတော့ စတိဂျော့က Xerox ဆီက သူမြင်ခဲ့ရသမျှကို အခြေခံပြီးတော့ သူ့လူတွေကို GUI ကို တီထွင်ခိုင်းတော့တာပါပဲ။ အဲဒါကြောင့်လည်း ဘီလ်ဂိတ်က သူရော စတိဂျော့ကပါ Xerox ဆီက GUI စိတ်ကူးကို ခိုးခဲ့ကြတာပဲလို့ ပြောခဲ့တာပါပဲ။ ဒါဟာ စတိဂျော့နဲ့ ဘီလ်ဂိတ်ရဲ့ကြားက

ရန်ငြိုးတွေရဲ့ အစလို့ ဆိုရင်လည်း မမှားပါဘူး။ ဒါကတော့ ဝေါလ်တာ အိုင်းဆက်ဆန် ရေးသားခဲ့တဲ့ စတီဂျော့ရဲ့ အတ္ထုပတ္တိ (Steve Jobs by Walter Isaacson) ထဲက စိတ်ဝင်စားဖို့ကောင်းတဲ့ အခန်းတစ်ခန်းပါပဲ။

နောက်ထပ် စိတ်ဝင်စားစရာ အခန်းတွေကတော့ စတီဂျော့နဲ့ ဝေါ့ဇနီရက်တို့ Apple ကို စတီဂျော့ရဲ့ ကားဂိုဒေါင်ကနေ စတင်တည်ထောင်ခဲ့ကြပုံပါပဲ။ သူတို့နှစ်ယောက်ရဲ့ စိတ်နေစိတ်ထားကစလို့၊ အရည်အသွေး အားသာ ချက်တွေက အတော်လေး ကွဲပြားလှပါတယ်။ အဲလို မတူညီတဲ့သူနှစ်ယောက်ရဲ့ အရည်အချင်းတွေ လိုက်ဖက်ညီညီ ပေါင်းစပ်ခဲ့လို့လဲ Apple အောင်မြင်ခဲ့ရတာလို့ ဆိုလို့ရပါတယ်။ ဝေါ့ဇနီရက်ဟာ နည်းပညာပိုင်းမှာ အတော်လေး ကျွမ်းကျင်သူတစ်ယောက် ဖြစ်ပြီးတော့၊ ပထမဆုံး Apple ဗားရှင်းကို သူတစ်ယောက်တည်း hardware ရော software ပါ ဒီဇိုင်းဆွဲပြီး တည်ဆောက်ခဲ့တာကို ကြည့်လိုက်ရင် သူ့ အရည်အချင်းကို သိနိုင်ပါတယ်။ ဒါပေမယ့် သူက သူတီထွင် ထုတ်လုပ်ထားသမျှကို အလကားပေးဆိုလည်း ပေးလိုက်ဖို့ဝန်မလေးတဲ့၊ သူဝါသနာပါတာကို လုပ်နေရရင်ကို ကျေနပ်နေ မယ့် လူစားမျိုးပါ။ စတီဂျော့ကတော့ အဲဒီအချိန်ထဲက ဈေးကွက်ထဲမှာ ရောင်းတန်းဝင်ဖို့ရာ ဘယ်လို ကုန်ပစ္စည်းမျိုးကို ထုတ်လုပ်မလဲ၊ ဘယ်လိုမျိုး အမြတ်အစွန်း များများရအောင် ကြံစည်ကြမလဲ၊ ဘယ်လို အဆက်အသွယ်တွေရှာပြီး သူတို့ ကုန်ပစ္စည်းကို လူသိများအောင် ကြိုးစားမလဲဆိုတဲ့ဖက်မှာ အားသာခဲ့တယ်။ အဲဒါကြောင့်လည်း သူတို့နှစ်ယောက် ပူးပေါင်းဆောင်ရွက်မှုနဲ့ပဲ ကွန်ပြူတာခေတ်ဦးမှာ Apple အောင်မြင်မှု ရခဲ့တာပါပဲ။

**စတီဂျော့နဲ့ ဝေါ့ဇနီရက်တို့ Apple ကို စတီဂျော့ရဲ့ ကားဂိုဒေါင်ကနေ စတင်တည်ထောင်ခဲ့ကြပုံပါပဲ။**

ရယ်စရာတစ်ခုကတော့ Apple ကို စတင်တည်ထောင်ချိန်မှာ ဝေါ့ဇနီရက်ဟာ HP မှာ အလုပ်လုပ်နေပြီ ဖြစ်ပြီးတော့ ညဖက် သူအားတဲ့အချိန်တွေမှာ HP ရုံးမှာပဲ Apple အတွက် ဆားကစ်ဒီဇိုင်းတွေ ဆွဲခဲ့၊ ဆော့ဖ်ဝဲတွေ ရေးခဲ့တာပါပဲ။ အဲဒါကြောင့်လည်း စစချင်းမှာ ဝေ့ါဇနီရက်က သူ့ရဲ့ Apple ဆားကစ်ဒီဇိုင်းတွေကို HP က ပိုင်တယ်လို့ ယူဆပြီး၊ HP က မန်နေဂျာတွေကို အဲဒီပရောဂျက်အကြောင်း အသိပေးပြီးတော့၊ HP က ဆက်လုပ်မယ်ဆို ပေးလိုက်ဖို့ ရည်ရွယ်ခဲ့ပါသေးတယ်။ ဒါပေမယ့် HP က မန်နေဂျာတွေက ဝေါ့ဇနီရက်ရဲ့ ပရောဂျက်ကို လေ့လာဆန်းစစ်ကြည့်ပြီးတော့ ဒါဟာ အပျော်တမ်းအဆင့် ပရောဂျက်တစ်ခု သပ်သပ်၊ HP က အဓိကထားတဲ့ အရည်အသွေးမြင့်မြင့် ဈေးကွက်အတွက် မကိုက်ညီဘူးဆိုပြီး စိတ်မဝင်စားခဲ့ကြပါဘူး။

စတီဂျော့နဲ့ သူ့ကို Apple ကနေ ကန်ထုတ်ခဲ့တဲ့ စကာလီတို့ရဲ့ကြားက ဇာတ်လမ်းကလည်း စိတ်ဝင်စားစရာပါပဲ။ အစဦးမှာတော့ သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးဟာ အတော်လေးကောင်းခဲ့တာ ဖြစ်ပြီးတော့ စတီဂျော့ကိုယ်တိုင်က စကာလီကို ဖခင်တစ်ယောက်လို လေးစားအားကိုးခဲ့တာပါ။ စကာလီက ပက်ဆီမှာ CEO လုပ်နေတဲ့အချိန်မှာ၊ ဂျော့က သူ့ကို Apple ရဲ့ CEO ရာထူးကို လက်ခံဖို့အတွက် အတော်လေး တိုက်တွန်းခဲ့ရတယ်။ စကာလီက အစပိုင်းမှာ တွေဝေနေခဲ့ပေမယ့်၊ နောက်ဆုံး စတီဂျော့ရဲ့ "ခင်ဗျား တစ်သက်လုံး အဲဒီ သကြားရည်တွေပဲ ရောင်းနေတော့မှာလား၊ ဒါမှ မဟုတ် ကျွန်တော်နဲ့အတူ ကမ္ဘာကြီးကို ပြောင်းလဲဖို့ ကြိုးစားမလား" ဆိုတဲ့ စကားကြောင့်ပဲ၊ Apple ရဲ့ CEO ရာထူးကို လက်ခံဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း သူတို့နှစ်ယောက်ရဲ့ကြားက ဆက်ဆံရေးအခြေအနေကတော့ နှစ်အနည်း ငယ်အကြာမှာ အပြိုပြိုအလဲလဲ ဖြစ်ခဲ့ရပါတော့တယ်။ စတီဂျော့ရဲ့အမြင်မှာ စကာလီဟာ နည်းပညာအကြောင်းကို နကန်းတစ်လုံးမှ မသိ၊ လေ့လာဖို့လည်း စိတ်မဝင်စားသူဆိုပြီး မကြိုက်တော့သလို၊ စကာလီကလည်း ဂျော့က ရိုင်း တယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ သူများတွေအပေါ် ဆိုးဆိုးရွားရွားဆက်ဆံတတ်တယ် ဆိုပြီး သဘောမတွေ့ ဖြစ်လာတာပါပဲ။ သူတို့နှစ်ယောက်ကြားက အာဏာလုပွဲတွေ၊ သူ့လူကိုယ့်လူမွေးရင်း တိုက်ခိုက်ကြတာတွေ၊ နောက် ကျောကို ဓားနဲ့ထိုးဖို့ ကြံစည်တာတွေကို ရေးပြထားတာကလည်း corporate လောက က အလေ့အထတွေကို တစေ့တစောင်း မြင်နိုင်ပါတယ်။ နောက်ဆုံးမှာတော့ စကာလီက ဘုတ်အဖွဲ့ရဲ့ ထောက်ခံမှုကိုရယူပြီးတော့မှ၊ စတီဂျော့ကို Apple မှာ ဘာလုပ်ပိုင်ခွင့်မှ မပေးတော့ဘဲ Chair man တစ်နေရာ ဖန်တီးပေးပြီး ပထုတ်လိုက်ပါတယ်။ အဲဒီနောက် မှာတော့ စတီဂျော့ဟာ Apple က သူ့လူရင်းတစ်ချို့ကို ခေါ်ပြီး company အသစ်တစ်ခု တည်ထောင်ဖို့လုပ်ရာက ပြဿနာတွေတက်ပြီး၊ နောက်ဆုံးမှာတော့ Apple ကနေ နုတ်ထွက်သွားခဲ့ပါတော့တယ်။

**"ခင်ဗျား တစ်သက်လုံး အဲဒီ သကြားရည်တွေပဲ ရောင်းနေတော့မှာလား၊ ဒါမှ မဟုတ် ကျွန်တော်နဲ့အတူ ကမ္ဘာကြီးကို ပြောင်းလဲဖို့ ကြိုးစားမလား"**

Apple ကနေ ထွက်ခဲ့ရပြီးနောက် နောက်တစ်ကျော့ပြန် Apple ကို ပြန်မရောက်ခင်စပ်ကြားက၊ စတီဂျော့ရဲ့ အတွေ့အကြုံတွေ၊ အထူးသဖြင့် သူနဲ့ Pixar ရဲ့ ကြားက အဖြစ်အပျက်ကလည်း စိတ်ဝင်စားစရာပါ။ Apple က ထွက်ခဲ့ပြီးနောက် စတီဂျော့ရဲ့ အဓိကဦးတည်ချက်ကတော့ NeXT ကို တည်ထောင်ပြီး ပညာရေးလောကမှာ သုတေသနလုပ်တဲ့အခါ သုံးဖို့အတွက် အဆင့်မြင့်ကွန်ပြူတာတွေ ထုတ်လုပ်ဖို့ ဖြစ်ပေမယ့်လို့၊ အဲဒါအပြင်ကိုမှ သူ ဟိုးအရင်ထဲက စိတ်ဝင်စားခဲ့တဲ့ Pixar မှာလည်း ရင်းနှီးမြှုပ်နှံ



ခဲ့ပါသေးတယ်။ Pixar ရဲ့ အဓိက မူရင်းရည်ရွယ်ချက် ကတော့ computer graphic လောကအတွက် ကွန်ပျူတာတွေ၊ ဆော့ဖ်ဝဲတွေ ထုတ်လုပ်ရောင်းချဖို့ပါပဲ။ အဲဒီအချိန်က animation အဖွဲ့ဆိုတာ Pixar ရဲ့ ကွန်ပျူတာတွေ၊ ဆော့ဖ်ဝဲတွေရဲ့ အရည်အသွေးကို သရုပ်ပြဖို့အတွက် သက်သက်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် animation အဖွဲ့က လက်ဆက်တာဆိုတဲ့အနုပညာ ဖန်တီးနိုင်စွမ်းကောင်းသူတစ်ယောက်နဲ့ စတီဂျော့ ချိတ်မိသွားကြပြီးတဲ့နောက်မှာ၊ စတီဂျော့ရဲ့ ပံ့ပိုးမှုနဲ့ပဲ animation film တွေကို စထုတ်လုပ်ဖြစ်ခဲ့တယ်။ စတီဂျော့က လက်ဆက်တာကို အတော်လေး ယုံကြည်မှုရှိခဲ့တာမို့၊ Pixar ရဲ့ စီးပွားရေး အခြေအနေမကောင်းလို့၊ အခြားအဖွဲ့တွေအတွက် ဘတ်ဂျက်တွေ ဖြတ်နေတဲ့အချိန်မှာတောင်၊ လက်ဆက်တာအတွက် animation film ထုတ်လုပ်ဖို့ ဘတ်ဂျက်ကိုတော့ မှန်မှန်ထုတ်ပေးခဲ့ပါတယ်။ အဲဒါကြောင့်လည်း Pixar ဟာ ၂ မိနစ်စာ animation film အတိုလေး တစ်ခုကို ထုတ်လုပ်တာကနေ စခဲ့ရင်းက၊ လျှမ်းလျှမ်းတောက်ခဲ့တဲ့ Toy Story၊ Monster Inc၊ Finding Nemo အစရှိတဲ့ ကမ္ဘာကျော်ရုပ်ရှင်ပေါင်းများစွာကို ထုတ်လုပ်နိုင်ခဲ့တဲ့ အဆင့်အထိကို ရောက်သွားခဲ့ပါတော့တယ်။

စတီဂျော့ Apple မှာ တစ်ကျော့ပြန် နန်းတက်ခဲ့ပြီးတဲ့နောက်မှာ အကျဖက်ကိုရောက်နေပြီဖြစ်တဲ့ Apple ကို အောင်မြင်မှု လမ်းကြောင်းပေါ် ပြန်ဆွဲတင်ခဲ့ပုံကို ဖတ်ရတာမှာ မတူညီတဲ့ CEO တွေရဲ့ ဆုံးဖြတ်ချက်တွေ၊ ဦးဆောင်မှု တွေက company တစ်ခုရဲ့ အနာဂတ်ကို ဘယ်လောက်အတိုင်းအတာအထိပြောင်းလဲသွားစေနိုင်တယ် ဆိုတာကို မြင်တွေ့နိုင်ပါတယ်။Apple မှာ သူနေရာပြန်ရရချင်းမှာပဲ စတီဂျော့က Apple ရဲ့ ကုန်ပစ္စည်းအများအပြားကို ရပ်စဲ လိုက်ပြီးတော့၊ အမျိုးအစားအနေနဲ့ desktop ရယ် portable ရယ်၊ ရည်မှန်းချက်ထားရမှာကတော့ သာမန်သုံးစွဲသူတွေရယ်၊ပရော်ဖက်ရှင်နယ်တွေရယ်၊ အဲဒီလေးချက်ထဲကိုပဲ ရှေ့လျှောက် အာရုံစိုက်ပြီး ကုန်ပစ္စည်းထုတ်လုပ်သွားဖို့ ဆုံးဖြတ်ချက်ချလိုက်တာဟာ၊ ဈေးကွက်ထဲမှာ Apple ပစ္စည်းတွေရဲ့ပုံရိပ်ကို တစ်ဆစ်ချိုး ပြောင်းသွားစေခဲ့တာ အမှန်ပါပဲ။ ပြီးတော့ ကျွန်တော်တို့ ဒီနေ့ခေတ်မှာ အားလုံးနဲ့ ရင်းနှီးနေပြီးသားဖြစ်တဲ့ iPhone၊ iPad အစရှိတဲ့ Apple ပစ္စည်းတွေရဲ့နောက်ကွယ်က ဒီပစ္စည်းတွေဖြစ်ပေါ်လာပုံ ဇာတ်လမ်းတွေကလည်း အတော်လေး စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဥပမာဆို iPad ထုတ်လုပ်ဖို့ စိတ်ကူးဟာiPhone မတိုင်ခင်ကတည်းက စတင်နေခဲ့တာ ဖြစ်ပြီး၊ စတီဂျော့ကို tablet ထုတ်လုပ်စေချင်ခဲ့ရတဲ့ အကြောင်းတစ်ချက်ကတော့၊ သူ့မွေးနေ့ပွဲတစ်ခုမှာ Microsoft က အင်ဂျင်နီယာတစ်ယောက်က သူလုပ်နေတဲ့ tablet PC အကြောင်းကို ကြွားလုံးတွေထုတ်ခဲ့တာကနေ စခဲ့တာပါပဲ။ အဲဒီမှာ ဂျော့က သူတို့လုပ်နေတာ တလွဲတွေ၊ tablet ဆိုတာ ဘယ်လိုမျိုးလဲ ငါထုတ်ပြမယ်ဆိုပြီး tablet ထုတ်လုပ်ဖို့ ပရောဂျက်ကို စတင်ခဲ့တာဖြစ်ပြီးတော့၊ အကြောင်းကြောင်းကြောင့် အဲဒီနည်းပညာတွေကိုပဲ အခြေခံပြီး iPhone ကို အရင်ထုတ်ဖြစ်သွားခဲ့တာပဲ ဖြစ်ပါတယ်။

အဲဒီမှာ ဂျော့က သူတို့လုပ်နေတာ တလွဲတွေ၊ tablet ဆိုတာ ဘယ်လိုမျိုးလဲ ငါထုတ်ပြမယ်ဆိုပြီး





စတီဂျော့ကို အဓိက အင်တာဗျူးပြီး ရေးထားတဲ့ အတ္ထုပတ္တိ ဆိုပေမယ့်လို့၊ သူတစ်ယောက်တည်းတင်မကဘဲ၊ သူ့ရဲ့ ပတ်သတ်ရင်းနှီးခဲ့ဖူးသူတွေကိုပါ အင်တာဗျူးထားခဲ့တာကြောင့် စတီဂျော့ရဲ့ပုံရိပ်ကို မျှမျှတတ ဖော်ပြထားခဲ့တယ်လို့ ဆိုရင် မှားမယ်မထင်ပါဘူး။ စတီဂျော့ဟာ အသားငါးမစားဘဲ ဟင်းသီးဟင်းရွက် အသီးအနှံတွေကိုသာ အဓိက စားသုံးသူတစ်ယောက်မို့၊ သူစားတဲ့ အစားအစာတွေကြောင့် သူ့ကိုယ်နံ့က ပြဿနာမရှိဘူးလို့ယူဆပြီး ရေသိပ်ချိုးလေ့ မရှိတာကြောင့်၊ သူ့ကိုယ်က နံလွန်းလို့ တစ်ခါတစ်လေ သူများတွေက သူ့ကို အစည်းအဝေးခန်းထဲ အဝင်မခံဘဲ၊ အတင်းအကြပ် ရေသွားချိုးခိုင်းရတဲ့ အဖြစ်မျိုးတောင် ရှိခဲ့ရတဲ့ ဂျော့ရဲ့ အူကြောင်ကြောင် အလေ့အထတွေကို ရေးပြထားသလို၊ သူ့ရည်းစား ကိုယ်ဝန်ရှိလာချိန်မှာ တာဝန်မယူချင်ခဲ့တာ၊ Apple ကို စတင်တည်ထောင်ချိန်ကတည်းက ပါဝင်ခဲ့သူ တစ်ချို့ကို ရှယ်ယာမပေးချင်ခဲ့တာ၊ Apple ကို သူနဲ့အတူ တည်ထောင်ခဲ့တဲ့ ဝေါ့ဇ်နီရက်ကိုတောင် Apple ကနေ ဝေါ့ဇနီနှုတ်ထွက်သွားပြီးတဲ့နောက်မှာ မညှာမတာဆက်ဆံခဲ့တာ အစရှိတဲ့ ဂျော့ရဲ့အဆိုးဖက်ခြမ်းက စိတ်နေ စိတ်ထားတစ်ချို့ကို ဖော်ပြတဲ့ အဖြစ်အပျက်တွေကိုလည်း ရေးပြထားပါတယ်။ စတီဂျော့ကိုယ်တိုင်ကိုက စာရေးဆရာကို "ဒီစာအုပ်ကို ကျွန်တော်မဖတ်ရသေးဘူး၊ ဒါပေမယ့် ကျွန်တော် ဒီစာအုပ်ကိုဖတ်ဖြစ်ရင် သဘောမကျမဲ့ဟာတွေ ပါတယ် မဟုတ်လား၊ အဲဒါဆို ကျွန်တော် ကျေနပ်တယ်" လို့ပြောခဲ့ပါတယ်။








Mac

ဒီနေ့ နည်းပညာလောကမှာ ကျင်လည်နေသူတွေ၊ နည်းပညာလောကကို စိတ်ဝင်စားသူတွေ၊ start ကစ လို့ ခေါ်တဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်ဖို့ အားသန်ကြသူတွေအတွက် လေ့လာစရာတွေ အများကြီးပါသလို၊ စတိဂျော့ရဲ့ဘဝက အချိုးအကွေ့တွေ ခပ်များများနဲ့ ရုပ်ရှင်ဆန်ဆန်မို့ သူ့အတ္ထုပတ္တိဟာ ရသမြောက်တဲ့ ဝတ္ထုတစ်ပုဒ်လို စိတ်ဝင်စားဖို့လည်း ကောင်းလှတာမို့ လက်မလွှတ်သင့်တဲ့ စာအုပ်တစ်အုပ်ပဲ ဖြစ်ပါတယ်။ ဒီစာအုပ်ကနေ နည်းပညာနဲ့ corporate လောကက စိတ်ဝင်စားစရာ အတွေ့အကြုံ သင်ခန်းစာတွေအများကြီး ရခဲ့တဲ့အပြင်ကိုမှ၊ ကျွန်တော့်ကို တွေးစရာတွေပေးခဲ့တာကတော့ နောက်ဆုံးအခန်းမှာ စတိဂျော့က သေခြင်းတရားနဲ့ပတ်သက်ပြီး ပြောခဲ့တဲ့ စကား တစ်ခွန်းပါပဲ။

"ကျွန်တော့်ကတော့ သေခြင်းတရားရဲ့နောက်မှာ တစ်ခုခုတော့ ကျန်လိမ့်ဦးမယ်လို့ ထင်မိတယ်၊ ကျွန်တော်တို့ ဘဝတစ်လျှောက် လေ့လာသင်ကြားခဲ့သမျှ အတွေ့အကြုံတွေ၊ အသိဉာဏ်ပညာတွေဟာ ဒီအတိုင်းပဲ အကုန်လုံး ပျောက် ကွယ်သွားကြရမယ် ဆိုရင်ဖြင့်၊ တစ်မျိုးကြီး ဖြစ်မနေဘူးလား၊ အဲဒါကြောင့် ကျွန်တော်ကတော့ သေပြီးတဲ့နောက်မှာ တစ်ခုခုတော့ ကျန်လိမ့်ဦးမယ်လို့ ယုံကြည်ချင်မိတယ်၊ ကျွန်တော်တို့ရဲ့ အသိစိတ် ကျန်ရင်ကျန်လိမ့်မပေါ့၊ ဒါပေမယ့် အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဒါဟာ ခလုတ်တစ်ခုကို နှိပ်လိုက်သလိုပဲ၊ ကလစ်ဆိုတာနဲ့ အားလုံး ပျောက်ကွယ်သွားတာမျိုးလည်း ဖြစ်နိုင်တာပါပဲ"

# စာအုပ်အညွှန်း(စတိဂျော့)

မောင်ဘာတ်






# စိနတိုင်းမှ လျှို့ဝှက် လက်နက်စက်ရုံများ

**GuruAM**

**အရင်က စိုက်ပျိုးရေးကိုသာ အားထားခဲ့တဲ့ တရုတ်နိုင်ငံဟာ အခုအချိန်မှာတော့ ကမ္ဘာ့ ကုန်ထုတ်လုပ်ရေး နဲ့ စီးပွားရေး ဗဟာအင်အားကြီး နိုင်ငံ တစ်နိုင်ငံ ဖြစ်လာပါပြီ။**

လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုလောက် စီးပွားရေးနဲ့ ယှဉ်ကြည့်မယ်ဆိုလျှင် ဒီနေ့တရုတ်ပြည်ရဲ့ စီးပွားရေးအင်အားဟာ အဆနှစ်ဆယ်လောက် ကြီးထွားလာခဲ့ပါတယ်။ ကမ္ဘာ့အကြီးဆုံး စီးပွားရေး အင်အားစုဖြစ်တဲ့ အမေရိကန်နိုင်ငံကို ကျော်တက်မယ့် လမ်းကြောင်းပေါ်မှာလည်း ရှိနေပါတယ်။ ဒါပေမယ့် လူအများစု စိတ်ဝင်စားနေကြတာကတော့ တရုတ်ပြည်ရဲ့ စစ်အင်အား တိုးချဲ့ခြင်းပါ။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက် တရုတ်နိုင်ငံ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ စစ်အသုံးစရိတ်ဟာ ဒေါ်လာဘီလျံ နှစ်ဆယ်သာသာပဲ ရှိပါတယ်။ ဒီနေ့မှာတော့ စစ်အသုံးစရိတ်ဟာ ဘီလျံတစ်ရာလောက် ရှိနေပါပြီ (တချို့ သုံးသပ်သူများက တစ်ရာ့ခြောက်ဆယ်ဘီလျံလောက် ရှိမယ်လို့လည်း ခန့်မှန်းကြပါတယ်)။ ဒီအယ်လ်အေရဲ့ ဘတ်ဂျက်ဟာ အမေရိကန်ရဲ့ စစ်အသုံးစရိတ်နဲ့ ယှဉ်လိုက်လျှင် ခြောက်ပုံတစ်ပုံပဲ ရှိနေပါသေးတယ်။ ဒါပေမယ့် နောင်လာမယ့် နှစ်တွေမှာ တရုတ်ရဲ့ ကာကွယ်ရေး အသုံးစရိတ်ဟာ ပိုပြီး များလာမှာဖြစ်ပါတယ်။ စီးပွားရေးတိုးတက်နှုန်းနဲ့ အပြိုင် စစ်သုံးစရိတ်ကို တိုးပြီးသုံးသွားမယ်လို့ ယူဆရပါတယ်။

အဲ့ဒီလို အချိန်မှာ သမ္မတဟူကျင်တောင်က တရုတ်တပ်မတော် အနေနဲ့ ၂၀၅၀ခုနှစ်မှာ ရာဇဝင်တွင်မယ့် စစ်ဆင်ရေးတွေ ဆောင်ရွက်မယ်လို့လည်း ပြောထားပါသေးတယ်။ မိမိနိုင်ငံကို ကာကွယ်ရုံ သာမကဘဲ ကမ္ဘာ့အင်အားကြီး နိုင်ငံဖြစ်စေဖို့ စစ်လက်နက်အင်အားကိုပါ တိုးချဲ့သွားမယ်လို့လည်း ဆိုပါတယ်။

တချို့ကိစ္စတွေမှာ တရုတ်ဟာ ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်မှာ ပါဝင်ပတ်သက်မှု ပိုများလာတာနဲ့အမျှ အမေရိကန်နဲ့ ထိတွေ့ဆက်ဆံမှုတွေလည်း များလာတာကို တွေ့ရပါတယ်။ ဥပမာ ၂၀၀၈ခုနှစ်က ဆိုမာလီကမ်းခြေမှာ ပင်လယ်ဓားပြရန် ကာကွယ်တဲ့အနေနဲ့ ကင်းလှည့်ခဲ့တာမျိုးပါ။

ဒါပေမယ့် အဲ့လိုမဟုတ်ဘဲ မတူညီတဲ့ ရည်ရွယ်ချက်တွေ ကိုယ်စီနဲ့ အမေရိကန်နဲ့ တရုတ်တို့ ထိပ်တိုက်တွေ့ခဲ့ကြလျှင် ကမ္ဘာ့အင်အားအကြီးဆုံး စစ်အင်အားနှစ်ခုရဲ့ ထိပ်တိုက် ရင်ဆိုင်မှုတွေ ဖြစ်လာမှာ အသေအချာပါပဲ။




အမေရိကန်အနေနဲ့ တရုတ်ရဲ့ စစ်အသုံးစရိတ် တိုးမြှင့်လာတာ တစ်ခုတည်းကို စိုးရိမ်နေရတာ မဟုတ်ပါဘူး။ ခေတ်မီဆန်းသစ်တဲ့ နည်းပညာတွေကို တရုတ် ရရှိနေတာ ဟာလည်း စိုးရိမ်စရာတစ်ခုပါ။ အမေရိကန်ရဲ့ လက်ရှိ စစ်သုံး နည်းပညာတွေဟာ ကမ္ဘာပေါ်က ဘယ်နိုင်ငံနဲ့ယှဉ်ယှဉ် မျိုးဆက်တစ်ခုလောက် သာနေပါတယ်။ ဒါပေမယ့် တရုတ်က အဲ့ဒီကွာဟချက်ကို ကျဉ်းမြောင်းသထက် ကျဉ်းမြောင်းအောင် ကြိုးစားနေတာပါ။ တရုတ်တွေဟာ ခေတ်မီ တိုက်လေယာဉ်တွေ ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေတာကို ကြည့်ရင် သိသာပါတယ်။ လတ်တလောအချိန်အထိ အမေရိကန်တွေဟာ သူတို့ရဲ့ F 22 နဲ့ F 35 တို့ဟာ ကမ္ဘာ့တစ်ခုတည်းသော Fifth Generation တိုက်လေယာဉ်တွေလို့ ယုံကြည်နေကြပါတယ်။ (Fifth Generation မှာ တိုက်လေယာဉ်တွေဟာ ရေဒါရှောင်ကွင်းနိုင်တာ၊ ပိုကောင်းတဲ့ အင်ဂျင်တွေ၊ နည်းပညာတွေ သုံးထားတာ၊ ကွန်ပျူတာ ကွန်ယက်စနစ် အသုံးပြုတာစတဲ့ အရည်အချင်းတွေ ရှိပါတယ်) ဒါပေမယ့် ၂၀၁၁ခုနှစ်မှာ ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ် တရုတ်ပြည်ကို အလည်ခရီး သွားတဲ့အခါမှာတော့ အဲ့ဒီလို မဟုတ်ဘူးဆိုတာ သဘောပေါက်လိုက်ပါတယ်။ ဟူကျင်တောင်နဲ့ တွေ့ဆုံတဲ့အခါမှာ ရောဘတ်ဂိတ်ဟာ တရုတ်ရဲ့ နည်းပညာသစ် ဖြစ်တဲ့ J-20 တိုက်လေယာဉ်ကို ခရီးသွားဟန်လွှဲ သဘောမျိုး ထုတ်ပြခံခဲ့ရပါတယ်။



J-20

J-20 ဟာ တရုတ်ရဲ့ တိုက်လေယာဉ်သစ်တွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်တပ်မတော်ဟာ သူ့ရဲ့ မောင်းသူမဲ့ လေယာဉ်တပ်ဖွဲ့ကိုလည်း အကြီးအကျယ် တိုးချဲ့နေပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကဆိုရင် တရုတ်တပ်မတော်မှာ မောင်းသူမဲ့လေယာဉ် မရှိသလောက်ပါ။ အခုအချိန်မှာတော့ လေကြောင်းပြပွဲတွေမှာ တရုတ်ကန်ထရိုက်တာတွေဟာ မောင်းသူမဲ့ လေယာဉ်အမျိုးမျိုးကို ထုတ်ပြနေပါပြီ။ အမေရိကန်ရဲ့ Predator နဲ့ Global Hawk တို့ အသီးသီးကို ပုံစံတူ ပြုလုပ်ထားတဲ့ Yilong နဲ့ BZK-005 တို့ဟာ သိသာမြင်သာတဲ့ ထုတ်လုပ်မှုတွေ ဖြစ်ပါတယ်။ အနာဂါတ်မှာ ထုတ်လုပ်လာမယ့် တရုတ်တို့ရဲ့ မောင်းသူမဲ့ လေယာဉ်တွေဟာ အမေရိကန် နည်းပညာကနေတစ်ဆင့် အခြေခံပြီး ပိုမိုတိုးတက်လာမယ်လို့ အများက သုံးသပ်ကြပါတယ်။ ဘာလို့လဲဆိုတော့ အီရန်ပိုင်နက်ထဲမှာ ပျက်ကျခဲ့တဲ့ အမေရိကန်တို့ရဲ့ သူလျှိုလေယာဉ် RQ-170ကို အီရန်က တရုတ်ကို လေ့လာခွင့် ပေးခဲ့တယ်ဆိုတဲ့ သတင်းတွေကြောင့်ပါ။

တရုတ်အစိုးရဟာ ရေတပ်မှာလည်း အင်တိုက်အားတိုက် တိုးချဲ့နေပါတယ်။ တိုက်လေယာဉ်တွေ အပြည့်တင် ထားတဲ့ လေယာဉ်တင် သင်္ဘောကြီးတွေကို ကမ္ဘာအနှံ့ စေလွှတ်နိုင်တာ ဒီနေ့မှာ အမေရိကန် တစ်နိုင်ငံတည်း ရှိပါတယ်။ အဲ့ဒါကို ပီအယ်လ်အေက ပြောင်းလဲချင်နေတာပါ။ ပြီးခဲ့တဲ့နှစ် အနည်းငယ်တုန်းက ဆိုဗီယက်ခေတ်က တန်ချိန် ၆၅၀၀၀ ရှိတဲ့ လေယာဉ်တင် သင်္ဘောတစ်စီးကို တရုတ်တွေ ဝယ်ယူခဲ့ပါတယ်။ အခုအခါမှာတော့ အဲ့ဒီသင်္ဘောကြီးဟာ အင်ဂျင် အသစ်တပ်ဆင်ထားပြီး လက်နက်တွေလည်း အသစ်တပ်ဆင်ထားပါတယ်။ ကျားသစ်ပုံ မြေပြင်–ဝေဟင်ပစ်လက်နက်၊ အလိုအလျောက် လေကြောင်းရန်ကာကွယ်ရေးစနစ် စတဲ့ ခေတ်မီလက်နက်တွေ တပ်ဆင်ထားပါတယ်။ Liaoning လို့ နာမည်ပေးထားတဲ့ သင်္ဘောဟာ အမေရိကန်ရဲ့ F18 လို အစွမ်းရှိတဲ့ Shenyang J-15 တိုက်လေယာဉ် အစီးငါးဆယ်ခန့် တင်ဆောင်နိုင်ပါတယ်။

ဒါ့အပြင် တရုတ်ရေတပ်ဟာ မဟာဗျူဟာမြောက် တိုက်သင်္ဘောတွေ၊ တန်ချိန် ရှစ်ထောင်လောက်ရှိတဲ့ ဖျက်သင်္ဘောတွေ၊ နျူကလီးယား ရေငုပ်သင်္ဘောတွေလည်း တည်ဆောက်နေလျက် ရှိပါသေးတယ်။ အသစ် တည်ဆောက်ထားတဲ့ တန်ချိန် ၃၆၀၀၀ ရှိတဲ့ Bahai Sea Green Pearl သင်္ဘောဟာ စစ်သည် ၂၀၀၀ နဲ့ ယာဉ်အမျိုးမျိုး ၃၀၀ ခန့် တင်ဆောင်နိုင်ပါတယ်။ ရေတပ်အင်အား တိုးချဲ့လာတာနဲ့အမျှ တရုတ်ဟာ အာဖရိကနဲ့ လက်တင် အမေရိကလို နေရာမျိုးတွေမှာ ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်ဖို့ စစ်သည်တွေ စေလွှတ်နိုင်ခဲ့ပါတယ်။

တရုတ်ပြည်ရဲ့ စစ်အင်အား တိုးချဲ့မှုဟာ ၂၀ရာစု အစပိုင်းက ဂျာမနီရဲ့ စစ်အင်အားတိုးချဲ့တာကို အမှတ်ရစေပါတယ်။ အဲ့ဒီအချိန်က ဗြိတိန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော စီးပွားရေးနဲ့ စစ်ရေး အင်အားအကြီးဆုံး နိုင်ငံဖြစ်တယ်။ ဒါပေမယ့် ဂျာမန်တို့က ဗြိတိန်ရဲ့ရေတပ်နဲ့ ယှဉ်နိုင်အောင် သင်္ဘောတွေတည်ဆောက်ခဲ့တယ်။ စစ်ဖြစ်တဲ့ အခါမှာတော့ ဂျာမန်တွေဟာ ဗြိတိန်တွေရဲ့ သင်္ဘောတစ်စီးမှ မဖျက်ဆီးနိုင်ခဲ့ပါဘူး။ ဒါပေမယ့် နည်းပညာသစ်တွေဖြစ်တဲ့ ရေငုတ်သင်္ဘောတွေ၊ ရေမြှုပ်မိုင်းတွေရောက်လာတဲ့ အချိန်မှာတော့ ဂျာမန်တွေဟာ အင်္ဂလိပ်တွေရဲ့ စစ်သင်္ဘော ဆယ့်သုံးစီးကို ပင်လယ်ရေအောက်ကို ပို့နိုင်ခဲ့ပါတယ်။

RQ-170





အလားတူပဲ တရုတ်ဟာ အမေရိကန်ရဲ့ လေတပ် ရေတပ်အင်အားကို မှီအောင်တိုးချဲ့တာထက် နည်းပညာသစ်တွေကို ဖော်ထုတ်ပြီး အမှီလိုက်ဖို့ ကြိုးစားလာပါတယ်။ အမေရိကန်ရေတပ်ရဲ့ အင်အားကို တရုတ်အနေနဲ့ မမှီနိုင်တဲ့အခါမှာ နည်းပညာအသစ်တွေဖြစ်တဲ့ သင်္ဘောဖျက် ဒုံးကျည်တင်ကားတွေ၊ ရေဒါမမိနိုင်တဲ့ ဒုံးကျည်တွေ တီထွင်ဖို့ ကြိုးစားလာပါတယ်။ ပစ်မှတ်ကို Mach 2.5 (တစက္ကန့်လျင် ၈၅၀.၇၂၅ မီတာနှုန်း) နဲ့ အရောက်ပစ်နိုင်တဲ့ Sunburn ဒုံးကျည်တွေကိုလည်း ပိုင်ဆိုင်ထားပါတယ်။

တရုတ်ဟာ အမေရိကန်ကို အာကာသ နည်းပညာမှာလည်း အမီလိုက်လာနေပါပြီ။ အမေရိကန် အစိုးရရဲ့ စစ်ဖက် ဆိုင်ရာ ဆက်သွယ်မှုတွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဂြိုဟ်တုက တစ်ဆင့် ဖြစ်ပါတယ်။ အဲ့ဒီလို ဆက်သွယ်တဲ့ နေရာမှာ စစ်မြေပြင်က စစ်သည်တွေကအစ၊ ဒုံးကျည်ပစ်လွှတ်မှုတွေအထိ ပါဝင်ပါတယ်။ ဂျီပီအက်စ်ဂြိုဟ်တုဟာ စစ်မြေပြင်က လေယာဉ်တင် သင်္ဘောတွေကအစ ဗုံးခိုကျင်းတွေ၊ တချို့သော ဗုံးတွေအထိ လှုပ်ရှားမှု ရှစ်သိန်းလောက်ကို ထိန်းချုပ်ထားပါတယ်။ ဒါပေမယ့် အမေရိကန်ရဲ့ ဒီစနစ်ဟာ အလုံးစုံ ပြည့်စုံတယ်တော့ မဟုတ်ပါဘူး။ ၂၀၁၀ခုနှစ်က ဂလစ်ချ် ဆိုတဲ့ ဂျီပီအက်စ်စနစ်ဟာ သူ့ရဲ့မြေပြင်က ဆက်သွယ်ရေးစက် တစ်သောင်းလောက်နဲ့ ရက်အနည်းငယ် အဆက်အသွယ် ပြတ်ခဲ့ပါတယ်။



ဒီအချိန်မှာ တရုတ်ဟာ အာကာသထဲမှာ အင်အားတိုးချဲ့ဖို့ ပိုမိုကြိုးစားလာတာကို တွေ့ရမှာပါ။ ဂြိုဟ်တုဖျက်ဆီး ဒုံးကျည်တွေအပြင် မြေပြင်ကထိန်းချုပ်နိုင်တဲ့ ဂြိုဟ်တုအငယ်စားလေးတွေကိုပါ တီထွင်လာတာကို တွေ့ရပါတယ်။ အဲ့ဒီ ဂြိုဟ်တုလေးတွေဟာ အာကာသအတွင်းမှာ တခြားဂြိုဟ်တုတွေကို ဝင်တိုက်ဖျက်ဆီးမယ့် ကာမေကာဇေ အသေးစားလေး တွေ ဖြစ်လာမှာပါ။ အဲ့ဒီဂြိုဟ်တုလေးတွေမှာ အမေရိကန်ရဲ့ အာကာသတွင်းက စနစ်တွေကို ဖျက်ဆီးပစ်နိုင်မယ့် လေဆာစနစ်တွေ တပ်ဆင်ထားပါတယ်။ ၂၀၀၇ ခုနှစ်တုန်းက တရုတ်ကာကွယ်ရေး နည်းပညာသိပ္ပံက အကြီးတန်းဗိုလ်မှူးကြီး ယောင်ရှမ်ဇုက အမေရိကန်ဟာ ကမ္ဘာပေါ်မှာ တစ်ဦးတည်းသော အာကာသဆိုင်ရာ အင်အားကြီး မဟုတ်တော့ဘူးလို့ ထုတ်ဖော် ကြေညာခဲ့ဖူးပါတယ်။ လာမယ့် ဆယ်စုနှစ်အတွင်းမှာ တရုတ်ဟာ အရုပ်သားနဲ့ စစ်သုံးဂြိုဟ်တုပေါင်း ၁၀၀ ကျော်ကို ကမ္ဘာပတ် လမ်းကြောင်းထဲ လွှတ်တင်ဖို့ စီစဉ်ထားပါတယ်။ ထို့အတူပဲ အကြိမ်ကြိမ် အသုံးပြုနိုင်တဲ့ မောင်းသူမဲ့ အာကာသပို့ဆောင်ရေး လေယာဉ်ကိုလည်း စမ်းသပ်နေတယ်လို့ သိရပါတယ်။

## အမေရိကန်ဟာ ကမ္ဘာပေါ်မှာ တစ်ဦးတည်းသော အာကာသဆိုင်ရာ အင်အားကြီး မဟုတ်တော့ဘူး....

တရုတ်ရဲ့ အင်အားကြီးမားတဲ့ စွမ်းဆောင်ရည်အသစ် တစ်ခုကတော့ သတင်းအချက်အလက် အခြေပြု စစ်မှုရေးရာလို့ အမည်ပေးထားတဲ့ ဆိုက်ဘာစစ်ပွဲပါပဲ။ အမေရိကန်တွေက သူတို့ရဲ့ ဆိုက်ဘာ မဟာဗျူဟာဌာန ရှိသလို တရုတ်မှာလည်း ရှိနေပါပြီ။ တရုတ်တပ်မတော်ဟာ ဆိုက်ဘာဌာနမှာ ဝန်ထမ်းပေါင်း တစ်သိန်း သုံးသောင်းခန့် ခန့်ထားပါတယ်။ အမေရိကန် ကာကွယ်ရေး ဝန်ကြီး လီယွန်ပန်နက်တာက ဆိုက်ဘာပုလဲဆိပ်ကမ်း ဖြစ်လာနိုင်တယ်လို့လည်း သတိပေး ပြောကြား ခဲ့ဖူးတယ်။ အထိမခံတဲ့ State Department Network က စလို့ F35 တိုက်လေယာဉ်များ၏ ကွန်ပျူတာများအထိ ဝင်ရောက်တိုက်ခိုက် ခံရနိုင်တယ်လို့ ဆိုတယ်။

၁၉၈၄ခုနှစ်က ရိုက်ကူးခဲ့တဲ့ Red Dawn ဆိုတဲ့ ရုပ်ရှင်ထဲမှာ သရုပ်ဆောင်တစ်ယောက်က ဆိုဗီယက်နဲ့ အမေရိကန်တို့ ဘာကြောင့် စစ်ဖြစ်နိုင်လဲ ဆိုတာကို ပြောပြခဲ့ဖူးတယ်။ သူက “တကယ်လို့ လမ်းတစ်လမ်းမှာ အဆိုးဆုံး ချာတိတ်နှစ်ယောက် ရှိတယ်ဆိုရင် သူတို့ဟာ မကြာခင်မှာ ရန်ဖြစ်ကြတော့မှာလို့ ကျွန်တော် ထင်တယ်လေ”လို့ ပြောခဲ့တယ်။



ပြီးခဲ့တဲ့ နှစ်အနည်းငယ်က အဲ့ဒီ Red Dawn ဇာတ်ကားကို ပြန်လည်ရိုက်ကူးရာမှာတော့ ဆိုဗီယက် လူဆိုးတွေ နေရာမှာ တရုတ်တွေကို အစားထိုးခဲ့ပါတယ်။ ဒါပေမယ့် တရုတ်ဈေးကွက်က ပြန်ရမယ့် ဒေါ်လာငွေတွေရဲ့ မျက်နှာကို ထောက်ပြီး ဇာတ်ကားရိုက်လို့ အပြီးမှာတော့ တရုတ်နေရာမှာ မြောက်ကိုရီးယားကို အစားထိုးခဲ့ရပါတယ်။

ဒီရုပ်ရှင်က ဘာကိုပြသလဲဆိုရင် အမေရိကန်–ဆိုဗီယက် ဆက်ဆံရေးနဲ့ အမေရိကန်–တရုတ် ဆက်ဆံရေးက မတူဘူး ဆိုတာပါပဲ။ အမေရိကန်နဲ့ တရုတ်တို့ကြားမှာ ဘီလျံပေါင်းများစွာ တန်ဖိုးရှိတဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရှိနေပါတယ်။ သူတို့နှစ်ယောက်သာ စစ်ဖြစ်ခဲ့ရင် နှစ်ဖက်လုံးရဲ့ ဆုံးရှုံးမှုဟာ အလွန်ပဲ ကြီးမားပါလိမ့်မယ်။ ဒါကိုလည်း နှစ်ဖက်ခေါင်းဆောင်တွေ သိပါတယ်။ အမေရိကန်နဲ့ ဆိုဗီယက်တို့ရဲ့ ဇာတ်လမ်းဟာ ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံ ပေါ်မှာ ပြီးခဲ့တဲ့ ရာစုနှစ်ရဲ့ တစ်ဝက်လောက် နေရာယူခဲ့ပါတယ်။ အဲ့ဒီအချိန်က မဟာအင်အားကြီး နှစ်နိုင်ငံ စစ်ဖြစ်မှာကို အထူးပဲ စိုးရိမ်ခဲ့ကြပါတယ်။ ဒါပေမယ့် စစ်မဖြစ်ခဲ့ပါဘူး။ ဆုံးရှုံးရမယ့် တန်ဖိုးက များပြားလွန်းနေတဲ့ အခါမှာတော့ ခပ်ဆိုးဆိုး ချာတိတ်နှစ်ယောက်ဟာ ရန်မဖြစ်ဖို့ ဆုံးဖြတ်လိုက် ကြပါတော့တယ်။

*ကိုးကား။။*

***Inside China's Secret Arsenal by Peter W Singer***

GuruAM

စာမျက်နှာ (၄၃)မှ အဆက်...

## ၅။ FIFA 13




အားကစားဂိမ်းတွေကိုလည်း ချန်ထားလို့ မရပါဘူး။ ဒါကြောင့် ၂၀၁၂ ခုနှစ်အတွင်းမှာ ထွက်လာတဲ့ Sport Game တွေ ပြန်ကြည့်လိုက်တော့ ပြင်ဆင်မှုအား အကောင်းဆုံးနဲ့ အရင့်အရင် ထွက်ခဲ့တဲ့ ဂိမ်းတွေကို ကျော်လွန်ပြီး ဂိမ်မာတွေနဲ့ ထိတွေ့မှု အကောင်းဆုံးပေးနိုင်တဲ့ ဂိမ်းဟာ FIFA 13 ပဲ ဖြစ်တယ်။

ဗျူဟာတွေ၊ နည်းစနစ်တွေကို ခေတ်မီအောင် ပြန်လည်ပြုလုပ်ပြီး အပြင်ကနည်းပြတွေနဲ့ ကစားသမားတွေပါ လက်ကိုင်ထားရတဲ့ ဂိမ်းတစ်ခုလိုမျိုးဖြစ်နေတဲ့အတွက် လက်ကနေမချနိုင်အောင် ကစားနေကြတာကြောင့် ကနေဒါမှာရှိတဲ့ Electronic Arts အတွက် နောက်ထပ်အောင်မြင်မှု တစ်ခုအဖြစ် နာမည်ရခဲ့ပြီး ငွေကြေးအရပါ အမြတ်အစွန်း များခဲ့တယ်။

မြန်မာကျူးပစ် စာဖတ်သူ ညီအစ်ကိုမောင်နှမများ အနေနဲ့ ၂၀၁၂ ရဲ့ အကောင်းဆုံး ဂိမ်း ၅ ခု ကို ဖတ်ရှုဆော့ကစားရင်း ယခုရောက်ရှိနေတဲ့ ၂၀၁၃ခုနှစ် မှာ ကျန်းမာ ပျော်ရွှင်ပါစေလို့ ကျွန်တော် မောင်ဇော်ဂျီလေးက ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ် ခင်ဗျာ။

**ဇော်ဂျီလေး**

# Game Review

၂၀၁၂ ကုန်ဆုံးပြီးနောက် နှစ်သစ် ၂၀၁၃ သို့ ကူးပြောင်းလာပါပြီ။ ၂၀၁၃ ခုနှစ် မှာ ထွက်ရှိမယ့် ဂိမ်းတွေကို စောင့်စားရင်း ၂၀၁၂ခုနှစ် ရဲ့ အကောင်းဆုံး ဂိမ်း၊ လူဆော့ အများဆုံး ဂိမ်း၊ ရောင်းအား အကောင်းဆုံး ဂိမ်း၊ ထိပ်တန်းဝင် ဂိမ်း - Games of the Year တွေကို ရွေးထုတ်ပေးလိုက်ပါတယ်။ အဲ့ဒီ ဂိမ်းတွေကတော့ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်း အတိုင်းအတာနဲ့ တွက်ချက်ပြီးတော့ ရွေးထုတ်ထားတာဖြစ်လို့ ဂိမ်မာတွေ နဲ့ အကြိုက်ချင်း တူဖို့ နည်းနည်းလေးတော့ ခက်မယ်ဆိုတာကို ကြိုပြောထားချင်ပါတယ်။

ကဲဗျာ... ကြည့်လိုက်ကြရအောင်။

### ၁။ Journey




ဒီဂိမ်းလေးက ကျွန်တော်တို့ ဆီမှာတော့ လူသိနည်းမယ်။ ဘာလို့လည်းဆိုတော့ သူက Platform အရ PS3 တစ်ခုတည်းမှာပဲ ကစားလို့ရတယ်။ ကျွန်တော်တို့ သိတဲ့ God of War, SOCOM, Ratchet & Clank, စတဲ့ ဂိမ်းတွေရဲ့ Publisher ဖြစ်တဲ့ SCEA ကပဲ ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။

SCEA နဲ့ ThatGameCompany နဲ့ ပူးပေါင်း ထုတ်လုပ်ခြင်းဖြင့် ၂၀၁၂ မှာ ကြီးမားတဲ့ အမြတ်အစွန်းကို ရရှိစေခဲ့ပါတယ်။ Journey ဆိုတဲ့ ဂိမ်းကို ဆော့မယ်ဆိုရင်တော့ သင်ဟာ ပူပြင်းခြောက်သွေ့နေတဲ့ သဲကန္တာရထဲကနေ နိုးထလာတဲ့ သူတစ်ယောက်အဖြစ် ဆော့ကစားရမှာဖြစ်ပါတယ်။

Multi player အနေနဲ့ ဆော့ကစားလို့ ရပါတယ်။ သဲကန္တာရ ဆိုလို့ ပျင်းစရာကြီးလို့ ထင်မသွားပါနဲ့။ ထင်ထားတာနဲ့ တက်တက်စင် လွဲချော်သွားပါလိမ့်မယ်။

Japan Walt Disney လို့ တင်စားခေါ်ဝေါ်ခံရတဲ့ Studio Ghibi က ထုတ်တဲ့ Anime ဇာတ်ကောင်တွေလို မျိုးကို ThatGameCompany က ရေးဆွဲထားပြီး Best of 2012 In Game Music ဆုပါရထားတဲ့ ဒီဂိမ်းလေး က ကစားသူကို ဇာတ်သိမ်းအထိ ဆော့ချင်အောင် ဆွဲဆောင်နိုင်ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ ကန္တာရကြီးထဲ စွန့်စားတဲ့လူအနေနဲ့ တောင်ထိပ်တွေတက်၊ နေ့ညအလှည့်အပြောင်း၊ Puzzle တွေ ဖြေရှင်း သဲမုန်တိုင်းတွေ ကျော်ဖြတ် စသည့် အရသာ ပေးစွမ်းနိုင်စွမ်းရှိတဲ့ ဒီဂိမ်းလေးကို လက်မလွှတ်ဖို့ ညွှန်းလိုက်ပါရစေ။

### ၂။ Call Of Duty: Black Ops 2




ဒီဂိမ်းဟာ ဂိမ်မာတွေ အမြတ်တနိုး တောင့်တတဲ့ ဂိမ်းတစ်ခု ဖြစ်တယ်။ အနာဂတ်နဲ့ လက်ရှိ အနေအထားကို ပေါင်းစပ်ပေးထားပြီး စစ်ဆင်ရေးတွေကို အပြင်ကအတိုင်း လုပ်ပေးထားတယ်။

နောက်တစ်ခုကတော့ ပိုပြီးဆန်းသစ်လာတဲ့ ဂရပ်ဖစ်အပိုင်းတွေပဲ ဖြစ်တယ်။ ကစားရတဲ့မစ်ရှင်တွေ ပိုတိုးတက်မှု ရှိလာပြီး လက်တွေ့ဆန်လာတာကြောင့် ဂိမ်မာတွေ အတွက်တော့ Activision Square-Enix (Japan) ပေးတဲ့ တိုက်ပွဲခေါ်သံကြားက စစ်သားတစ်ယောက်လို First-person shooter အရသာကို အပြည့်အဝ ခံစားခဲ့ကြ ရတယ်။

Platform အစုံမှာ ထုတ်လုပ်ထားတာ ကြောင့်လည်း ငွေကြေးအမြတ်အစွန်းများ ကြီးစေတဲ့ ဂိမ်းတစ်ခု ဖြစ်စေခဲ့တယ်။

ဒါအပြင် ဆော့ကစားသူအနေနဲ့ မြန်မာနိုင်ငံ ပါဝင်တဲ့ မစ်ရှင်တစ်ခုကိုပါ ဆော့ကစားရမှာ ဖြစ်ပါတယ်။ အပစ်အခတ်မှု ကြိုက်တဲ့ ဂိမ်မာအတွက်တော့ လက်မလွှတ် သင့်ပါဘူး ။

**Review by:**
**ZAWGYILAY**



## ၃။ Need For Speed: Most Wanted




NFS အသစ် ဘယ်တော့ထွက်လာမလဲ ဆိုပြီးတော့ မျှော်နေတဲ့သူတွေ အတွက် အသစ်ထွက်လာတဲ့ နာမည်အဟောင်းနဲ့ ဂိမ်းအသစ် ဖြစ်ပါတယ်။

အရင်ထွက်ခဲ့တဲ့ ဂိမ်းတွေထက် သာတဲ့ အရည်အသွေး အသစ်တွေနဲ့ ပုံရိပ်တွေကို မြင်ရမှာတင်မက၊ အပြင်နဲ့မခြားတဲ့ ပြိုင်ကားမောင်းသူတစ်ယောက်ရဲ့ ခံစားမှုကို ပေးနိုင်ခဲ့သလို ဇာတ်လမ်းကောင်းကောင်း တစ်ခုကိုပါ ပေးနိုင်ခဲ့လို့ Publisher Electronic Arts အတွက်တော့ ဂုဏ်ယူစရာ ဖြစ်ခဲ့ရတယ်။ ဆော့ကစားသူ အနေနဲ့ Need for Speed ရဲ့ထုံးစံအတိုင်း ပြိုင်ပွဲတွေဝင်၊ ပြိုင်ပွဲအတွင်းမှာ တွေ့ကြုံရမယ့် ရဲကားတွေ၊ မောင်းနှင်နေတဲ့ ကားတွေ ရှောင်တိမ်းရင်း ပိုက်ဆံရှာ ကိုယ့်ကားကို အလန်းဆင်ရမှာပါ။

Need For Speed: Most Wanted အသစ် ရဲ့ feature အသစ် မြင်ကွင်းအသစ် ကားအသစ် ပြိုင်ဘက် အသစ်တွေနဲ့ ခံစားယှဉ်ပြိုင် မောင်းနှင်ကြည့်ပါဦးလို့ တိုက်တွန်း လိုက်ပါရစေခင်ဗျာ။

## ၄။ Assassin's Creed 3




AC: 3 ကို ထုတ်မယ်လို့ ပြီးခဲ့တဲ့ 2010 နှစ် အကုန်လောက်မှာ Ubisoft Montreal က ထုတ်ပြောခဲ့ပြီးနောက်မှာ အားလုံးက အဆိုပါ ဂိမ်းထွက်ရက်ကို မျှော်နေခဲ့ကြတယ်။

အောက်တိုဘာမှာ ထွက်မယ်လို့ ကြော်ငြာပြီး နောက်မှာတော့ ဂိမ်မာ အများစုက မျှော်လင့်တကြီး စောင့် စားခဲ့ပါတယ်။ ဒါပေမယ့် ထွက်မလာနိုင်ခဲ့ပါဘူး။ နိုဝင်ဘာ 2012 အတွင်းမှာတော့ Platform အစုံအတွက် Ubisoft ကနေ ဈေးကွက်ကို စီးပြီး ထုတ် ဝေခဲ့တယ်။

အောင်မြင်မှုတွေ အမြောက်အများရခဲ့သလို ရောင်း ကောင်းတဲ့ ဂိမ်းတစ်ခုလည်း ဖြစ်ခဲ့ရတယ်။ 18th Century Colonial America မှာ ဘာတွေ ဖြစ်နေခဲ့သလဲ ဆိုတာကို လေ့လာနိုင်မှာ ဖြစ်သလို ရုပ်ထွက်ကောင်းတဲ့ ဂိမ်းတစ်ခု ဖြစ်တာကြောင့် ဂိမ်မာတွေ မျှော်ရကျိုးနပ်ခဲ့တဲ့ ဂိမ်းတစ်ခုဖြစ်တယ်။

Weather တွေကို လိုအပ်သလို Snow, Fog, နဲ့ Rain စသဖြင့် ထည့်ပေးထားခဲ့တာကြောင့် ပိုအသက်ဝင်ခဲ့ပြီး အရင်လိုမျိုး အဆောက်အဦးတွေကို တက်ရမှာလည်း မလွယ်တော့သလို စစ်သားတွေ တွေ့တာနဲ့ တိုက်ခိုက်မှုတွေ ဖြစ်ပွားရတာမျိုးတွေအထိ လက်တွေ့နဲ့ ပိုနီးစပ်အောင်လို့ လုပ်ပေးထားနိုင်ခဲ့တယ်။

ကစားသူအနေနဲ့ Connor Kenway လို့ ခေါ်တဲ့ English တစ်ဝက် နဲ့ Mohawk လူမျိုး တစ်ဝက် သွေးနှောတဲ့ သူအနေနဲ့ ကစားရမှာဖြစ်တယ်။

Connor Kenway ကို Birth Name အနေနဲ့ခေါ်တာကတော့ Ratohnhaké:ton (pronounced Ra-doon-ha-gay-doon) ပါပဲ။ သူဟာ Assassin ဖြစ်တယ်။

နိုင်လိုမင်းထက်ပြုမှုတဲ့ နယ်ချဲ့အဖြူကောင်တွေကို ပြန်လည်ပြီးတော့ လက်စားချေရမှာဖြစ်တယ်။

ဒီအထဲမှာ အချိန်အခါနဲ့ သမိုင်းအရ ပါလာနိုင်တဲ့ နိုင်ငံတော် အကြီးအကဲတွေအဖြစ် သက်ရှိထင်ရှားရှိခဲ့ကြတဲ့ ကိုလိုနီ ခေတ်က ဩဇာကြီးခဲ့ကြသူတွေကို တွေ့ရမှာဖြစ်တယ်။

သူတို့တွေကတော့ George Washington, Benjamin Franklin, Thomas Jefferson, Israel Putnam, General Lafayette နဲ့ Charles Lee တို့ပဲ ဖြစ်တယ်။

စာမျက်နှာ (၄၁) သို့...



# သိုင်းဝတ္ထုများအကြောင်း တစေ့တစောင်း



တရုတ်သိုင်းဝတ္ထုများကို မြန်မာပြည်သူများနှင့် စတင်မိတ်ဆက် ရေးသားသူမှာ မြန်မာပြည်၏ ဂန္ထဝင်တရုတ်သိုင်းဝတ္ထု စာရေးဆရာကြီး တက္ကသိုလ်ဘုန်းကြွယ်ပင် ဖြစ်သည်။ အချိန်ကာလအားဖြင့် ၁၉၇၀ ဝန်းကျင် ဖြစ်သည်။

စတင်ရေးသားစဉ်က တရုတ်ဇာတ်ကောင်အမည်များနှင့် နေရာများကို မြန်မာဇာတ်ကောင်အမည်များ၊ နေရာများနှင့် ပြောင်းလဲ ရေးသားခဲ့ကြပါသည်။ ၁၉၇၉ ခုနှစ်တွင် တရုတ်စာရေးဆရာကြီး ကျင်းယုံ၏ သိမ်းငှက်ပစ်သူရဲကောင်း တရုတ်ဝတ္ထုကို မြန်မာမှုပြုထားသော "ကိုးသင်္ချိုင်းမှ စိန်ခေါ်သံ" အခန်းဆက်သိုင်းဝတ္ထုရှည်ဖြင့် နာမည်စတင်ကျော်ကြားလာသော ဂန္ထဝင်တရုတ်သိုင်းဝတ္ထု စာရေးဆရာကြီး တက္ကသိုလ်ဘုန်းကြွယ်သည် ဇာတ်သိမ်းပိုင်းဖြစ်သော လင်းယုန်မောင်မယ်ကို ညီဖြစ်သူ တက္ကသိုလ်ဝင်းကြွယ်နှင့် ပူးပေါင်းရေးသားပြီးနောက် အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ အချိန်ကာလအားဖြင့် ၁၉၇၅ ဝန်းကျင် ဖြစ်သည်။

ထို့နောက်တွင်တော့ ညီဖြစ်သူ တက္ကသိုလ်ဝင်းကြွယ်သည် ကလောင်အမည် တက္ကသိုလ်ဝင်းကြွယ်ဖြင့် ၂အုပ်တွဲ လူစွမ်းကောင်းခုနစ်ဖော်သိုင်းဝတ္ထုကို ၁၉၇၇ ခန့်တွင် စတင်ရေးသားခဲ့သည်။ မြန်မာဇာတ်ကောင်အမည် ကျော်စွာအောင်၊ ငယ်ထွေးတို့ပါဝင်သော မျိုးရိုးခုနစ်ဆက် ဓား ၄ အုပ်တွဲဖြင့် နာမည်ကျော်ကြားစပြုလာသည်။ တက္ကသိုလ်ဝင်းကြွယ်သည် မူရင်းကလောင်နှင့်အတူ ကလောင်ခွဲ တက္ကသိုလ်ဘုန်းကြွယ်ဖြင့် သိုင်းဝတ္ထုပေါင်း ၂၀၀ခန့်ကို ရေးသားခဲ့ပါသည်။

၁၉၈၀ ခန့်တွင် တက္ကသိုလ်နေလင်းအောင်သည် တရုတ်စာရေးဆရာကြီးကျင်းယုံ၏ ရှောက်အောကျန်းဟူ တရုတ်ဝတ္ထုကို မြန်မာမှု မပြုဘဲ "သိုင်းလောက၏ စိန်ခေါ်သံ" အမည်ဖြင့် ရေးသားလိုက်သောအခါ ပရိသတ်၏ အားပေးမှုကို ရရှိခဲ့လေသည်။ တက္ကသိုလ် ဝင်းကြွယ်သည်လည်း ၁၉၈၂ ခန့်တွင် ရှောက်အောကျန်းဟူ တရုတ်ဝတ္ထုကို မိစ္ဆာရှင်းဓားအမည်ဖြင့် ၆အုပ်တွဲ ရေးသားခဲ့သော်လည်း တက္ကသိုလ်နေလင်းအောင်လောက် ပရိတ်သတ်၏အားပေးမှုကို မရရှိခဲ့ပေ။ တက္ကသိုလ်နေလင်းအောင်၏ အခြား ထင်ရှားသော စာစဉ်များမှာ မိုးနဂါးဓား၊ သိုင်းတံခွန်တို့ ဖြစ်သည်။

**မျိုးမျိုး**



သိုင်းဝတ္ထုစာအုပ်များဖြင့် ထင်ရှားသော စာရေးဆရာ အမည်များမှာ တက္ကသိုလ်ဘုန်းကြွယ်၊ တက္ကသိုလ်ဝင်းကြွယ်၊ တက္ကသိုလ်နေလင်းအောင်၊ စိုးမောင်မောင်၊ မောင်နှင်းဆွေ၊ မိုးကျော်သူ၊ ရဲမာန်အောင်၊ ရဲလင်းအောင်၊ ရဲရန်အောင်၊ ရဲမင်းဟိန်း၊ နန္ဒကျော်သူတို့ ဖြစ်ပါသည်။ စိုးမောင်မောင်၏ ထင်ရှားသော စာစဉ်မှာ ယန်ကြံစိန်၊ ဖေ့ရှန်းရှန်းတို့ပါဝင်သော မိုးနှင်းဓား ဖြစ်သည်။ မောင်နှင်းဆွေ၏ ထင်ရှားသော စာစဉ်များမှာ ကြာပန်းမာလာသိုင်းသမား၊ ကွဲ့စု ပါဝင်သော ကြာပန်းတောင်ကုန်းမှ သိုင်းသမား၊ ရှောင်ပိုင်ဖုန် ပါဝင်သော လျှို့ဝှက်သခင် သိုင်းဘုရင်တို့ဖြစ်သည်။ တရုတ်ဝတ္ထုကို မြန်မာမှုပြုသောအခါ ပင်ပန်းသောကြောင့် ၁၉၈၀ နောက်ပိုင်းတွင် တရုတ်ဇာတ်ကောင်အမည်များနှင့်သာ ထုတ်ဝေကြပါတော့သည်။

၁၉၇၅ ဝန်းကျင်တွင် စာအုပ်တန်ဖိုးမှာ ဝယ်ယူခ တစ်အုပ် ၁၅ကျပ်၊ ငှားရမ်းခ ၁ ကျပ် ၁၀း သာ ရှိခဲ့ရာမှ နောက်ပိုင်း တစ်အုပ် ၂၀ ကျပ် စသည်ဖြင့် စျေးနှုန်းများ တက်လာခဲ့ပါသည်။ စာတစ်အုပ်တွင် စာမျက်နှာပေါင်း ၄၀၀ကျော် ရှိခဲ့ရာမှာလည်း စာမျက်နှာများ တဖြည်းဖြည်း လျော့နည်းလာခဲ့ပါသည်။

တရုတ်စာရေးဆရာကြီး ကျင်းယုံ၏ တရုတ်ဝတ္ထုများကို ဘာသာပြန်ထားသော စာစဉ်အမည်နှင့် စာရေးဆရာ အမည်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| | |
|---|---|
| * ကိုးသချိုင်းမှ စိန်ခေါ်သံ | (ဘုန်းကြွယ်) |
| * သိုင်းလောက သူရဲကောင်းများ | (မိုးကျော်သူ) |
| * သိမ်းငှက်ပစ် သူရဲကောင်း | (ဇင်ကျောင်းရဲလိ) |
| * သိုင်းမျိုးဆက်၏ ရန်ဘက်ချစ်သူ | (ဘုန်းကြွယ်) |
| * သိုင်းလောကမောင်မယ်များ | (မိုးကျော်သူ) |
| * သိုင်းသမား၏ မေတ္တာရှင် | (ရဲရန်အောင်) |
| * သိုင်းလောက၏ စိန်ခေါ်သံ | (နေလင်းအောင်) |
| * မိစ္ဆာရှင်းဓားနှင့် နဂါးနိုင်လက်ဝါး | (ဝင်းကြွယ်) |
| * နဂါးနိုင်ဓား | (နေလင်းအောင်) |
| * နေခြည်ဓားနှင့် လေပြည်ဓား | (ရဲမာန်အောင်) |

၁၉၉၅ တွင် မြဝတီရုပ်သံမှ ပိုးမင်းသား၏သိုင်းဝိဉာဉ် ပြသခြင်းနှင့်အတူ သိုင်းဝတ္ထုများကို ပရိတ်သတ် စိတ်ဝင်စားမှုများ ပြန်လည် မြင့်တက်ခဲ့သည်။

မိုးကျော်သူကလည်း တရုတ်စာရေးဆရာကြီး ဝမ်အင်း၏ ထင်ချန်းပြန့်ကို ဂူတန်တောင်မှ အညတရသိုင်းသမား အမည်ဖြင့် ဘာသာပြန်ခဲ့သည်။ ထိုမှစ၍ သိုင်းဝတ္ထုများ ပြန်လည် ခေတ်စားခဲ့ပြီး ဒုတိယအကြိမ် ဆက်လက်ထုတ်ဝေလာခဲ့သည်။ မြဝတီရုပ်သံမှ သိုင်းကားများ ဆက်လက်ပြသခဲ့သည်။ မိုးကျော်သူ၏ ထင်ရှားသော စာစဉ်များမှာ ငါးကလေးနှင့် စုအင်းတို့ ပါဝင်သော ကုလုံ၏ ရန်သူ့ရင်သွေး၊ စင်ကျဲပါဝင်သော ခုနစ်စဉ်ကြယ်ဓားတို့ဖြစ်သည်။

တက္ကသိုလ်နေလင်းအောင် အမေရိကန်နိုင်ငံ အရှေ့ပိုင်းသို့ ထွက်ခွာသွားခဲ့ပြီးနောက် သူ၏ တပည့် ၂ယောက်မှ သိုင်းဝတ္ထုများ ဆက်လက် ထုတ်ဝေခဲ့သည်။

နောက်ပိုင်းတွင် စာရေးဆရာအချို့သည် ထင်ရှားသော သိုင်းကလောင်ရှင်များ၏အမည်ကို ယူသုံး ရေးသားလာကြရာ သိုင်းဝတ္ထုများ၏ အရည်အသွေးမှာ ကျဆင်းလာရသည်။

အွန်လိုင်းပေါ်သို့ သိုင်းဝတ္ထုများကို စတင်ရေးသား တင်ပေးသူများမှာ မြန်မာ့မျှားနတ်မောင် ဖိုရမ်မှ မန်ဘာအဖွဲ့ဝင်များပင် ဖြစ်သည်။ ၂၀၀၇ မေလတွင် သိုင်းလောက၏စိန်ခေါ်သံ စာအုပ်ကို နီယိုမှ စကင်ဖတ်၍ မြန်မာ့မျှားနတ်မောင်တွင် တင်ပေးခဲ့ပြီးနောက် ဗီးနပ်(စ်)၊ သန်းဒါဟော့၊ ချစ်နှင်းဆီ၊ ဘေးထွက်၊ သရဲနက် အစရှိသည့် အဖွဲ့သားများမှ စာရိုက်တင်ပေးခဲ့သည်။ နဂါးနိုင်ဓား စာအုပ်ကိုလည်း ရိန်း၊ ရှုံးတီတို့မှ စာရိုက်တင်ပေးခဲ့သည်။ ညီလင်းယေမှလည်း သိုင်းဝတ္ထုများစွာကို မြန်မာ့မျှားနတ်မောင်တွင် စကင်ဖတ်ပြီး တင်ပေးခဲ့သည်။

သိုင်းဝတ္ထုရေးသားရာတွင် ကလောင်အသစ်များ မထွက်ရှိသည်မှာ နှစ်(၃၀)ခန့် ရှိရာမှ ကလောင်အသစ်များ ဖြစ်ကြသော မြန်မာ့မျှားနတ်မောင်ဖိုရမ်မှ မန်ဘာအဖွဲ့ဝင်များဖြစ်သည့် ဟော့ရှော့၊ မောင်ဘတ်၊ စိုင်းနော်တို့မှ တရုတ်စာရေးဆရာကြီး ကုလုံ၏ သိုင်းဝတ္ထုများကို မြန်မာ့မျှားနတ်မောင်တွင် မြန်မာဘာသာသို့ ပြန်ပေးခဲ့ကြသဖြင့် သိုင်းဝတ္ထုကို စိတ်ဝင်စားမှုများ ပြန်မြင့်တက်လာခဲ့သည်။

မျိုးမျိုး



# စိတ်ပျော်ရွှင် ကျန်းမာအောင် နေနည်း

စိတ်ညစ်တယ်၊ စိုးရိမ်သောကတွေများနေရတယ်၊ စိတ်ပင်ပန်းလို့ ညအိပ်မပျော်ဘူး၊ ဆိုတာတွေကို တစ်ခါတစ်ရံ ပြောနေကြသံ ကြားရပါတယ်၊ တချို့များဆို ဘဝ မှာ နေရတာ မပျော်ဘူးလို့ ညည်းညူတတ်ကြပါသေးတယ်။

ဒီလို စိတ်ညစ်ရတာတွေ စိုးရိမ်သောကတွေများနေရတာတွေ လျော့ကျစေဖို့ ည အိပ်မပျော်ဖြစ်ရသည်အထိ စိတ်ပင်ပန်းနေရတာတို့ တစ်ခါတစ်ခါ ဘဝမှာ နေချင်စိတ် ပျောက်ရလောက်အောင် ခံစားနေရမှုများကို ဘယ်လိုများ သက်သာအောင် ကုစားရပါ့မလဲ။ စိတ်နဲ့ပါတ်သက်တဲ့ ဝေဒနာမျိုးဆိုတာ ဆေးစားရုံသက်သက်နဲ့ မပျောက်ကင်းနိုင်ပါဘူး၊ မိမိကိုယ်တိုင်က စိတ်ထားတတ်မှ၊ စိတ်အနေတတ်မှ ပျောက်ကင်းနိုင်တဲ့ ရောဂါမျိုးဖြစ်တာမို့ မိမိရဲ့စိတ်ကို ဘယ်လိုမျိုး ပျော်အောင် ထားကြမလဲ၊ လောကကြီးမှာ နေတတ်အောင် ဘယ်လိုနေသင့်ကြသလဲ ဆိုတာ ဘုရားဟောနဲ့အညီ မျှဝေချင်ပါတယ်။

စိတ်မပျော်ဘူး၊ စိတ်ညစ်နေရတယ် ဆိုတာ စိတ်ထဲမှာ အညစ်အကြေး တစ်စုံတစ်ရာ ပိတ်ဆို့နေတာမို့ စိတ်မှာ လာထိခိုက်တာပါ။ စိတ်ကို ဖြောင့်ဖြောင့်ဖြူးဖြူး သက်သက်သာသာ နေလို့မရအောင် ဘယ်လို အခြေအနေမျိုးမှာ ဘာတွေက တားဆီးပိတ်ဆို့တတ်သလဲဆိုတာကို လေ့လာ ဆန်းစစ် ကြည့်ရအောင်။

ဗုဒ္ဓမြတ်စွာဘုရားက ယောဂီတို့ တရားအားထုတ်ရာမှာ နှောင့်နှေးစေအောင် ဉာဏ်ပညာကိုလည်း ပိတ်ပင်၊ ကုသိုလ်တရားများကိုလည်း ပိတ်ပင်စေတတ်တဲ့ အကြောင်းတရား၊ စိတ်အညစ်အကြေး ၅မျိုးကို (နီဝရဏတရား ၅ပါး – ပိတ်ပင်တားဆီးခြင်း တရား ၅ပါး အနေနဲ့) ဟောကြားပေးခဲ့ပါတယ်။ ဘုရားဟောကို ကိုယ်နေထိုင်နေရတဲ့ လောကီ ဘဝထဲမှာ ဆွဲယူ ကျင့်သုံးကြည့်လိုက်တဲ့အခါ စိတ်မပျော်နိုင် စိတ်ညစ်တာတွေ ဖြစ်ရတာဟာ အောက်ပါ အကြောင်းအချက်များထဲက တစ်ခုခုကြောင့် ဖြစ်မလားဆိုတာ မိမိကိုယ်ကို ဆင်ခြင် သုံးသပ်သင့်ပါတယ်။

(၁) မတော်လောဘတို့ဖြင့် ကိုယ်ရနေသည်ထက်၊ ရသင့်သည်ထက်၊ ရနိုင်သည်ထက် ပို၍ လိုချင်တောင့်တ စိတ်များ ကြီးထွားနေခြင်း။ ကိုယ်ကကောင်းတယ်ထင်သော အရာမှန်သမျှအပေါ် တပ်မက်မှုများ တားဆီးမရနိုင်စွာဖြင့် မရလိုက်မှာကို စိုးရမ်ပူပန်သောကရောက်နေခြင်း။

(၂) မတော်ဒေါသတို့ဖြင့် မိမိသဘောနှင့်မတွေ့ပါက မကျေနပ်မှုများ ပြည့်လျှံနေခြင်း၊ သူတစ်ပါး ကောင်းစားသည်ကို မမြင်နိုင်၊ မိမိအကျိုးအတွက် သူတစ်ပါးကို ဒုက္ခရောက်စေ၊ ပျက်စီးစေလိုခြင်း။ နမြောတွန့်တိုစိတ်ဖြင့် မိမိ ပစ္စည်းဥစ္စာများ အနည်းငယ်မျှလေးပင် ဆုံးရှုံး ရမှာကို စိုးရိမ်ပူပန်သောကများနေခြင်း။

(၃) ထကြွလုံ့လနည်း၊ ပျင်းရိ လေးလံ ထိုင်းမှိုင်းမှုများနှင့် သတိ အသိ ပညာ မပြည့်ဝမှုကြောင့် သူတစ်ပါးနီးတူ လိုရာ ပန်းတိုင်ကို မှန်ကန်စွာ မရောက်ရှိနိုင်ခြင်း။

(၄) စိတ်တည်ငြိမ်မှု မရှိ၊ ပျံ့လွင့်နေကာ စိတ်နှလုံးမသာမယာဖြင့် ဖြစ်ပြီးပျက်ပြီးတဲ့ အတိတ်က အမှားများ၊ မလုပ်ဖြစ်ခဲ့သည့် အကြောင်းအရာကိစ္စများကို ပြန်လည်တွေးတာ ပူပန်ကာ သောက နောင်တများ ပြည့်နှက်နေခြင်း။

(၅) မှန်ကန်စွာ တွေးခေါ်နိုင်ခြင်း မရှိ၊ မိမိကိုယ်ကိုလည်း စိတ်ချယုံကြည်မှုမရှိ၊ ဘယ်အရာကိုမျှ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင်ခြင်းများမရှိ၊ ချီတုံချတုံ အမျိုးမျိုးအထွေထွေ ဆုံးဖြတ်ချက်များနှင့်အတူ ပူပန်သောကရောက်နေရခြင်း၊ ကောင်းမှုတရားများ လုပ်ဆောင်ခြင်းအပေါ်တွင်လည်း ယုံမှားသံသယများ ပွားများနေခြင်းတို့ ဖြစ်ပါတယ်။

ထိုအကြောင်းတရားများထဲမှ တစ်ခုခု စိတ်ထဲဝင်လာပါက ဖြူစင်နေတဲ့ စိတ်ဟာ သောကများကြောင့် လျင်မြန်စွာပင် ညစ်ထွေးသွားတော့တယ်။ ညစ်ထွေးနေတဲ့စိတ်နဲ့လူဟာ စိတ်ပျော်ရွှင်မှု ဘယ်မှာ ရှိနိုင်ပါတော့မလဲ၊ စိတ်ပျော်ရွှင်မှု မရှိတဲ့သူဟာ ဘယ်မှာလာပြီး ကျန်းမာနိုင်တော့မှာလဲ။ ဒါကြောင့် အဲဒီ စိတ်အညစ်အကြေးတွေ ဝင်လာတဲ့နဲ့ တပြိုက်နက် ကြာကြာအဝင်မခံပဲ ဖယ်ရှားနိုင်ဖို့၊ အတတ်နိုင်ဆုံး စိတ်ကိုဖြူဖြူစင်စင် ထားနိုင်ဖို့ သတိတရားနဲ့ ကြိုးစားရပါမယ်။ ဒါမှလည်း လောကကြီး နေရတဲ့ ခဏလေးမှာ စိတ်ပျော်ရွှင် ကျန်းမာစွာ နေနိုင်သွားကြပါလိမ့်မယ်။

ကိုးကား။ ။ နီဝရဏငါးပါးပယ်ပုံ၊ ဈာနဝိဘင်္ဂ၊ ဝိဘင်္ဂပါဠိတော်၊ အဘိဓမ္မပိဋက

မေတ္တာဖြင့်… မရွှေစု

## နီဝရဏငါးပါးပယ်ပုံ၊ ဈာနဝိတက်၊ ဝိတက်ပါဠိတော်၊ အဘိဓမ္မပိဋက

(၁) ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာဟူသော) လောက၌ တပ်မက်ခြင်း 'အဘိဇ္ဈာ' ကို ပယ်၍ တပ်မက်ခြင်း 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့် နေ၏။ တပ်မက်ခြင်း 'အဘိဇ္ဈာ' မှ စိတ်ကို စင်ကြယ်စေ၏။

(၂) ပျက်စီးစေလိုမှု 'ဒေါသ' ကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလားလျက် နေ၏။ ပျက်စီးစေလိုသော 'ဒေါသ' မှ စိတ်ကို စင်ကြယ် စေ၏။

(၃) လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကို ပယ်၍ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ ကင်းသည် ဖြစ်၍ အလင်းရောင်၌ ဖြစ်သော အမှတ်သညာရှိသည် ဖြစ်၍ သတိ, ပညာနှင့် ပြည့်စုံလျက် နေ၏။ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ စိတ်ကို စင်ကြယ်စေ၏။

(၄) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည် ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' မှ စိတ်ကို စင်ကြယ်စေ၏။

(၅) ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ပယ်၍ ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို လွန်မြောက်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏။ ယုံမှားမှု 'ဝိစိကိစ္ဆာ' မှ စိတ်ကို စင်ကြယ်စေ၏။

စာမျက်နှာ (၄၉) မှ အဆက်...

ရှေးမြန်မာမင်းများလက်ထက်မှစ၍ ယခုခေတ်တိုင်အောင် ခေတ်အဆက်ဆက် ပုဂ္ဂလဓာတ်ကျမ်းကို ဖော်ထုတ်ခဲ့သူများနှင့် ထင်ရှားသူတချို့မှာ စလေဆရာဦးပုည၊ ဆရာပို၊ အောက်ပြည်အောက်ရွာသို့ ဓာတ်ပညာများ အဆင့်ဆင့်ဖြန့်ဖြူးပေးခဲ့ကြသော ဆရာဆောင်၊ ဒွါရသာသနာပိုင် အုတ်ဖိုဆရာတော်တို့အပြင် ဆရာမှဲ့ကြီး၊ ဆရာဦးသာဒွန်းအောင်၊ ပုဂ္ဂလဓာတ်ကျမ်းရေးသူ ဓာတ်ဆရာကြီးဆရာသန့်၊ ဆရာသန့်အတွက် ပေစာများ ကူးယူပေးခဲ့သူ ဆရာကြီးပီမိုးနင်း၏ဖခင် ဆရာဖြိုး၊ ဆရာတော်ခင်ကြီးဖျော်အနွယ်ဝင် အိုင်ကလောင်ဓာတ်ဆရာကြီးဆရာလှိုင်၊ ဆရာကျန်၊ ဆရာခိုင်၊ ဓာတ်ဆရာကြီးဆရာလှိုင်၏ တပည့်သားသမီးများဖြစ်ကြသော ပုဂ္ဂလပညတ် အခြေခံဓာတ်ကျမ်းရေးသူ (သတင်းစာ နှင့် စာရေးဆရာ အထောက်တော်လှအောင်၏ ဖခင်) တိုင်းရင်းဆေးဆရာကြီး ဦးသာတင့်၊ သတင်းစာနှင့် စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၊ အိုင်ကလောင်ဓာတ်ဆရာကြီး ဆရာလှိုင်ရဲ့သမီး ဒေါ်သန်းခင်၊ နေလဝိဇ္ဇာဆရာခိုင်၏မျိုးဆက် ဆရာကြီးဦးဝင်းကြည်၊ ဆရာမကြီးဒေါ်သင်းကြည် နှင့် ဓာတ်လက္ခဏာကျမ်းများ ရေးသားထုတ်ဝေလျှက်ရှိသော ဆရာဦးကျော်လင်း (နေလဝိဇ္ဇာ) တို့ ဖြစ်ကြပါသည်။ ယခုအခါ အနောက်တိုင်းဆေးပညာရှင် ဆရာဝန်များမှအစ ဤပညာကို လေ့လာဖေါ်ထုတ်ပေးလျှက်ရှိပြီး မြန်မာနိုင်ငံရှိ တိုင်းရင်းဆေးတက္ကသိုလ်များတွင်လည်း တိုင်းရင်းဆေးဆရာကြီးများနှင့် ပူးတွဲကာ ပုဂ္ဂလဓာတ်ပညာကို သင်ကြားပြသပေးလျက် ရှိပါသည်။

ကိုးကား။

ပုဂ္ဂလပညတ်အခြေခံဓာတ်ကျမ်း – ဆရာကြီးဦးသာတင့်

ခန္ဓာဗေဒဓာတ်လက္ခဏာကျမ်း – ဓာတ်ဆရာဦးကျော်လင်း

ဆေးပညာဆောင်းပါးပေါင်းချုပ် – ဂျာနယ်ကျော်မမလေး

နေ၊ လ ဓာတ်စာ စာရင်း – Kohappyvalley မှ ကူညီသည်။

မေတ္တာဖြင့်... မရွှေစု

# အစာလည်းဆေး ဆေးလည်းအစာ နေလဓာတ်ပညာ

လူသားတိုင်း ကျန်းမာရေးနှင့် ပြည့်စုံလိုကြသည်၊ လှပလိုကြသည်၊ ကြံ့ခိုင်လိုကြသည်၊ အသက်ရှည်လိုကြသည်။ ထိုသို့ လှပ ကျန်းမာ သက်ရှည် ကြံ့ခိုင်စေဖို့အတွက် မိမိတို့ နေ့စဉ် မှီဝဲစားသောက်နေကြရသော အစားအစာများကို မိမိနှင့် သင့်မသင့် လျော်မလျော် ချင့်ချိန်ပြီး မှန်မှန်ကန်ကန် မှီဝဲစားသောက်တတ်ဖို့ များစွာလိုအပ်လှပေသည်။

ခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်း ထိမ်းသိမ်းလာခဲ့သော မြန်မာ့ရိုးရာ မြန်မာ့တိုင်းရင်း ဆေးပညာရပ်များထဲမှ နေလဆေးပညာရပ်သည် ရှေးခေတ်အခါက မြန်မာတို့၏ ဆေးကုထုံးများအနက် ဓာတ်နည်းကုထုံး ဟုခေါ်သော အစားအသောက်တို့ကို သင့်လျော်အောင် ရွေးချယ်ပြီး ဝေဒနာအလျောက် စားသောက်စေခြင်း၊ လိမ်းစေ၊ လူးစေခြင်း စသော နေလ ဓာတ်ပညာနည်း ဖြစ်ပါသည်။

ကမ္ဘာပေါ်မှာ ဖြစ်ပေါ်လာသော ရုပ်များသည် တည်မြဲနေခြင်းမရှိဘဲ အစဉ်သဖြင့် အပူဓာတ် အအေးဓာတ် တို့ဖြင့် ဖောက်လွဲဖောက်ပြန် ပြုခြင်းကို ခံနေကြရသောကြောင့် ထိုဓာတ်တို့၏ ပြုပြင်ဖန်ဆင်းမှုဖြင့် တည်တံ့နေသော ရုပ်အမျိုးမျိုးကို ခွဲခြားသိသာအောင် စုံစမ်းပြီး ကုသခြင်းလည်း ဖြစ်၏။ တစ်နည်းဆိုရသော် နေလ ဓာတ်ပညာဆိုသည်မှာ ရောဂါကို အဓိကထားပြီး ကုသခြင်း မဟုတ်၊ အပူကြိုက်သည့်လူ၊ အအေးကြိုက်သည့်လူ၊ အပူနာ၊ အအေးနာ ခွဲခြားပြီး ကုသခြင်း ဖြစ်ပေသည်။

ပုဂ္ဂလဓာတ်ပညာ ဟုလည်း ခေါ်ဆိုနိုင်၍ ရှေးဦးစွာ ပညတ်နှင့် ပရမတ်ကို ကွဲပြားထင်ရှားအောင် ပြစွမ်းနိုင်သော အခြေခံပညာမျိုး ဖြစ်သည်။

ပညတ်ဟု ဆိုရာတွင် လူသားအပေါင်းတို့က မိမိတို့ ဘာသာအလျောက် ခေါ်ဝေါ်နေကြခြင်းကို ပညတ်ဟု ဆိုကြသည်။ တနည်းအားဖြင့် အခြေခံ အကြောင်းအချက် လုံလောက်စွာပြု၍ ခေါ်ဝေါ်ခြင်းကို ပညတ်ဟု ဆိုသည်။ ထို့ကြောင့် ပညတ်ဆိုသည်မှာ ဝေါဟာရအားဖြင့် လူတို့ ခေါ်ဝေါ်နေကြသည့် အမည်နာမ၊ အသုံးအနှုန်း စသည်များဖြစ်၏။

## မြန်မာ့တိုင်းရင်းဆေးပညာ မိတ်ဆက်

ပုဂ္ဂလပညတ် - Concepts of Individuals နယ်ပယ်ကို အကျဉ်းချုပ်လိုက်သောအခါ အက္ခရာပညတ်၊ သင်္ချာပညတ်၊ နေ့ပညတ်ဟူ၍ ပညတ် ၃မျိုး ထွက်လာသည်။ ထို့အပြင် ရေ၊ မြေ၊ လေ၊ မီး ဟူသော ဓာတ်ကြီး၄ပါးသည် နိယာမ အစဉ်မပျက် ကမ္ဘာအဆက်ဆက် တည်ကြကုန်သည်။ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီး၄ပါးကို အန္တော၊ ဂန္ဓော၊ စရေ၊ ဝံသ ချ ၍ဓာတ်ခွဲလိုက်သောအခါ ၈မျိုးကွဲကာ အဖိုအမ ဓာတ်များတွဲပေါ်လာသည်။

ထိုသို့ဖြင့် ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို ပညတ်တို့ဖြင့် ယှဉ်တွဲလျက် လူနာနှင့် တည့်သည့်ဓာတ် မတည့်သည့်ဓာတ်တို့ကို ဇကန်မလွဲ သိနိုင်အောင် လေ့လာသင်ယူပြီး ကုသပေးသောနည်း ဖြစ်လေသည်။

ပမာပြုရသော် လောက၌ ရှိရှိသမျှသော အရာဝတ္ထု သက်ရှိသက်မဲ့များအားလုံးကို အက္ခရာအားဖြင့်သာလျှင် အမည်ပညတ် သတ်မှတ်ကြရသည်။ အက္ခရာများကို ရှောင်၍ မရနိုင်ချေ။ အစားအစာ မှန်သမျှ ဆေးပင်မှန်သမျှတို့ကိုလည်း အမည်ပညတ်များဖြင့် သတ်မှတ်ထားရလေရာ ဗျည်းများ၊ သရများနှင့် လွတ်ကင်း၍ မရနိုင်ချေ။ ထိုပညတ်များနှင့် ယှဉ်တွဲပြီး သင့်မသင့်၊ လျော်မလျော် ချင့်ချိန် စားသောက်ရန် နေဂိုဏ်း လဂိုဏ်းများ ခွဲပေးလျက် လူနာနှင့် တည့်သော မတည့်သော အစာများ ခွဲခြားသတ်မှတ်ပေးခြင်း၊ ရုပ်ဆေး (လူးဆေး)၊ နာမ်ဆေး (သောက်ဆေး) များဖြင့် ကုသခြင်းလည်း ဖြစ်ပါသည်။

ထိုသို့ လူတစ်ဦးစီမှာ ရှိနိုင်သည့် တည့်သည့်ဓာတ် မတည့်သည့်ဓာတ်များအရ ချင့်ချိန်စားသောက်နေထိုင်ပြီး ကုသရသော မြန်မာတိုင်းရင်းဆေးပညာ တစ်ရပ်ဖြစ်သည့် ပုဂ္ဂလပညတ် နေလဓာတ်ပညာသည်ကား လူနာကို ကံသေကံမ ရောဂါပျောက်မပျောက် (ဝဋ်နာကံနာများကို ခွင်းချက်ပြုနိုင်ရန်) တာဝန်မခံနိုင်သော်လည်း အကြံပြုထားသော အစားအစာ၊ ပေးလိုက်သော ဆေးများနှင့် လူနာ တည့်မတည့်ကိုကား အာမခံနိုင်ပေလိမ့်မည်။

# အမည်ပညတ် လိုက်၍ နေဂိုဏ်း လဂိုဏ်း ခွဲခြင်း

**နေဂိုဏ်း**

စ၊ ဆ၊ ဇ၊ ဈ၊ ည

ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ

တ၊ ထ၊ ဒ၊ ဓ၊ န

ရ

အ၊ ဥ

ယင်းဗျည်းတို့၏ အသံပါသမျှတို့သည် ပါပပညတ်များ ဖြစ်ကြသည်။ နေဂိုဏ်းဖြစ်သည်။

ဥပမာ – လူ၏အမည်များဖြစ်သော မောင်အုန်း၊ မောင်ဥာဏ်၊ မောင်ထွန်း၊ မောင်ရွှေတို့သည် ပါပပညတ် (နေဂိုဏ်း) များ ဖြစ်သည်။ ပါပပညတ်ပါသောအမည်ရှိသူသည် ပါပပညတ် အမည်ပါသော ဆေးဝါး၊ အစားအစာတို့ကိုသာ စားသောက်ရမည်။

**လဂိုဏ်း**

က၊ ခ၊ ဂ၊ ဃ၊ င

ပ၊ ဖ၊ ဗ၊ ဘ၊ မ

ယ၊ လ၊ ဝ

သ၊ ဟ

ယင်းဗျည်းတို့၏ အသံပါသမျှတို့သည် သောမပညတ်များ ဖြစ်ကြသည်။ လဂိုဏ်း ဖြစ်သည်။

ဥပမာ – လူ၏အမည်များဖြစ်သော မောင်ကျော်၊ မောင်ဝင်း၊ မောင်မြ၊ မောင်သိန်း စသည်များတွင် အရင်းနာမ်ကို ယူရသည်။ သက်မဲ့ဖြစ်လျှင် အဖျားနာမ်ကို ယူရသည်။ သောမ ပညတ်အမည်ရှိသူသည် သောမပညတ်အမည်ရှိသော ဆေးဝါး၊ အစားအစာတို့ကိုသာ စားသောက်ရမည်။

## စားစရာ

**နေ**

မုန့်လက်ဆောင်း၊ အိုဗာတင်း+နို့+နို့ဆီ၊ နွားနို့၊ အုန်းရေ၊ အုန်းဆီ၊ ထန်းလျက်၊ ထန်းသီး၊ ကောက်ညင်း ဆီထမင်း၊ ခေါက်ဆွဲ၊ ပုစွန်၊ ဆော်ဒါ အခါး၊ ကရင်ဆိုဒါ၊ ဆိတ်သား စမူဆာ၊ ဆိတ်သား ပလာတာ၊ ထမနဲ၊ ပူရီ၊ တိုရှည်၊ ထန်းသီးမုန့်၊ ပူတင်း၊ မုံ့ကြာဇေး၊ မုန့်ဖိုင်းတောင့်၊ နမ်း၊ မြေပဲ။

**လ**

ကော်ဖီ (သကြား ကွဲနို့နှင့်)၊ ကွဲနို့စစ်၊ ပျားရည်၊ ကြံရည်၊ ရေခဲ၊ လက်ဖက်ရည်ကြမ်း၊ ပေါင်မုန့်၊ ထောပတ်၊ မုန့်ဟင်းခါး (တည့်သည့်ငါးနှင့်ဟင်း)၊ မိုင်လို၊ ဟောလစ်၊ ကိတ်မုန့်၊ နံပြား၊ လိမ္မော်ရည်၊ ဂျင်ဂျာ ဘီယာ ဘိလပ်ရည်၊ ကျောက်ကျော၊ ရွှေကြည်၊ ကျောက်ဖရုံယို၊ စွန်ပလွန်၊ ကြံသကာ၊ ပဲကြီးလှော်၊ လက်ဖက်ကြက်သွန်ကျော်၊ ပြောင်းဖူး၊ တို့ဟူး။

## သစ်သီး

ဒူးရင်း၊ နာနတ်၊ သြဇာ၊ ပိန္နဲ၊ ဖရဲ၊ ဆီးသီး၊ သံပရာ၊ ကနစိုး၊ ဥသျှစ်၊ စိမ်းစားဥ၊ ကန်စွန်းဥ၊ သစ်တော်သီး၊ သရက်၊ ငှက်ပျော၊ တစုသီး၊ နှင်းသီး။

သကြားသီး၊ လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီး၊ မင်းဂွတ်သီး၊ ရှောက်ချိုသီး၊ ကြက်မောက်သီး၊ ကွဲကောသီး၊ သဘော်သီး၊ ငှက်ပျော၊ မာလကာ၊ သစ်ကြား၊ ထောပတ်၊ ဘင်္ဂလားသရက်၊

## ဟင်းသီးဟင်းရွက်

ကန်စွန်း၊ ဟင်းနုနွယ်၊ ခရမ်းချဉ်၊ ရွှေဖရုံ၊ ကြောင်လျှာ၊ ဒညင်း၊ ပြည်ပန်းညို၊ ကြံမဆိုင်၊ ပူဒီနာ၊ ပိုးစာ၊ သနပ်၊ မှိုနတို၊ နံနံ၊ ပင်စိမ်း၊ ကညွတ်၊ ငရုံ့ပဒူ၊ ပဒပ်စာ၊ မုံညင်း၊ ပဲနောက်၊ စားတော်ပဲ၊ ရုံးပတီ၊ အင်ဥ၊ ဂွေးတောက်၊ ပြည်ပန်းညို၊ ယင်းတိုက်၊ လယ်ပဒူ၊ ပဲရာဇာ၊ သစ်ဆိမ့်၊ ပဲပုဇွန်၊ ရဲယို၊ ဖောင်းလျား၊ ကတွတ်၊ တယ်သီး။

မုန်လာဥ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ဘူးသီး၊ ပန်းဂေါ်ဖီ၊ မှျစ်၊ မှျစ်ချဉ်၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ကြက်ပေါင်သီး၊ မြင်းခွာရွက်၊ ဂုံမင်း၊ ခဝဲ၊ သခွား၊ ရှောက်သီး၊ ဖန်ခါး၊ ဗီးဖြူသီး၊ ချဉ်ပေါင်၊ ကင်ပွန်း၊ ဒန့်ဒလွန်။

## အသား၊ ငါး

ငါးရံ့၊ ငါးရံ့ခြောက်၊ ငါးတန်၊ ငါးပုဏ္ဏား၊ ငါးမြွေထိုး၊ ငါးစင်ရိုင်း၊ ငါးရှဥ့်၊ ငါးကွမ်းရှပ်၊ ကကတစ်၊ ကကူရံ၊ ငါးကျည်း၊ ငါးပနော်၊ ငါးနုသန်း၊ ငါးပုတင်း၊ ငါးရွှေ၊ ဂဏန်း၊ ငါးသလဲထိုး၊ ငါးဖေါင်ရိုး၊ ပုဇွန်ချဉ်၊ ဆတ်သား၊ နွားသား၊ ဆိတ်သား၊ ဒရယ်၊ ခရု၊ ဆက်ရက်၊ စိမ်းစားငါးပိ၊ မျှင်ငါးပိ။

ငါးမြစ်ချင်း၊ ငါးခူ၊ ငါးကြင်း၊ ငါးဖယ်၊ ငါးပတ်၊ ငါးပြေမ၊ ငါးသံချိတ်၊ ငါးဘဲဖြူ၊ ငါးသလောက်၊ ကြက်သား၊ ဝက်သား၊ ဘဲသား။

စာမျက်နှာ (၄၇) သို့...

# အရက်



KOSMOS

မြန်မာနိုင်ငံမှာ ရှေးယခင်က ယမကာကို အမျိုးသားများသာ ကြီးငယ်မရွေး လူတန်းစား မရွေး သောက်သုံးလေ့ရှိကြပေမဲ့ လွန်ခဲ့တဲ့ ၃-၄ နှစ်ခန့်ကစပြီး ပိုက်ဆံရှိ အမျိုးသမီးငယ်များပါ သောက်သုံးလာတာ တွေ့ရပါတယ်။ ကိုရီးယား ယဉ်ကျေးမှု လွှမ်းမိုးလာခြင်းနဲ့ အတူ ကိုရီးယား အမျိုးသမီးငယ်များရဲ့ အရက်သောက်သုံးပုံကို ရုပ်သံများမှ တဆင့် တွေ့မြင်ကြားသိ လာရမှုများကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ကလပ်တက်တဲ့ ယဉ်ကျေးမှု ထွန်းကားလာခြင်း ကလည်း အကြောင်းတစ်ရပ် အနေနဲ့ ပါဝင်လာနိုင်ပြန်ပါတယ်။

ဘီယာ၊ အရက်၊ ဝီစကီ၊ ဗော့ဒကာ စသဖြင့် ယမကာထဲမှာ ဗီတာမင်၊ အသားဓာတ်၊ အခြား အာဟာရဖြစ်စေတဲ့ ဓာတ်သတ္တုတွေ မပါဝင်သော်လည်း ကယ်လိုရီ ပါဝင်မှုနှုန်းကတော့ မြင့်ပါတယ်။ ဘီယာ တစ်ပိုင့်မှာ ကယ်လိုရီ ၁၈၀ ပါဝင်ပြီး အဲ့ဒီပမာဏဟာ ရေခဲမုန့်တစ်ခွက် စားတာနဲ့ ညီမျှပါတယ်။

သာမန် အစားအစာနဲ့ မတူညီတာကတော့ အရက်ကို အသည်းမှ အဓိက ချေဖျက်ပါတယ်။ ဒါကြောင့် ပထမဆုံး အရက်ရဲ့ဆိုးကျိုးကို ခံစားရတာကတော့ အသည်းပဲ ဖြစ်ပါတယ်။

### အရက်၏ ဆိုးကျိုးများ

အရက်ကို စိတ်ရှိလက်ရှိ အားပါးတရ အလွန်အကျွံ သောက်သုံးခြင်းဟာ အောက်ဖော်ပြပါ ကျန်းမာရေး ဆိုးကျိုး တို့ကို ဖြစ်ပေါ်စေပါတယ်။

၁။ အသည်းအဆီဖုံး
၂။ အသည်းခြောက်
၃။ အသည်းကင်ဆာ
၄။ လေသင်တုန်း
၅။ ပန်းကရိယရောင်ခြင်း
၆။ အစာအိမ်ရောင်ခြင်း
၇။ သွေးတိုး
၈။ သားသမီးရနိုင်မှု နည်းပါးခြင်း
၉။ အာရုံကြော ရောဂါ
၁၀။ စိတ်ပိုင်းဆိုင်ရာ ရောဂါ

### အရက် အလွန်အကျွံ သောက်ပစ်လိုက်ပြီးနောက် မအီမသာ ဖြစ်ခြင်း

အရက် အလွန်အကျွံ သောက်ခြင်းကြောင့် မအီမသာ ဖြစ်ရခြင်းမှာ ရေဓာတ် ခန်းခြောက်ခြင်း၊ သွေးတွင်း သကြားဓာတ် နည်းခြင်း၊ အရက်အဆိပ်သင့်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ အရက်ဟာ ဆီးရွှင်စေပါတယ်။ ထို့ကြောင့် ရေဓာတ်ကုန်ခန်းစေပါတယ်။ အရက်ဟာ အင်ဆူလင် ထုတ်လုပ်မှုကို အားပေးတာကြောင့် သွေးတွင်း သကြားဓာတ် နည်းစေပါတယ်။ သွေးတွင်း သကြားဓာတ်နည်းခြင်းကြောင့် အိပ်ချင်မူးတူး ရီဝေဝေဖြစ်ခြင်း၊ အားနည်းခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ သတိမေ့မျောခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းတို့ ဖြစ်စေပါတယ်။ အရက် မသန့်ရှင်း ရင်လည်းပဲ အရက်အဆိပ်သင့်ခြင်း ဖြစ်စေပါတယ်။ အဲ့ဒါအပြင် အရက်ထဲမှာပါတဲ့ အချဉ်ဓာတ် ကြောင့် အစာအိမ်ကိုလည်း ထိခိုက်စေပါတယ်။





## အရက် နဲ့ ဆေးဝါးများ

ဆေးဝါးအမျိုးပေါင်း ၁၅၀ ကျော် ဟာ အရက်နဲ့ အန္တရာယ်ရှိစွာ ဓာတ်ပြုပါတယ်။ စိတ်ငြိမ်ဆေး၊ အယားပျောက်ဆေး၊ အိပ်ဆေး၊ အကိုက်အခဲပျောက်ဆေး စသည်တို့ကို သောက်သုံး နေသူတို့မှာ အရက်ရဲ့ ဆိုးကျိုး များကို ပိုပြီး သိသာထင်ရှားစွာ ဖြစ်စေပါတယ်။ ထို့အပြင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါသည်များ သောက်သုံးနေသော ဆေးများသည် လည်း အရက်နဲ့ အန္တရာယ်ရှိစွာ ဓာတ်ပြုပါတယ်။ အရက်နဲ့ အတူ ဆေးဝါးများ တွဲဖက်သုံးစွဲခြင်းကြောင့် ဆေးဝါးများရဲ့ စွမ်းဆောင်ရည် ကိုလည်း ကျဆင်းစေ နိုင်ပါတယ်။

## အရက်ကို အန္တရာယ်ကင်းစွာ သောက်ခြင်း

စိတ်ညစ်လို့ အရက်ကိုသောက်တယ်။ သူငယ်ချင်း တွေနဲ့ ဆုံတုန်းမို့ အရက်ကိုသောက်တယ် အစရှိသည်ဖြင့် အရက်သောက်သုံးနေသူတွေဟာ ဆင်ခြေအမျိုးမျိုး ပေးတတ်ကြပါတယ်။ ထိုကဲ့သို့သော အရက်ချူကြီးများကို အရက်ဖြတ်ဖို့ ပြောလို့ကတော့ သူတို့ကိုယ်တိုင် လိုလိုချင်ချင်နဲ့ မဖြတ်သရွေ့ ပြတ်မှာ မဟုတ်ပါဘူး။ အဲ့ဒါကြောင့် အရက်ကို အန္တရာယ် ကင်းစွာ သောက်ခြင်းအကြောင်း ပြောရခြင်းပဲ ဖြစ်ပါတယ်။

ယနေ့ အရက်ကို စိတ်ရှိလက်ရှိ အားပါးတရ သောက်ပြီးပါက နောက် ၄-၅ရက်လောက် အရက် မသောက်ဘဲ နေခြင်းဟာ အသည်းကို ဝန်ပိခြင်းမှ ကာကွယ်စေ ပါတယ်။ သူငယ်ချင်းတွေနဲ့ဆုံပြီး မသောက်ခင်မှာ အစာစား သွားပါ။

မသောက်ခင်မှာ ကိုယ်ဘယ်လောက်သောက်မယ် ဆိုတာ ဆုံးဖြတ်ပါ။ ဆုံးဖြတ်တဲ့အတိုင်းပဲ သောက်ပါ။ ထပ်ကြော့ချီးယားခြင်းကို ရှောင်ပါ။ အရက်အစား ရေ (သို့မဟုတ်) အချိုရည်ကို သောက်ပါ။ အရက်ဝိုင်းကို နောက်ကျမှသွားပါ။

ပုံမှန်သောက်နေကျ ယမကာကို အရက်ပါဝင်မှု နည်းတဲ့ ယမကာနဲ့ အစားထိုးသောက်ကြည့်ပါ။ သောက်ဖော် သောက်ဖက် အချင်းချင်း ရေချိန်လွန်နေပြီ။ ရပ်တော့ဟု သတိပေး ပြောဆိုခြင်းမျိုး လုပ်ကြည့်ပါ။ အရက်မသောက်သော နေ့ရက်များ ရှိလာအောင် ကြိုးစားကြည့်ပါ။

## မိမိဘာသာ အရက်သောက်ခြင်းကို ပြန်လည်စစ်ဆေးခြင်း

၁။ တစ်ပတ်အတွင်း အရက် ဘယ်နှစ်ခါ သောက်ပြီးပြီလဲ။
၂။ တစ်နေ့အတွင်း အရက် ဘယ်လောက် သောက်ပြီးပြီလဲ။
၃။ ရေချိန်လွန်နေတာ တစ်လမှာ ဘယ်လောက် ရှိနေပြီလဲ။
၄။ အရက်ကြောင့် ကိုယ့်ရဲ့ လုပ်ငန်းတွေ ထိခိုက်တာ ဘယ်လောက်ရှိနေပြီလဲ။
၅။ အားရပါးရ သောက်ပစ်လိုက်ပြီးနောက် နောက်နေ့မှာ ဆက်သောက်မိတာ ဘယ်လောက်ရှိနေပြီလဲ။
၆။ အရက် သောက်ပစ်လိုက်ပြီးနောက် အရက်သောက်တာ အပြစ်ရှိတယ်လို့ ခံစားမိတာ ဘယ်လောက်ရှိနေပြီလဲ။
၇။ မိုးလင်းတာနဲ့ ညက အကြောင်းတွေ မမှတ်မိတော့တာ ဘယ်လောက်ရှိနေပြီလဲ။

မိမိဘာသာ ပြန်လည်စစ်ဆေးပြီး ပမာဏ များပြားနေပါက အရက်စွဲနေပြီလို့ ပြောလို့ရပါတယ်။ ကိုယ်တိုင်ကားမောင်းပြီး အိမ်ပြန်တာမျိုး ဆိုရင်တော့ အရက်ကို ထိုညတွင် ရှောင်ကြဉ်ခြင်းအားဖြင့် မိမိဘာသာရော အခြားသူများအတွက်ပါ အန္တရာယ်မှ ရှောင်ကြဉ်ပြီး ဖြစ်ပါလိမ့်မည်။

## အရက်ကြောင့် သတိလစ်နေမှုအပေါ် အရေးပေါ် ကုသခြင်း

အကယ်၍ သူငယ်ချင်း၊ မိတ်ဆွေ တစ်ဦးဦး အရက်ကြောင့် သတိလစ်နေသည်ကို တွေ့ပါက
၁။ စောင် (သို့မဟုတ်) အဝတ်အစားများဖြင့် နွေးနွေးထွေးထွေး ဖြစ်အောင် ထားပါ။
၂။ အံဖတ် အစရှိသည်ဖြင့် ပိတ်ဆို့နေတာတွေကို ဖယ်ရှား ပေးပါ။
၃။ နီးရာ ဆေးရုံသို့ ခေါ်သွားပါ။

အကျဉ်းချုပ်ရရင်တော့ အမျိုးသမီးများအနေနဲ့ အရက်မသောက်တာ အကောင်းဆုံးပါ။ အမျိုးသားများ အနေနဲ့လည်း အသက်ကလေးရယ်တဲ့ ရှည်စေလိုရင်ဖြင့် အရက်ကို ဝေးဝေးက ရှောင်သင့်ပါတယ်။ မရှောင်နိုင်ခင်မှာတော့ အရက်ကို အန္တရာယ်ကင်းစွာ သောက်နိုင်အောင် နေကြည့်ကြစေလိုပါတယ်။


Kosmos




# မွန်တို့ဌာနီရာမညဆီသို့

## ဓါတ်ပုံ ဒိုင်ယာရီ

**ကျွန်တော် မြန်မာပြည်ကို ခေတ္တခဏပြန်ရောက်စဉ် မွေးရပ်ဌာနေ မွန်ပြည်နယ်မြို့တော်မော်လမြိုင်သို့ နေရာအနှံ့ သွားရောက်လည်ပတ်ခဲ့တာတွေကို စာဖတ်သူများအား ဓါတ်ပုံဒိုင်ယာရီအနေနဲ့ ဝေမျှပေးလိုက်ပါတယ်။**

မွေးရပ်ဌာနေ မော်လမြိုင် ပြန်ရောက်ရောက်ချင်း ကွဲကွာနေတာ အတော်ကြာခဲ့ပြီဖြစ်တဲ့ ကျွန်တော်ပညာရည်နို့ သောက်စို့ခဲ့ရာ အမှတ်(၉) စတိတ် ကျောင်းတော်ကြီးကို အလွမ်းပြေ ပထမဆုံး ပြန်သွားကြည့်ခဲ့ပါတယ်။




*အမှတ် (၉) အ.ထ.က၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့*

ကျောင်းကြီးကို မြင်ရတော့ ကျောင်းဝင်းထဲဝင်ပြီး ဆရာ ဆရာမတွေကို နှုတ်ဆက်ရင်း ကန်တော့ချင်လာပါတယ်။ ဒါပေမယ့် မတွေ့တာ ကြာပြီဆိုတော့ ရှိကြသေးလား ဆိုတာ မသေချာပါဘူး။ ကျောင်းဂိတ်ဝက အစောင့်တွေကို မေးမြန်းကြည့်တဲ့ အခါ ဧည့်သည်တွေ ကျောင်းဝင်းထဲကို ဝင်ခွင့်မရှိပါဘူးတဲ့။ နှစ်တွေသာ ကြာသွားခဲ့တယ်၊ ကျောင်းတော်ကြီးလည်း ဘာမှ ထူးထူးခြားခြား ပြောင်းလဲမသွားခဲ့၊ အရင်အတိုင်းရှိနေဆဲပါ။ ကျောင်းသူကျောင်းသားတွေ အဖြူ၊ အစိမ်း ကျောင်းဝတ်စုံ ကိုယ်စီနဲ့ ကျောင်းအမှတ်တံဆိပ် ဖဲပြား အပြာရောင်လေးတွေ စည်းထားတာကို မြင်တွေ့ရတော့ တစ်ချိန်တုန်းက ကိုယ်တိုင်လည်း သူတို့နေရာမှာ ရှိခဲ့တာမို့ လွန်ခဲ့တဲ့ ဆယ်စုနှစ် အချိန်လေးတွေကို သတိရမိပါတယ်။ ကျောင်းတုန်းက သူငယ်ချင်းတွေ ဘယ်ရောက်လို့ ဘာလုပ်နေကြ သလဲဆိုပြီး လွမ်းမိပါတယ်။

ဒါနဲ့ပဲ ကမ်းနားလမ်းဘက်ကို ဆိုင်ကယ်နဲ့ မောင်းဆင်းသွားတယ်။ မိုးကောင်းတဲ့ မိုးရာသီမို့ ကမ်းနားလမ်းဟာ အရိပ်ရသစ်ပင်တွေနဲ့ စိမ်းစိုသပ်ရပ်ပြီး လှပကျော့ရှင်းနေတယ်။



*ကမ်းနားလမ်းမှ ဘုရင့်ရုံ ရုပ်ရှင်ရုံ*



*ဘိုးဘွားရိပ်သာ ရန်ပုံငွေ စားသောက်ဆိုင်*

လတ်ဆတ်တဲ့ လေကောင်းလေသန့်ကို ရှူရှိုက်ရင်း ကမ်းနားလမ်းရှုခင်းတွေကို ငေးမောကြည့်ရင်း မောင်းရင်းနဲ့ပဲ မြို့ထဲ အမှတ်(၄)သထုံတံတားဘက်ကို ရောက်သွားခဲ့တယ်။







အမှတ်(၁) ဈေး (သို့) မော်လမြိုင် အောက်ဈေး

မီးလောင်သွားလို့ အသစ် ပြန်ဆောက်ထားတဲ့ အမှတ်(၁) ဈေးကြီးဖြစ်ပါတယ်။ ဈေးအသစ်ဖြစ်လာတော့ အရင်ကလို ရှုပ်ရှုပ်ထွေးထွေးမရှိတော့ဘဲ ပိုကြည့်ကောင်းပြီးသန့်ပြန့်နေပါတယ်။





ကျိုက်သန်လန်ဘုရား

မြိုင်ရတနာ အပေါ်ဈေးကနေ မော်လမြိုင်ထောင် ဘေးနားလမ်းမှ တောင်ပေါ်တန်းဘက်ဆီကို တက်သွားခဲ့တယ်။ အချိန်မရလို့ ကျိုက်သန်လန် ဘုရားစောင်းတန်းပေါ်ကို မတက်ဖြစ်၊ ဘုရားမဖူးဖြစ်တော့ဘဲ အောက်ခြေကနေ ဂါရဝပြု လှမ်းဖူးမြော် လိုက်တယ်။






မော်လမြိုင် တောင်ပေါ်တန်း နှင့် ဗျူးပွိုင့်

မော်လမြိုင်တစ်မြို့လုံး အုပ်မိုးပြီး လှမ်းမြင်ချင်ရင်တော့ ဖျူးပွိုင့်ကို သွားရပါမယ်။ ဟောင်းနွမ်းနေတဲ့ တိုက်အိုဟောင်းတွေ၊ မလှမပ အိမ်ခေါင်မိုးတွေဆိုတာ မော်လမြိုင်ရဲ့ ပြယုဂ်တစ်ခုလိုပါပဲ။ ဖျူးပွိုင့်ကနေ မော်လမြိုင်မြို့ တစ်ဘက်ကမ်း ဘီလူးကျွန်းကိုလည်း ကောင်းကောင်းလှမ်းမြင်ရပါတယ်။ ဖျူးပွိုင့်မှာ လူတော်တော်များများတွေ့ရပါတယ်၊ အထူးသဖြင့် လူငယ်အတွဲတွေ ဟိုနားတစ်စု ဒီနားတစ်စု ထီးလေးတွေ ကိုယ်စီနဲ့ အချင်းချင်း တိုးတိုးတိတ်တိတ်နဲ့ ဆိုတော့ လူငယ်သဘာဝ တွေ့ဆုံဖို့ အကောင်းဆုံး နေရာလို့ ဆိုချင်ပါတယ်။



ဈေးကြိုအဝိုင်း

ဒီနားမှာ ဆိုင်ကယ် ဦးထုပ်မပါလို့ မော်တော်ပီကယ်တွေကို ဒဏ်ငွေ ၃၀၀၀ကျပ် ပေးလိုက်ရတယ်။ မျက်ရည်ခံထိုး သနားအောင်ငိုပြလည်း မရဘူးတဲ့၊ တော်တော် အသည်း မာတဲ့ ဆရာတွေပါပဲ။ ဒါနဲ့ ၃ထောင် အလှူ ပေးလိုက်ရပြီး ထပ်ဖမ်းမှာစိုးလို့ ဆိုင်ကယ်ဦးထုပ် အသစ်တစ်လုံး ဝယ်လိုက်ရသေးတယ်။



မော်လမြိုင်တက္ကသိုလ်လမ်း

ဈေးကြိုဆန်တန်းရပ်မှ တက္ကသိုလ်လမ်းမကြီး အတိုင်း ကုန်းထိပ် တောင်ဝိုင်းဘက်ကို မောင်းနှင်လာပြီး မော်လမြိုင်တက္ကသိုလ်ရောက်တော့ ခဏနား အမှတ်တရဓါတ်ပုံ ရိုက်ဖြစ်ကြတယ်။ ကျောင်းသူ ကျောင်းသားတွေ သိပ်မတွေ့ရဘဲ ရှင်းလင်းနေလို့ ကျောင်းတော်ကြီးက ခြောက်ခြောက်ကပ်ကပ်နဲ့ ကျောင်းပိတ်ထားတယ်လို့ ထင်ပါတယ်။






မော်လမြိုင် တက္ကသိုလ်

တက္ကသိုလ်မှ မော်လမြိုင်–မုဒုံ ကားလမ်းမကြီးဘက်ကို ကွေ့ဆင်းလာရင် ရခိုင်ကုန်းရပ်လို့ ခေါ်ဆိုတဲ့ တိုင်းမှူးနဲ့ လူကြီးအသိုင်းအဝိုင်း တချို့ နေကြတဲ့ ရွှေနတ်တောင်ကို ရောက်ပါမယ်။ အဲဒီမှာ ရွှေနတ်တောင်ဆည် ရှိတယ်၊ ရွှေနတ်တောင်ဂေါက်ကွင်း ရှိတယ်၊ ရွှေနတ်တောင် အထက်တန်းကျောင်း ရှိတယ်။ မော်လမြိုင်မှာ ၂၄ နာရီ မီးရတာ ဒီအနားတစ်ဝိုက်ပဲ ရှိပါတယ်။ မော်လမြိုင်မြို့ထဲမှာတော့ မီးက မှန်မှန်မရဘဲ အလှည့်နဲ့ မီးပေးပါတယ်တဲ့။

အဲဒီကမှအထွက် ဟိုင်းဝေး လမ်းမကြီး တစ်လျှောက် ပိုက် လုံးကြီးတွေ အများကြီး ဆက်ထားတာ ပုံထားတာ တွေ့ရတာ စုံစမ်းကြည့်တော့ မုတ္တမ ကမ်းလွန် သဘာဝဓါတ်ငွေ့ ကနေ မြိတ်၊ ထားဝယ် ကော့သောင်း ထိုင်းနယ်စပ် ဘက်ကို ပို့ဖို့ ဂက်စ်ပိုက်လိုင်းတွေ လို့ ဆိုတယ်။

မော်လမြိုင်–မုဒုံ လမ်းမတစ်လျှောက် ဘေးဘီပတ်ဝန်းကျင်မှာတော့ မြန်မာ့ရွှေဖြူလို့ ခေါ်ဆိုတဲ့ ရာဘာခြံတွေ အပြည့် ရှိပါတယ်။ ရာဘာပင် အသေးတွေရော ရာဘာစေး ခြစ်လို့ ရနေပြီဖြစ်တဲ့ အပင်ကြီးတွေကိုပါ တွေ့ခဲ့ရပါတယ်။ ရာဘာခြံတွေကို ကြည့်ရတာ အေးအေးချမ်းချမ်း နဲ့ စိတ်ချမ်းသာလှတယ်။





မြန်မာ့ နှစ်ရှည်ပင် ရာဘာခြံ

အစတုန်းက မုဒုံ၊ ကန်တော်ကြီးမှာ အကြော်ဝင်စား ခရီးတစ်ထောက်နားပြီးမှ သံဖြူဇရပ်ကိုဆက်သွားမလို့ပါ။ မိုးကောင်းကင် မော့ကြည့်လိုက်တော့ မိုးရွာချမယ့် အရိပ်အယောင်ရှိနေလို့ မုဒုံမဝင်တော့ဘဲ သံဖြူဇရပ်ကို ဆက်တိုက် မောင်းသွားခဲ့ပါတယ်။ မုဒုံ–ကမာဝက်–သံဖြူဇရပ် လမ်းမပေါ် မွန်ရွာတစ်ရွာမှာ ကျောက်တစ်လုံး ဖျိုင်းနှစ်ကောင် ဝင်းစိန်တောရ ဆရာတော်ဘုရားကြီးရဲ့ ကောင်းမှုဖြင့် အတောင် ၂၀၀ နီးပါး မြင့်တဲ့ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကို ကားလမ်းမကြီးဘေးကနေ ခန့်ညားထည်ပါစွာ ဖူးတွေ့မြင်နိုင်ပါတယ်။ ခပ်ရလျှင် ခပ်ယူပါ အတိတ်နိမိတ်ဖြင့် “ခပ်ရ ခပ်ယူ”( မွန်ဘာသာ – ခံက်ဂွံ ခံက်ကေတ် ) ဘုရားလို့ ဘွဲ့နာမည် ပေးထားပါတယ်။



ခပ်ရ ခပ်ယူ ဘုရား

မိုးနည်းနည်း ရွာစပြုနေပြီမို့ ကားလမ်းမကြီးဘေးကနေ ထိုင်တော်မူဘုရားကို ဦးသုံးကြိမ်ချပြီး မြန်မြန် ထွက်လာခဲ့တယ်။ မွန်ရွာ တော်တော်များများကို ဖြတ်ကျော်အပြီး ညနေ ၄ နာရီ ထိုးခါနီးမှ သံဖြူဇရပ်မြို့ကို ရောက်ပါတော့တယ်။







သံဖြူဇရပ် အဝိုင်း၊ သံဖြူဇရပ် – ကျိုက္ခမီလမ်း

သံဖြူဇရပ်ရောက်တော့ မိတ်ဆွေတစ်ယောက်အိမ်မှာ ခဏနား ရေမိုးချိုး မြန်မာဆန်ဆန် ဝတ်စားဆင်ယဉ်ကာ ကျိုက္ခမီ ဘုရားဖူးထွက်ခဲ့ကြပါတယ်။ ညနေစောင်းမှာ လူ၄ယောက် ဆိုင်ကယ်၂စီး နဲ့ သံဖြူဇရပ်ကနေ ကျိုက္ခမီကို ဆင်းကြတာ နာရီဝက်လောက် မောင်းနှင်ရလို့ ဟိုရောက်တော့ မိုးချုပ်စပြုနေပါပြီ။





ဘုရားဖူး ဧည့်သည်များ တည်းခို နားနေဆောင် နှင့် ကျိုက္ခမီ ညောင်ပင်ကြီး

သီတင်းကျွတ်လပြည့် ရောက်တိုင်း ကျိုက္ခမီဘုရားပွဲ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ၁ပတ်နီးပါး ကျင်းပပါတယ်။ ကျွန်တော်တို့ ရောက်သွားတဲ့အချိန်က လဆန်း ၁၁၊ ၁၂ ရက် ဆိုတော့ ပွဲတော်ရက်နဲ့ နီးနေပြီမို့ ပွဲဈေးတန်းတွေလည်း ပြင်ဆင်နေကြပြီး ပွဲဈေးလာတွေလည်း အသင့်အတင့် ရှိနေကြပါပြီ။ ဘဘကြီး ရွှေမန်းတင်မောင်ရဲ့ မျိုးဆက် ချမ်းသာ ခေါင်းဆောင်တဲ့ ရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်းတို့ ဇာတ်ပွဲကမှာကိုလည်း တွေ့ခဲ့ရပါတယ်။





ကျိုက္ခမီ ရေလယ်ဘုရားကို ကမ်းပေါ်မှ ညဦးပိုင်း လှမ်းမြင်ရပုံ



ရေလယ်ဘုရားဆီသို့ လူသွားရာလမ်းမစောင်းတန်း



ရေလယ်ဘုရားဆီသို့ လူသွားရာလမ်းမစောင်းတန်း




အမျိုးသား၊ အမျိုးသမီး ခွဲခြားထားသည့် နေရာပါ

ရေလယ်ဘုရားဆီကို သွားဖို့ အောက်လမ်းနဲ့ အပေါ်လမ်း ဆိုပြီး လမ်း၂လမ်း ရှိပါတယ်။ အောက်လမ်းက ရေတက်လျှင် ခြေထောက် ရေမြုပ်တာမို့ ရေများလာလျှင် သွားမရပါ၊ အပေါ်လမ်း က အောက်လမ်းရဲ့ခေါင်မိုးကို လမ်းလုပ်ထားတာ ဖြစ်ပါတယ်။ အခုတော့ အဲဒီ လမ်း၂လမ်းကို ဖျက်လိုက်ပြီး အောက်လည်း မကျ အပေါ်လည်း မရောက်တဲ့ ရေမမြုပ်အောင် ချိန်ထားတဲ့ အလယ် တည့်တည့် နေရာမှာ လမ်းအသစ်တစ်လမ်း ဆောက်လုပ်နေတာ ပြီးစီးတော့မှာဖြစ်ပါတယ်။ နန်းတော်ထဲကို ဝင်နေရသလိုပဲ ခမ်းနား လှပသပ်ရပ်နေပါတယ်။

ဘုရားရင်ပြင်ပေါ်သို့ အမျိုးသမီးတက်လို့ မရပါ။ အောက်ဘက် ဘေးနားကနေပတ်သွားပြီ ကျိုက္ခမီရေလယ်ဘုရား ဆင်းတုတော်ကို ဖူးမြော်ရပါမယ်။ အမျိုးသမီး မသွားရမယ့် နေရာ ယောင်ရမ်းပြီး ခိုးတက်သွားသူကြောင့် အချိန်အခါမဟုတ် လေကြီးမိုးကြီး မုန်တိုင်းကျပြီ ကျိုက္ခမီတစ်မြို့လုံး သဲကြီးမဲကြီး မိုးရွာသွန်းချတာမျိုး ကြုံဖူးပါတယ်။ ကျိုက္ခမီ ရေလယ်ဘုရား တန်ခိုးကြီးတာမို့ မယုံမရှိနဲ့ မစမ်းကြဖို့ သတိချပ်စေလိုပါတယ်။



မဂ္ဂင် နိဗ္ဗာန်ယာဉ်၊ ဘုရားကျောင်းဆောင် မုခ်ဝ



နဂါးတွေ အုပ်မိုးထားတဲ့ ကမ်းကျိုက္ခမီ ရေလယ်ဘုရား ဆင်းတုတော်

ကျိုက္ခမီ ကို မွန်ဘာသာ "ကျာ်ခမိ – ကျိုက်ခမွဲ" လို့ မူရင်း အသံထွက် ပါတယ်။ ကျိုက် – ဘုရား ၊ ခမွဲ – မြော် .... မြော်တဲ့ဘုရားလို့ အဓိပ္ပါယ် ရပါတယ်။

သမိုင်း နောက်ခံကို ပြန်ကြည့်မယ်ဆိုလျှင် အိန္ဒိယပြည်မှ မင်းကြီးတစ်ပါးဟာ အဓိဋ္ဌာန်ဖြင့် ဗုဒ္ဓဆင်းတုတော် ၄ဆူကို မျှော လိုက်ရာမှာ မြန်မာနိုင်ငံ ရခိုင်ပြည်တွင် တစ်ဆူ၊ ဧရာဝတီတိုင်း မော်တင်စွန်းဘက်တွင် တစ်ဆူ၊ မွန်ပြည်နယ် ကျိုက္ခမီတွင် တစ်ဆူ၊ တနင်္သာရီတိုင်း ထားဝယ်ဘက်တွင် တစ်ဆူ စသဖြင့် အသီးသီး ဆိုက်ရောက်ရှိ သွားကြပါတယ်။ ကျိုက္ခမီမှ ဆင်းတု တော်က တခြား ညီနောင် ဆင်းတုတော် ၃ဆူကို မျှော်နေသည့်ဟန် ပင်လယ်ဘက်ကို မျက်နှာမူထားပါတယ်။ သို့ဖြစ်ပါ၍ မျှော်တဲ့ ဘုရား – ကျာ်ခမိ (ကျိုက်ခမွဲ) မှသည် ကာလ အတန်ကြာ ရွေ့ လျား ပြောင်းလဲ ခေါ်ဆိုရာမှ ကျိုက္ခမီ ဖြစ်သွားပါတယ်။

ကမ်းကျိုက္ခမီ ရေလယ်ဘုရားကြီးကို အားရပါးရ ဖူးမြော်ရှိခိုးပြီး ဘုရားစောင်းတန်း နဲ့ အမှတ်တရ ခရဆိုင် ဈေးတန်း ဘက်ကို လှည့်ပတ်ကြည့်ကြပါတယ်။ ဆယ်တန်းအောင်စမှာ နောက်ဆုံး ရောက်ခဲ့ပြီး ဆယ်စုနှစ်ကျော် အကြာမှာ ကျိုက္ခမီဟာ အဆောက်အအုံအစ ကျောင်းဆောင်၊ ဇရပ်အဆုံး အားလုံး သစ်လွင်တောက်ပြောင်စိုပြေပြီး အများကြီးပြောင်းလဲ တိုးတက် လာပါတယ်။ ဘုရားလည်း ဖူး၊ ဟိုဟိုဒီဒီလည်း လျှောက်ကြည့်ရင်း ဗိုက်ဆာကြလို့ ကျိုက္ခမီဘုရား အနားက မြန်မာ ထမင်းဆိုင်မှာ ညနေစာစားပြီး သံဖြူဇရပ်ကို မောင်းနှင် ပြန်လာကြပါတယ်။

နောက်တစ်နေ့ကျတော့ မနက်စာကို ပဲပလာတာ စားချင် တာမို့ သံဖြူဇရပ် ပဲပလာတာ ရှားရှားပါးပါး ရတဲ့ ဆိုင်တစ်ဆိုင်ကို မြို့ခံက လိုက်ပို့ပေးရှာတယ်။ မနက်စာစားပြီး မနက် ၈နာရီလောက် မှာ ကျွန်တော်တို့အဖွဲ့ သံဖြူဇရပ်မှ စက်စဲကို စထွက်ခဲ့ကြပါတယ်။







ကျိုက္ခမီ– စက်စဲ လမ်းဆုံ၊ ကျိုက်ခမီသို့၊ စက်စဲသို့

ကျိုက္ခမီ – စက်စဲ လမ်းဆုံက သံဖြူဇရပ် ကနေ လာလျှင် ခရီးတစ်ဝက် ရောက်ပြီမို့ နောက်တစ်ဝက်လောက် ထပ်မောင်းလျှင် စက်စဲကမ်းခြေကို ရောက်ပါမယ်။ လမ်းက တောင်ကြောတွေ အကွေ့တွေ ရှိနေလို့ သတိထားပြီ မောင်းရပါတယ်။ စက်စဲမှာတော့ မွန်ထက် မြန်မာများတာမို့ စက်စဲရွာတွေကို မြန်မာရွာလို့တောင် ပြောလို့ ရနေပါတယ်။





စက်စဲကမ်းခြေ အဝင်

ကမ်းခြေရောက်တော့ ဆိုင်ကယ်ကို အပ်နှံထားခဲ့ပြီး ပင်လယ်ဘက်ကို မျက်နှာမူ ပြေးဆင်းလိုက်တာနဲ့ ပင်လယ် အငွေ့ အသက် သဘာဝလေကောင်းလေသန့်တွေက ဆီးကြိုနေပါပြီ။

**ကျိုက္ခမီ ဆိုတဲ့ အဓိပ္ပါယ်က မျှော်တဲ့ ဘုရား – ကျာ်ခမိ (ကျိုက်ခမွဲ) မှသည် ရွေ့လျား ပြောင်းလဲ အဓည်တွင်လာခဲ့တာ...**





ရေကစားဖို့ ဘောကွင်း နှင့် ကမ်းခြေတစ်လျှောက်ပါ

စက်စဲကမ်းခြေက ကမ်းခြေကျောရှည်ပြီး သာယာပေမယ့် ရေနောက်ပါတယ်၊ ရေကသာ ပြာလဲ့လဲ့ နဲ့ ကြည်လင်နေမယ်ဆိုရင် စက်စဲကမ်းခြေဟာ ပြောစရာမလိုအောင် လှသွားလိမ့်မယ်ထင်ပါတယ်။ အနည်းငယ်စောသေးလို့ ကမ်းခြေတစ်လျှောက် လူရှင်းလင်းတာမို့ ကမ်းခြေ ဟိုဘက်တစ်ဆုံး ဒီဘက်တစ်ဆုံး ဆိုင်ကယ်နဲ့ ၂ယောက်တစ်စီး မောင်းကြည့်ပါတယ်။ ဆိုင်ကယ်က သဲထဲမှာ မောင်းရခက်ပေမယ့် ပင်လယ်လေ အငွေ့အသက် နဲ့ ပင်ပန်းထားသမျှ တကယ်ကို ပြေပျောက်စေတယ်။





ကမ်းခြေတစ်လျှောက် ဆိုင်ကယ် ပတ်မောင်းနေကြစဉ်၊





ကြက်သွန်ကျွန်း၊ နောက်ကျိကျိနဲ့ စက်စဲ ပင်လယ်ရေ



ပင်လယ်ထွက် ငါးဖမ်းစက်လှေများ၊



*သမင်ဆိပ်ကျေးရွာ*

ကမ်းခြေတစ်ဖက်အဆုံး တံငါရွာကနေ ကြည့်လျှင် ဆိုမာလီ ပင်လယ်ဓားပြလိုလို ဘာလိုလိုနဲ့ ရှုခင်းက လှတယ်။ အဲဒီအနား မှာ ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်းတို့နဲ့ အဓိက အသက်မွေးဝမ်းကြောင်း လုပ်နေကြတဲ့ သမင်ဆိပ်လို့ ခေါ်တဲ့ ရွာတစ်ရွာ ရှိတယ်။ တံငါရွာမို့ ငါးခြောက်၊ ငါးစိမ်း ညှီနံ့တွေ လှိုင်လှိုင်ထနေပါတယ်။ ရွာခံလူတွေအတွက်တော့ ရိုးနေပုံရပေမယ့် ကျွန်တော်တို့လို လူစိမ်းတွေအတွက်တော့ အနံ့တွေက မခံစားနိုင်လောက်အောင် တော်တော်ကို ပြင်းပါတယ်။





*ကမ်းခြေမှ သဲပုံစေတီ*

စက်စဲကမ်းခြေမှာ သဲပုံစေတီပွဲတော် ကျင်းပလေ့ရှိပါတယ်။ ကျွန်တော်တို့ရောက်သွားတဲ့အချိန်မှာ ပွဲတော်ပြီးခါစ တစ်ပတ်ကျော်ကျော်ပဲ ရှိပါသေးတယ်။ သဲသောင်တွေနဲ့ စေတီထုလုပ်ထား၊ ပုံဖော်ထားကြတာ ကမ်းခြေတစ်လျှောက် အများအပြားတွေ့ခဲ့ရပါတယ်။





*စက်စဲကမ်းခြေမှ စားဖြစ် သောက်ဖြစ် ကြသည့် နေ့လယ်စာ*

ဟိုဟိုဒီဒီကမ်းခြေတစ်လျှောက် နှံ့စပ်တော့ ဆိုင်တစ်ဆိုင်ဝင်ပြီး ကျောက်ပွင့်သုပ်၊ အာပြဲခြောက်သုပ်၊ မွန်ငါးခေါင်း ဟင်းချိုနဲ့ နေ့လည်စာ စားကြတယ်။ ကျိုက္ခမီ–စက်စဲမှာ အမည်းရောင်၊ အညိုရောင် ကျောက်ပွင့်တွေကို ဆီချက်၊ ကြက်သွန်နီ၊ ရှောက်ရွက် ပါးပါးလှီး၊ မြေပဲထောင်း၊ မန်ကျည်းရည်၊ အချိုမှုန့် ဆား ငရုပ်သီးအကျက်မှုန့် နဲ့ သုပ်ထားတာ ကျောက်ပွင့်တွေက လတ်လတ်ဆတ်ဆတ်မို့ ဂျလိ ဂျလိနဲ့ အလွန်ကို ဝါးလို့ ကောင်းလှ အရသာရှိလှ ကြိုက်လှပါတယ်။ မွန်ငါးခေါင်း ဟင်းချိုကို မရမ်းပြားနဲ့ စပါးလင်နဲ့ ချဉ်ချဉ်စပ်စပ် ချက်ထားတာလည်း ကောင်းပါတယ်။

နေ့လယ်မှာတော့ စက်စဲကမ်းခြေမှာ လူများလာပါတယ်။ ကားကြီး၊ ကားငယ်၊ ဆိုင်ကယ် အသွယ်သွယ်နဲ့ အဖွဲ့လိုက်၊ အုပ်စုလိုက်၊ မိသားစုလိုက် လာရောက် အပန်းဖြေကြတာ တွေ့ရတယ်။ နေကလည်း ပူသထက်ပူလာမို့ ကျွန်တော်တို့ကတော့ ပြန်ဖို့စိုင်းပြင်းကြတယ်။ သံဖြူဇရပ် ရောက်တော့ နေပူထဲက မောင်းပြန်လာပြီး တစ်မနက်လုံးလည်း ပင်ပန်းနေပြီမို့ တစ်ခါတည်း ခေါင်းမထောင် နိုင်တော့ပဲ အိပ်တော့တာပဲ။ မိုးကုန်ခါစ သံဖြူဇရပ်ဟာ အတော် ပူတာမို့ မီးမလာ ပန်ကာလည်းမရှိဆိုတော့ ကြာကြာအိပ်မရတော့ဘဲ နိုးလာတယ်။ ပြီးတော့ အိမ်ရှင်မိတ်ဆွေမှ စစ်သချိုင်းဘက် အအေးဆိုင်တွင် ကြံရည် ကောင်းတယ် ဆိုလို့ သွားသောက်ကြတယ်။

**ပျော်ရွှင်ပါစေ...**
**ကော်သယ်မှိရအောင်း...**

အအေးဆိုင်မှာ မမြင်ဖူးတဲ့ အအေးနာမည်တွေ အများကြီးတွေ့ရပါတယ်။ အချစ်စတော်ဘယ်ရီဖျော်ရည်၊ အချစ်နာနတ်ဖျော်ရည်၊ အချစ်ကမ္ဘလာဖျော်ရည်၊ အချစ်သခွားမွှေးဖျော်ရည် စသဖြင့် အချစ်တွေတပ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ပုံမှန်ဖျော်ရည်မှာ အသည်းပုံချောကလက်တွေ အသည်းပုံ မုန့်လေးတွေ ထည့်ထားလို့ဖြစ်ပါတယ်တဲ့။ အရိပ်ရ အပင်အောက်မှာ ကြံရည် ထိုင်သောက်လိုက်မှပဲ လူက လန်းဆန်း တက်ကြွလာပြီး မျက်စိကျယ်လာတော့တယ်။

အဲဒီကနေ သံဖြူဇရပ် စစ်သင်္ချိုင်းကို အထင်းသား မြင်နေရတာမို့ သောက်လက်စအအေး ကမန်းကတန်း ဖြတ်ပြီး ပန်းခြံဘေးနား ဂိတ်ပေါက်ဝမှ ဝင်သွားခဲ့တယ်။





ကားလမ်းပေါ်ကနေ စစ်သင်္ချိုင်းကို မြင်တွေ့ရပုံ







အထိမ်းအမှတ် ကမ္ပည်းကျောက်စာပါ မြန်မာ – အင်္ဂလိပ် ၂ဘာသာ ဖော်ပြထားပါတယ်

သံဖြူဇရပ် စစ်သင်္ချိုင်းမှာ ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အတွင်း မြန်မာ–ယိုးဒယား နယ်စပ်မီးရထားလမ်း သေဆုံးသွားခဲ့သူ ဂျပန်စစ်တပ်၏ စစ်သုံ့ပန်းဖြစ်ခဲ့ကြသော ဗြိတိသျှ၊ ဩစတြေးလျ၊ ဒတ်ချ် စစ်မှုထမ်းများ နှင့် အာရှချွေးတပ်သားများ ၏ ရုပ်ကြွင်းများကို မြှုပ်နှံထားကြပါတယ်။



သေမင်းတမန်ရထားလမ်းလမ်းညွှန်မြေပုံ

သေမင်းတမန်ရထားလမ်းဆိုတာ မွန်ပြည်နယ် သံဖြူဇရပ်ကနေ ၄၁၅ကီလိုမီတာကွာဝေးတဲ့ ယိုးဒယားပြည် ဘန်ကောက်မြို့အထိ ဖောက်လုပ်ထားသည့် ရထားလမ်းဖြစ်ပါတယ်။ ဆောက်လုပ်ချိန် ၁၃လကြာမြင့်ပြီး ၂၁လမျှသာ ဆက်သွယ်အသုံးပြုခဲ့ကြပါတယ်။ လူအများအပြား အသက်ပေါင်းများစွာ စတေးခဲ့ရသည့် ဂန္တဝင်သေမင်းငရဲမင်းလမ်းမကြီးပေါ့။ နာမည် ကြားမိတာနဲ့တင် တုန်လှုပ်ခြောက်ခြားစရာကောင်းပါတယ်။

စစ်သင်္ချိုင်းပန်းခြံကို အမြဲတမ်းလုပသန့်ရှင်းနေအောင် ဂရုစိုက်ရပါတယ်။ အနောက်နိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များ တစ်နှစ်တစ်ကြိမ်လာပြီး အထိမ်းအမှတ်ပွဲ ဆုတောင်းပွဲ ပြုလုပ်ကျင်းပကြတယ်။ ခြံစောင့်နဲ့ သန့်ရှင်းရေးဝန်ထမ်းတွေကို လစာ ဒေါ်လာ

ကောင်းကောင်းပေးပြီး ငှားထားတာမို့ တာဝန်ကြီးပြီး တစ်ခုခု ဖြစ်လျှင် အကုန်တာဝန်ယူရမယ် ဆိုပါတယ်။

ဝန်ထမ်းတွေကတော့ နေ့စားအလုပ်သမားတွေကို ထပ်ဆင့် ဈေးပေါပေါနဲ့ ငှားပြီး သန့်ရှင်းရေးလုပ်ခိုင်းကြတယ်။ နယ်ကလူတွေမှာ အလုပ်မရှိတဲ့သူပေါလွန်းလို့ ကြိုက်သလောက် ခေါ်လို့ ရပါတယ်။




*နိုင်ငံအလိုက် တံဆိပ် အမှတ်အသားနဲ့ အုတ်ဂူလေးများ*

တချို့ဆို အသက် ၂၀၊ ၂၅ နှစ် အတွင်းပဲ ရှိပါသေးတယ်၊ ငယ်သေးတာမို့ ဝမ်းနည်း ကြေကွဲဖွယ်ရာပါ။

ပန်းခြံအတွင်း နှံ့စပ်အောင် လျှောက်လည် မှတ်တမ်းတင်ပြီး အိမ်ကိုပြန်လာကြတယ်။ ညနေစောင်းတော့ ရေမိုးချိုး ရန်ကုန် ပြန်တက်ဖို့ ပြင်ဆင်ပါတယ်။ သံဖြူဇရပ်–ရန်ကုန်ကား ညနေ ၅နာရီ ထွက်တာကိုး။ အားလုံး အဆင်သင့်တာနဲ့ တည်းခဲ့တဲ့ အိမ်မှ မိသားစုဝင်တွေနဲ့ သေချာ နှုတ်ဆက် ကျေးဇူးတင်စကား ပြောပြီး ကားဂိတ်ကို ထွက်ခဲ့ပါတယ်။ ကားပေါ် ရောက်တော့ တစ်ကားလုံး မွန်တွေနဲ့၊ ရန်ကုန်ကို ဆေးသွားကုကြမယ့်သူ၊ အညာ ဘုရားဖူးသွားမယ့်သူ စသဖြင့် တစ်ကားလုံး မွန်တွေ ချည်းပါပဲ။ တို့မွန်တွေ ထုံးစံအတိုင်း ဂလုံ၊ ဂလန်း၊ တဂွမ်းဂွမ်း ဟိုအော် ဒီအော် အသံ ကျယ်ကျယ်နဲ့ ပျော်စရာပါပဲ။

၅နာရီ မထိုးခင် သံဖြူဇရပ်မှ စထွက်ပြီး မော်လမြိုင်ကို ရောက်တော့ မိုးချုပ်ခါစ ၇ နာရီ ထိုးနေပါပြီ။



*မော်လမြိုင်–ဘားအံ–ကျိုက်မရော လမ်းဆုံပါ*



*မြေနီကုန်း အရပ်မှ မော်လမြိုင် ယာဉ်ရပ်နားစခန်း*

ကားဂိတ်မှာ နာရီဝက်ရပ်ပေးပါတယ်။ ထမင်းစား၊ အပေ့ါအပါးသွား အမှတ်တရပစ္စည်းတွေ မုန့်တွေ မော်လမြိုင် အသီးအနှံတွေ ဝယ်ကြပါတယ်။ ဒီတစ်ခါ မွန်ပြည်နယ်မှာ ၂ရက် ၁ညကြာ ပျော်ခဲ့ရတယ်၊ မိတ်ဆွေ အပေါင်းအသင်း တိုးလာခဲ့တယ်၊ အမှတ်ရစရာတွေ အများကြီး ကျန်ခဲ့တယ်။ ကားပေါ်မှာလည်း တိုက်တိုက်ဆိုင်ဆိုင် စိုးပြည့်သဇင်နဲ့ မော်လမြိုင်သား ဟိန်းဝေယံ ကား ပြနေတယ်၊ ကားသမား က တမင်တကာ ဟိန်းဝေယံကား ရွေးပြသလား မသိပါဘူး။ ကားပေါ်က မွန် အဒေါ်ကြီးတွေ၊ လူကြီး လူငယ်တွေ အားလုံး သဘောတွေ ကျလို့ တဟီးဟီး တဟားဟားနဲ့ တစ်ကားလုံး ဆူလို့ ညံလို့ နေပါတယ်။ ကျွန်တော်ကတော့ တစ်ယောက်တည်း ဟိုငိုင်ဒီငိုင်နဲ့ ဘာလွမ်းလို့ ဘာကို သတိရနေမှန်း မသိဘူး ဖြစ်နေတယ်။

နှုတ်ဆက်ခဲ့ပါတယ် မော်ရွှေမြိုင်ရယ် နောက်တစ်ခါ ဘယ်အချိန် ပြန်ရောက် ဖြစ်မယ် မသိသေးဘူး။

**ကျေးဇူး**
**ခမ်းလှိုင်။**
**(၁၁.၁၁.၂၀၁၂)**



# သတင်းစာများကပြောသော အတိတ်က အရိပ်များ

## ၁၉၆၀ - ၆၂ ခုနှစ်များဆီက သင်္ကြန်ပုံရိပ်များ

မရွှေစု

(၁၉၆၀/၆၁/၆၂) ခုနှစ် သင်္ကြန် အထူးထုတ် သတင်းစာ မျက်နှာဖုံးများ






လှပျိုဖြူ ရေသဘင်ပွဲ ရန်ကုန် မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်တွင် လှပျိုဖြူတစုယဉ်ကျေးမှု ရေသဘင်ပွဲဆင်နွှဲနေစဉ်



အကြိုနေ့က ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်ယဉ်ကျေးမှုသရုပ်ဆောင် အကဖြင့်ဆည်ခံစဉ်တွေ့ရပုံ



အစဉ်အလာ မပျက် ယနေ့ခေတ်ထိ ရှိနေဆဲ မြို့တော်ဝန် သင်္ကြန်ယိမ်း



ပုစွန်တုပ်ကြီးလို့ နာမည်ကျော်ကြား လူကြိုက်များခဲ့တဲ့ နာမည် ကျော် ရုပ်ရှင်မင်းသမီးမြင့်မြင့်ဌေး နှင့် အိမ်စောင့်အစိုးရ လက်ထက် ရန်ကုန်မြို့တွင်းရှိ ကျူးကျော်ရပ်ကွက်များကို ဖျက်ကာ သာကေတ၊ ဉက္ကလာ(တောင်၊ မြောက်) စသည့် မြို့သစ်များကို တည်ပေးခဲ့သည့် ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးကြီးထွန်းစိန် တို့ကို တစ်ခုသော သင်္ကြန်မှာ အတူ တွေ့ရစဉ်။

# လွန်ခဲ့တဲ့ နှစ် ၅၀ က အလှပြ သင်္ကြန်ကားများ



မြို့တော်ဝန်သင်္ကြန် ဧပြီလ ၁၂-ရက်နေ့ သင်္ကြန် အကြို နေ့က ရန်ကုန်မြို့တော်ဝန် မဏ္ဍပ်တွင်၊ မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်အား ရုပ်ရှင် မင်းသမီး မြင့်မြင့်ဌေးက ရေသွန်းလောင်းစဉ်။





ကြည်နူးသည့်နေ့ တော်ဝန်သင်္ကြန်ကြိုပွဲ



ရန်ကုန်သင်္ကြန်၌ပါဝင်သောတရုတ်အမျိုးသားများ၏













မောင်ကြီးကဗျာရှင် မဟာ သင်္ကြန် ပွဲ တွင် ပါဝင် ဆင်နွှဲကြသော မောင်ကြီးကဗျာရှင်အဖွဲ့လှည့်လည်စဉ် တွေ့မြင်ရပုံ



သရုပ်ပြအဖွဲ့

မရွှေရ

# သတင်းစာများကပြောသော အတိတ်က အရိပ်များ

မရွှေစု

ဟိုတုန်းက ရေပက်တယ်
ဆိုတာ ဒီလိုမျိုး



မြေသ၁၂ရက်သင်္ကြန်အကြိုနေ့တွင် ပဲခူးမြို့လိပ်ပြာကန်ပိုင်း ထိပ်တွင်ဤကဲ့သို့
အမျိုးသမီးတဦးအားအခါသင်္ကြန်အကြိုဆင်နွဲပက်နေစဉ်တွေ့မြင်ရပုံ



ထူးထူးခြားခြား
ဘွဲ့ဝတ်စုံကိုယ်စီ နှင့်
ရေကစားနေသည့်
ပဏ္ဍိတဝါဒီ ရေသဘင် အဖွဲ့

ပဏ္ဍိတဂါဒီ
ရန်ကုန်မြို့သင်္ကြန် ရေသဘင်
၌ပါဝင်ဆင်နွဲသော ပဏ္ဍိတဝါဒီ
ရေသဘင်အဖွဲ့။



မီးသတ်ပိုက်သင်္ကြန်

ရန်ကုန်မြို့မြေနီကုန်းမှ မီးသတ်...
ပက်ကြ...

၁၂ ရန်ကုန်သတင်းစာ

## အပြောအဆိုအမူအယာကြမ်းတမ်းခြင်း

ဒုတိယအကြတ်နေ့မှအစပြု၍မီးသတ်ရေပိုက်များဖြင့်ပက်ကြခြင်း၊ မောင်နှင့်နှမသားနှင့်
အမိအတူနားမထောင်ဝံ့လောက်အောင်ကြမ်းတမ်းစွာနောက်ပြောင်ကြသည်ကိုတွေ့ရခြင်း





မြင်ပင်ရည်ကြီး နိုင်ငံရေးကျောင်းမှ ပျို့မြို့တော်ရေသဘင်၌ပါဝင်ဆင်နွဲကြစဉ်။

သရုပ်ပျက်တဲ့သူတွေဆိုတာ
ခေတ်တိုင်းစနစ်တိုင်းမှာ
ရှိတတ်ကြတယ်...

## ထမီကိုခါးတောင်းကျိုက်ပျက် အပေါ် ပိုင်းလှန်ပြီး

ပက်ချင်တိုင်းပက် ပဲခူး သင်္ကြန် ရေသဘင်။



(ပဲခူး ၅ ဓာတ်ပုံမှ)

မေစမှုယ်



သတင်းထောက်
တွေဆိုတာ
လက်မနေးတတ်ဘူး...
ဆိုတာ ယုံ ...





ကျောင်းဆင်းတော့မည် စာအုပ်တွေသိမ်းပြီး အားလုံး အသင့် ပြင်ဆင်ထားပြီးဖြစ်သည်။

"ကလင်.. ကလင်.. ကလင် ...'

ကျောင်းဆင်းခေါင်းလောင်းထိုးသံကြားသည်နှင့် ကျွန်တော် အခန်းထဲမှ ခပ်သုတ်သုတ်ထွက်လာလိုက်သည်။ ကျောင်းဝင်းထဲတွင် အကျီဖြူလုံချည်စိမ်း ကျောင်းသား ကျောင်းသူများနှင့် ပြည့်နှက်သွားသည်။ ကျွန်တော်လည်း သူတို့အကြား တိုးဝှေ့ပြီး ကျောင်းဂိတ်အဝမှ ထွက်လာခဲ့သည်။ ကျွန်တော် အိမ်အပြန်လမ်းလေးကို ခပ်သွက်သွက်လျှောက်နေမိသည်။ ပြေးလို့မဖြစ်။ မပြေးကြေး။ လမ်းပဲလျှောက်ရမည်။ ဒါက သူတို့ သူငယ်ချင်တွေကြား သတ်မှတ်ထားသည့် စည်းကမ်းတစ်ခုဖြစ်သည်။

ယခုလို့ အိမ်အပြန် လမ်းလျှောက်ပြိုင်ခြင်းသည် ကျွန်တော်နှင့် အတန်းဖော်သူငယ်ချင်းတို့ ကျောင်းအဆင်း လုပ်နေကြအလုပ်ပင်။ ကျောင်းကအပြန် ကျောင်းသားတွေထဲ ရှေ့ဆုံးရောက်အောင် လျှောက်ရခြင်းသည် တစ်မျိုးတစ်မည်သော ခံစားမှုကိုပေးလေ့ရှိသည်။ အတူပြန်ကျောင်းသားတွေထဲ ရှေ့ဆုံးကနေသွားရခြင်းကို ထုတ်ဖော်မပြောသော်လည်း ဂုဏ်တစ်ခုလို အနိုင်ရသူတစ်ဦးလို သတ်မှတ်ထားခဲ့ကြသည်။ ရှေ့ဆုံးမှ သွားရသူအတွက် မြင်ကွင်းကလည်း နောက်မှ သူများနှင့်မတူ ခြားနားနေသည်။ မြင်ကွင်းတွင် မည်သူမှ ပိတ်ကွယ်တားဆီးမနေ။ အရာအားလုံးသည် အတားအဆီးမရှိ။ ရှေ့ဆုံးမှ ပန်းဝင်သူ တစ်ဦးလို ခံစားရသည်။

ကျွန်တော်တို့ အိမ်ပြန်ရာ လမ်းကလေးသည် အစပိုင်းတွင် ကျဉ်းမြောင်းရှည်လျားသော လမ်းကလေးသာဖြစ်သည်။ ရပ်ကွက် တစ်ခုကို ဖြတ်သန်းပြီးသောအခါ ကျယ်ပြန့်သော ကွင်းပြင်တစ်ခု၊ စိမ်းမှောင်နေသော သစ်ပင်များအုပ်ဆိုင်းနေသည့် တောအုပ်ကလေး တစ်ခု ထို့နောက် ကြာရွက်များဖြင့် ပြည့်နေသည် ကန်ဘောင်မှ ဖြတ်သွားသည့် ရိုးပြတ်တစ်ခု။ နေ့စဉ် ဖြတ်သန်းနေရသော်လည်း မရိုးနိုင်။

တစ်ယောက်က တစ်ယောက်ကို ကျော်တက်ဖို့ ကြိုးစားတိုင်း အကြိတ်အနယ် အပြိုင်အဆိုင် ဖြစ်ခဲ့ရသည်။ လမ်းလျှောက်ရင်း ခလုတ်တိုက်သည်များ၊ ချော်လဲသည်များ ကြုံခဲ့ရသည်။ ပြိုင်နေကြသည်ဆိုသော်လည်း တစ်ဦးချော်လဲလျှင် တစ်ဦးက ထူမပေးခဲ့ကြသည်။

ထိုအချိန်က ကျွန်တော်တို့လျှောက်ခဲ့သော လမ်းကလေးသည် သာမန်အိမ်အပြန်လမ်းကလေးမျှသာဖြစ်သည်။ ခရီးအဆုံး ပန်းတိုင်သတ်သတ်မှတ်မှတ်ရှိသည်။ လမ်းအဆုံးတွင် နွေးထွေးသော မိဘရင်ခွင်ရှိသည်။ အခုချိန်တွင်တော့ သူငယ်ချင်းများ ဝေးကွာခဲ့ရပြီ။ ကျွန်တော်တို့တွေ ကိုယ့်ဘဝလမ်းပေါ် ကိုယ်စီ လျှောက်နေရပြီ ဖြစ်သည်။ ကိုယ့်ဘဝရဲ့ပန်းတိုင် ကိုယ်တိုင် သတ်မှတ်လို့ လမ်းလျှောက်ပြိုင်နေရဆဲဖြစ်သည်။ သို့သော် ပန်းတိုင်တွေက တစ်ခုပြီး တစ်ခု၊ လမ်းက မဆုံးနိုင်။ ကျွန်တော်တို့ ဘယ်လောက်အထိ သွားနိုင်မည်လဲ။ ချော်လဲလျှင် ထူမပေးနိုင်ကြဦးမည်လား။

သူငယ်ချင်းရေ ... မင်းလည်း မင်းဘဝလမ်းပေါ် မင်းကိုယ်တိုင်လျှောက်လှမ်းလို့ ... ငါလည်း ငါ့ကိုယ်ပိုင်လမ်းပေါ် လျှောက်လှမ်းလို့ ...။ တစ်ချိန်ချိန် တကွေ့ကွေ့မှာတော့ ပြန်တွေ့ကြဆုံကြဦးမည်ထင်သည်။ ပြန်ဆုံလျှင် ငယ်စဉ်က လျှောက်ခဲ့သော အိမ်အပြန်လမ်းလေးအကြောင်း သတိတရ ပြောဖြစ်ကြဦးမည် ထင်သည်။

တစ်ချိန်က လမ်းလျှောက်ဖော်သူငယ်ချင်းသို့ အမှတ်တရ

ယာမာမိုတို





# အားနေသော ပုခုံးနဲ့ သန်စွမ်းဆဲ လက်ရုံးများ

မောင်ကောင်း

"ငါ အလုပ်လုပ်ချင်တယ်..၊ ငါ့မှာ အားတွေ ရှိသေးတယ်..၊ ကောင်းကောင်း သန်စွမ်းသေးတယ်.." ဒီစကား ပြောလာသူကတော့ နေလင်းရောင် Electronics ဆိုတဲ့ ဆိုင်းဘုတ်အောက် မှာ တီဗီကို ပြင်နေတဲ့ ကျွန်တော့် မိတ်ဆွေ ကိုစောသန်းပဲ ဖြစ်ပါတယ် ...

ကိုစောသန်းက ကျွန်တော်တို့ရွာမှာ သောင်တင် နေခဲ့တာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ၊ သူ့ဦးလေးဖြစ်သူ အပေါင်ဆိုင် ဖွင့်တဲ့နောက်လိုက်လာပြီး ရွာမှာ ဆယ်တန်းတက်..၊ ၂ ခါဖြေပြီးတော့ သူတို့ငှားနေတဲ့အိမ်ကအမျိုးသမီးနဲ့ ညားပြီး ရွာမှာ သောင်တင်နေခဲ့တာ..၊ အိမ်ထောင်ကျပြီး ရွာမှာ ဈေးဆိုင်လေး ဖွင့်ရောင်း..၊ မဆလလက်ထက် ရွာကလူတွေက ပဲခူး ရန်ကုန် သိပ်မသွားကြဘဲ ရွာမှာရှိတဲ့ဆိုင်လေးတွေက ဝယ်ကြ..၊ ရွာနီးချုပ်စပ်က လူတွေကလည်း ကျွန်တော်တို့ရွာကိုပဲ ဈေးလာဝယ်ကြတယ်။ သူတို့ လင်မယားနဲ့ မယားပါသားလေးတစ်ယောက်ရှိတာ တော်တော်လေး အဆင်ပြေကြသား၊ နောက် သားလေးတစ်ယောက် ထပ်မွေး..၊ ဈေးဆိုင်လေးကလည်း ရောင်းကောင်း..၊ ရွှေ ငွေ တော်တော် တန်တန်လေး စုမိဆောင်းမိကြတယ်။

သူတို့ အဆင်ပြေနေဆဲအချိန်လေးမှာ အရေးအခင်းဖြစ်ပြီးနောက်ပိုင်း ချဲဒိုင်တွေ ဟိုက ဒီက ရောက်လာကြ..၊ နောက်ပိုင်း ရွာကလူတွေလည်း မြို့ပေါ်တက်ကြ..၊ ဒီလိုနဲ့ သူတို့ အဆင်ပြေနေတဲ့ ဆိုင်လေးလည်း တဖြည်းဖြည်း အရောင်းပါးလာတယ်..၊ ဒါနဲ့ပဲ နောက်အလုပ်တစ်ခု ပြောင်းကြမယ်ပေါ့၊ အိမ်မှာရှိတဲ့ ရဝတဥက္ကဋ္ဌ ယောက္ခမကြီးနဲ့ တိုင်ပင်..၊ တောင်ဒဂုံ မြောက်ဒဂုံ ထောင်စဆိုတော့ ရွာမှာ အုတ်စက်တွေ အလုပ်ဖြစ်နေချိန်..၊ သူတို့က အုတ်တွေဝယ်ပြီး ပျောင်ကြတယ်..၊ သူများတွေ အရောင်းအဝယ်ဖြစ်နေကြတုန်း သူတို့ အုတ်အရောင်းအဝယ်လုပ်ကာမှ အုတ်က ဝယ်မယ့်သူမရှိ..၊ ဈေးတွေ ကျ..၊ သည်လိုနဲ့ ထားလိုက်တာ နောက်နှစ်သီတင်းကျွတ်ရောက်တော့ မထူးဘူးဆိုပြီး ရောင်းထုတ်တာ..၊ အုတ်လုပ်ငန်း အကျိုးပေးပုံများ ဝယ်တုန်းကအုတ်တစ်သိန်းလောက်က ပြန်ရောင်းတော့ ခုနစ်သောင်းလောက်ပဲ ပြန်ရ..၊ ရှုံးတာရယ် အုတ်ကျိုးရယ် ဖယ်လိုက်တော့ လက်ထဲ ပြန်ရောက်တာက အုတ်ဝယ်တုန်းက ရောင်းလိုက်တဲ့ ရွှေ ၁၅ ကျပ်သားလောက်က ၁ ကျပ်ခွဲသားလောက်ပဲ ပြန်ရရှာတယ် ..၊ ရွှေဈေးကလည်းတက်တာကိုး။

ဒီလိုနဲ့ ကိုစောသန်းတစ်ယောက် အရင်းပြုတ်လုဆဲဆဲမှာ တီဗီ ကက်ဆက် ပြင်တဲ့ သင်တန်းလေးကို ရွာကနေ ရန်ကုန်ကို သွားသင်..၊ ဒါနဲ့ပဲ နေရောင်စားထားလို့ သိပ်အရောင်မလွင်တော့တဲ့ နေလင်းရောင် Electronics ဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ ဒီနေ့ထိ ကိုင်းတစ်ဖက်ကျိုးနေတဲ့ တရုတ်လုပ် ၂၀၀တန် မျက်မှန်လေးတပ်ရင်း ဟိုကလိ ဒီကလိနဲ့..၊ မလာတစ်ချက် လာတစ်ချက် မီးကို မျှော်ရင်း..၊ ပြင်နေရင်းပျက်သွားတဲ့ မီးကိုဆဲရင်းနဲ့ တကုပ်ကုပ် ဖြစ်နေပါတော့တယ်။

ကျွန်တော်က "ဆရာ ဘာအလုပ်များ လုပ်ချင်တာတုန်း" ဆိုတော့ "ဘာအလုပ်ဖြစ်ဖြစ်ပေါ့ကွာ.. ထိုက်တန်တဲ့ အတိုင်းအတာရမယ်..၊ ကောင်းရောင်းကောင်းဝယ်ဆို လုပ်ချင်တာပေါ့" တဲ့..၊ "လာဗျာ အလုပ်အကြောင်း နောက်မှ ပြော..၊ လောလောဆယ် လက်ဖက်ရည်သွားသောက်ရအောင်" ဆိုပြီး လက်ဖက်ရည်ဆိုင် သွားထိုင်ရင်း စောစောက အလုပ်လုပ်ချင်တဲ့အကြောင်း စကားဆက်ကြတာပေါ့။

ခဏနေတော့ သူနဲ့ ရွာမှာ ၁၀ တန်း အတူတက်ခဲ့ပြီး အဲ့ဒီအချိန်မှာ ရဝတဥက္ကဋ္ဌဖြစ်နေတဲ့ သူငယ်ချင်းတစ်ယောက် ရောက်လာတော့ ကျွန်တော်တို့စကားဝိုင်းထဲ ဝင်ပါ ပါလေရော..၊ အဲဒီကိုယ်တော်က "မင်းကွာ.. အလုပ်လုပ်ချင်တာများ..၊ ဟိုမှာ ဘုတာသွားပြီး ကုန်ထမ်းပေါ့လား..၊ တစ်နေ့ ၂၀၀.. ၃၀၀ လောက်တော့ ရတာပဲ..၊ နောက် တခြားလုပ်စရာတွေ အများကြီး..၊ ခြံပေါ်ချိန်ရောက်ရင် မရမ်းသီးခူး နာနတ်သီး ခုတ်..၊ လယ်ချိန် ပျိုးနုတ်ရတာပဲ၊ ဘာတွေများ မင်းက အလုပ်ရှားနေရတာတုန်း" လို့ ပြောတယ်..၊ ဒါနဲ့ ကိုယ့်ဆရာကလည်း "မင်း အမေ---အလုပ်" လို့ တိုင်းထွာပြောဆိုရင်း "မင်းနဲ့တန်တဲ့အလုပ် မင်းလုပ်..၊ မင်း



သောက်တဲ့ လက်ဖက်ရည်ဖိုး ငါရှင်းမယ်..၊ မင်း မြန်မြန် သွားတော့”ဆိုပြီး ဘုထတောတော့ သူ ဝင်သောက်သွားတဲ့ လက်ဖက်ရည်ခွက်ကို ထားပြီး စပ်ဖြဲဖြဲနဲ့ ကြယ်နီ ဆေးပေါ့လိပ်တစ်လိပ်ပါ အဆစ်ယူကာ ထသွားတော့တယ်။

သူနဲ့ လက်ဖက်ရည်ဆိုင်ကထပြီး ပြန်အလာ အိမ်ရောက်တော့ ဟိုငယ်စဥ်က ရွာရဲ့အခြေအနေလေးကို သွား စဥ်းစားမိတော့တယ်။ ဟိုအရင် ကျွန်တော်တို့ငယ်စဥ်က ၁၉၈၀ ဝန်းကျင် (ကျွန်တော်သိတတ်စ အရွယ်) ရွာမှာ မနက်ဆို ရန်ကုန်ဘက်က လာတဲ့ရထား ၂ စီး..၊ ပဲခူးဘက်ကလာတဲ့ ရထား ၁ စီး ရွာမှာ ရပ်တယ်..၊ နောက်ပြီး စစ်ကျန် ဘတ်စ်ကားကြီးတွေ ၁၅ စီးလောက် ရှိသေးတယ်..၊ နှစ်စီးက ရန်ကုန် ကီလီဈေးကိုသွားတယ်..၊ ဆယ်စီးလောက်က ပဲခူးကို ဆွဲတယ်...၊ ကျောင်းကားက မနက် ပဲခူးကိုနှစ်စီး..၊ ပဲခူးဘက်ကလာတာ ရုံးကြိုကားတစ်စီး..၊ ဘူတာမှာက မီးရထားအလုပ်သမားအစည်းရုံးဆိုပြီး အလုပ်သမားတစ်ဖွဲ့..၊ ကဝဖက် ဆိပ်ကမ်းနဲ့ မော်တော်ကားတွေဆီက ကုန်တင်ကုန်ချဖို့ အလုပ်သမားအစည်းအရုံးက အလုပ်သမားတွေက တစ်ဖွဲ့ဆိုပြီး ရှိတယ်..၊ သူတို့အားလုံးမှာ အလုပ်သမားမှတ်ပုံတင် အလုပ်သမားကတ်ရယ် ရှိကြတယ်..၊ အားလုံးက အပြာရောင်ဖလန်နယ်စနဲ့ ချုပ်ထားတဲ့ အိတ်ကပ် ၂ ဖက်ပါအင်္ကျီကို ဝတ်ရတယ်။

မနက်ခင်း ၄ နာရီလောက်ဆို မုတ္တမလော်ကယ်ဆိုက်ရင် ဘူတာအလုပ်သမားတွေ ဝက်တွေ တင်ကြ၊ ပြီးရင် တချို့က ၈ နာရီလောက်ဆိုက်မယ့် ပျဥ်းမနားလော်ကယ်ကို ကုန်တင်ဖို့ အိမ်ပြန်အနားယူကြတယ်၊ တချို့လည်း ဝက်တင်တာလောက်နဲ့ တင်းတိမ်ပြီး မနက်ပိုင်းနားကြ၊ ညနေခင်းဆိုက်မယ့် ရထားချိန်ရောက်မှ ဘူတာကို ပြန်လာပြီး အလုပ်ဆင်းကြတယ်။

ကားဘက်က အလုပ်သမားတွေကျတော့ မနက်ခင်း သိပ်အလုပ်မရှိကြ..၊ ခပ်ပါးပါး..၊ ဒါပေမယ့် ဆန်ဖိုး လောက်တော့ရကြတယ်၊ နေ့ခင်းနဲ့ ညနေဆို သူတို့ အလုပ်ပိုရကြတယ်..၊ ရန်ကုန်သွားတဲ့ ကားက ည ၈ နာရီ ဝန်းကျင်မှ ဆိုက်တာဆိုတော့ တချို့လောဘလေး နည်းနည်းရှိတဲ့သူတွေက အဲဒီကား ပြန်လာတဲ့အချိန်ထိ စောင့်ကြတယ်။

အဲဒီအချိန်က အလုပ်သမားတွေ အိမ်ပြန်ချိန်ဆို မိန်းမက ထမင်းအဆင်သင့်..၊ တချို့ဆို ဘုံဆိုင်သွား..၊ အရက်ကလေး ၂ ပက် ၃ ပက်လောက်တောင် ဝယ်ထားပေးသေးတယ်။ တချို့လည်း ငွေကြေးလေး စုမိ ဆောင်းမိရင် ဆိုက်ကားလေးထောင်ပြီး အပိုဝင်ငွေလေးရှာကြ။

၁၉၈၂–၈၃ လောက်ရောက်တော့ အစိုးရက ပဲခူးမြို့နယ် လယ်သမားတွေအတွက်ဖြန့်ဖြူးဖို့ ဓါတ်မြေသြဇာတွေကို ပဲခူးမြစ်ကနေ တွဲသဘော်တွေနဲ့ တင်လာတယ်၊ ကမ်းနားဘက်မှာ ဂိုထောင်တွေဆောက်ကြ၊ ကုန်တင်ကုန်ချ အလုပ်သမား မလောက်လို့ အလုပ်သမားအစည်းအရုံးက လူတွေထပ်ခေါ်၊ အရင်ကဆို တစ်နှစ် တစ်နှစ် အသင်းဝင်ဖို့ အရမ်းခက်တာ၊ အဲအချိန်ကများဆို အလုပ်သမားတွေ ခေတ်ကောင်းပုံများ..၊ မနက်စောစော မြေဆီဂိုထောင်ကို အလုပ်သွား၊ မိန်းမက ထမင်း ဟင်းကောင်းကောင်း ချက်လို့..၊ နေ့လည်စာအမီ ထမင်းပို့၊ ပြန်လာရင် နင်းနှိပ်တောင်ပေးကြသေး။ ၁၉၈၈ အရေးအခင်းဖြစ်တော့ လူတွေ လုကြတာ..၊ အဲဒီအလုပ်သမားတွေက မြေဆီဂိုထောင်တွေကို စောင့်ရှောက်ပေးကြရတယ်။ ၁၉၉၅ လောက်ရောက်တော့ စလေ ကျွန်းချောင်းက စက်ရုံတွေ သဘာဝဓါတ်ငွေ့ မရရာကစပြီး မြေဆီအတင်အချ အလုပ်သမားတွေ ဘဝပျက်တာပဲ၊ စုမိတဲ့သူ၊ ကြိုတင် ပြင်ဆင်ထားပြီး ကာယအလုပ်သမားဘဝက ရုန်းထွက်ချင်သူတွေကတော့ စားဖို့သောက်ဖို့ စီးပွားရေးလေးတွေနဲ့ ဖြစ်နေကြလို့ တော်ပေမယ့် တော်တော်များများကတော့ အလုပ်လက်မဲ့ ဖြစ်ကုန်ကြတယ်။

နောက် ၂၅တန်ကျ ဆန်စက်မှာ ကုန်သွယ်လယ်ယာက စပါးအဝယ်ဒိုင်အလုပ်သမားနဲ့ ဆန်စက်ကအလုပ်သမားတွေ ရှိသေးတယ်၊ အများစုက ဟင်ဒီကုလားတွေ..၊ သူတို့လည်း အဆင်ပြေကြတာပဲ၊ သီတင်းကျွတ်လောက်ကနေ ကဆုန်လောက်ထိ စပါးတွေ ဂိုထောင်ကို အတင်အချ လုပ်ကြရတယ်၊ သူတို့ကတော့ လုပ်အားခကို အစိုးရ ဖြတ်ဈေးနဲ့ ရကြတယ်၊ မိုးတွင်းကနေ နောက်နှစ် သီတင်းကျွတ်လောက်အထိ စပါးကြိတ်ချိန်၊ စပါးကြိတ်တဲ့ အချိန်ဆို ဂိုထောင်ကစပါးကို ဆန်စက်ထဲပြန်သယ်၊ ကြိတ်ပြီးသား ဆန်၊ ဖွဲ၊ ဆန်ကွဲ ကို ဂိုထောင်ပြန်ပို့၊ နယ်တွေကို ဖြန့်ဖို့ လာသယ်တဲ့ကားတွေကို ဆန်တွေတင်ကြနဲ့ တစ်နေ့ တစ်နေ့ အလုပ်မပျက်ကြဘူး။

အလုပ်သမားတွေ အဲဒီအချိန်က ရွာဈေးထိပ်လမ်းဆုံက လူဝကြီးခေါက်ဆွဲဆိုင်မှာ တစ်ပတ် တစ်ခါလောက်တော့ တစ်မိသားစုလုံး စားနိုင်ကြတယ်၊ တချို့ဆို အစိမ်းကြော် ကုန်းဘောင်ကြော်လေးတွေ အိမ်က ကလေးတွေအတွက် ညနေ အလုပ်က အပြန် ဝယ်ကြသေးတယ်။ အဲ့ဒီအချိန်က ကာယလုပ်သားများ အလုပ်ကောင်းကြပုံများ။

တခြား ကောက်စိုက် ပျိုးနုတ်၊ ခြံထွက်ချိန်ဆို နာနတ်သီး မရမ်းသီး သယ်ကြ၊ အဲဒီကာလတွေက အလုပ်တွေ တော်တော်လေးတော့ ပေါတယ်လို့ ထင်မိသား။ တခြား ကြားပေါက်အနေနဲ့ ဆောက်လုပ်ရေးက လမ်းပြင်တဲ့ အချိန်ဆို ကျောက်သယ်တဲ့



အလုပ်၊ အုတ်စက် ထွက်ချိန်ဆို အုတ်ပေါက် အုတ်သယ် ကာယလုပ်သားတွေအတွက် အလုပ်အကိုင် ပေါချက်။

လယ်ရှင်တွေဆို ကောက်စိုက်သမ ပျိုးနုတ်သမား အချိန်မီ ရဖို့အတွက် တပေါင်း တန်ခူးလောက်ကနေ ငွေ ကြို ပေးရတယ်။ ဒီလိုနဲ့ သင်္ကြန်ရာဇ် ၂၀၀၀ ရောက်ကာနီးကနေစလို့ ကုန်သွယ်လယ်ယာက စပါးမဝယ်တော့ စပါးဈေးတွေကျ၊ ဆန်စက်လည်း ကျန်တဲ့ စပါးလေးတွေကြိတ်ခွဲပြီး ကုန်တော့ရပ်။

လယ်သမားတွေကလည်း ဈေးကျတာမခံနိုင်ကြတော့ ကောက်စိုက်တာကို လျှော့၊ လယ်ထွန်ပြီး စပါး ကြဲလိုက်တာပဲ၊ ပေါက်တဲ့ စပါး ရသလောက် ထွက်သလောက် အမြတ်ဆိုပြီး လုပ်ကြတော့ ကောက်စိုက်ပျိုးနုတ်သမားတွေလည်း အပြင်ထွက် အလုပ်ရှာကြ၊ တချို့တွေဆို မော်လမြိုင်ဘက် သွားပြီးတောင် ကောက်စိုက် ပျိုးနုတ် သွားလုပ်ကြတယ်။

ရွာက စစ်ကျန်ကားတွေလည်း ၁၉၉၃ လောက်ကစလို့ ဆီမရတာနဲ့ တဖြုတ်ဖြုတ် ပြုတ်။ မီးရထားကတော့ အဆိုးဆုံး၊ လာတလှည့် မလာတလှည့်၊ ဘူတာရုံက အလုပ်သမား အစည်းအရုံးဆိုတာကလည်း နဝတ တက်ပြီး ကတည်းက ပျက်သွားတော့ သူတို့ အလုပ်လက်မဲ့ဖြစ်လည်း တစ်ချိန်က သူတို့ဆီက အသင်းဝင်ကြေးယူခဲ့တဲ့ သူတွေကိုလည်း အားကိုးလို့မရ။

ဒီလိုနဲ့ သူတို့တွေလည်း မော်လမြိုင်ဖက် ဝက်ပို့တဲ့ကုန်သည်တွေနဲ့ ရင်းနှီးတော့ ဆက်စပ်မိရာက ရနောင်း ရောက်၊ ထိုင်းနယ်စပ်ရောက်၊ ငါးဖမ်းစက်လှေလိုက်ရင်း အက်ဆစ်နဲ့ အပက်ခံရလို့ မျက်လုံးပျက်ပြီး ပြန်ရောက်သူ ရောက်၊ ထိုင်းကို အလုပ်သွားလုပ်ရင်း ဆယ်စုနှစ် တစ်ခုထိ အိမ်ကိုပြန်မလာတဲ့ သူတွေလည်း ရှိ၊ အဆင်ပြေလို့ ရွာပြန်လာပြီး အလုပ်လေး အထိုင်ချသူတွေလည်း ရှိ။

သူတို့ရင်းနိုင်တာက လုပ်အားပဲ ရှိတာဆိုတော့ အလုပ်ဖန်တီးပေးနိုင်တဲ့ အစိုးရမျိုးမရှိတော့ အလုပ်သမား ကူလီထမ်းတဲ့သူတွေလို့ လူတွေခေါ်ကြတဲ့ ပခုံးရင်းစား ကာယအားကိုးကြရတဲ့ လူတန်းစားတစ်စု အလုပ်လက်မဲ့ ဖြစ်ကုန်ကြတော့တာပဲ။

စဉ်းစားနေတုန်း သတင်းစာပို့တဲ့ သူရောက်လာလို့ သတင်းစာယူဖို့ ထတုန်း အဖေက ကောက်ဆို ယူဖတ်တာနဲ့ ဖြတ်ကနဲလှမ်းကြည့်တော့ လွှတ်တော်အစည်းအဝေး ကျင်းပတဲ့ပုံက ရှေ့ဖုံးနေရာယူထားတာ တွေ့မိတယ်၊ ဒါနဲ့ အဖေဖတ်ပြီးတဲ့အထိ စောင့်ပြီး ဘာတွေဆွေးနွေးတင်ပြကြသလဲ စိတ်ဝင်စားလို့ အဖေ့ကို လှမ်းမေးတော့ တယ်လီဖုန်းတွေ ဈေးချရောင်းဖို့ အင်တာနက်ဥပဒေတွေဆိုလား၊ ဒါတွေကို ကျွန်တော်က သိပ်စိတ်မဝင်စား။

ကျွန်တော် တကယ်စိတ်ဝင်စားတာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုထဲ ဘာစက်ရုံတွေလာဆောက်မလဲ၊ လွှတ်တော်ထဲ ကာယလုပ်သားတွေအတွက် ဘာတွေအာမခံချက်ပေးနိုင်မယ့် အလုပ်ဖန်တီးမှုအကြောင်း ဆွေးနွေးကြသလဲ၊ အလုပ်သမားတွေ ရပိုင်ခွင့်အတွက် ဘာဥပဒေတွေပြဋ္ဌာန်းဖို့ ဆွေးနွေးကြသလဲ၊ သိချင်လို့ သတင်းစာရတော့ ယူဖတ်ကြည့်မိတယ်။ အဲဒါတွေ ဆွေးနွေးတဲ့ဟာမျိုး သိပ်မတွေ့မိဘဲ မိုးတွင်းကြီး သောက်သုံးရေရရှိရေး ဆိုပြီး အကြံပြုဆွေးနွေးတဲ့သူက ရှိပြီးသား ဆည်တွေတောင် အလုပ်မဖြစ်ရတဲ့အထဲ နောက်ထပ် ဆည်အသစ်တွေ ဆောက်ဖို့ အကြံပြုတဲ့တင်သွင်းချက်ကို တစ်ခါတည်းနဲ့ထောက်ခံတာတွေ တွေ့မိတာနဲ့ ဆက်မဖတ်ချင်တော့။

ကျွန်တော်တို့ အစိုးရမင်းများ၊ တိုင်းသူပြည်သား ကောင်းကျိုးအတွက် အလုပ်အကိုင်ဖန်တီးရေး ဆိုတဲ့ ခေါင်းစဉ်နဲ့ ဘယ်လိုစီမံကိန်းတွေချဖို့ ဘယ်သူတွေကစလို့ ဘယ်တော့မှ ကျယ်ကျယ်လောင်လောင် ကြားရမလဲဆိုတာကို စောင့်မျှော်နေရင်း။

ကျွန်တော့် မိတ်ဆွေ ပခုံးနဲ့ လက်မောင်းကြွက်သားလေး သန်စွမ်းတုန်းအချိန်လေးမှာ တစ်ချိန်က ကာယလုပ်သားတွေ အလုပ်ပေါများခဲ့သလို ကာယလုပ်သား အလုပ်လုပ်လိုသူတွေ အတွက် အလုပ်အကိုင် ပေါများ လာမယ့်အချိန်ကို အမြန်ရောက်နိုင်ပါစေလို့ စိတ်ထဲက ကြိတ်ခံမရနဲ့။

**မောင်ကောင်း**






ဆံပြိတ်လည်းပြေ...
ပန်းလည်းကြော ခဲ့ရတဲ့
ဘဝများ
STOP THE SALE!!!
Sketch by suuchit
STOP HUMAN TRAFFICKING!!!
SuperCupid

# ဆံမြိတ်လည်းပြေ... ပန်းလည်းကြွေခဲ့ရတဲ့ ဘဝများ...






SuperCupid

သဇင် (အမည်လွှဲ) ဟာ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ ဈေးရောင်းတဲ့ ပျံကျဈေးသည်တစ်ဦး ဖြစ်ပါတယ်။ အသက်(၁၇)နှစ်သာ ရှိသေးတဲ့ ဒီအမျိုးသမီးငယ်လေးဟာ ဆင်းရဲတဲ့မိသားစုကနေ မွေးဖွားလာခဲ့သူ ဖြစ်တာကြောင့် သူမဘဝမှာ မမျှော်မှန်းနိုင်လောက်တဲ့ ငွေကြေးပမာဏတစ်ရပ်နဲ့ မက်လုံးပေးခံရတဲ့အခါမှာ တရုတ်နိုင်ငံက အထည်ချုပ်စက်ရုံတစ်ရုံမှာ အလုပ်လုပ်ဖို့ လိုလိုလားလား သဘောတူ လက်ခံခဲ့ပါတယ်။

သူမနဲ့အတူ လိုက်ပါလာတဲ့ ဘဝတူအမျိုးသမီး(၂)ဦးအနက် တစ်ဦးဟာ မြန်မာပြည်အလယ်ပိုင်းက အညာသူတစ်ယောက်ပါ။ သူမဟာ အဆူအဆဲ ကြမ်းတမ်းလွန်းတဲ့ ဖခင်ရဲ့ဒဏ်ကို သည်းမခံနိုင်တော့လို့ မြန်မာအမျိုးသားတစ်ဦးနဲ့လက်ထပ်ပြီး ထွက်ပြေးလာတာ ဖြစ်ပါတယ်။ ကျန်တစ်ဦးကတော့ ကချင်အမျိုးသမီးငယ်လေးဖြစ်ပြီး သူမရဲ့မိသားစု စားဝတ်နေရေးအတွက် လစာကောင်းတဲ့အလုပ် ရမယ်ဆိုလို့ တရုတ်နိုင်ငံကို လိုက်လာတာဖြစ်ပါတယ်။

ဒါပေမဲ့ တကယ်တမ်း တရုတ်နိုင်ငံကိုရောက်တဲ့အချိန်မှာတော့ သူတို့မျှော်မှန်းထားတာတွေ တစ်ခုမှဖြစ်မလာဘဲ သူတို့တစ်ခါမှမမြင်ဖူးတဲ့ ယောကျ်ားတွေနဲ့ အတင်းအကျပ် အိမ်ထောင်ပြုဖို့ ဖိအားပေးခိုင်းစေခြင်း ခံခဲ့ရပါတယ်။သူတို့နဲ့ လက်ထပ်ရမယ့် သူတွေဟာ လယ်သမား၊ ဆောက်လုပ်ရေးအလုပ်သမား၊ အလုပ်ကြမ်းသမားစတဲ့ သူမျိုးတွေ ဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာ ဆယ်စုနှစ်များစွာကျင့်သုံးခဲ့တဲ့ ဝမ်းချိုင်းပေါ်လစီ (သားသမီးတစ်ဦးသာ မွေးရသည့်မူဝါဒ) ကြောင့်ရော၊ ယောကျ်ားလေးကို ပိုမိုတန်ဖိုးထားတဲ့ တရုတ်ရိုးရာ ထုံးတမ်းဓလေ့အရရောကြောင့် အမျိုးသားအရေအတွက်ဟာ အမျိုးသမီးအရေအတွက်ထက် များနေပါတယ်။ ဒါကြောင့် ဝင်ငွေနိမ့်တဲ့ အောက်ခြေလူတန်းစား တရုတ်အမျိုးသားတွေဟာ တရုတ်သတို့သမီးကို လက်ဖွဲ့ငွေ အများအပြားပေးပြီး ပေါင်းသင်းမယ့်အစား လူပွဲစားကိုပဲ ပိုက်ဆံပေးပြီး မြန်မာနိုင်ငံက သတို့သမီးရှာခိုင်းတာ တွက်ချေပိုကိုက်တယ်လို့ ယူဆလာကြပါတယ်။

သဇင်ဟာ သူ့ကိုပြန်လွှတ်ပေးဖို့အတွက် လူပွဲစားကို ငိုယိုပြီးတောင်းပန်ခဲ့ပေမဲ့ သူ့ကို ငွေပေးပြီး ပေါင်းသင်းမယ့်လူစိမ်းတရုတ်အမျိုးသား လက်ကနေ မလွတ်မြောက်နိုင်ခဲ့ရှာပါဘူး။ “ကျွန်မ ဘယ်ကိုထွက်ပြေးရမှန်းလဲ မသိပါဘူး။ ပြန်ဖမ်းမိရင် ကျွန်မကို သတ်ပစ်မှာကိုလည်း ကြောက်ရွံ့ခဲ့ရပါတယ်” လို့ သဇင်က ပြန်လည်ပြောပြခဲ့ပါတယ်။

သဇင်ဟာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရဲ့ အနောက်တောင်ပိုင်းက ရွာငယ်လေးတစ်ရွာမှာ (၅)နှစ်ကြာ နေထိုင်ခဲ့ရပြီးပြန်လည်မလွတ်မြောက်မီအထိ သူမခင်ပွန်းသည်အတွက် သားသမီး(၂)ဦး မွေးဖွားပေးခဲ့ရပါတယ်။ အဲ့ဒီ ဧရိယာအနီးတစ်ဝိုက်က တခြားရွာတွေမှာလည်း သူမလို ရောင်းစားခံခဲ့ရတဲ့ မြန်မာအမျိုးသမီးတွေ အများအပြား ရှိနေတယ်လို့ သဇင်က ပြောပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်းက မြန်မာနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ လူကုန်ကူးမှုတွေထဲက (၇၀) ရာခိုင်နှုန်းဟာ ယခုလို တရုတ်နိုင်ငံကို သတို့သမီးတင်ပို့ခြင်းကြောင့် ဖြစ်ပွားခဲ့ရတာဖြစ်တယ်လို့ မြန်မာအစိုးရရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးနှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် သဘောတူညီမှုစာချွန်လွှာကို ၂၀၀၉ ခုနှစ် ကတည်းက လက်မှတ်ရေးထိုးခဲ့ကြပေမဲ့ စီမံကိန်းဆောင်ရွက်မှုကိုတော့ အပြီးမသတ်နိုင်သေးပါဘူး။ တရုတ်အစိုးရအနေနဲ့ ဒီကိစ္စအပေါ်မှာ လူမှုအသိုင်းအဝိုင်းတွေနဲ့ လက်တွဲပြီး အင်တိုက်အားတိုက် ဆောင်ရွက်လိုစိတ် မရှိဘူးလို့ ကမ္ဘာတလွှား စောင့်ကြည့်သူတွေနဲ့ အဖွဲ့အစည်းတွေက ဝေဖန်နေကြပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ခြင်းထိစပ်နေတဲ့ မြန်မာနိုင်ငံထဲက ကချင်ပြည်နယ်မှာ အစိုးရတပ်တွေနဲ့ ဒေသခံ ကချင်တပ်တွေ ကာလအတန်ကြာ တိုက်ပွဲဖြစ်ပွားခဲ့မှုကြောင့် လူပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရတာကလည်းလူကုန်ကူးမှုတွေ ဖြစ်လာစေဖို့ အခြေအနေကောင်းတစ်ရပ် ဖြစ်လာစေပါတယ်။



## ဆင်းရဲနွမ်းပါးမှု



ပြီးခဲ့တဲ့ ၂၀၁၂ ဇွန်လအတွင်းမှာ တရုတ်အစိုးရရဲ့ ထုတ်ပြန်ကြေညာချက်အရ နိုင်ငံရဲ့လူဦးရေ ၁.၃ ဘီလီယံရှိတဲ့အနက် အမျိုးသမီး ၁၀၀ ဦးမှာ အမျိုးသား ၁၁၇.၈ ဦးနှုန်း ရှိနေတယ်လို့ သိရတယ်။ ဒီအခြေအနေဟာ ပိုပြီးဆိုးရွားလာဖို့ ရှိနေပြီး ၂၀၂၀ ဆိုရင် တရုတ်နိုင်ငံမှာ အမျိုးသား သန်း ၃၀ အတွက် အမျိုးသမီး ၂၄ သန်းပဲ ရှိလိမ့်မယ်လို့ ခန့်မှန်းဖော်ပြခဲ့ပါတယ်။




မြန်မာနိုင်ငံမှာ လတ်တလောအနေအထားအရ ဆင်းရဲပြီး အားနွဲ့တဲ့ အမျိုးသမီးလေးတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းက ရှားပါးနေတာကြောင့် လူကုန်ကူးခံရသူတွေဖြစ်လာဖို့ တွန်းအားပေးခံနေရတာဖြစ်ပါတယ်။ တရုတ်နိုင်ငံကို တင်ပို့ခြင်းခံရတဲ့ အမျိုးသမီးအားလုံးနီးပါးဟာ အလုပ်အကိုင်နဲ့ မက်လုံးပေးပြီး ခေါ်ဆောင်ခြင်း ခံခဲ့ကြရတာပါ။ ပြီးခဲ့တဲ့ ၃ နှစ်အတွင်းမှာ မြန်မာအစိုးရဟာ လူကုန်ကူး ခံရသူ ပေါင်း ၃၁၅ ယောက်ကို ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး အဲ့ဒီထဲကအများစုကို တရုတ်နိုင်ငံကနေ ကယ်ခဲ့ရတာပါ။ ကုလသမဂ္ဂရဲ့ လေ့လာချက်အရ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ဖူဇန်းပြည်နယ်၊ ဟီနန်ပြည်နယ်၊ စီချွမ်ပြည်နယ်နဲ့ အန်ဟွေးပြည်နယ် တွေမှာ လူကုန်ကူးခံရသူတွေ အများအပြားရှိနေတယ်လို့ သိရပါတယ်။

ကုလသမဂ္ဂရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး အေဂျင်စီ (UNIAP) ရဲ့ ဖော်ပြချက်အရ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ် ပထမ(၈)လတာ ကာလအတွင်း လူကုန်ကူးမှု ၁၀၃ မှု ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ တကယ်လူကုန်ကူးခံရတဲ့ဖြစ်ရပ်တွေဟာ အဲ့ဒီကိန်းဂဏန်းထက်တောင် များခဲ့တယ်လို့ လေ့လာသူတွေက သုံးသပ်ခဲ့ကြပါတယ်။ "တချို့ဆိုရင် သူတို့ လူကုန်ကူးခံထားရတယ်၊ တိုင်လို့ရတယ် ဆိုတာကိုတောင် မသိကြပါဘူး။ သူတို့ထင်တာက အတိတ်ကံမကောင်းခဲ့လို့ ဝဋ်ခံရတယ်လို့ပဲ ယူဆနေကြတာပါ" လို့ World Vision ရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါ်ခင်မျိုးသန့်က ပြောပြခဲ့ပါတယ်။

မြန်မာအစိုးရအနေနဲ့ လတ်တလောမှာ ဒီမိုကရေစီအရေး ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ပေးနေပေမဲ့ နိုင်ငံသားတစ်ဦးချင်းစီရဲ့ လူမှုရေးလုံခြုံမှုနဲ့ လူနေမှုအခြေခံလိုအပ်ချက်တွေ ပြည့်ဝအောင် မဆောင်ရွက်နိုင်သေးဘူးလို့ Save The Children အဖွဲ့က အာရှဒေသတာဝန်ခံ ဒေးဗစ်ဘလွန်းမာက ဆိုခဲ့ပါတယ်။ အမျိုးသမီးတွေဟာ မိသားစုရဲ့ စီးပွားရေး အကြပ်အတည်းတွေကြောင့် ဝင်ငွေရဖို့ အလုပ်အကိုင် ရှာဖွေနေကြပေမဲ့ အခုအချိန်မှာ ခက်ခဲနေတယ်လို့ ဘလွန်းမာက ဆိုပါတယ်။ "မိသားစုတစ်စုမှာ ဝင်ငွေတိုးအောင်လို့ စဉ်းစားပြီဆိုရင် ဘယ်သူ့ကို ဦးစားပေး စဉ်းစားတယ်ထင်ပါသလဲ။ ယောကျ်ားလေးလား၊ မိန်းကလေးလား။ ဒီမှာတော့ မိန်းကလေးတွေဟာ ပိုပြီး အနစ်နာခံရလေ့ရှိပါတယ်။ ကျောင်းထွက်ပြီး အလုပ်လုပ်ရမယ်ဆိုရင် မိန်းကလေးက အရင်ထွက်ပေးရတယ်။ ဒါဟာ မြန်မာတစ်နိုင်ငံတည်းမှာ မဟုတ်ဘဲ အရှေ့တောင်အာရှနိုင်ငံ အတော်များများမှာ တွေ့နေရတာပါ" လို့ ဘလွန်းမာ က ပြောပြခဲ့ပါတယ်။

ဆံမြိတ်လည်းဖြေ။
ပန်းလည်းကြွေခဲ့ရတဲ့ ဘဝများ

SuperCupid






## ပြည်တွင်းပဋိပက္ခများ

မြန်မာနိုင်ငံမှာ မြေယာသိမ်းယူမှုတွေ၊ အတင်းအကျပ် လုပ်အားပေးခိုင်းစေမှုတွေ၊ လူမျိုးရေး ခွဲခြားဆက်ဆံမှုတွေနဲ့ နယ်ခြားမျဉ်းတစ်လျှောက် လက်နက်ကိုင်တိုက်ပွဲဖြစ်နေတာတွေကြောင့် အမျိုးသမီးတွေ ပြည်ပမှာအလုပ်သွားရှာဖို့ တွန်းအားပေးရာရောက်တယ်လို့ ပြည်ပရောက် တိုင်းရင်းသားအုပ်စုတွေက သုံးသပ်ပါတယ်။ ထိုင်းနိုင်ငံအခြေစိုက် ကချင်အမျိုးသမီးများအဖွဲ့ချုပ် (KWAT) ကချင်ပြည်နယ်အတွင်းမှာ ဖြစ်နေတဲ့ စစ်ပွဲတွေကြောင့် ကချင်အမျိုးသမီးလေးတွေ လူကုန်ကူးခံရဖို့ အလွန်နီးစပ်နေကြောင်း သတိပေးပြောကြားခဲ့သည်။ KWAT အဖွဲ့ဟာ ပြီးခဲ့တဲ့ တစ်နှစ်အတွင်း မြန်မာ–တရုတ် နယ်နိမိတ်တစ်လျှောက် လူကုန်ကူးသူ ၆၀ ကနေ ၈၀ အထိ ရှာဖွေကယ်တင်နိုင်ခဲ့တဲ့ အဖွဲ့လည်း ဖြစ်ပါတယ်။

"အိုးမဲ့အိမ်မဲ့ ဒုက္ခသည်တွေ တိုးပွားလာပေမဲ့ အကူအညီအထောက်အပံ့တွေ လျော့လာတာကြောင့် အမျိုးသမီးတွေဟာ သူတို့ နေထိုင်အသက်ရှင်ဖို့အတွက် အလုပ်ရှာကြမှာ သေချာပါတယ်" လို့ KWAT က လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်သူ ဂျူလီယာမရစ် က ဆိုပါတယ်။

လူကုန်ကူးမှုပပျောက်အောင် လုပ်မယ်ဆိုရင်တစ်ဖက်က လူဝယ်ယူဖို့ အလိုမရှိအောင် လုပ်ရမယ်လို့ ဒေါ်ခင်မျိုးသန့်က ဆိုပါတယ်။ "တရုတ်မှာ ဒါမျိုးကိုအတင်းအကျပ် လက်ထပ်ပေးတယ်လို့ မယူဆပါဘူး။ သူတို့အတွက် ပိုက်ဆံပေးပြီး သတို့သမီးရှာခိုင်းတဲ့အလုပ်ဆိုတာ ပြဿနာရှိတဲ့အလုပ်လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ ဓလေ့ထုံးတမ်းတွေနဲ့ မြန်မာအမျိုးသမီးတွေအတွက်တော့ တော်တော်ကို ဆိုးရွားတဲ့ အပြုအမူပါ" လို့ ဒေါ်ခင်မျိုးသန့်က ရှင်းပြခဲ့ပါတယ်။




## စိန်ခေါ်မှုများ

မြန်မာနိုင်ငံဟာ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၀၅ ခုနှစ်ကတည်းက ထုတ်ပြန်ခဲ့ပြီး အမှန်တကယ်လည်း လူကုန်ကူးမှုတိုက်ဖျက်နိုင်ဖို့ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တယ်လို့ လေ့လာသူတွေက အသိအမှတ်ပြုခဲ့ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ဇွန်လအတွင်းမှာ အမေရိကန်နိုင်ငံဟာ မြန်မာနိုင်ငံကို လူကုန်ကူးမှု အများဆုံးနိုင်ငံများ စာရင်း (အဆင့်–၃) သွင်းထားရာကနေ တစ်ဆင့်မြှင့်ပေးခဲ့ပြီး အလယ်အလတ်တန်း နိုင်ငံများစာရင်း (အဆင့်–၂) ကို ရောက်ရှိစေခဲ့ပါတယ်။ ဒါဟာ ပြီးခဲ့တဲ့ ၂၀၀၀ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ ပထမဆုံး အဆင့်တက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လတ်တလော ဖြစ်ပေါ်နေတဲ့ လူကုန်ကူးမှုဖြစ်စဉ်တွေဟာ မြန်မာအစိုးရရဲ့ ကြိုးပမ်းမှုတွေ ထိရောက်မှု တကယ်ရှိမရှိ ဆိုတာကို စမ်းသပ်နေပါတယ်။ လေ့လာသူတွေကတော့ မြန်မာအစိုးရဟာ ပြည်သူတွေကို လှုံ့ဆော်တဲ့နေရာမှာ၊ ပိုစတာနဲ့ ဘေလ်ဘုတ်တွေ ထောင်တဲ့နေရာမှာ အားကောင်းပေမဲ့ စီမံကိန်းရဲ့ ထိရောက်မှု တကယ်ရှိမရှိဆိုတာ တိုင်းတာတဲ့နေရာနဲ့ အဓိကအဖွဲ့အစည်းတွေဖြစ်တဲ့ ပြည်ထဲရေးနဲ့ လူမှုဝန်ထမ်းဝန်ကြီးဌာနတွေ အချင်းချင်းချိတ်ဆက်ဆောင်ရွက်မှုမှာ အားနည်းနေတယ်လို့ သုံးသပ်ကြပါတယ်။

ဒါ့အပြင် လာဘ်ပေးလာဘ်ယူမှုကလည်း အဓိက အရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ တာဝန်ရှိသူတွေဟာ ငွေကြေးရယူပြီး လူကုန်ကူးသူတွေကို မသိချင်ယောင်ဆောင်နေတာကြောင့် အခုလို ရဲရဲတင်းတင်းနဲ့ ဆက်လက်လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ "တစ်ခါတစ်ရံမှာ လူကုန်ကူးခံရတဲ့သူတွေဆီကနေ ကျွန်မတို့ကို ဖုန်းဆက်တာမျိုးရှိပါတယ်။ ကျွန်မတို့က ရဲကိုသွားတိုင်ဖို့ အကြံပေးပေမယ့် သူတို့ မသွားရဲကြပါဘူး။ အာဏာပိုင်နဲ့ ရဲတွေကို သူတို့ ကြောက်ရွံ့နေကြပြီး အကူအညီမတောင်းနိုင်ကြပါဘူး"လို့ UNIAP က မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်းတာဝန်ရှိသူ ဒေါ်ဥမ္မာအိအိချော က ဆိုပါတယ်။

ဆံမြိတ်လည်းရှေ့ ပန်းလည်းရွေ့ခဲ့ရတဲ့ ဘဝများ

SuperCupid

နောက်ဆုံး လူကုန်ကူးခံရတဲ့ သူတွေအနေနဲ့ အောင်မြင်စွာထွက်ပြေး လွတ်မြောက်လာနိုင်ပြီ ဆိုရင်တောင် သူတို့ရဲ့ ဆင်းရဲဒုက္ခတွေက မဆုံးနိုင်သေးပါဘူး။ သူတို့ကို ပြန်လည်နေရာချထားဖို့နဲ့ ပြန်လည်ထူထောင်ဖို့ကိစ္စဟာ သက်ဆိုင်ရာ အဖွဲ့အစည်းတွေအတွက် ကြီးမားတဲ့စိန်ခေါ်မှု ဖြစ်နေဆဲပါ။ လူကုန်ကူးခံရပြီး ပြန်ရောက်လာသူတွေ အနေနဲ့ ပြည်တွင်းမှာ သင့်တင့်တဲ့လစာနဲ့ ပုံမှန်အလုပ်ရဖို့ မလွယ်ကူပါဘူး။ သူတို့ကို ပြန်လည်ထူထောင်ပေးနိုင်ဖို့ လူ့အရင်းအမြစ် ဖွံ့ဖြိုးရေးတွေ၊ ကျွမ်းကျင်ပညာရှင်တွေ၊ ပူးပေါင်းပါဝင်တဲ့ အဖွဲ့အစည်းတွေ ကမ္ဘာတိုင်းမှာ ရှိနေသင့်ပေမဲ့ မြန်မာနိုင်ငံမှာတော့ အရမ်းကို အားနည်းလွန်းနေသေးတယ်လို့ ဒေါ်ဥမ္မာအိအိချောက ပြောပြသွားခဲ့ပါတယ်။

သဇင်ဟာ ကံကောင်းထောက်မစွာနဲ့ ရှည်လျားတဲ့ခရီးကြမ်းကို ဖြတ်သန်းပြီး အိမ်ပြန်လာခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ သူမဖခင် မုဆိုးဖိုကြီးကတော့ ကွယ်လွန်သွားရှာပြီဖြစ်သလို အစ်ကိုတွေ မောင်တွေကလည်း တကွဲတပြားစီ ဖြစ်နေပါတယ်။ သူမအတွက် အခုအချိန်မှာ အဖြစ်ချင်ဆုံး ဆန္ဒကတော့ လူကုန်ကူးသူတွေကို မိအောင်ဖမ်းနိုင်ဖို့ပါပဲလို့ ပြောပြခဲ့ပါတယ်။

> "တခြားဘယ်သူ့ကိုမှကျွန်မလို
> မဖြစ်စေချင်တော့ပါဘူး"
> လို့သဇင်က
> ဆုတောင်းပေးခဲ့ပါတယ်။

(သွမ်ဆင်ရိုက်တာ ဖောင်ဒေးရှင်းမှ စုစည်းတင်ပြခဲ့သော ယနေ့ခေတ်သစ် လူကုန်ကူးမှုများ အထူးသတင်းပေးပို့ချက် မှ ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်)

# ဆံမြိတ်လည်းပြေ၊ ပန်းလည်းကြွေခဲ့ရတဲ့ ဘဝများ

SuperCupid

# ကျော်ကျားနယ်တွင်




ခေါင်းအတော်စားခဲ့သော
တာဝန်ခံအယ်ဒီတာ
ကြီးတော်အတွက် ...

ကျူးပစ်များလည်း
ခေါင်းစားစေရန်
ဓိုးကွက်မှ
အောက်ပါအတိုင်း
လက်ဆောင်ထား
ပါသည်။

# နာမည်လေးတွေ ဖွက်ကြမယ်




ပေးထားတဲ့စကားဝှက်လေးတွေကနေ ကျူးပစ်မန်ဘာတွေရဲ့နာမည်တွေကို ဇယားကွက်လေးထဲမှာ နေရာကျအောင် ဖြည့်ကြည့်ရအောင်။

မန်ဘာတွေ ပျော်ရွှင်ဖို့နှင့် အမှတ်တရဖြစ်ဖို့လုပ်တဲ့ ဉာဏ်စမ်းကစားပွဲလေးမို့ မန်ဘာတွေအနေနဲ့ နာမည်တွေကို အသုံးပြုခွင့်ပေးလိမ့်မယ်လို့ ထင်ပါတယ်။ အလျှဉ်းသင့်သလို သုံးရတာမို့လို့ နာမည်မသုံးဖြစ်တဲ့ မန်ဘာတွေအနေနဲ့လည်း နားလည်လိမ့်မယ်လို့ ယူဆပါတယ်။

နာမည်မှာ နံပါတ်တွေ စပေ့စ်တွေပါရင် ချန်ခဲ့ရမှာပါ။ အင်္ဂလိပ်အက္ခရာ သီးသန့်ပဲ ထည့်ရမှာ ဖြစ်ပါတယ်။

ဥပမာ – **robin76** ကို ဖွက်တဲ့အခါ အနောက်မှာကပ်ပါလာတဲ့ ဂဏန်း ၇၆ ကိုဖြုတ်ခဲ့ပြီး **ROBIN** အဖြစ်ပဲ ဖွက်ပါတယ်။ **Shwe Myoh Tharr** ဆိုရင်လည်း **SHWEMYOHTHARR** ဆိုပြီး ဆက်တိုက်ယူရမှာပါ။

ကဲ . . ဖြည့်ကြည့်လိုက်ပါဦး။ အရှုံးပေးတယ် ဆိုရင်တော့ အဖြေကို ဂျာနယ်ထွက်ရှိပြီး တစ်ပတ်အကြာ ကျူးပစ်ဖိုရမ်မှာ ဖြေပေးပါမယ်ကွယ်။

## ၁) ဒေါင်လိုက်

၁ = သူက ကျူးပစ်မှာ သတင်းအရင်းအမြစ်ကြီးပေါ့။
၂ = ပြည်ပရောက် ဒေါက်တာဘွဲ့ရကြီးနဲ့ တူပေမဲ့ သူက အလန်းလေးတွေကြိုက်တယ်။
၄ = Oracle က နိမိတ်ဖတ်ထားတဲ့တစ်ယောက်။
၆ = ဒေါ်အောင်ဆန်းစုကြည်အကြောင်း ရိုက်ထားတဲ့ ရုပ်ရှင်။
၈ = နောက်ယောက်ျားရသွားသူ။
၁၀ = နာမည်ကိုက ကျက်သရေရှိတာတဲ့။
၁၂ = လောလောလတ်လတ် ထောင်ကျသွားသူ။
၁၄ = မူးဘဲကြီးများ ကွန်းခိုရာဗိမာန်ရှင်။
၁၆ = အဆုံးစွန်ထိ မိုက်မည့်သူ။
၁၈ = မာလိန်မှူး ဗိုက်ပူ။
၁၉ = ၂လုံးတည်းနဲ့ ကြပ်နေတဲ့သူ။
၂၀ = ဆေးလည်းကုတယ်၊ သိုင်းလည်းချတယ်၊ ဝါသနာလည်းကြီးတယ်။
၂၁ = လူကြီးရောဂါသူ့ကြောင့်ဖြစ်တာပေါ့။
၂၂ = သူ့ကြည့်ရတာ အေးတိအေးစက်နဲ့။



## ၂) အလျားလိုက်

၁ = ဘာပဲလိုလို သူ့သာမေး.... ရန်ကုန်လမ်းညွှန်မလိုဘူး။
၃ = နာမည်ကိုက ဖုံကျမှန်း သိသာတယ်။
၅ = သူ့အပေါ်မှာ ဘယ်သူမှ မရှိတော့ဘူး။
၇ = ကောင်မလေးတွေ တိတ်တခိုးရယ်သံက သူ့နာမည်လေ။
၉ = အန်ကိုင်ယာနဲ့ အမျိုးတော်တယ်ထင်တာပဲ။
၁၁ = ကျူးပစ်အတွက် auto-text စတင် တီထွင်သူ။
၁၃ = အနှစ်တစ်ထောင်ဘိုးဘိုးလို့ ပြောစရာ ပြောင်ရုံလေးပြောင်တာ။
၁၅ = နတ်မင်းကြီးဇုရဲ့ သားတွေထဲက တစ်ယောက်။
၁၇ = ကျူးပစ်စတော့ရှယ်ရာ ဈေးကွက်ကို ထိန်းချုပ်ထားသူ။
၁၉ = နွေးသခင်။
၂၁ = အမြဲ အိပ်မောကျနေသူ။

**ဦးကွက် လက်ဆော့သည်**



# မြားနတ်ရှင် အငြိမ့်သဘင်



မင်းသမီးများ – ဘိုတာဖုံ၊ မိစိုး၊ တောသူမလေး
လူရွှင်တော်များ – ကိုရင်အုန်း၊ ကိုနှစ်ကီ၊ ကိုဘီ၊ ကိုဘလက်ဇီနွန်
စီစဉ်တင်ဆက်သူ – ကိုရင်အုန်း နှင့် ကျူပြင်ကုန်း အဖွဲ့တော်သားများ

ဟယ်လို... တာက်စတင်...
ဝမ်း တူး သရီး... ဝမ်း တူး သရီး...
ရွှေပွဲလာ ကျူးပစ်ဇည့်ပရိသတ်ကြီးများ...
မျော်လင့်စောင့်စားနေကြတဲ့
မြားနတ်ရှင် အငြိမ့်သဘင်ကြီး..
မကြာခင် စတင်ပါတော့မယ် ခင်...
အဲလေ... ဗျာ...

တွီ တွီ တြော်တြော် တွမ်တွမ် အစရှိသော သွားကြိမ်းဖွယ် အသံမျိုး ထွက်ရှိနေသည့် လော်စပီကာမှ 'တက်စတင် ဟဲလို တက်စတင် ကြားလား..' ဆိုသော အသံများလည်း တစ်ယောက်ပြီး တစ်ယောက် တက်ပြောနေသဖြင့် ခဏ ခဏ ထွက်လာစေ..၊ 'ရှာအနောက်ပိုင်းက အပျိုကြီးခင်ဗျား..၊ ပွဲခင်းထဲမှာ တောင်ဘက် မုန့်ပေါင်းဆိုင်နားမယ် အပျိုကြီး သားလေး ရှိနေပါတယ်.. အမြန် လာခေါ်ပါ ခင်ဗျာ..' ဆိုတဲ့ အသံပါ ထွက်ပေါ်လာတော့ အငြိမ့်ကြည့်မယ့် ပရိသတ်တတွေကြားက အသံ ခပ်စူးစူးနဲ့ 'ဘယ့်နှယ် အပျိုကြီးပါဆို.. ကလေး ရှိမလားဗျ' လို့ အော်ဟစ်မေးမြန်းသံ..၊ တွီတွီတွမ်တွမ်တတွေနဲ့အတူတူ 'အပျိုကြီးရဲ့ ခွေးကို ပြောနေသဟာ.. သိဖြင့် မသိဘဲနဲ့..' လို့ တုံ့ပြန်ပြောဆိုသံတတွေ မဆုံးခင်မယ် ရှာစားကြီးရဲ့ နာမည်ကျော်လက်ရာ ဘိုးရာဇာ တေးသွားအလိုက်အတိုင်း တေးတစ်ပုဒ်ကို ပီပီပြင်ပြင် တီးခတ်စေ..၊ မတက်ချင် တက်ချင်နဲ့ တက်နေပုံရတဲ့ ကားလိပ်ကြီးရဲ့ အတွင်း တစ်ဖက်မယ် လူရွှင်တော်လေးယောက်မှ လူပြက်ဒွာဒယာအပြည့်နဲ့ လက်အုပ်ချီဟန် အမျိုးမျိုးနဲ့ စောင့်နေကြစေ..၊ အနောက်ဖက်က နီပြေ့ပြေ့ ကတ္တီပါနောက်ခံမယ် "မြားနတ်ရှင် အငြိမ့်သဘင်" ဆိုသဟာကြီးက ခန့်ခန့်ထည်ထည်ကြီး ရှိစေ..။

'ဖူးပရစ်တွေက စီရရီ..
အဦးအသစ် တွေ.. နဲ့လဗျာ ...
(တီး တီတီ တီးတတီ) (နဲ့မှုတ်သံ)
အထူးအစစ်တွေ.. နဲ့လဗျာ ...
(တီး တီတီ တီးတတီ)
မူးယစ်နေတဲ့ ကနစ်ကီ.. (အဲလေ)
ကျူးပစ်ဆိုတဲ့ ကွန်မြူနတီ.."




နစ်။ 'ခွန်းထောက်ဆိုတာ ကောင်းကောင်း မဆိုဘူး။ ငါ့များ လာဆွဲထည့်နေရသေးတယ်'

'ကျူးပစ်ဆိုတဲ့ ကွန်မြူနတီ..
တဝန်းခွင်မဟီ မြေကမ္ဘာ တလွှားရယ်က
လန်းရွှင်ကြည် ရွှေမြန်မာများတို့ရယ်
ညီရင်းချာ အစ်ကိုများ လိုပ
(တီတီး တတီ တတီတီးတတီတိ)
မောင်ရင်းချာ နှမများလိုပ
(တီတီး တတီ တတီတီးတတီတိ)
(နဲ့ဆရာက ဗိုကယ်နတ်တွေချည်း လိုက်မှုတ်နေတော့တာ..)
အားသွန်ညီ တူယှဉ်မြန်း
လှမ်း အမ်းအမ်.. လှမ်း.. တူရူချီ..။

(ကျူးပစ် လူပြက်ကြီးများ လက်အုပ်ညီညာနှင့် ပရိသတ်ကြီးကို ကန်တော့ပန်းဆင်ကြစေ)

အုန်း။ 'ခွန်းထောက် စာအလုနဲ့ ဂါရဝပြုသွားတာ ကျူးပစ် မာစတာ ဆယ်ဂွရှင် ကိုဘီ မှတ်တယ်ဗျား'

ဘီ။ 'ဟုတ်ပ ဟုတ်ပ သခွပ်ပန်း ကိုရင်အုန်းရေ..'

အုန်း။ 'မင်္ဂလာရှိပါ့ဗျား၊ ဟောဟိုဘက်က ကျူးပစ် ဂုဏ်ထူးဆောင် လပသကြီး ကိုဘလက် ထင်ပါ့'

ဘလက်။ 'မလစ်လပ်ကြောင်းပါ ကိုအုန်းရေ..'

အုန်း။ 'လစ်ရင် ခိုးမလို့ ပေါ့လေ...'

(ကိုရင်အုန်းခေါင်းကို ကိုဘီက သတင်းစာလိပ်နှင့် လှမ်းရိုက်စေ..)



ဘီ။ 'ခိုးလို့ မိသွားလည်း ပြန်ပေးရင် ထောင်မကျဘူး တဲ့..' (ရယ်သံများ)

(ကိုဘီကိုပါ လှမ်းရိုက်စေ..)

အုန်း။ 'သိခွင့်ရရင် သိချင်ပါတယ် ခင်ဗျား'

(ကိုရင်အုန်းကို ဝိုင်းရိုက်ကြစေ။)

အုန်း။ 'ဩော်... ပျော်စေပြက်စေပါ.. ကဲကဲ ဟောဟိုဘက်က ကိုနစ်ကီလားဗျား..'

နစ်။ '.. .. ..'

အုန်း။ 'အမယ်... လှည့်မကြည့်ဘူးဗျို့..'

ဘလက်။ 'သူက ဒီတိုင်း ခေါ်လို့ မရဘူး။ ဖဲယားလေဒီ နဲ့ ခေါ်မှ လိုက်တာ..' (ရယ်သံများ)

အုန်း။ 'ဟောဟိုက ကိုနစ်ကီလားဗျာ..'

နစ်။ '.. .. ..'

အုန်း။ 'အမယ် မထူးသေးဘူးဗျာ..'

ဘီ။ 'ရွှေလက်နဲ့ ခေါ်လို့ မရတော့ဘူး ထင်တယ် ကရင်အုန်းရေ..'

အုန်း။ 'အလိုဗျ... တစ်ခါခေါ် မကြား နှစ်ခါခေါ် မကြား ဗယာကြော်ကုလား၊ အဲလေ... ကနစ်ကီကြီး'

နစ်။ 'ဘာတုန်း..'

ဘီ။ 'အောင်မယ် ရန်စွယ်နဲ့ ငေါငေါပါလား'

နစ်။ 'မင်းတို့က ဘာလို့ လေကြောင်းက ပစ်သေးတုန်း'

ဘီ။ 'မင်းကကော ဘာလို့ တံတားတွေ၊ တာဝါတိုင်တွေ မိုင်းခွဲတုန်း'

နစ်။ 'မင်းတို့ကရော မပစ်ဘူးပြောပြီး ဘာလို့ ပစ်တုန်း'

အုန်း။ 'တော်ကြ တော်ကြ... ညှိနှိုင်း ဆွေးနွေးကြပါစို့၊ ကိုင်း.. အစ်ကိုကြီး တိုင်ပေးသလို လိုက်ဆိုကြ'

နစ်။ 'ဘာလို့ ဆိုရမှာတုန်း၊ ဆိုဘူး၊ အဲ့ဒါတွေ ကြည့်မရတာ..' (ရယ်သံများ)

တဝန်းခွင်မဟီ မြေကမ္ဘာတလွှားရယ်က
လန်းရွှင်ကြည် ရွှေမြန်မာများတို့ရယ်



ဘလက်။ 'ကဲပါဗျာ ညီရင်းအစ်ကို မောင်ရင်းနှမလို သဘောထားပြီး မိသားစုကြီး တစ်ခုလုံး ထောင့်ပေါင်းစုံက တပြေးညီ တိုးတက်စေဖို့ ဝိုင်းကြ ဝန်းကြပါတော့၊ အာဃာတ တရား ဆိုတာ တတ်နိုင်သလောက် သင်ပုန်းချေကြရင် အကောင်းဆုံးပဲ မဟုတ်လားဗျာ..' (လက်ခုပ်သံများ)

အုန်း။ 'ကနစ်ကီလားဗျာ..'
နစ်။ 'အမှုတော်ထမ်းလျက် ရှိကြောင်းပါ ကရင်အုန်းရေ..'
အုန်း။ 'မြန်မာကျူးပစ်ဖိုရမ်ကြီး ခုနစ်နှစ်ပြည့် မွေးနေ့ အခါသမယ မဟုတ်ပါလား ခင်ဗျာ..'
နစ်။ 'ဟုတ်ပ ကိုရင်အုန်းရေ.. ကျူပြင်ကုန်းသားတွေကို ကံကောင်းခြင်းတွေ သယ်ဆောင်လာပေးမယ့် ခုနစ်နှစ်ပြည့် မွေးနေ့မင်္ဂလာ၊ ဂဏန်းသင်္ချာ သဘောအရ လပ်ကီးဆဲဗင်း အခါသမယပါပဲ..'
ဘလက်။ 'လပ်ကီးဆဲဗင်း၊ လပ်ကီးဆဲဗင်းနဲ့ မပြောစမ်းပါနဲ့ဗျာ..'
လူပြက်များ။ 'ဘာလို့တုန်း'
ဘလက်။ 'ဆဲဗင်းဆို ဆဲဗင်းပဲပြော လပ်ကီး မထည့်နဲ့..'
လူပြက်များ။ 'ဘာလို့တုန်း ဆို..'
ဘလက်။ ဒီမှာ နားထောင်ရင်းနဲ့ ကပ် ကပ် သွားလို့ မနည်း ပြန်ခွာနေရတယ်..' (ရယ်သံများ)
(ကိုဘလက်ကို ဝိုင်းရိုက်ကြ)
အုန်း။ 'မဟုတ်က ဟုတ်က...။ တော်ပါဗျာ ကဲ... မြန်မာကျူးပစ်ဂျာနယ်ရယ်လို့ စဉ်ဆက်မပြတ် တင်ဆက်လာတာ အမှတ်စဉ် ဘယ်လောက်တဲ့တုန်းဗျာ..'
နစ်။ 'အမှတ်စဉ် တစ်ဆယ်ပါတဲ့ဗျာ'
အုန်း။ 'အမှတ်စဉ် တစ်ဆယ်၊ ဒသမအကြိမ်မြောက်၊ မြန်မာကျူးပစ် ဂျာနယ်ကြီးမှာ ကျွန်တော်တို့ ဇာတ်ဆရာ မားစုချစ် ရဲ့ မြားနတ်ရှင် အငြိမ့်သားတွေ တင်ဆက်ခွင့်ရတာ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး။'
ဘလက်။ 'များစွာ ဝမ်းသာပီတိ ဖြစ်မိပါတယ်ဗျာ..'
ဘီ။ 'ကမ္ဘာတစ်လွှားက မြန်မာများနဲ့ စုစည်းထားတဲ့ ကျူးပစ်ကြီး.. နိုင်ငံပေါင်းစုံမှာ နေလာတာ... ဘာသာစကားတွေ ကျွမ်းတာ ကိုဘလက်..'
အုန်း။ 'ပြောစမ်း'
ဘလက်။ 'ဝမ်ဇွေ့ ဝမ်ဇွေ့ ဝမ်းဝမ်းဇွေ့'
အုန်း။ 'ကြည့်စမ်း တရုတ်လို ပြောနေပြီ.. ပိုင်တယ်ကွာ'
ဘလက်။ 'ကျီကွေးဆောင် ခေါ့ကိုက်တွေ့ စုံစုံခွေ့ စုံစုံခွေ့'
နစ်။ 'ဘာတဲ့တုန်း..'
ဘလက်။ 'ကျီကွေးဆောင် ခေါ့ကိုက်တွေ့ စုံစုံခွေ့ စုံစုံခွေ့.. ကြောင်ဝွေးစိ ခွေးကိုက်တော့ ဇွေ့ဇွေ့ခုန် ဇွေ့ဇွေ့ခုန်..'
(ရယ်သံများ) (ကိုဘလက်ကို သတင်းစာလိပ်နဲ့ ဝိုင်းရိုက်ကြ)
နစ်။ 'အဟုတ်မှတ်လို့ နားထောင်နေတာ။ တော်စမ်းပါ။ တကယ်ကျွမ်းတာ ကိုရင်အုန်း'
အုန်း။ 'ဟဲဟဲ.. ဖထီးက ကရင်စကား တတ်သကွယ်..'
နစ်။ 'ဟား ကရင်စကား။ တိုင်းရင်းသား စကား တတ်မြောက်ထားတယ်ပေါ့။ တန်ဖိုးရှိတယ်ဗျား..'
အုန်း။ 'နင်တို့ ဗမာစကားက သိပ်ရှုပ်တယ်။ ဖထီးတို့ စကားက လိုရင်းတိုရှင်းပဲ..'
နစ်။ 'ပြောစမ်း..'

အုန်း။ 'ဥပမာ မြန်မာလိုကျတော့ ဝက်ထီးကြီးသည် ပိန်းတောထဲသို့ ဝင်ပြေးသွားသည်… ဆိုပါတော့၊ ဘယ်လောက်ရှည်သလဲ..'

ဘလက်။ 'ဟုတ်ပ၊ ကရင်လိုကျတော့'

အုန်း။ 'ကရင်လိုကျတော့ ခပ်တိုတိုပဲ – ဝက်လီးယား' (ရယ်သံများ။ ရွာစား ပတ်မ တုတ်)

(ကိုရင်အုန်းကို ဝိုင်းရိုက်ကြစေ)

အုန်း။ 'ငအုန်းကို အဲ့လို ဝိုင်းမရိုက်ကြပါနဲ့။ ဝါသနာပါလို့သာ ပွဲကနေတာ.. ငအုန်းတို့အမျိုးက ဆွေကြီးမျိုးကြီး'

ဘလက်။ 'ပြောစမ်း..'

အုန်း။ 'ဆွေဂျီးမျိုးဂျီး .. တစ်ယောက်မှ ရေမချိုးဘူး (ရယ်သံများ) စားနိုင်သောက်နိုင် ပါးစပ်ကြီးနဲ့ ခင်ဗျ..။ ငအုန်းအဖေဆို မြို့မျက်နှာဖုံးပေါ့ ပွဲဈေးမှာ မျက်နှာဖုံးတွေလုပ်ရောင်းတာ (ရယ်သံများ) တစ်မြို့လုံး ငအုန်းနဲ့ဆွေရိပ်မျိုးရိပ် မကင်းဘူး။ မြို့ပတ်ပြီး တစ်နေ့တစ်အိမ်လျှောက်စားနေရုံပဲ.. အဲသလို စားတာ ကြာလာတော့ မြို့မှာနာမည် တစ်ခု ရလာတယ် လျှောက်ပတ်စား ငအုန်းတဲ့..'

(ကိုရင်အုန်းကို ဝိုင်းရိုက်ကြစေ..)

နစ်။ 'မဟုတ်တာ ပြောတော့မယ်.. ကဲကဲ.. မြားနတ်ရှင် အငြိမ့်သားတွေ ကျူပြင်ကုန်း ပရိတ်သတ်ကြီးကို လက်အုပ်ညီညာ ကန်တော့ပန်း ဆင်လို့ ပြီးသွားပြီ.. အခုစစ်ရေးပြ အလေးပြုကြရမယ်..။'

ဘီ။ 'ဟုတ်တယ်.. နောင် မြန်မာပြည်ကြီးမှာ စစ်မှုမထမ်း မနေရ ဥပဒေ အရ လူငယ်တိုင်း စစ်ပညာ တတ်ထားရမယ်..'

နစ်။ 'လုပ်ပြီ သူ့ကိုယ့်သူ လူငယ်တဲ့..'

ဘီ။ 'တကယ်ပြောတာဟ.. ငါက နန်းခင်ဇေယျာနဲ့ဆို မီးဝင် မီးထွက်..'

အုန်း။ 'ဟုတ်ပါတယ်.. ဟိုက အူဝဲဆိုပြီး မီးတွင်းထဲက အထွက်.. သူက မီးတုတ်ကြီး ကိုင်ပြီး သင်္ချိုင်းထဲ ဝင်သွားတာ..' (ရယ်သံများ)

နစ်။ 'ကြာတယ် ကြာတယ်.. ရဲဘော်တို့.. ကျူပြင်ကုန်း ပရိသတ်ကြီးကို အလေးပြုရန်.. အားလုံး တန်းစီ'

(ရွာစားမှ စစ်ချီတေး ဘင်ထုပေးရန်..)

လူပြက်ကြီးများ မညီမညာနှင့် တန်းစီကြ..။

နစ်။ 'တန်းစီ.. ညာညှိ'

လူပြက်များ တိုးတိုး တိုးတိုးနှင့် စကားပြောကြစေ..။

နစ်။ 'ဟေ့ ညာညှိ ပါဆို.. ဘာတွေ ခေါင်းတညိတ်ညိတ် လုပ်နေကြတာတုန်း။'

ဘလက်။ 'ညာညှိဆိုလို့ အားလုံး ညှိပြီးတော့ ညာကြမလို့ပါ ဗိုလ်ကြီး။' (ရယ်သံများ) (ပတ်မ တုတ်)

အုန်း။ 'သိခွင့်ရရင် သိချင်ပါတယ် ခင်ဗျား..'

(ကိုရင်အုန်းကို ကိုနစ်ကီက သတင်းစာနဲ့ရိုက်..)

နစ်။ 'တော်တော့လို့ဆို.. ညာညှိဆိုတာ အတန်းညီအောင် စီခိုင်းတာ.. ကဲ စီပြီးရင် အားလုံး.. သတိ၊'

လူပြက်များ သတိ ဆွဲ..။ ကိုနစ်ကီက သူ့လက်ထဲ မှ တုတ်တိုတစ်ချောင်း ကို ဆကာ ဆကာ လွှဲနေရင်း...

နစ်။ 'ဗိုလ်ရှစ်ဆယ် တပ်သား တစ်၊ တန်းစီပြီး အသင့်..။ နေမကောင်းတဲ့သူ ရှိလား၊ မရှိဘူး၊ ကြောက်တတ်တဲ့သူ ပါလား၊ မပါဘူး၊ အဆင်ပြေရင် ဆက်လုပ်..၊ တပ်ခွဲမှူးမှ စစ်ကြောင်းအား စစ်ဆေးခံရန် အသင့်..။'

အုန်း။ 'ကျောချမ်းလိုက်တာနော်… ဒီအမိန့်မျိုး… နာကြားဖူးတယ်နော်…'

(ကျောကိုတွန့်ရင်း မကြားတကြားပြော..)

ကိုနစ်ကီက လူပြက်များအား စစ်ဆေးဟန်ပြု…

နစ်။ 'ရဲဘော်မောင်အုန်း၊ ကွင်းတစ်ပတ်ပြေး..'

အုန်း။ 'ဘာလို့တုန်း ဗိုလ်ကြီး'

နစ်။ 'သေနတ်ပြောင်း အောက်ငိုက်နေလို့..'

အုန်း။ 'အေးလို့ ကွေးနေတာပါ ဗိုလ်ကြီး.. ဟာ.. ရှုပ်ကုန်ပါပြီ..'

ကိုရင်အုန်း ကွင်းတစ်ပတ်ပြေးရင်း မှောက်လျက်လဲကာ ပြန်မထဘဲ နေစေ။



နစ်။ 'ငအုန်း..၊ အဲသလို မှောက်လျက်ကြီး နေတော့ ငါ့ကို မကြောက်ဘူးလား'

အုန်း။။ 'ပက်လက်နေပြန်တော့လဲ ဝါဆိုမိုးဦး ကြောက်ရတာပဲ ဗိုလ်ကြီး..'

(ရယ်သံများ)

နစ်။ 'ကဲကဲ… စစ်ကြောင်း သတိ..။ ကျူပြင်ကုန်း ပရိသတ်ကြီးအား အလေး… ပြု..' လူပြက်ကြီးများ အလေးပြုကြစေ…

နစ်။ 'နေ.. မြဲ'

**ဗိုလ်ရှစ်ဆယ်– တပ်သား တစ်၊ တန်းစီပြီး အသင့်..။ နေမကောင်း တဲ့ သူ ရှိလား၊ မရှိဘူး၊ အဆင်ပြေရင် ဆက်လုပ်..**

ဘီ။ 'နေမြဲ ဆိုတော့ ဘယ်လိုနေရမလဲ..'

နစ်။ 'ခါတိုင်း နေနေကျလိုပဲ ခိုးမြဲ ဆိုးမြဲ လိမ်မြဲ ညာမြဲ ကလိန်ကျမြဲ ကိုယ်ကျိုးရှာမြဲ ခြစားမြဲ ရာထူးမက်မြဲ မက်ကြဖို့ ပြောတာ..' (ကိုနစ်ကီကို လူပြက်များက ဝိုင်းရိုက်ကြ..)

ဘလက်။ 'အဟုတ်မှတ်လို့ နားထောင်နေတာ..။ ကဲကဲ တော်ကြပါတော့..၊ အပြောတွေ အသာထားလို့ ရွှေပွဲလာ ပရိသတ်ကြီးကို ကျွန်တော်တို့ မြားနတ်ရှင် အဖွဲ့သားတွေက ကျေးဇူးတုံ့ပြန်ကြရအောင်လား။'

နစ်။ 'ကံစမ်းမဲများ ပေးဦးမလို့လား မသိဘူး..'

ဘီ။ 'ကျေးဇူးတရား ဆိုတာ အရေးကြီးတယ်။ ကတညုတာ ကျေးဇူးတင်ထိုက်တဲ့ သူတွေကို ကျေးဇူး မမေ့တာ ဒါ.. မင်္ဂလာ တစ်ပါး ...'။

ဘလက်။ 'ဟုတ်ပ'

မြောက်အရပ်မှာက
ကျေးဇူးရှင်
သန်းထောင်ကျော်သတဲ့...

ဘီ။ 'အဘကတော့ ညအိပ်ရာဝင်တိုင်း မိဘတွေ မရှိခိုးဘူး။'

ဘလက်။ 'ဘယ်သူ့ ရှိခိုးတုန်း'

ဘီ။ 'မြောက်အရပ်ကို ရှိခိုးတယ်..'

ဘလက်။ 'ဘာလို့'

ဘီ။ 'မိဘက နှစ်ပါးပဲ ရှိတာ။ မြောက်အရပ်မှာက ကျေးဇူးရှင် သန်းထောင်ကျော်တယ်တဲ့..' (ရယ်သံများ)

နစ်။ 'နင့်ဟာနင် ကြောက်လို့ ကန်တော့ရင် ကန်တော့တယ်ပေါ့ဟာ..'

ဘီ။ 'တပည့်တော်ဘာသာ ကြောက်လို့ ကြောက်တယ် ပြောတာ ဘယ်သူ့ ကြောက်ရမှာတုန်း ဘုရှ့' (ရယ်သံများ)

ဘလက်။ 'ဘယ့်နှယ် သတ္တိကြောင်တဲ့ စကား ပြောရတာတုန်း။ ဗမာမှန်ရင် သတ္တိ ရှိပြီးသား။ သတ္တိအရာမှာ စံပြုရတာ ဘလက်တို့ အဘိုး..'

အုန်း။ 'ပြောစမ်း..'

ဘလက်။ 'ဂျူန်ဆရာစံနဲ့ တွဲပြီး စစ်လက်နက် အစုံအလင်နဲ့ စစ်ဘာရီတွေကို ဖားရွှေကျော် တိုက်ပွဲတွေမှာ ဓားလွတ်ကိုင်ပြီး ချေမှုန်းခဲ့တာ..'

အုန်း။ 'ကြည့်စမ်းဗျာ..'

ဘလက်။ 'သာယာဝတီထောင်ထဲမှာ ထောင်ဝါဒါတွေကို နားပန်ကျင်းခဲ့တာ ဘလက်တို့ အဘိုး၊ အခုတော့ ကွယ်လွန် သွားပါပြီ..'

အုန်း။ 'ဘာလို့လဲဗျာ..'

ဘလက်။ 'မီးခိုးဗုံးလို့ ပြောတာပဲဗျာ...' (ရယ်သံများ)

နစ်။ 'တော်ကြစမ်းပါဗျာ။ ဆရာစံ သူပုန်ထတော့ ရှေ့တန်းက ပါခဲ့တာ ငနစ်ကီ အဘိုးမှ အစစ်။'

ဘီ။ 'ပြောဗျာ..'

နစ်။ 'ဟင်္သာတဂါတ်ကို ဝင်စီးတော့ ပန်ချာပီ စစ်သားတွေက သေနတ်နဲ့ အချက်ပေါင်းများစွာ ပစ်တာ တစ်ချက်မှ မီးမကူးဘူး..'

ဘီ။ 'အံ့သြစရာကြီး..'

နစ်။ 'မအံ့သြနဲ့..။ အင်း အိုင် ခလုပ်လက်ဖွဲ့တွေ စွမ်းမှ စွမ်း။ သက်ပြောင်းသက်ခွာ ဂါထာ မန္တာန် ၁၂ရပ်ကို ထုံးလို ချေထားတာ၊ အိမ်ရှေ့က ရေတွင်း အိမ်နောက်ဖေး ရွှေ့တာလောက်တော့ တောစောင့် တောင်စောင့်နတ်တွေ တစ်ချက် တိုင်တည်လိုက်ရုံနဲ့ ပြီးတယ်..'

ဘီ။ 'တယ်စွမ်းပါလား။'

နစ်။ 'အခုတော့ ကွယ်လွန်သွားရှာပါပြီ..'

ဘီ။ 'ဘယ်လို ဖြစ်တာတုန်း။'

နစ်။ 'သူ တိုင်တည်နေကျ တောစောင့် တောင်စောင့်နတ်တွေ ဘုံပျောက်ကုန်ပြီး ရှာမရတော့လို့။'

လူပြက်များ ကိုနစ်ကီကို ဝိုင်းရိုက်ကြ။

ဘလက်။ 'တော်ကြပါတော့ဗျာ.. ကဲကဲ ဇာတ်ဆရာ မားချစ်စုရဲ့ မြားနတ်ရှင် သမီးပျိုကလေးတွေ ပွဲထုတ်ပေးရမယ့် တာဝန် ကျန်သေးတယ် မဟုတ်လားဗျာ..'

ဘီ။ 'အပြောတွေ အသာထားလို့ အလုပ်နဲ့ သက်သေ ပြကြမယ်.. ဟုတ်လား.. ကဲ ကဲ အငြိမ့်မင်းသမီးလေးတွေက ဘယ်သူတွေတဲ့တုန်း ကိုဘလက်ရဲ့..'

ဘလက်။ 'ရှေ့ထွက်မင်းသမီး ဘိုတာဇံ၊ နောက်ထွက်မင်းသမီး တောသူမလေးနဲ့၊ အလယ်ထွက် မင်းသမီးကတော့ မိစိုးပါတဲ့ဗျာ..'

နစ်။ 'ရှေ့ထွက်မင်းသမီးနဲ့ နောက်ထွက်မင်းသမီးပဲ ကြားဖူးပါတယ်..။ ဘာလဲဟ အလယ်ထွက်မင်းသမီး..'

ဘလက်။ 'မိစိုးက ပူပူနွေးနွေး အိမ်ထောင်ကျထားတာ။ မကြာခင် အလယ်ထွက်ဖို့ တာစူနေလောက်ပြီ..'

ဘီ။ 'ခုမှ အိမ်ထောင်ကျကာစ ဘယ့်နှယ် ခုချက်ချင်းကြီး အလယ်ထွက်ပါ့မတုန်း။ ကိုးလလွယ် ဆယ်လဖွား သူ့အချိန်နဲ့သူဟာကို..'

ဘလက်။ 'အဲဒါတွေက ဒိတ်အောက်သွားပြီ.. ဟိုတလောက ကိုရင်အုန်း တူမလေး အိမ်ထောင်ကျသွားတာ ငါးလနဲ့ မွေးသွားတယ်..'

ဘီ။ အဲ့လောက် စောစော မွေးတာ ကလေး နေကောင်းရဲ့လားဗျာ..'

ဘလက်။ 'ကိုးပေါင် ဆယ်အောင်စ ဆိုပဲ' (ရယ်သံများ)

နစ်။ ဒါဆို ဒီလိုမျိုးမွေးတာ ဧကန္တ နေပြည်တော်မှာ နေလို့ ဖြစ်ရမယ်..။

ဘီ။ 'ဘာလို့တုန်း...'

နစ်။ 'သူများ ဆယ်လ ကြာမယ့် စီမံကိန်းကို သူက ငါးလနဲ့ ဖဲကြိုးဖြတ်ပြသွားတာ ကြည့်လေ...'

(ရယ်သံများ)

အုန်း။ 'ဩော် ... ဒီလိုဖြင့် ကိုဘလက် မင်းသမီး ခေါ်ဗျာ'။

ဘလက်။ 'စာဆိုတွေ တစ်မျိုး ရှူးရအောင်၊ ကညာပျို မညိုးထူးပါတဲ့ အလိုဗျ ဝါဆိုမိုးဦး ဆိုတာ ထွက်..'




လူရွှင်တော်များ မျှော်လင့်ချက်တကြီးနဲ့ ဟိုဟိုသည်သည် မျှော်ကြည့်နေစဉ် ရှေ့ထွက်မင်းသမီးကြီး ဘိုတာဇံ ဘောက်ဆတ် ဘောက်ဆတ်နှင့် ထွက်လာစေ..။

ဘလက်။ ဒီနှစ် ဝါဆို မိုးဦးကျမှာ ဖားခုံညင်း မြူးတယ်ကိုး'

ဘို။ 'ကိုဘလက်နော် နာချင်လို့လား'

ဘလက်။ 'မနာခင် အိုပါရစေဦး မင်းသမီးရေ..။ ကဲကဲ အရိုးကို အရွက်မဖုံးဘဲ အဆီတစ်ထပ် အသားတစ်ထပ် ဘာသီချင်း ဘာကကွက်ဆန်းတွေနဲ့ တင်ဆက်မလဲ ကြည့်လိုက်ကြရအောင် ရှာစား.. ပဂေးအလှ ကလေးနမကို တေးစလို့ ပေးဗျာ..'

ဘို ။ 'ရွှံ့တွေ ကပ်စေးကပ်စေး၊ ပုတီးလုပ်ကာ ဆွဲတတ်ပါတယ်၊ အုန်းမှုတ်ခွက်ကို ရှာရှာ၊ ဒေါ်လာပြားက ဆယ့်ငါးပြားလောက်၊ ဆွဲတတ်တာ၊ ကိုကိုဘော့က မြှောက်စားပေမယ့် ဟိုတုန်းကလောက် မပျော်ပါ.. မောင်မောင်ဘော့က မြှောက်စားပေမယ့် မပျော်ပါ.. ကျွန်မတို့အိမ်ကို လိုက်လို့ကြည့်ပါ လိုက်လို့ပို့မယ် ပြောကာ သူညာ ညာ.. အာ အာ.. ဟောဟဲ ဟောဟဲ..'

နစ်။ 'လုပ်ကြပါဦး၊ မင်းသမီး သီချင်းဆိုရင်း အမောဆို့သွားပြီ..'

အုန်း။ 'ယခုတဖန် အလှည့်ကျသူကတော့ မင်းသမီးချောလေး မိစိုးပါတဲ့..'

အလယ်ထွက်မင်းသမီးလေး မိစိုး ပြုံးစစနဲ့ စင်ပေါ်တက်လာစေ..။
အုန်း။ ‘အမယ် ပြုံးတယ်.. ပြုံးတယ်..’
ဘီ။ ‘ပြုံးတော့ ဘာဖြစ်တုန်း..’
အုန်း။ ‘မင်သမီး အပြုံးပေးတော့ ငအုန်းမှာ နှလုံးအေးတာပေါ့..’
ဘီ။ ‘နှလုံးအေးဆို ဗွက်အိုင်ထဲ ထိုင်နေတာကိုး..’
ဘီ။ ‘သမီးရဲ့ နာမည်လေး သိပါရစေကွယ်..’
စိုး။ ‘သမီးရဲ့ နာမည်ကတော့ မိစိုးဖြစ်ပါတယ်ရှင့်။ သမီးရဲ့ အသက်က ၂၀ ရှိပါပြီရှင့်။ အတန်းကတော့.. ’
ဘီ။ ‘ဟိုးထား ဟိုးထား အဆိုပြိုင်ပွဲနဲ့ မှားနေပြီ။ ဒါ အငြိမ့်ကနေတာလေ..’
စိုး။ ‘အထက (၁) ကြည့်မြင်တိုင်..’
ဘီ။ ‘တော်ပါတော့လို့ဆို..’
စိုး။ (ခြေဆောင့်ပြီး) ‘သိဘူးလေ မီးက အလွတ်ကျက်ထားတဲ့အတိုင်း ဖြေရတာပေါ့လို့ ဟွန့်..’
ဘီ။ ‘သမီးက အလယ်ထွက် မင်းသမီးပေါ့’
စိုး။ ‘ဟောက်ကရှန့်’
ဘီ။ ‘ဘာဖြစ်လို့ မင်းသမီးက အလယ်ထွက်ချင်ရတာလဲ’
စိုး။ ‘လယ်ကွက်ထဲ ဖိုက်နဲ့ ရုပ်ဆင်းရင် မနာအောင်လို့ပါ..’
ဘီ။ ‘အော်.. လေယာဉ်နဲ့ မှားကုန်ပါပြီ။ ဒါနဲ့ မင်းသမီး အိမ်ထောင်ရေး အခြေအနေလေး သိပါရစေ..’
စိုး။ ‘အို.. နည်းနည်းပါးပါးပေါ့..’
ဘီ။ ‘ဘယ့်နှယ့် နည်းနည်းပါးပါးတုန်း’
စိုး။ ‘အိမ်ထောင်ကျတာ မကြာသေးဘူးလို့ ပြောတာပါ..’
ဘလက်။ ‘ကဲဗျာ.. ခေါင်းခါးခြေလက် ဤလေးချက်၊ မပျက်စေရ သုခမ တဲ့..၊ မင်းသမီးရဲ့ အနုပညာလေး ခံစားကြရအောင်လား’
နောက်ခံ ဒီဂျေမှ အိုပါဂမ်းနမ်းစတိုင် တီးလုံးဖွင့်စေ၊ မင်းသမီး မိစိုးက မြင်းစီးသလို ကစေ.. လူရွှင်တော်များလည်း ဝိုင်းကကြစေ..။
‘တီတီတီ ဒုဒု ဂမ်းနမ်း စတိုင်.. တီတီတီ ဒုဒု ဂမ်းနမ်းစတိုင်..’
ဆယ်မိနစ်ခန့် မြင်းစီးသလို ကပြီး ဇာတ်စင်နောက်သို့ ဝင်သွားစေ..။ လူပြက်များ မောကျန်ခဲ့စေ..။
ဘလက်။ ‘အငြိမ့်ကပါဆို ယောက်မ မြင်းစီးထွက်သလို ကနေတယ်။ မောထှာ..။’
ဘီ။ ‘ဟုတ်ပ.. ကိုဟိဏ်းလင်း တစ်ယောက် ဘယ်လို သင်ထားလဲ မသိဘူး.. ကဲကဲ နောက်ဆုံး တစ်ယောက် ခေါ်ပါဦး ဗကပကြီး ကနစ်ကီရေ..’








နစ်။ 'ချောရုပါပဂေး၊ ပေါ်အမှုအယာလေးနဲ့ အိုဗျ.. တောသူမလေး ဆိုတဲ့ ကောင်မလေး ရေ..'

(ဆင်မယဉ်သာလေး နှုတ်ခမ်းစူ၊ ခြေဆောင့် ထွက်လာရင်း..)

တော။ 'တောသူမလေး လို့ ခေါ်ပါနဲ့... ဒီက နာမည် ပြောင်းထားတယ် သိလား..'

နစ်။ 'ဘာတဲ့တုန်း..'

တော။ 'မေကဗျာတို့၊ မေပန်းချီတို့လို နာမယ်ကြီးအောင် မီးလည်း နာမည် ပြောင်းထားတယ်.. "မေပန်းပု" (ရယ်သံများ)

နစ်။ 'အောင်မင်း... ကောင်းလိုက်တဲ့ နာမည်ဟယ်.. ကိုရွှေမောင်းတော့ တော်တော် အထုခံရမှာပဲ'

ဘီ။ 'တော်သေးတာပေါ့ 'မေပန်းပွတ်' သာဆို ကိုရွှေမောင်း နဖူး မြန်မြန်ပြောင်မှာ..'

နစ်။ 'ကဲ ရွာစားရေ..၊ တောသူ ကလေးနမ တေးစလို့ပေးဗျာ..'

တော။ '.. ကျွဲမ ကျွဲမ ကျွဲမ အသားညို။ ထမင်းအိုးပုံကို ပြရန်မလို.. ကျွန်မရဲ့ဖင်ကို ကြည့်ပါ အစ်ကို (အဲလေ..) ကျွန်မရဲ့ ပုံကို ပြရန်မလို.. ထမင်းအိုးဖင်ကို ကြည့်ပါအစ်ကို.. ညည်းနဲ့ မတန်ပေါင် ဆိုချင်ဆို.. အသားလတ်လတ်နဲ့ သူကိုသာ ယူချင်တယ် အစ်ကို.. .."

စည်းချက်နဲ့ အညီ တောသူမလေး ထိုင်လိုက် ထလိုက် ကုန်းလိုက် ကွလိုက်နှင့် ကပြစေ..

တော။ 'မူရင် ခရာရင် ယောက်ျားတိုင်းက ကြိုက်တယ်ဆို.. ကျွဲမလေး ကြည်အောင် ညွှဲ့ညွှဲ့နဲ့ နွဲ့လိုက်မှာပဲ..'

ထိုင်လိုက်ထလိုက်နှင့် ကနေစဉ် အငြိမ့်စင်ပေါ်သို့ ခဲများ ဆက်တိုက်ကျလာစေ..။

ဘီ။ 'ဟိုက်ရော.. ရွာထဲက ဂုရုတို့ ကာလသားတွေ ခဲနဲ့ထုသဗျို့'

နစ်။ 'ဘာမကျေနပ်ဘူးလဲ ... ကော်မရှင်ဖွဲ့ပြီး စုံစမ်းရအောင်..'

ဘီ။ 'ကော်မရှင် မလိုဘူးဗျို့.. ရွာတောင်က မိဆင်ပျော့ကို ဒီနှစ် မင်းသမီး တင်ပေးမယ် ဆိုပြီး ဇာတ်ဆရာ မားစု ပိုက်ဆံ ညာယူထားတာ၊ အခု မိဆင်ပျော့က သူ မပါရလို့ဆိုပြီး ဂုရုတို့ ကာလသားတွေကို အရက်တိုက်ပြီး ပွဲဖျက်ခိုင်းတာ နေမှာ..'

ပြောနေစဉ် ခဲများ ပိုကျလာ..။

နစ်။ 'သိန်းခိုပြည် ဟာနုမာန် စီးပြီဗျို့... ပြေးနိုင်မှ လွတ်မယ် ရွာစားရေ...'

ရွာစားမှ ဗိန်းဗောင်းတီးစေ။ ထိုစဉ် ဇာတ်စင်ပြိုကျ။ လူပြက်များ ကားလိပ် အမြန်ဆွဲချ..။

ဇာတ်ဆရာ မားစုချစ် ရုံဝင်ခ ပြန်မအမ်းနိုင်သဖြင့် ခွေးတိုးပေါက်မှ အသာလစ်ပြေးသွား။




**ပြီးပါပြီ။**



# ထန်းလျက်ကြော် ချိုချိုလေး

ခုတစ်ပတ် သကြ်န်ပိတ်ရက်များမှာ ဘုန်းကြီးကျောင်း တရားစခန်းအတွက် ဘာလှူရရင် ကောင်းမလဲ စဉ်းစားကြည့်မိတော့ ပုဂံဘုရားဖူးကအပြန် ကျောက်ပန်းတောင်းကဝယ်လာတဲ့ ကျောက်ပန်းတောင်း ထန်းလျက်မွှေးမွှေးလေးတွေ တစ်ထုပ်ကြီး ရှိနေတာ သတိရမိပါတယ်။ ဒါနဲ့ ထန်းလျက်ကြော်လုပ်ပြီး လှူမယ်လို့ စဉ်းစားမိပါတယ်။



ထန်းလျက်ကြော်ဆိုတာကို တချို့လည်း စားဖူးကြမှာပါပဲ။ ကျွန်မတို့ ငယ်ငယ်က အိမ်မှာကိုးကွယ်နေကြ ဆရာတော်တွေ ဝမ်းကိုက်တယ်ဆိုရင် ထန်းလျက်ကြော်လုပ်ပြီး ဆက်ကပ်လှူလေ့ရှိပါတယ်။ သူက ဝမ်းကိုက်တာကို သက်သာစေတယ်လို့ ဆိုပါတယ်။ ကျွန်မတို့ ကလေးတွေကလည်း ထန်းလျက်ကြော်ကို အရမ်းကြိုက်ကြပါတယ်။ သူက ပေါက်စေးကျအောင် ကြော်တတ်ရင် စားလို့ ကောင်းလွန်းလို့ ချောကလက်ထက်တောင် သာပါသေးတယ်။

နှမ်းဆီမွှေး (သို့) ပဲဆီမွှေးထဲကို ကြက်သွန်ဖြူ ပါးပါးလှီးထားတာကို အရင်ထည့်ကြော်ပါ။ ကြက်သွန်ဖြူတွေ နွမ်းပြီး အနံ့မွှေးလာပြီဆိုရင် (ကြက်သွန်ဖြူ မတူးပါစေနဲ့) ထန်းလျက်တွေကို ထည့်ကြော်လိုက်ရုံပါပဲ။ တကယ်လို့ ထန်းလျက်က သိပ်မသန့်ဘူး၊ သဲ ပါမှာ စိုးတယ်ဆိုရင်တော့ ထန်းလျက်ကို အရင်ကြိုပြီး ပိတ်စိမ်းပါးနဲ့ စစ်ထားတာကိုမှ ကြော်လို့လည်း ရပါတယ်။ ထန်းလျက်ကို ပေါက်စေးကျတဲ့ထိ ကိုယ်ကြိုက်တဲ့အနေထိ ကြော်ရပါတယ်။ မီးဖိုက ချချင်း အေးမသွားခင် မီးအပူခံတဲ့ ပုံစံခွက်လေးထဲမှာ ထည့်ပြီး အအေးခံကာ၊ အေးခဲသွားတဲ့အခါ ကိုယ်လိုသလောက် အတုံးလေးတွေ တုံးပြီး စားသုံးနိုင်ပါတယ်။



# ကျီးကန်းမ

## အပိုင်း(၁)

ရောဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့် ကျေးရွာမှာရှိတဲ့ ထန်းတော တစ်ခုရဲ့ အတွင်းကျကျ တစ်နေရာက ထန်းတဲအိမ်လေး တစ်ခုမှာ ကိုကျောက်ခဲ သူ့ဇနီး နန်းမူ၊ ၄နှစ်အရွယ် သားကလေး ဖိုးခွား နဲ့ အခါလည်သမီးလေး ပူတူးမ တို့ မိသားစု နေထိုင်ကြတယ်။ သူတို့မိသားစုဟာ လူ ဆင်းရဲပေမဲ့ စိတ်ရင်းစေတနာ ကောင်းမွန်ကြပြီး ရိုးလည်း ရိုးသားကြတယ်။ သူတို့ အိမ်ရှေ့ ပေငါးဆယ်လောက် အကွာမှာ ထန်းရည်မထွက်တော့တဲ့ ထန်းပင်အို တစ်ပင်နဲ့ အိမ်နံဘေးမှာတော့ ကုက္ကိုပင်ကြီး တစ်ပင် ရှိတယ်။ ထန်းပင်အိုပေါ်မှာ အခုတလော ကျီးကန်းအသိုက်တစ်ခု လာဖွဲ့နေတာကို ကိုကျောက်ခဲ တစ်ယောက် အမှတ်တမဲ့ တွေ့မိ၊ သတိထားမိတယ်။ ထန်းတဲအိမ်လေးရှေ့ မြေကွက်လပ်ကလေးကို ကိုကျောက်ခဲက အုန်းတံမြက်စည်း မကြာမကြာ လှည်းထားတာမို့ ဖိုးခွားလေး သဘောကျ ပျော်ရွှင်စွာ ဆော့ကစားနေကြ နေရာလေး ဖြစ်နေပါတယ်။

ကိုကျောက်ခဲက အတန်းကျောင်းမှာ ခုနစ်တန်း အထိ တက်ခဲ့ ဖူးတယ်၊ ခုနစ်တန်း တက်နေတဲ့ စာသင်နှစ် ကုန်ခါနီးမှာတော့ အိမ်က စီးပွားရေး အခြေအနေ မကောင်း တော့တာကြောင့် သားအကြီးဆုံး ဖြစ်တဲ့ ကျောက်ခဲ တစ်ယောက် ကျောင်းထွက် လိုက်ရပြီး သူ့အဖိုး ပိုင်တဲ့ ထန်းတောထဲမှာထန်းရည်ခူး၊ထန်းလျက်ချက်၊ထန်းရွက်ခုတ်၊ ထန်းမြစ်တူး ဆိုတဲ့ ထန်းသမား အလုပ် တတွေကို သတ်သတ် မှတ်မှတ် ဝင်ရောက် လုပ်ကိုင်ပြီး မိသားစု တာဝန်ကို တတ်နိုင်သလောက် ခွဲဝေ ယူနေ ရတော့တယ်။ သူ့အသက် နှစ်ဆယ် ပြည့်တဲ့ ၂၀၀၈ခုနှစ်၊ မတ်လ ထဲက



တပေါင်းလပြည့်နေ့မှာ တစ်ရွာတည်းနေတဲ့ သူ့ချစ်သူ နန်းမူနဲ့ အိမ်ထောင်ကျခဲ့တယ်။

အိမ်ထောင်ကျပြီး ပျော်ရွှင်နေရ ပေမယ့် အဲဒီနှစ် မေလ ၂ရက်နေ့မှာပဲ ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့ သဘာဝ ဘေးအန္တရာယ် နာဂစ် မုန်တိုင်းဒဏ်ကို စိတ်မကောင်း စရာ၊ ယူကျုံးမရ ကြေကွဲ ဝမ်းနည်း စရာ ကြမ္မာ ဆိုးကြီး တစ်ခု အနေနဲ့ရော၊ မမေ့နိုင်စရာ ခါးသီးလှတဲ့ အတွေ့အကြုံ ဆိုးကြီး တစ်ခု အနေနဲ့ပါ ကိုကျောက်ခဲတို့ရဲ့ မွေးရပ်မြေ မြန်မာပြည်ရဲ့ မြစ်ဝကျွန်းပေါ်ဒေသ၊ ဧရာဝတီတိုင်း တစ်ခုလုံး နီးပါး အထိနာစွာ ကြုံတွေ့ ခံစားခဲ့ကြရတယ်။

ကိုကျောက်ခဲရဲ့ မိဘတွေနဲ့ ညီမ၊ အစ်မတွေရော၊ နန်းမူရဲ့ မိဘ ဆွေမျိုးတွေပါ နာဂစ်မုန်တိုင်းထဲမှာ မုန်တိုင်း ဘေးအန္တရာယ် သင့်ပြီး သေဆုံး သွားကြခဲ့လို့ သူတို့မှာ ဘာ ဆွေမျိုးမိဘ မှ အားကိုး တွယ်တာ စရာ မရှိ တော့ဘူး။ ရှိသမျှ ရွှေ ငွေ ပစ္စည်းဥစ္စာ တွေကလည်း နာဂစ်နောက် ပါသွားခဲ့ကြပြီ။ မုန်တိုင်းအောက်က ကျန်ခဲ့တဲ့ အိမ်မြေနေရာလေးမှာ အိမ်အသစ်တစ်လုံး ပြန်ဆောက်ဖို့ ငွေကြေးလည်း မတတ်နိုင်လေတော့ မိသားစု ဖြစ်သလို တဲထိုးနေရင်း မုန်တိုင်းဒဏ်ထဲက လွတ်ပြီး ကျန်ခဲ့တဲ့ ထန်းပင်အစု ရှိသမျှလေးနဲ့ လုပ်လက်စ ထန်းသမားအလုပ်ကို အသက်မွေးဝမ်းကျောင်းအနေနဲ့ ဆက်လုပ်နေရတော့တာပေါ့။ အဲ့သလိုနဲ့ပဲ မိသားစုတာဝန်ကို ကျေပွန်နေရတော့တာ။

ကိုကျောက်ခဲက ထန်းတက်တဲ့အခါ သမရိုးကျ လှေကားနဲ့မတက်ဘဲ ခါးပတ်ကြိုးနဲ့ ထန်းပင်ရော သူ့ခါးကိုပါ သိုင်းလို့ သေချာချည်ပြီးမှ ထန်းပင်ကို လက်နှစ်ဖက်နဲ့ ဆွဲတက်လိုက်၊ ခါးပတ်ကြိုး ကို ထန်းပင်မှာ အလိုက်သင့် မြှင့်လိုက်.. အဲ့ဒီကနေ အပေါ်ကို ဆွဲတက်လိုက်..၊ နောက်တစ်ခါ ခါးပတ်ကြိုးကို ထန်းပင်မှာ အလိုက်သင့် မြှင့်လိုက်နဲ့..၊ အဲ့ဒီလို ထန်းပင်တက်တာ ဆိုတော့ မြန်လည်း မြန်၊ ပက်လက်လည်း လန်မကျတော့ဘူးပေါ့၊ ခါးပတ်က ထန်းပင်ရော သူ့ခါးကိုပါ သိုင်းထားတာကိုး..၊ အသက်အန္တရာယ် လုံခြုံတဲ့ ထန်းတက်နည်း တစ်မျိုးပေါ့။

တစ်နေ့တော့ ရာသီဥတု ပူပြင်း လွန်းတာနဲ့ သူ့အိမ်ရှေ့ မြေကွက်လပ် ကုက္ကိုပင် အရိပ်လေးမှာ ထန်းလက် ကုလားထိုင်လေး ချပြီး ထိုင်နေတုန်း ကျီးကန်း တစ်ကောင် ဟိုသည်ပျံလိုက်၊ ဟိုကြည့် သည်ကြည့် လုပ်လိုက်၊ တအားအား အော်လိုက်နဲ့ အလုပ်ရှုပ်နေတာကို တွေ့လိုက်တယ်။ ဒီကောင် အစာရှာနေတယ်ဆိုတာကို တောသားစစ်စစ် ဖြစ်တဲ့ ကိုကျောက်ခဲ က ရိပ်မိတယ်။ ခဏခဏ အော်နေတော့ နားငြီးပြီး အမြင်ကပ်ကပ်နဲ့ သတိပြုမိ သွားတာလည်း ပါတယ်။ နာဂစ်မုန်တိုင်းကြောင့် ကျီးကန်း အရေအတွက်တတွေက အင်မတန် နည်းပါး သွားရတာကိုး။

ကိုကျောက်ခဲနဲ့မလှမ်းမကမ်းမြေကွက်လပ်ကလေးမှာ ဖိုးခွားလေး ကလည်း ကလေးသဘာဝ ဆော့ကစား နေလေရဲ့။ ခဏနေတော့ အိမ်ထဲက သူ့ အမေ နန်းမူက လှမ်းခေါ်လို့ အိမ်ထဲကို ဖိုးခွားလေး ပြေးဝင်သွားတယ်၊ ခဏချင်းမှာပဲ ဘိန်းမုန့်လေး ကိုက်စားရင်း အပြင်ကို ပြန်ထွက်လာပြီး ဖိုးခွားလေး ဆက်ကစားနေတယ်။ လက်ထဲမှာလည်း ကျန်နေသေးတဲ့ ဘိန်းမုန့်ကို ကိုင်လျက်သားမို့ အစားကို





မြင်သွားဟန်တူတဲ့ ကျီးကန်းက ရုတ်တရက် ထိုးဆင်းလာပြီး ဖိုးခွားလေးရဲ့ ဦးခေါင်းကို သူ့ခြေထောက်နဲ့ ပုတ်၊ နောက်တော့ ဖိုးခွားလေးဆီက လွတ်ကျ သွားတဲ့ ဘိန်းမုန့် လေးကို သုတ်ချီ လိုက်ပြီး ပျံထွက် ပြေးသွား တော့တယ်။

တိုတောင်းလှတဲ့ အချိန်လေး အတွင်း ဖြစ်သွား တာတွေကို တွေ့လိုက်ရပြီး ဖိုးခွားလေးရဲ့ ‘ဝါး’ခနဲ အော်ငိုသံကြောင့် သားစိတ်နဲ့ ကိုကျောက်ခဲ ရင်ထဲမှာ စိုးရိမ်ပူပန်တာတွေ ဖြစ်သွားသလို၊ ကျီးကန်းကိုလည်း ထောင်းခနဲ ဒေါသဖြစ်သွားတယ်။ ဖိုးခွားလေးကို ပြေးဖက်လိုက်ပြီး၊ ခေါင်းလေးကို ဖွဖွလေး ပွတ်သပ်ပေးရင်း သေချာကြည့်တော့ နာသွားဟန်တူပေမဲ့ သွေးတွေ ဘာတွေ မတွေ့ရဘူး၊ ကျီးကန်းရဲ့ ခြေတွေ အတောင်တွေနဲ့ ခြောက်လှန့်ရုံလောက် ထိမိတာမို့ ဖိုးခွားလေးမှာ ဒဏ်ရာ အနာတရ မဖြစ်ခဲ့ပေမဲ့ ကလေးဆိုတော့ လန့်သွားတာပေါ့။

အဲ့ဒါနဲ့ ဖိုးခွားလေးကို ချော့မော့ပြီး ‘အေး..အေး.. သားလေး..မငိုနဲ့၊ ဘိန်းမုန့်အသစ် တစ်ခု ထပ်ပေးမယ်နော်’ လို့ ပြောရင်း အိမ်ထဲကို ပွေ့ချီပြီး သွားထားလိုက်တယ်။ ကိုကျောက်ခဲ စိတ်ထဲမှာတော့ ဒီလောက် အတင့်ရဲလှတဲ့ ဆိုးလှတဲ့ ကျီးကန်းကို တစ်ခုခု လုပ်မှ ဖြစ်မယ် လို့ ချက်ချင်း တွေးမိ လိုက်တယ်။ သူ အပြင်သွားနေတုန်း ဖိုးခွားလေးတို့ ပူတူးမလေး တို့ကို ဒီလိုမျိုး ထပ်လုပ်လာမှာကို ကြိုတွေးမိပြီး အပြတ်ရှင်းဖို့ ပြင်ဆင်တော့တယ်။ ဒါနဲ့ အိမ်တိုင်မှာ ချိတ်ထားတဲ့ လေးဂွနဲ့ လောက်စာလုံးအိတ်လွယ်ပြီး ထန်းတက်ခါးပတ်ကြိုးနဲ့ အတူ ကျီးကန်း အသိုက် ဖွဲ့နေတဲ့ ထန်းပင်အို ဘက်ကို ပြေးထွက် လာလိုက်တယ်။

အပေါ်ကို မော့ကြည့်တော့ ဟိုသည်ပျံလိုက်၊ ဟိုကြည့် သည်ကြည့် လုပ်လိုက်၊ တအားအား အော်လိုက်နဲ့ အလုပ်ရှုပ်နေတဲ့ ကျီးကန်းကို တွေ့တော့ ‘ငါလာပြီကွ’ ဆိုပြီး ထန်းပင်ပေါ်ကို ပြေးတက် တော့တယ်။ ထန်းပင်ပေါ်ကို ရောက်တော့ ထန်းလက်တွေ ကြားထဲက ကျီးကန်းသိုက်နဲ့ အတူတူ အသိုက်ထဲမှာ အာခေါင်နီလေးတွေနဲ့ ကျီးကန်း ပေါက်လေး နှစ်ကောင် ကိုပါ တွေ့လိုက်ရ တော့တယ်။

အဲ့ဒီ အချိန်မှာ ကျီးကန်းမက အော်ဟစ် ပျံသန်း တာတွေ မလုပ် တော့ဘဲ အပြုအမူ တတွေက ရုတ်တရက် 



ပြောင်းလဲ သွားတယ်။ ကျီးကန်း တောင်းမှောက်၊ ပြာယာ မခတ် တော့ဘဲ သူ့ သားပေါက် ကလေးတွေကို ဖိုးခွားဆီက လုယူ လာတဲ့ ဘိန်းမုန့် အပိုင်းအစ လေးတွေကို နှုတ်သီးနဲ့ ထိုး ထိုးပြီး ခွံ့ကျွေး နေတာကို ကိုကျောက်ခဲ တွေ့ရတော့တယ်။ သူ့အတွက် ဘေးအန္တရာယ်ကို လုံးဝ ဂရုမထားဘဲ သူလုပ်ရမယ့် မိဘ ဝတ္တရားကို ထမ်းဆောင် နေတာလို့ ကိုကျောက်ခဲ ထင်မြင် လာတယ်။

မြင်ကွင်း အဖြစ်အပျက်က ကိုကျောက်ခဲရဲ့ စိတ်ကို တစ်မျိုး တစ်မည် ဖြစ်သွား စေသလို ပစ်ခတ်ဖို့ ချိန်ရွယ် ထားတဲ့ လေးဂွ ကိုလည်း မပစ်နိုင် လောက်အောင် သူ့လက်တွေ အေးခဲ သွားသလို ခံစားလိုက်ရတယ်..၊ သြော်.. မွေးထားတဲ့ သားသမီးတွေ အစာငတ် နေကြတော့၊ သားသမီးဇောနဲ့ အစာရှာမရ၊ ကြံရာမရ ဖြစ်ပြီး ဖိုးခွားလေးဆီက ဘိန်းမုန့်ကို ဘေးအန္တရာယ်ကို မကြောက် မလန့် နိုင်တော့ဘဲ အရဲစွန့် ရယူခဲ့ တာပါလား၊ ဟော... အခုလည်း လက်တစ်ကမ်းမှာ သေမယ့် ဘေးအန္တရာယ်ကို လုံးဝ သိမြင်နေပေမယ့် ကိုယ်လွတ်ရုန်း မပြေးဘဲ သားသမီးဇောနဲ့ နောက်ဆုံး အချိန်ထိ သူလုပ်ရမယ့် မိဘဝတ္တရားကို ထမ်းဆောင် နေတော့ တာပါလား ဆိုတဲ့ အတွေး တွေလည်း ဝင်ရောက် လာကြတယ်။

အဲ့ဒီမှာ ကိုကျောက်ခဲ တစ်ကိုယ်လုံး ချွေးစေးတွေ စိမ့်ထွက် လာပြီး တုန်လှုပ် သွားတယ်..၊ သြော် ကျီးကန်းမရယ်..၊ မင်းကို ငါ မိဘချင်း ကိုယ်ချင်း စာနာမိပါပြီ..၊ ငါ့မှာလည်း သားတစ်ယောက်၊ သမီးလေး တစ်ယောက် ရှိတာမို့ သူတို့

အပေါ်မှာလည်း ငါက လူသားမိဘ တစ်ယောက်လို ကျွေးမွေး ပြုစု စောင့်ရှောက် ခဲ့တာပါပဲ၊ သားသမီးတွေ ကိုလည်း သိပ်ချစ်တာပေါ့..၊ မင်းကတော့ တိရစ္ဆာန်ဖြစ်ပေမယ့် သားသမီးဇောနဲ့ မိဘစိတ်ကို လေးနက်စွာထမ်းဆောင်တဲ့ မိဘတစ်ဦးပါပဲ..၊ ငါတို့လို အသိဉာဏ်ကြီးမားတဲ့ လူသားတွေထက်တောင် ပိုပြီး ချီးကျူး အလေးထားစရာပေါ့။

ငါမင်းကို နားလည်ပါတယ်၊ သနားမိပါတယ်..၊ ငါမှားတော့မလို့..၊ မင်းအသက်ကို သတ်မိတော့မလို့..၊ မင်းမိသားစုနဲ့ အသိုက်အမြုံကို ဖျက်ဆီးမိတော့မလို့..၊ ဟူး.. သားသမီးတွေနဲ့ မိဘနဲ့ သေကွဲ ကွဲရတဲ့ ဝေဒနာကို နာဂစ်မုန်တိုင်း ဒဏ်ကြောင့် ငါကြေကွဲစွာ နားလည် ခံစား ခဲ့ရဖူးတာပဲ..၊ ကိုကျောက်ခဲ တစ်ယောက် လေးလံတဲ့ စိတ်တွေနဲ့ ထန်းပင်ပေါ်ကနေ ပြန်ဆင်း လာခဲ့တော့တယ်။

## အပိုင်း(၂)

မျက်နှာငယ်လေးနဲ့ အိမ်ထဲကို ဝင်လာတဲ့ ကိုကျောက်ခဲကို တွေ့တော့ သမီးလေး ပူတူးမကို နို့တိုက်နေတဲ့ သူ့ဇနီး နန်းမူ က အကျိုးအကြောင်း မေးတော့ တာပေါ့။ ကိုကျောက်ခဲ ပြောပြတဲ့ အဖြစ်အပျက် အစအဆုံးကို နားထောင်ပြီး နောက်နေ့တွေ ကျီးကန်းမ သူ့ကလေးတွေ အတွက် အစာရှာရင်း တစ်နေ့ရာရာမယ် အခုလိုမျိုး အသက်ဘေး အန္တရယ်ကို ကြုံတွေ့ နိုင်သေးကြောင်း၊ အဲ့ဒါကို သူ စိတ်ပူလို့ ကျီးကန်းမကို ဘုရား ဆွမ်းတော်ကျ လေးတွေ ကျွေးဖို့ စီစဉ်စေချင်ကြောင်း နန်းမူက ပြောပါတော့တယ်။ ဩော် နန်းမူလည်း မိခင် တစ်ယောက်ပဲမို့ မိဘချင်း ကိုယ်ချင်းစာ တတ်တာပေါ့။ အေး.. ငါ့မိန်းမ အကြံ သိပ်ကောင်းတယ်၊ အမျှော်အမြင် ကြီးပါပေတယ်ကွာ.. ဆိုပြီး ကျေနပ် ဝမ်းသာ သွားရ တော့တာပေါ့။

ကိုကျောက်ခဲလည်း သူ့အရပ်အမြင့်လောက် မရှိတရှိ ဝါးပိုးဝါးတစ်လုံးကို ကျီးကန်းမရဲ့ ထန်းပင်နဲ့ မလှမ်းမကမ်းမှာ စိုက်ထူလိုက်ပြီး၊ အဲ့ဒီအပေါ်ကမှ တစ်ပေ ပတ်လည်လောက် ရှိတဲ့ ဝါးကပ်လေး ကို အပြားလိုက် ကပ်ထား လိုက်တယ်။ နန်းမူက ဘုရား ဆွမ်းတော်ကျ ထမင်းလေးတွေနဲ့ သရက်သီးမှည့် အစိတ်လေးတွေကို ယူလာပြီး ဝါးကပ်လေး ပေါ်မှာ တင်ထား ပေးလိုက်တယ်။

ကိုကျောက်ခဲတို့ လင်မယား နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက်အဓိပ္ပါယ်ပါတဲ့အကြည့်ချင်းဆုံလို့၊ လုပ်သင့် လုပ်ထိုက်တာကို ရိုးသားတဲ့ စေတနာနဲ့ ချက်ချင်း အလေးထားလုပ်ဆောင်ကြတဲ့ တစ်ဦးရဲ့စိတ်ကို တစ်ဦးက ပိုမိုနားလည်ကြပြီး၊ ကျေနပ်ပျော်ရွှင်စွာနဲ့ အိမ်ထဲကို ပြန်ဝင်သွားခဲ့ကြတယ်။

နောက်နေ့တွေက စပြီး ဝါးကပ်ပြားလေး ပေါ်က ဘုရား ဆွမ်းတော်ကျ ထမင်းလေးတွေနဲ့ သရက်သီး စိတ်လေးတွေ၊ ငှက်ပျောသီးလေးတွေ၊ သစ်သီးလေးတွေကို လာယူလိုက်၊ အသိုက်ကိုပျံပြီး သူ့ကလေးတွေကို ကျွေးလိုက် လုပ်နေတဲ့ ‘ကျီးကန်းမ’ တစ်ကောင် ကို ကိုကျောက်ခဲနဲ့ နန်းမူတို့ နှစ်ယောက် သူတို့အိမ်ထဲကနေ ကြည့်ရင်း တစိမ့်စိမ့် တသိမ့်သိမ့် ကျေနပ်ကြည်နူး ပီတိဖြစ်နေတော့တယ်။ သူတို့ဆီကို ခေါင်းလေး ငဲ့စွေပြီး ပြန်ကြည့်နေတဲ့ ‘ကျီးကန်းမ’ တစ်ကောင်ရဲ့ အကြည့်ထဲမှာလည်း လူသားတွေလို စကားတွေ ပြောမပြတတ်ပေမယ့် ထပ်တူပါပဲ လို့ ဆိုလေသယောင်ယောင်။

တကယ်ဆိုရင် လူသားပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် မိဘ ဆိုတာ အစားထိုးလို့ မရတဲ့ အရာပဲမို့လား..၊ ‘မိဘမေတ္တာ ဆိုသည်ကား အနှိုင်းအတု မရှိရပါပေတကား’။

Tiptop






ကျွန်တော်တို့ ငယ်စဉ်ကြီးပြင်းခဲ့ရာ နေရာကား တောမကျ မြို့မကျ ဆင်ခြေဖုံးအရပ် ဖြစ်လေသည်။ မိသားစု ငါးစုစာ အမျိုးအဆွေများက ခြံချင်းကပ်လျက် နေကြသည်။ ခြံတစ်ခုနှင့်တစ်ခုကြားတွင် ခြံစည်းရိုးမရှိ။ တစ်ဆက်တည်း ဖြစ်နေသည့် ခြံဝင်းကြီးထဲတွင် ကြီးစိုးသည့် အုပ်စုနှစ်စုရှိသည်။ တစ်စုက တစ်ဆယ့်သုံးယောက်မျှသော ကလေးများ ဖြစ်ပြီး ကျန်တစ်စုကတော့ အရောင်သွေးမျိုးစုံသည့် ခွေးဆယ်ကောင်ခန့် ဖြစ်သည်။

ကျွန်တော်တို့မမွေးခင် ဖိုးလေးတစ်ယောက်က လမ်းဘေး ခွေးလေခွေးလွင့် များကို အစာကျွေးလေ့ရှိရာမှ ထိုခွေးများ ခြံဝင်းအတွင်း မိုက်ဂရိတ်လုပ်ပြောင်းရွှေ့အခြေချလာရာမှ ထိုမျှ များပြားသော ခွေးအုပ်ကြီး ရှိလာရခြင်း ဖြစ်သည်။ ထိုခွေးအုပ်ကြောင့် ခြံနား သူစိမ်းမကပ်ရဲ။ သူခိုး ပူစရာ မလိုခဲ့။ နေ့လယ်တစ်ခါ ညနေတစ်ခါ မိသားစု ငါးယောက်စာ အိမ်များမှ စုဆောင်းရရှိသော ထမင်းရည်များနှင့် ဆွမ်းတော်စွန့် ထမင်း၊ ဘီစကစ်မုန့် စသည်တို့ကို ရောကြိုကာ ခွေးစာကျွေးရသည်။ တစ်ခါတစ်ရံ မလောက်ပါက ဆန်ကွဲကျိုကျွေးရသည်။ နေ့လယ်ပိုင်း တစ်ချိန်နှင့် ညနေပိုင်း အချိန် ရောက်တိုင်း အစာစားဖို့ ခွေးတွေကို 'တက်' ခေါက်ခေါ် သံ၊ ခွေးချင်း စားမာန်ခုတ်သံ၊ ဖိုးလေး၏ ဟိန်းဟောက်ဖျန်ဖြေသံ ကို ကြားရစမြဲ ဖြစ်လေသည်။ ခွေးနှင့် မည်မျှတရင်းတနှီးရှိခဲ့သည်ဆိုလျှင် ကျွန်တော် ပထမဆုံး စပြောသော စကားသည် 'ဟဲ့ ခွေး..' ဖြစ်သည် ဆိုပါ၏။

သူစိမ်းဆိုလျှင် မလွတ်တမ်းဆွဲသည့် ခွေးများမှာ ကျွန်တော်တို့ ကလေးအုပ်စု အတွက်တော့ ပူပန်စရာ မဟုတ်။ သူ့ဖာသာသူ နေကြ ကိုယ့်ဖာသာကိုယ် ကစား ကြသည်ပင်။ သို့သော် ခွေးလေ ခွေးလွင့် များဖြစ်ခဲ့သည့် အတွက် သူတို့ကိုတော့ သွားစလို့ မရ။ ပြန်မာန်ဖီ ရန်ပြု တတ်သည်။ ထိုခွေးအုပ်ထဲတွင် မှတ်မှတ်ရရ ခွေးနှစ်ကောင် ရှိခဲ့သည်။ တစ်ကောင်က ချင်းခွေးစပ် ဖြစ်မည်။ တစ်ကိုယ်လုံး မည်းနက်ပြီး အမွေးရှည် အမြီး ဖွားသည်။ နားရွက် အောက်တွင် မွေးရှည် ခပ်ကားကား လေးများ ရှိသည်။ သို့သော် နှုတ်ခမ်းမွေး များမှာ စွတ်စွတ်ဖြူ၏။ ထို့ကြောင့် ထိုခွေးမကို နှုတ်သီးဖြူမဟု အမည် ပေးထားကြသည်။ နောက် တစ်ကောင်ကား မြင်ရလေ့ ရှိသော မျက်လုံး နှစ်လုံးပေါ်တွင် အညိုစက် တစ်စက်စီပါသည့် ခွေး ဖြစ်သည်။ ထုံးစံအတိုင်း လေးလုံးမ ဟု အမည် ပေး ထားကြသည်။

ခွေးများတွင် အမ များသည် ခွေးထီးများ ကဲ့သို့ သိပ်ဟောင်လေ့ မရှိ။ သို့သော် အသံမပြုဘဲ အလစ်တွင် ဆွဲတတ် ကိုက်တတ်သည်။ လေးလုံးမ နှင့် နှုတ်သီးဖြူမ တို့သည် အလွန်အဆွဲကြမ်းသော ခွေးနှစ်ကောင် ဖြစ်လေသည်။ လူစိမ်းတစ်ယောက် ခွေးကိုက် ခံရပြီဟေ့ ဆိုလျှင် လက်သည်မှာ သူတို့နှစ်ကောင်ထဲက တစ်ကောင် ဖြစ်သည်ချည်းပင်။ ထို့ကြောင့် ခွေးအုပ်ထဲတွင် သူတို့နှစ်ကောင်ကို အထူး သတိထားရသည်။ ထို့အပြင် အခြားခွေးများနှင့် ယှဉ်လျှင် သူတို့ နှစ်ကောင်မှာ အိမ် ပိုမြဲသည်။

နှစ်တိုင်း ဆောင်းရာသီ ဝင်တိုင်း ခွေးသား ပေါက်သည်။ နှုတ်သီးဖြူမနှင့် လေးလုံးမတို့ နို့တွဲလောင်း ဗိုက်တကားကား နှင့် ကလေး အပြိုင်မွေး ကြသည်။ မွေးသည့် ခွေးငယ်များ မှာ ဆောင်းအအေးဒဏ်ကြောင့် တစ်ဝက်ခန့် ပျက်ဆီးကြစမြဲပင်။ မျက်လုံးတွင် မျက်ဝတ်များ ဖုံးပြီး မှိန်းနေပြီ ဆိုလျှင် ထိုခွေးသေတော့မည်။ မသေဘဲ ကျန်သည့်ခွေးများမှာ အိမ်ရှေ့ကားလမ်း ပေါ်တွင် ကားကြိတ်ခံရပြီး သေကုန်ပြန်သည်။ ထို့ကြောင့် ခြံထဲတွင် ခွေးများသော်လည်း ခွေးမျိုး တိုးပွားလာသည်မရှိခဲ့။ ခွေးအိုကြီးများ မှာလည်း ပျောက်သည့်အကောင်ကပျောက် သေသည့်အကောင်က သေနှင့် ကျွန်တော် သူငယ်တန်း စတက်ချိန်တွင် ခြံထဲတွင် ခွေးကောင်ရေ တော်တော် နည်းသွား သည်။

တစ်ခုသော ဆောင်း ရာသီတွင် လေးလုံးမ နှင့် နှုတ်သီးဖြူတို့ အပြိုင် ကလေး မွေးကြ ပြန်သည်။ မှတ်မှတ်ရရ လေးလုံးမက ခြောက်ကောင် နှုတ်သီးဖြူက သုံးကောင်။ ကျွန်တော်တို့ အိမ်အောက်တွင် လာမွေးသော လေးလုံးမ၏ ကလေးများမှာ သိပ် သက်ဆိုး မရှည်ကြ။ မီးတွင်းထဲက မထွက်နိုင်မီပင် တစ်ကောင်ပြီး တစ်ကောင် ပျက်စီး ကုန်သည်။ သားသည်အမေ ဖြစ်သော လေးလုံးမသည် သူ့ နို့များ တင်းလာသည့် အခါတိုင်း အဖိုးတို့ အိမ်အောက် တွင် ရှိသည့် နှုတ်သီးဖြူမ၏ ကလေးများ ကို နို့ခိုး တိုက်သည်။ အချိန် အတော်ကြာသည်အထိ နှုတ်သီးဖြူမ၏ ကလေးများကို မည်သူမှ မမြင်ဖူးကြ။ သားဆိပ် တက်နေချိန် ဖြစ်သဖြင့် အနားကပ်ဖို့ မည်သူမှလည်း စိတ်ကူး မရှိကြ။ စိတ်လည်း မဝင်စားကြ။ တစ်ရက် တွင် မေမေက ဟင်းချက်ဖို့ သားငါး ခုတ်ချိန်တိုင်း အနားတွင်လာကာ အစာ လာတောင်း တတ်သော နှုတ်သီးဖြူမ အား 'နင့်ကလေးတွေ ငါ့တို့ကို ပြပါအုံး ' ဟု.. ဘာရယ်မဟုတ် ပြောလိုက်သည်။

ထိုအခါ နှုတ်သီးဖြူမသည် အိမ်အောက် ဝပ်ကျင်းထဲမှ သူ့ကလေးများကို တစ်ကောင်ပြီး တစ်ကောင် ဆွဲထုတ် လာပါတော့သည်။ အင်မတန်ရိုင်းသော ခွေးသည်



လူ့စကားကို မည်သို့ နားလည်သည်မသိ။

အမေနှစ်ယောက်၏ နို့ကိုစို့ရသော ခွေးပေါက်စ ၃ ကောင်မှာ အတော် ဝဖီး နေသည်။ နှုတ်သီးဖြူမ ခမျာ သူ့ကလေး များကို ကောင်းကောင်း မချီနိုင်။ တစ်ကောင် ပြီး တစ်ကောင် အိမ်ရှေ့ မြေတလင်း ဆီကို တရွတ်တိုက် ဆွဲ ခေါ်လာသည်။ ကလေး များမှာ ဝရုံသာ မဟုတ်။ အမွေးရှည်လေးများ အဖြူအနက်ကွက်ကလေး များနှင့်ဖြစ်ရာ အလွန် ချစ်စရာ ကောင်းသည်။ သို့နှင့် ထိုခွေးသားပေါက်ကလေးများ ကျွန်တော်တို့ အိမ်အောက် ရောက်လာသည်။ ထိုအခါ ပြဿနာစတော့သည်။ ခြံကမလုံ။ ဒီတော့ ချစ်စရာ ကောင်းသည့် ခွေးကလေးများ အခိုးခံရမည့်ကိန်း ရှိသည်။ ထို့ကြောင့် နို့ပြတ်ချိန် ရောက်သည့်အခါ ကလေး ၃ ကောင်ကို မွေးမည့် ဆွေမျိုးများ အိမ်သို့ တစ်ကောင်စီ ခွဲပို့ လိုက်ရသည်။ ခြံထဲတွင်လည်း ခွေး သိပ်မရှိတော့။

ထိုခွေး ၃ ကောင် ပို့ပြီးနောက် သိပ်မကြာခင် နှုတ်သီးဖြူမ ခမျာ စည်ပင် အမဲသား မိသွားသည်။ ထို့ ကြောင့် နောက်နှစ်တွင် လေးလုံးမ တစ်ကောင်သာ ပြိုင်ဘက်ကင်း ကလေး ၄ ကောင် မွေးလေသည်။ အဖြစ် ဆိုးသည်က ကလေးများ မွေးပြီး ရက်ပိုင်းအတွင်း လေးလုံးမလည်း အမဲသားမိကာ နှုတ်သီးဖြူမ နောက် လိုက်သွား ရရှာသည်။ ကလေး ၄ ကောင်ကား မာတာ မိခင် မဲ့ချေပြီ။ ထိုအချိန်တွင် ကျွန်တော့ ညီမ အငယ်ဆုံးက လမ်း စလျှောက် တတ်ခါစ။ အခါလည် အရွယ်။

မေမေ့ အတွက်တော့ ထိုကလေး ပေါက်စအပြင် ကြည့်ရမည့် ကလေး ၄ ကောင် ထပ်တိုး လာခဲ့သည်။ ခွေး ကလေးများကို ဝပ်ကျင်းထဲမှ ထုတ်ကာ ထန်းလျက်တောင်း တစ်ခုထဲတွင် ဂုန်နီအိတ်တွေ ခင်းပြီး ထည့်ထားရသည်။ ပြီးတော့ နို့တိုက်ဖို့ စီစဉ်ရသည်။ ထမင်းရည်ကို အအေးခံပြီး

ညီမ၏ နို့ဘူးဟောင်းထဲတွင် ထည့်ကာ တိုက်ကြည့်သည်။ နို့သီးခေါင်းက ကြီးနေသဖြင့် မအောင်မြင်။

ကံကောင်းသည်က အိမ်တွင် ဘီပီအိုင် က မျက်စဉ်းပုလင်းဟောင်းများ ရှိသည်။ မျက်စဉ်းပုလင်းများ၏ အဖုံးမှာ ဖန်ပြွန် လေးနှင့် နောက်တွင် ညှစ်သည့် ရာဘာ ဖုလေး ရှိသည့် အဖုံးမျိုး ဖြစ်သည်။ ထိုပုလင်းများကို ရေစင်အောင်ဆေး၊ ရာဘာဖု ထိပ်ကို အပေါက်ဖေါက်၊ ဖန်ပြွန်ကလေးကို ဖြုတ် လိုက်သည့် အခါ နို့ဘူး အသေးစား လေးဖြစ်သွားသည်။ ထို နို့ပုလင်းလေးများထဲ ထမင်းရည်ထည့်ကာ ခွေးပေါက် များကို တိုက်ရသည်။ ထိုခွေးငယ်များကို နို့တိုက်တိုင်း ခွေးတောင်းအနီးတွင် ကျွန်တော်တို့ မိသားစုနှင့် ရှုပ်နေတတ်သည်။ မျက်လုံး မပွင့်သေးသည့် ခွေးငယ်များ မှာ မေမေ အနားလာကပ်သည်နှင့် တအိန်အိန်အော်ကာ အစာ တောင်းတော့သည်။

မေမေက တစ်ကောင်စီ မကာ နို့တိုက်ရသည်။ လက်ပူမိမည် ဆိုသဖြင့် ကျွန်တော်တို့မှာ ခွေးကလေးများကို ကိုင်ခွင့်ထိခွင့်မရ။ ဘေးမှသာ ထိုင်ကြည့် ကြရသည်။ အခွင့်ထူးရသည်က ပြောမရသည့် ညီမအငယ်ဆုံး။ လစ်ရင်လစ်သလို တောင်းထဲက ခွေးတွေကို သွားနှိုက် တတ်သည်။ ကျွန်တော်တို့က အရောင်ရှိ အကွက်လှသည့် ခွေးငယ်များ ကို ဒီအကောင်ကား ငါ့ ခွေး၊ ဟိုအကောင်ကား သူ့ခွေး စသည်ဖြင့် သတ်မှတ်ကာ ပိုင်ရှင် ဦးကြသည်။ ထိုအထဲမှ အကွက်မရှိ မည်းမည်း တုးတုး တစ်ကောင်ကိုကား ညီမတော်၏ခွေးဟု လူလည်ကျ သတ်မှတ် ပေးထား ကြသည်။

အမိမဲ့ခဲ့ သော်လည်း ပြုစု စောင့်ရှောက်မည့်သူ ရှိသဖြင့် ကံကောင်းခဲ့ကြသည့် ခွေးငယ်များမှာ ကံကြမ္မာ၏ သက်ညှာခွင့်ကို မရခဲ့ကြရှာ။ အပြင်ထွက် လမ်းလျှောက်တတ် ခါစတွင် ခွေးနာ ကျကုန်သည်။ တစ်ကောင်ပြီး တစ်ကောင် သေကုန်ရာ နောက်ဆုံးတွင် မျက်ဝတ်ဗလပွနှင့် မှိန်းနေသည့် ခွေးငယ်တစ်ကောင်သာ ကျန်တော့သည်။ စိတ်မသက်မသာ ဖြစ်နေသည့် မေမေမှာ ကြံရာမရသည့်အဆုံး တကထရာဆိုက်ကလင်း ဆေးတောင့်ကို ဖွင့်ကာ အထဲမှ ဆေးအနည်းငယ်ကို နာနေသည့် ခွေးငယ်ကို ခွံ့ထည့်လိုက်သည်။

အနာနှင့် ဆေး တည့်သည်ဟု ဆိုရမည်လား၊ ကံ၏ အလို ဟု ဆိုရမည်လား မသိ။ ညနေပိုင်းအထိ မှိုင်နေသော ခွေးနာလေးမှာ နောက်နေ့မနက်တွင် အမြီးတနန့်နန့် နှင့် လန်းလန်း လန်းလန်း ဖြစ်နေလေသည်။ ထိုခွေးကား တစ်ကိုယ်လုံး မည်းနက်သည့် အမွေးအမျှင်တို့သာရှိသည့် ခွေးရုပ်ဆိုးလေး ဖြစ်လေသည်။ နက်မှောင်သည့် အသွေးအဆင်ကို အကြောင်းပြုကာ သူ့ ကို 'နက်ကျော်' ဟု အမည်ပေး လိုက်ကြသည်။ နက်ကျော်ကား ခွေးအုပ်ကြီး၏ နောက်ဆုံး ကြွင်းကျန်ရစ်သော မျိုးဆက်သစ် ဖြစ်လေသည်။

တစ်လ နှစ်လအတွင်း နက်ကျော်သည် အမြီးနန့်နန့်နှင့် အလွန် ဖလမ်းဖလမ်းထသော ခွေးငယ်လေး တစ်ကောင် ဖြစ်လာလေသည်။ သူသည် ကျွန်တော့် ညီမအငယ်ကို အလွန်ခင်သည်။ ညီမငယ်မှာလည်း မိုးလင်း အိမ်ပြင်ထွက်သည်နှင့် အရင်ဆုံး နက်ကျော်ရှိရာကိုသွားသည်။ တစ်ခါတစ်လေ မနိုင်မနင်း မလာသည်။ တစ်ခါတစ်လေ အမြီးဆွဲခေါ်လာသည်။ ခွေးငယ်မှာ ကိုယ့်ယို့ ကားယားနှင့် ပါလာစမြဲ။ သို့သော် ကိုက်သည် ပြုသည် မရှိသည့်အပြင် ညီမငယ်သွားရာနောက် အမြီးတနန့်နန့်နှင့် တကောက်ကောက် လိုက်တတ်သည်။ ကလေးပေါက်စ နှစ်ကောင် သူငယ်ချင်း ဖြစ်သွားသည်ဟုသာ ဆိုရပေလိမ့်မည်။

ခွေးပေါက်စမှ ခွေးငယ်တစ်ကောင် ဖြစ်လာသော နက်ကျော်သည် ဘဝတူကစားဖေါ် မရှိသည့်အလျောက် ကျွန်တော်တို့ မောင်နှမ တစ်စုနှင့် ကစားဖေါ် ဖြစ်လာသည်။ ဘာကစားကစား နက်ကျော် တစ်ကောင်ပါလာစမြဲ။ မှတ်မှတ်ရရ အိမ်ကို ပတ်ပြီး ဗိုလ်အုံးသီး စက်ဘီး စီးကြသည်။ အမှန်တော့ စီးသည်မဟုတ်။ တစ်ယောက်ကို စက်ဘီး နောက် ထိုင်စရာနေရာတွင် တင်ပြီး ကျန် ၃ ယောက်က ဝိုင်းတွန်းခြင်းပင်။ တစ်ယောက်လျှင် ခြံတစ်ပတ် တစ်လှည့်စီ စီးရသည်။ ထိုစက်ဘီးစီးရသည့် အထဲတွင် မောင်နက်ကျော်လည်း ပါလေသည်။ ခြောက်သွေ့သော နွေဦး ရာသီတွင် ကလေး ၄ယောက် နှင့် ခွေး တစ်ကောင် မှာ ချွေးတလုံးလုံး ဖုန်အလိမ်းလိမ်း နှင့် ဖြစ်နေကြလေသည်။

သို့သော်လည်း နက်ကျော် ပါလျှင် ကစားလို့ မရသည့် နည်းတွေ ရှိသည်။ အထူးသဖြင့် တူတူပုန်းတမ်း ကစားလို့ မရ။ ပုန်းနေသည့် နေရာလာပြီး တအီအီ လုပ်သည်နှင့် လူမိတော့သည်။ ကုလားမ စည်းနင်းလျှင် ခဏခဏ ပျက်သည်။ ကျွန်တော်တို့ ခြေတစ်ချောင်းတည်းနှင့် ခုန်စွ ခုန်စွ လုပ်နေသည်ကို ကြည့်မရသည်ထင့်။ စည်းထဲ ပြေးဝင်လာပြီး ဟိုခြစ် ဒီရမ်း လုပ်ကာ ထွက်ပြေးတတ်သည်။

ချေးပုံထုတ်ထိုးဟုခေါ်သည့် သဲပုံလေးထဲ သားရေကွင်းတွေ ထည့်ပြီး တုတ်နှင့် ထိုးယူ ကစားရသည့် နည်းဆိုလျှင် သူဝင်ယက်သွားသည်နှင့် ပျက်ရသည်ချည်းပင်။ သို့သော် နက်ကျော် ကား ခွေးဖြစ်နေရာ 'မင်းမပါနဲ့တော့' ဟု ပြောလို့မရ။ နက်ကျော် မဝင်နိုင်အောင် ဝိုင်းထိုင်ကာ ကိုယ်နှင့်ကာပြီး ကစားရသည်။ ထိုအခါ ထိုင်နေသည့်

ကလေးတွေ ကျောကုန်းပေါ် ရှေ့လက်နှစ်ဖက် တင်ကာ အနောင့်အယှက် ပြုတတ်သေးသည်။ စိန်ပြေးလိုက်တမ်း ကစားလျှင်ကား လိုက်သည့်သူထက် သူ့ကို ရှောင်ရသည်က အလုပ်တစ်ခု ဖြစ်လေသည်။ နောက်ဆုံး သူလိုက်လို့ ပြေးရသည့်ပွဲ ဖြစ်သွားသည်။

ကစားပြီးလို့ နားကြချိန် ရောက်ပြီဆိုလျှင် မုန့်စားရသည့် အလေ့ရှိသည်။ ထိုအချိန်တွင် မောင်နက်ကျော်လည်း ဝေစု ရလေသည်။ ရာသီပေါ် အသီးအနှံ မျိုးကဲ့သို့ ခွေးစားလေ့မရှိသည့် အစားအစာ ဆိုပါက သူ့ အတွက် ဘီစကစ်မုန့် အချို့တော့ ရတတ်သည်။ အဖွား ဆွမ်းတော်ကပ်ပြီးတိုင်း စွန့်သည့် မာရီဘီစကစ်များကို သိမ်းထားသည့် ပုလင်းကြီးသည် အနီး မောင်နက်ကျော်၏ ရိက္ခာတိုက် ဖြစ်လေသည်။ သူ့ကို မုန့်ကျွေးတိုင်း မုန့်ကို မြှောက်ကိုင်ပြီး ကျွေးကြသည်။ သူက ပတတ် ရပ် ရပ်ပြီး ဟပ်သည်။ သူ့ထက် အရပ်မြင့်သော ကျွန်တော် နှင့် လူကြီး များ အတွက် သူသည် အနိုင်ကျင့်စရာ ဖြစ်သော်လည်း သူနှင့် အရွယ် မတိမ်းမယိမ်းဖြစ်သော ကလေးများမှာကား သူက ပြန် အနိုင်ကျင့်သည်ကို ခံရပြန်လေသည်။ မုန့်ကို မြှောက်ထားသည့်လက်ကို မဟပ်ဘဲ လူကို တွန်းလှဲပစ်သောကြောင့် ဖြစ်လေသည်။ ကျွန်တော်တို့ကား မုန့်ကျွေးစရာရှိတိုင်း သူ့ကိုကစားပြီးမှ ကျွေးစမြဲပင်။ သို့နှင့် တစ်နှစ်ခန့် ကြာပြီးသော အချိန် တွင်ကား ဝိုင်းကိုက်ကာ နှင်ထုတ်ကြသည်။ ထို့ကြောင့် မကြာခဏ ခွေးအုပ် တစ်အုပ်နှင့် တစ်အုပ် ကိုက်ကြ တိုက်ကြသည့် အသံကို ကြားရတတ် သည်။ ခွေးတို့မြူးသည့် တော်သလင်းလသည် အဆိုးဆုံး ဖြစ်လေသည်။

အုပ်စုမတူလျှင် မည်သည့် ခွေးကိုမျှ အကျူးကျော် မခံသည့် အနီး ခွေးအုပ် ၃ အုပ်၏ နယ်မြေကို တံခါး မရှိ ဓါးမရှိ ဖြတ်သန်း သွားလာ တတ်သည့် ခွေးတစ်ကောင် ရှိခဲ့သည်။ ထိုခွေးကား မောင်နက်ကျော် ဖြစ်လေသည်။ နယ်မြေတစ်ခုကို ဖြတ်တိုင်း ထို နယ်ထဲမှ ခွေး တွေကို အမြီးနန့် နှုတ်ဆက်တတ်သည်။ တစ်ခါတစ်ရံ လိုက်တမ်း ပြေးတမ်း ကစားသည်။ ထိုသို့ကစားရင်းအခြားနယ်သို့ကူးသွားသည့်အခါ ကစားနေသည့်ခွေးက ဆက်မလိုက်သော်လည်း နက်ကျော်ကား ခပ်တည်တည်နှင့် ဆက်သွားသည်။ တွေ့သည့်ခွေးနှင့် အမြီးနန့်ကာ နှုတ်ဆက်သည်။ ကစားသည်။ ထိုသည်ပင်လျှင် မောင်နက်ကျော်၏ သံခင်းတမန်ခင်း အရည်အချင်းဟုပင် ဆိုရပေမည်။ ကျွန်တော်တို့ ကျောင်းသွားသည့် အခါ ထို နယ်မြေ ၃ ခု အဆုံးအထိ သူလိုက်လာတတ်သည်။ ထူးခြားသည်ကား ထိုနေရာထက် ပိုပြီး မလိုက်ခြင်းပင်။ သူ၏ သံတမန် အရည်အချင်းသည် ဈေးအတွင်းမှ ခွေးအုပ်ကြီးကို စည်းရုံးနိုင်စွမ်းရှိဟန်မတူ။



မောင်နက်ကျော်သည် ခွေးပျို တစ်ကောင် ဖြစ်လာလေသည်။

ရပ်ကွက်အတွင်းရှိ ခွေးတို့သည် ကိုယ့်ပိုင်နက်နှင့် ကိုယ်နေကြမြဲ ဖြစ်သည်။ သူတို့ ပိုင်နက်ကို ဆီးသွား ထားခြင်းဖြင့် အမှတ်အသား ပြုထားတတ် ကြသည်။ ကျွန်တော်တို့ အိမ်မှ ဈေး အထိ သွားရာ လမ်းမကြီးကို ဆက်စပ်နေသည့် လမ်းသွယ် ၃ လမ်း ရှိရာ လမ်းတစ်လမ်းစီကို ခွေးအုပ် တစ်အုပ်စီ ကြီးစိုးထားသည်။ ကျွန်တော်တို့ ကလေး များ ဈေးဘက်သွားလျှင် ထိုခွေးအုပ်များကို အထူးသတိထားရသည်။ 'လမ်းသွားရင် ကောင်းကောင်း သွားကြ။ ခွေးမျက်စေ့နောက်အောင် မလုပ်နဲ့။' ဟူသည့် အမှာစကားသည် ကျွန်တော်တို့ အပြင်ထွက်တိုင်း ကြားရမြဲ ဖြစ်သည့် ညွှန်ကြားချက် ဖြစ်လေသည်။

ထိုခွေးတို့သည် သူတို့ပိုင်နက်အတွင်း အခြားခွေးအုပ်မှ တစ်ကောင်ကောင် ဝင်လာလျှင် လက်မခံကြ။

မောင်နက်ကျော်တွင် ကျွန်တော်တို့ မောင်နှမတွေအပြင် အထူး ခင်မင်ရသူတစ်ဦး ရှိပါသေးသည်။ မိသားစု အတွင်း တစ်ဦးတည်းသော အစိုးရဝန်ထမ်း ဖြစ်သည့် ကျွန်တော်တို့အဒေါ်သည် ရုံးကပြန်လာတိုင်း နက်ကျော်အတွက် စားစရာ တစ်ခုခု ယူလာလေ့ရှိသည်။ ခွေးတို့သည် လူတို့မကြားနိုင်သည့်အသံကို ကြားနိုင်စွမ်း၊ လူတို့မရသည့်အနံ့ကို ခံနိုင်စွမ်း ရှိကြသည်။ ထိုအဒေါ် ရုံးကပြန်လာတိုင်း ဈေးရှေ့ကို လွန်ပြီဆိုလျှင် နက်ကျော်သည် နားရွက်ထောင်ကာ ပြေးကြိုတော့သည်။ ဈေးထိပ်မှ အိမ်ရောက်သည်အထိ အဒေါ်ကို ဖုန်တထောင်းထောင်းထအောင် ဝိုင်းပတ်ကစားကာ ကြိုလာတတ်သည်။ ထိုမျှဝေးသည့်နေရာမှ လူတစ်ယောက်၏ အနံ့ကို ခံနိုင်သည့် ခွေးတို့၏ အစွမ်းကား အံ့သြ ဖွယ်ရာပင်။

နက်ကျော်သည် ခြံရှေ့တွင် အနေ များသည်။ လမ်းပေါ်မှ ဖြတ်သွားသည့် ပလတ်စတစ်ကောက်သူများ၊

တစ်ခါတစ်ရံ အရက်မူးလာသူများ ကို လှမ်းဟောင်တတ်သည်။ လူတို့၏ ပုံမှန်ဟန်အမူအယာ နှင့် မူမမှန်သည့် အပြု အမူကို ခွဲခြားနိုင်ဟန်ရှိသည်။ ဟောင်သံပြုခြင်းဖြင့် အိမ်ရှိ လူများကို အသိပေးသည့်သဘောဖြစ်နိုင်သည်။ ခွေးတို့ သည် သူတို့၏ သခင်နှင့် ပိုင်နက်ကို စောင့်ရှောက်တတ်စမြဲဖြစ်သည်။ နက်ကျော်သည် ခွေးပီသစွာ စောင့်ရှောက်သော်လည်း အတော် အသည်းငယ်သည်။ အိမ်ရှေ့တွင်နေချိန် လမ်းပေါ်ဖြတ်သွားသည့် ကားတစ်စီးစီးမှ အိတ်ဇောပေါက်သံ၊ ဘီးပေါက်သံ ကြားရပြီဆိုလျှင် အိမ်နောက်ဖေး ခြံစည်းရိုးနား ရောက်သည်အထိ ရောက်အောင် ဝင်ပြေး လာတတ်သည်။ ကျွန်တော်တို့ ခြံသည် ပေ ၁၅၀ ကျော် နှစ်ရာနီးပါး မျှ ရှည်လျားသည် ဖြစ်ရာ မောင်နက်ကျော် လန့်ပြေးလာသည့် အကွာအဝေးကို မှန်းဆနိုင်ပါလိမ့်မည်။ အိမ်နောက် ခြံစည်းရိုးနား ရောက်ပြီးမှ နောက်ပြန်လှည့်၊ ရင်ကို ကော့၊ နားရွက်ထောင်ကာ အိမ်ရှေ့ ကို လှမ်းဟောင်ပါတော့သည်။

ကျွန်တော်တို့ အိမ်သည် နှစ်ထပ်အိမ် ဖြစ်ပြီး မြန်မာအိမ်များ ထုံးစံအတိုင်း အပေါ်ထပ်သို့တက်သည့် လှေကားသည် အိမ်ဘေး အပြင်ဘက်တွင် ရှိပါသည်။ ထိုလှေကားမှတက်လျှင် အပေါ်ထပ်ဝရန်တာ အဖီကို ရောက်သည်။ နက်ကျော်သည် လှေကားပေါ် တက်ခွင့်မရှိ။ သူကလည်း မတက်။ တက်လျှင် အရိုက်ခံရမည်ကို သိသောကြောင့်ပင်။ ထို လှေကား ခြေရင်း ဖိနပ်ချွတ်တွင် ဂုန်နီအိတ်ကို ခင်းကာ ပြုလုပ်ပေးသည့် အိမ်ရာသည်ကား နက်ကျော် စက်တော်ခေါ်ရာ နေရာဖြစ်လေသည်။ တစ်ခုသောည၏ သန်းခေါင်ကျော်ခန့် အချိန်တွင် ကျွန်တော်တို့ အစွန်ဆုံးရှိခြံကို သူခိုးကပ်လေသည်။

လူသိသွားသဖြင့် ထလိုက်ကြရာ 'သူခိုး... သူခိုး' အော်သံများ ဖြင့် ဆူညံသွားသည်။ သူခိုးသည် ကျွန်တော်တို့ ခြံဘက်ကို ကူးကာထွက်ပြေးသည်။ နက်ကျော်၏ ဟောင်သံ အိမ်လှေကားပေါ် တက်သည့် ခြေသံနှင့် ဆူညံသံများကြောင့် တစ်အိမ်လုံး နိုးကုန်သည်။ မီးများဖွင့် နီးရာ တုတ်၊ လက်နိပ်ဓါတ်မီး ဆွဲပြီး ခြံထဲ ဆင်းကြသည်။ အိမ်အောက်တွင် သူခိုးနောက် လိုက်လာသည့် သူများနှင့် ဆုံကာ ခြံအတွင်း ရှာကြသည်။ တစ်ယောက် တစ်ပေါက် ပြောဆို ဟစ်အော်သံများတွင် နက်ကျော်၏ ဟောင်သံကား အကျယ်ဆုံး ဖြစ်လေသည်။ အိမ်ရှေ့ ညာဘက်ထောင့်ကို လှည့်ကာ ထိုးဟောင် နေသည်။ သူ့ဟောင်သံဘက်ကို လက်နိပ်ဓါတ်မီး ဖြင့် ထိုးကာရှာကြရာ ရွှံ့မြေပျော့ပျော့တွင် ထင်ကျန်ရစ်သော ခြေရာတို့ကိုတွေ့ရသည်။ သို့သော် သူခိုးကား ခြံဝင်းအတွင်းမှ ခုန်ထွက်ကာ လွတ်မြောက် သွားပြီး ဖြစ်လေသည်။

လူအများ သူခိုးလွတ်သွားပြီ ဖြစ်သဖြင့် စကားစမြည် ပြောကြချိန်အထိ ခွေးဟောင်သံ မရပ်သေးသဖြင့် လှည့်ကြည့်ကြရာ မဟာသူရဲကောင်း နက်ကျော်သည် အိမ်အပေါ်ထပ် ဝရန်တာ သစ်သားတိုင်များ ကြားမှ ခေါင်း ထုတ်ကာ ထိုးကွင်းထနေသည်ကို တွေ့ကြရလေသည်။ သူသည် သူခိုးအော်သံကြောင့် ကြောက်လန့်ကာ အိမ်ပေါ် ပြေးတက်သည်။ ထို့ကြောင့် လှေကားပေါ် ဝရန်းသုံးကား တက်သည့် အသံကို ကြားရခြင်းဖြစ်သည်။ ထိုအသံကို သူခိုးတက်သည့်အသံဟု ကျွန်တော်တို့ကထင်ခဲ့ကြသည်။ အမှန်ကား နက်ကျော် ပြေးတက်သည့် အသံဖြစ်ပြီး ဝရန်တာ ပေါ်ရောက်မှ လှမ်းဟောင်ခြင်း ဖြစ်လေသည်။ ကျွန်တော်တို့ ပြန်အိပ် ချိန် အထိ ဝရန်တာပေါ်မှမဆင်း။ နှင်ချ သော်လည်းမရ။ ပေကပ်ကာနေသည်။ အတော် ထိတ်လန့်သွားဟန် ရှိလေသည်။ အာဂ နက်ကျော်ပါပေ။ အဆုံးတွင်ကား သူခိုးကို မမိလိုက်ကြ သော်လည်း ညအချိန်တွင် အိမ်ရှေ့ဝရန်တာပေါ်တက်ခွင့် ပါမစ်ကို နက်ကျော် ရသွားလေသည်။

ခွေးတိုင်း၏ ကိုယ်ပေါ်တွင် ခွေးလေး ခေါ် ခွေးသန်း ရှိသည်။ နှမ်းစေ့ထက် သေးငယ်သော အရွယ် ဖြစ်သော်လည်း တစ်ပေကျော် အကွာအဝေးသို့ ခုန်ထွက်သွားနိုင်သည်။ အနက်ရောင် ဖြစ်သည့်အပြင် ခုန်ထွက်ရာတွင် လျှင်မြန်လွန်းသဖြင့် မျက်စိရှေ့တွင်ပင် ကိုယ်ပျောက်သကဲ့သို့ ပျောက်သွား တတ်သည်။ ဆိုးသည်မှာ ကိုယ်လုံးမှာ ပြားပြီး ပြောင်ချောကာ မာနေသဖြင့် လက်ဖြင့် ဖျစ်ညှစ် သတ်လို့မရ။ သေပြီ အထင်နှင့် ညှစ်ထားသော လက်ကို ဖြေလျော့ လိုက်လျှင် ဖျတ်ခနဲ ခုန်ထွက် လွတ်မြောက် သွားတတ်သည်။ သန်းပီပီ လက်မ နှစ်ခု၏ လက်သည်း များကြား ညှပ်ပြီး တုပ်မှ သေသည်။ လက်ကို တံတွေးစိုနေအောင် စွတ်ပြီး ဖမ်းမှရသည်။ တံတွေးတွင် ကပ်နေသောကြောင့် ဖြစ်သည်။

တစ်ခုသော နွေရာသီတွင် ခါတိုင်းနှင့် မတူဘဲ ခွေးသန်း အတော် များများပွားသည်။ နက်ကျော် ကိုယ်ပေါ်တွင် အကောင်ဦးရေ ပေါက်ကွဲမှုဖြစ်ပြီး ကျွန်တော်တို့ကိုယ်ပေါ် ကူးတော့သည်။ မောင်နှမ တစ်စု မှာ ခွေးသန်း ကိုက်ရာ အဖုအပိန့် ဗလပွနှင့် ဖြစ်ကုန်သည်။ ဖမ်းလို့လည်းမနိုင်တော့။ ကျွန်တော်တို့ ကျောင်းလွယ်အိတ်တွင် ခွေးသန်း ကပ်ပါ သွားရာမှ သူငယ်ချင်းများကို ကိုက်သည်အထိပင်။ စာသင်ခုံပေါ် ဖြတ်ပြေးသည့် ခွေးသန်းကို ဝိုင်း ဖမ်းရသည်မှာ မူလတန်း ကျောင်းသားဘဝ အတွက် အမှတ်ရစရာ တစ်ခု ဖြစ်ခဲ့သည်။ ထိုသို့ တစ်ခြံလုံး ခွေးသန်း ကျနေသည်ကို အိမ်သို့ ဝင်ထွက် သွားလာနေသော ဦးကြီး တစ်ယောက်မှ တွေ့ သဖြင့် အုန်းဆံမှိုင်း တိုက်ဖို့ ပြောသည်။

အုန်းဆံခွံ ခြောက်များ ကလည်း ခြံထဲတွင် အလွယ် ရှိနေသဖြင့် ထိုညနေတွင်ပင် မီးရှို့ကာ နက်ကျော် အပြင်

တစ်အိမ်လုံး တစ်ခြံလုံး အုန်းဆံမှိုင်း တိုက်လိုက်သည်။ ထိုနည်းကား တကယ်ပင် ထိရောက်ပါသည်။ နောက်ရက်များတွင် ခွေးသန်းများ သိသိသာသာ လျော့ကျ သွားလေသည်။ ပတ်ဝန်းကျင် အိမ်များ၏ ဩဘာပေးခြင်းကိုလည်း ခံယူလိုက်ရသည်။

နက်ကျော်တွင် ထူးခြားသည့် စည်းကမ်း တစ်ခု ရှိသည်။ အိမ်နောက်ဖေးရှိ ဝါးရုံများ အကြားတွင်သာ မစင်စွန့်ခြင်းပင်။ ခြံတွင်း မည်သည့် နေရာတွင်မှ မစင်စွန့်လေ့မရှိ။ ခြံထောင့်လေးဘက်ရှိ ခြံစည်းရိုးတိုင်နှင့် အိမ်ရှေ့မြောင်းကူး တံတားကိုမူ ကျင်ငယ်ပန်း လေ့ ရှိသည်။ ခွေးတို့ သဘာဝ ပိုင်နက် သတ်မှတ်ခြင်း ဖြစ်ပေမည်။

ကျွန်တော် သတ္တမတန်း ကျောင်းသား ဖြစ်ချိန်တွင် နက်ကျော် တစ်ကောင် အစာစား နှေးလာသည် ကို သတိပြုမိသည်။ ခက်ခက်ခဲခဲ ဝါးနေရသည့် ပုံမျိုး ဖြစ်နေသည်။ အရိုးစူး နေသည် အထင်နှင့် သူ့ ပါးစပ်ကို ဖြဲကြည့်သောအခါ အံသွား အတော်များများ မရှိတော့။ ထို အကြောင်း အဖွားကို ပြောပြရာအဖွားက ဆွမ်းတော်စွန့် ထမင်းကျန်ကို ထမင်းရည်နှင့် ထပ်ကျိုပြီး ဆန်ပြုတ် သဘောဖြစ်အောင် လုပ်ပေးသည်။ ကျွန်တော်တို့ ဆယ်ကျော်သက် ဖြစ်ချိန်တွင် နက်ကျော်သည် ဇရာအတွင်းတို့ချဉ်းနင်း ဝင်ရောက် နေချေပြီ။ ယခင်ကကဲ့သို့ ကျွန်တော်တို့ နှင့် မကစားနိုင်တော့။ အသွားအလာ လေးလာသည်။ သူ့ ကိုယ်ပေါ် ရှိ အမွေးအမှျင်တို့ သည် လည်း ကျဲပါးလာပြီး အချို့နေရာတွင် အရေပြား ကိုပင် မြင်နေရသည်။ တစ်ခါတစ်ရံ မည်းနက်သောအမွေးများကြားတွင် အဖြူရောင်ညစ်ညစ် အမွေးအမျှင် များကို တွေ့ရသည်။ မွေးဖြူစွယ်ကျိုး အရွယ်ဟုပင် ဆိုရမည်။ သန်မာ ထွားကျိုင်း ခဲ့သော သူ့ကိုယ်လုံးသည် တဖြည်းဖြည်း ပိန်ပါး ချည့်နဲ့ လာသည်။

တစ်နှစ်ခန့် ကြာသောအခါ နက်ကျော်တွင် အံသွား လုံးဝမရှိတော့။ ရှေ့အစွယ် တစ်ချောင်းလည်း ကျွတ်သွားသည်။ သွားမရှိတော့သဖြင့် နှုတ်ခမ်းများမှာ အတွင်းသို့ လိပ်ဝင်နေသည်။ မျက်လုံးများမှာလည်း တောက်ပခြင်း မရှိတော့။ အမြင်စွမ်းအားလည်း ကျလာသည်ထင်သည်။ တစ်ခါတစ်ရံ ကျွန်တော် ကျောင်းမှ ပြန်လာသည်ကို လူမှား ဟောင်တတ်သည်။ အသံပြုပေးမှ မှတ်မိသည်။ အသွားအလာ အထိုင်အထလည်း လေးပင်လာသည်။ ယခင်ကကဲ့သို့ ကျွန်တော်တို့ကို အိမ်ရှေ့ ထွက်မကြိုနိုင်တော့။ သူ့အနား ဖြတ်သွားမှသာ အမြီးလေးနန့် ခေါင်းကလေး မော့ ကြည့်ကာ နှုတ်ဆက် နိုင်တော့သည်။

ကျွန်တော် ဒသမတန်း ရောက်ချိန်တွင် နက်ကျော် တစ်ကောင် မကျန်းမမာ ဖြစ်တော့သည်။ အစာလည်း ကောင်းကောင်း မစားနိုင်တော့။ နံရိုး အပြိုင်းပြိုင်းနှင့် ဖြစ်နေသည်။ သူ၏ ဂုန်နီအိတ် အိပ်ယာပေါ်တွင်သာ အနေများတော့သည်။ အသိ တိရစ္ဆာန်ကု ဆရာဝန်ကို ခေါ်ပြရာ လူကြီးနာ ဟု ပြောသည်။ ကုစရာ ဆေးမရှိ။ တဖြည်းဖြည်းနှင့် သူ၏ နောက်ခြေ နှစ်ဘက်မှာ မသန်တော့။ ယိုင်ယိုင်နဲ့နဲ့ နှင့် လမ်းလျှောက် ရာက တရွတ်တိုက် ဆွဲ ရသည် အထိ ဖြစ်လာသည်။ တရွတ်တိုက် သွားရသဖြင့် တင်ပါးဆုံနှင့် ဒူးများတွင် အရေပြား ပွန်းရာ အနာများ ဖြစ်လာတော့သည်။ တစ်ကိုယ်လုံးလည်း နံစော် ညစ်ပတ်နေသည်။

တစ်မနက်တွင် ဘေးအိမ်မှ လှမ်းအော်သဖြင့် အိမ်ရှေ့ထွက်ကြည့်ရာ အိမ်ရှေ့ အပြင်ဘက် မြောင်းကူးတံတား ထိပ်တွင် လဲနေသော နက်ကျော်ကို တွေ့ရလေသည်။ ရှေ့လက် နှစ်ဘက် နှင့် ယက်ကာ အိမ်တွင်း ပြန်ဝင်ရန် ကြိုးစားသော်လည်း သူ့ကိုယ်သူ မဆွဲနိုင်တော့။ ခေါင်းလေး ထောင်ကာ တအီအီ အော်နေလေသည်။ သူ့ကို သွား ပွေ့ခေါ်သည့်အခါ ကျွန်တော့်ကို မော်ကြည့်သည်။ ရီဝေနေသော မျက်လုံး အစုံနှင့် သူ၏မျက်နှာကို ကျွန်တော် မမေ့နိုင်။ သူ့အိပ်ယာ ပေါ် ပြန်ထားသည့် အခါ ဘေးတွင် ချထားသည့် ရေခွက်ထဲမှ ရေကို ထသောက်ဖို့ ကြိုးစားသည်။ မရ။ သူ့ကို ပွေ့ကာ ရေတိုက်တော့ အနည်းငယ်သာ သောက်နိုင်သည်။ သူသည် နောက်ဆုံး အချိန်အထိ တရွတ်ဆွဲကာ ခြံပြင် ထွက်ပြီးမှ မစင် စွန့်ခဲ့သည်။



ထိုနေ့ ညနေဘက်တွင် နက်ကျော်သည် ငြိမ်သက်စွာဖြင့် ဘဝတစ်ပါး ပြောင်းသွားခဲ့သည်။ သူ ကွယ်လွန်ချိန်တွင် ခွေးသက် ဆယ့်သုံးနှစ်ခန့် ရှိပြီ ဖြစ်သည်။

Yoda MMCP




ကျွန်မက ဖိနပ်တွေနှင့် အကျိုးမပေးသူ ဖြစ်သည်။ ဖိနပ်တစ်ရန်ဆို ဘယ်လောက်မှ မစီးလိုက်ရဘဲ ခဏလေးနဲ့ ပြတ်တော့တာ။ ဒီလိုနဲ့ ဖိနပ်တွေကို တစ်ရန်ပြီး တစ်ရန် ဝါးစားသလို စီးလာခဲ့ရသည်။ ကျွန်မ ဘဝမှာ ဖိနပ်အမျိုးမျိုးကို ပိုင်ဆိုင်ခဲ့ဖူးလေသည်။

မဖြစ်မနေ စီးသင့်သည့် ပွဲနေပွဲထိုင်လို အချိန်မျိုးမှာသာ ရှူးတွေ၊ ဒေါက်တွေလို နာမည်ကြီး ဖိနပ်အကောင်းစားတွေ အောင့်အီးသည်းခံပြီး စီးနေ ခဲ့ရပေမဲ့ ကျွန်မကတော့ လွတ်လပ် ပေါ့ပါးတဲ့ ဖိနပ်တစ်ရန် နဲ့ သက်သောင့်သက်သာရှိတဲ့ အဝတ်အစားတွေကိုပဲ တန်ဖိုးထား ဝတ်ဆင်ချင်မိသူ ဖြစ်၏။

**[ ချဲ့လို့ ခဏခဏ ဖိနပ် ပြတ်တတ်တဲ့ ကောင်ကို အနှံ့အတော ခံနိုင် လှချည်လား ]**

၂၀၁၂ နှစ်ဦးပိုင်းလောက်မှာ သူ့ကို စတင်တွေ့ရှိခဲ့လေသည်။ သူက ဘာရပ်မှ သိပ်မပေါက်သော အညိုရောင် ဖိနပ်ကလေး တစ်ရန် သာဖြစ်သည်။ သူ့ရဲ့ အားသာချက်က ပေါ့ပါးသည်။ အကြမ်းခံသည်။ ဒါကြောင့် ဟိုနားဒီနားသွားလည်း သူပါ၊ ရုံးသွားလည်း သူ့ကိုပဲ အားထား၊ မြို့ထဲသွားလည်း သူ့ကိုပဲခေါ်၊ လျှောက်လည်ရင်လည်း သူမပါ မပြီး။ သူ့ရဲ့ အံဝင်ခွင်ကျမှုကလည်း ဘယ်အဝတ်အစားနှင့်မဆို သင့်တော်ပြီး ဝင်ဆံ့နေပြန်တာ တွေ့ရသည်။

# ငါ့ကို သိပ်ချစ်တဲ့ စီးတော်ယာဉ်ကလေး

တစ်နေ့ထက် တစ်နေ့ သူနဲ့ အနေကြာလာတာနဲ့အမျှ သူ့ ခံနိုင်ရည်ကို သံသယရှိလာသည်။

"ငါ့လို ခဏခဏ ဖိနပ်ပြတ်တတ်တဲ့ကောင်ကို အနှံ့အတာ ခံနိုင်လှချည်လား… ဟုတ်ကော ဟုတ်သေးရဲ့လား" ဆိုပြီး သူ့ကို သေချာ စစ်ဆေး ကြည့်မိသည်။ သူက ဘယ်နေရာမှ အရာမယွင်း။ ဝယ်စတုန်းကလို သစ်လွင် မနေတော့တာကလွဲလို့ ခိုင်မာနေဆဲ။ ချည့်နဲ့တဲ့ အသွင်အပြင် လုံးဝမတွေ့ရ။ အကြမ်းပတမ်းခံကာ ကျွန်မ စေလိုရာစေဖို့ အသင့်အနေအထား။

ဒါကြောင့်ပဲ ကျွန်မ သူ့ကို သံယောဇဉ်တွေ ခိုင်မာခဲ့ရ ပြန်ပါသည်။ လူအများရှေ့ ရောက်တိုင်း ပွဲလယ်မတင့်တဲ့ သူ့မျက်နှာကလေးကို ပြပြီး…

"သိပ်တော်တဲ့ စီးတော်ယာဉ်ကလေး .. ငါ့ကို သိပ်ချစ်တဲ့ စီးတော်ယာဉ်ကလေး" လို့ မကြာခဏ ကြွားရင်း ကျွန်မ ဂုဏ်ယူတတ်လာခဲ့သည်။

ဒီလိုနဲ့ ၂၀၁၂ ဒီဇင်ဘာလထဲကို ရောက်တော့ ကျွန်မရဲ့ မသိစိတ်အာရုံမှာ ဖိနပ်ကလေးနဲ့ ပတ်သက်လို့ တစ်စုံတစ်ရာ စတင်ခံစားမိ၏။ သူ့ကိုကြည့်လိုက်တော့ ခြေသန်း ကားကားဖြစ်နေတဲ့ ကျွန်မရဲ့ ခြေထောက်ဒဏ်ကြောင့် ခြေသန်းနား လေးမှာ သူဒဏ်ရာ ရနေသည်။ အဲ့ဒီမှာ ကျွန်မ သူ့ကို တော်တော် စိတ်ပူသွားမိခဲ့သည်။

"ဒီလောက် အချိန်ကြာ ငါ့အနားမှာ ရှိနေခဲ့တဲ့ သူ… ငါ့ကိုခွဲသွားမှာကို စိုးရိမ်နေမိပြီ" လို့ သူငယ်ချင်းတွေကို ဖွင့်ဟ ပြောမိတဲ့အထိ။ ဒါပေမဲ့ သူ့ရဲ့ တည်ကြည်လှတဲ့ အသွင်သဏ္ဍာန်က ပျောက်မသွားသေး။ ခိုင်မာတဲ့ ရပ်တည်မှုက ဟန်မပျက်သေး။

၂၀၁၂ ဒီဇင်ဘာ ၃၁ ည မှာတော့ ဟက်ပီးနယူးရီးယားဆိုတဲ့ လူတွေရဲ့ အော်သံတွေ… အပျော်တွေ .. အမောတွေ.. ဂီတသံတွေကြားမှာ ကျွန်မ သူ့ကို အမှတ်တမဲ့ ဖြစ်သွားမိသည်။ သူကတော့ သူ့ဝေဒနာတွေကို ခံစားမျိုသိပ်ရင်း ကျွန်မကို အိမ် ပြန်ရောက်တဲ့အထိ ပို့ပေးခဲ့ပြန်ပါသည်။ ကျွန်မကတော့ ကိုယ့်ပျော်ရွှင်မှုနှင့်ကိုယ် သူ့ကို မသိကျိုးကျွန် ပြုမိခဲ့သည်။

၂၀၁၃ ဇန်နဝါရီ ၁ရက်နေ့ မှာတော့ အပြင်ထွက်ခါနီး သူ့ကို ခေါ်ဖို့ အကြည့်လိုက်မှာ သူ…

ကျွန်မနဲ့အတူ ဘယ်တော့မှ မလိုက်နိုင်တော့တာ သိလိုက် ရတော့သည်။ သိသိချင်း ဝမ်းနည်း ကြေကွဲမှု နဲ့အတူ နောင်တတွေ ရနေမိလေသည်။ ပြတ်ထွက်မသွားအောင် ကိုယ်ထည်ကို အခိုင်အမာ ကုပ်တွယ်ထားခဲ့ပေမဲ့ သူ့ရဲ့ ညာဘက်နားမှာ ခြေချင်းဝတ်ကို သိုင်းချည်ပတ်ပေးတဲ့ သံကွင်း



ကလေးဟာ လုံးဝ ပြုတ်ထွက် ပျောက်ကွယ်နေခဲ့ပြီ။ ကျွန်မ အတွက် သူ ဘယ်တော့မှ အသုံးတော် မခံနိုင်တော့ပြီ။

ဒီလိုနဲ့ သူနဲ့ ခွဲခွာနေခဲ့ရတဲ့ ရက်တွေအတွင်း ကျွန်မမှာ ထုတ်ဖော်မပြတတ်လေသော ဝမ်းနည်းမှုမျိုးနဲ့ ရင်နာနေမိသည်။ မနက်ဖြန်ဆို သူနဲ့ခွဲနေရတာ တစ်ပတ်ပြည့် ပါတော့မည်။ ကျွန်မ သူ့အတွက် ဘာလုပ်ပေးရပါမည်လဲ။

**ဖိနပ်အဟောင်းအစုတ် ဆိုတာ သိမ်းမထား ကောင်းဘူး လာဘ်တိတ်တတ်တယ်**

"ဖိနပ်အဟောင်းအစုတ် ဆိုတာ သိမ်းမထားကောင်းဘူး .. လာဘ်တိတ်တတ်တယ်"

ဆိုသည့် အရိုးစွဲနေတဲ့ မိရိုးဖလာယုံကြည်မှုတွေကြောင့် သူ့ကို မဖြစ်မနေ စွန့်မှ တော်တော့မည်။ ကျွန်မ အိမ်ထဲက အမှိုက်ပုံးအပေါက်ဆီကို သွားသည်။

"အို .. ဒီလောက် မြတ်နိုး တန်ဖိုးထားရတဲ့ ငါ့စီးတော် ယာဉ်ကလေး ဘာမှမဟုတ်တဲ့ စွန့်ပစ် အညစ်အကြေးတွေကြားမှာ မျက်နှာငယ်ငယ် နဲ့ ဘဝ ဓာတ်သိမ်း ရတော့မယ်.. မဖြစ်ဘူး.. မလုပ်ရက်ဘူး ... "

ကျွန်မ သူ့ကို စီးမျောချင်ရာ စီးမျောနိုင်အောင် ရေမြောင်းထဲ ချပေးချင်သည်။

"ဟာ.. ဘယ်ဖြစ်မလဲ.. ဒီနိုင်ငံမှာ အမှိုက်မစွန့်ရနယ်မြေထဲ အမှိုက်ပစ်တယ် ဆိုပြီး နင့်ကို ဒဏ်လာ ရိုက်လိမ့်မယ်၊ နောက်ပြီး.. ဒဏ်မတပ်ဘူး ထားဦး.. တစ်ယောက်ယောက်က တစ်နေရာရာမှာ တွေ့ရင် ဘုမသိ ဘမသိ လူနစ်သေပြီး ဖိနပ် မျောလာတယ် ထင်ဦးမယ်"

ဒီလိုနဲ့ ဓာတ်လှေကား နားက အမှိုက်ပုံးနား ရောက် လာပြန်သည်။

ဒါပေမယ့် အမှိုက်ပုံး ကလေးဘေးမှာ လူမသိသူမသိ အစွန့်ခံဘဝလေးနဲ့ ကျန်ခဲ့ရှာ တော့မည့် သူ့ဘဝလေးကို မြင်ယောင်ပြီး ကျွန်မ ဘယ်လိုမှ မပစ်ရက်နိုင်။

ကျွန်မ သူ့ကို တယုတယ ကိုင်ရင်း အတွေးနယ်ချဲ့မိသည်။

မြန်မာလူမျိုး တွေဟာ အင်မတန်ကို သံယောဇဉ် ကြီးမားကြပါသတဲ့။ ပစ္စည်း အဟောင်းတွေကို မစွန့်ပစ်ရက်ဘဲ သိမ်းထားတတ်ကြလို့ အိမ်တွေမှာ အသုံးမလိုတော့တဲ့ ပစ္စည်းတွေ အမှိုက်ပုံလို ရှိနေတတ်ပါသတဲ့။ ဒါဟာ ဆင်းရဲမွဲတေမှုကြောင့် လိုရင် ပြန်သုံးဖို့ သိမ်းဆည်းနေ ကြတာလား။ ဘိုးစဉ်ဘောင်ဆက် မှတ်တမ်းတွေလို လက်ဆင့်ကမ်း ထိန်းသိမ်းချင်ကြလို့လား။ အရာရာတိုင်းဟာ အချိန်ကြာ လာရင် သမိုင်းဝင်ပစ္စည်း ဖြစ်လာနိုင် သလား။ တကယ်တော့ ထိန်းသိမ်းထားတဲ့ အရာတိုင်းကရော ပြတိုက်ထဲ ရောက်မယ့် သမိုင်းဝင်တွေ ဖြစ်လာနိုင်မှာတဲ့လား။ ကျွန်မတို့ လူမျိုးကတော့ ပစ္စည်းတွေ၊ သက်မဲ့တွေ၊



# ကျွန်မသူ့ကို တယုတယ ကိုင်ရင်း

# ဖိနပ်ရေ့ကလေး လူ့စွဲလန်းစိတ်များ သိပ်ကြောက်ဖို့ကောင်းတာနော်



သက်ရှိ သတ္တဝါတွေကို မြတ်နိုး တန်ဖိုးထား ချစ်ခင်နေတတ်ကြဆဲ။ ဒါပေမဲ့ လူအချင်းချင်း နားလည်မှုတွေ ကျပြန်တော့ တည်ဆောက်ဖို့ ခက်ခဲနေကြဆဲ ...။

နောက်ဆုံးတော့ ကျွန်မ ဖိနပ်ကလေးကို အိမ်ပေါ် ပြန်ခေါ်လာခဲ့သည်။ ဖိနပ်ဘူး ကလေးထဲကို အသေအချာ ပြန်ထည့် ထားလိုက်သည်။ ဖြစ်နိုင်လျှင် ကျွန်မမှာ ကိုယ်ပိုင် ဖိနပ်ပြတိုက် ကလေးတစ်ခု တည်ဆောက်ထား လိုက်ချင်ပါသည်။

ဘယ်ဖိနပ်က ပွဲတိုင်းကျော်။ ဘယ်ဖိနပ်က အမြင်တင့်သလောက် အကျင့်တန်တဲ့ ကောင်။ ဘယ်ဖိနပ် ကတော့ အင်မတန် သိမ်မွေ့တဲ့ကောင်။ ဘယ်ဖိနပ်ကတော့ အင်မတန် အကြွား သန်ခဲ့တာ။ ဘယ်ဖိနပ် ကတော့ အပင်ပန်း မခံနိုင်တဲ့ လက်ကြောမတင်းတဲ့ ဖိနပ် စသည်ဖြင့် သမိုင်းကလေးတွေ ရေးပြီး အီစွပ်ပုံပြင်များလို လူ့စိတ် သဘာဝကိုပြတဲ့ ပုံပြင်လေးတွေ ထားခဲ့လိုက်ချင်ပါသည်။

ခုတော့ ကျွန်မရဲ့ဖိနပ်ကလေး ဟာ ကျွန်မ ပစ္စည်းဟောင်းတွေ ထားတဲ့ ချောင်ကလေး တစ်နေရာမှာ ငြိမ်သက်စွာနဲ့ အိပ်စက်လို့ နေပါပြီ။

“ဖိနပ်ကလေးရေ.. လူ့ စွဲလန်းစိတ်များ သိပ်ကြောက်ဖို့ ကောင်းတာနော် .. မင်းလို ကောင်တွေ ငါ ထပ်ပိုင်ရပေမဲ့ ရေသည် ယောက်ျားကြီး လိုပဲ ငါလည်း မင်းကို မစွန့်ပစ်ရက် နိုင်သေးပါလားကွယ် ... ”

ကျေးဇူးတင်စွာဖြင့်

**လှိုင်းကလေးငသင်**

ဒီကနေ့ တစ်ပတ်ပြည့်တဲ့နေ့ ဖြစ်သည်။ သူမ ဆုတောင်းခဲ့သော နေ့၏ တစ်ပတ်ပြည့်သောနေ့။ အတိအကျ ပြောရလျှင် မောင် သူမဆီ ပြန်လာမယ့်နေ့။ မနက်အစောကြီးကတည်းက သူမ နိုးနေခဲ့သည်။ ခါတိုင်းထက် ရွှင်မြူး တက်ကြွနေသည်မှာ အမှန်။ ရေချိုး အလှပြင်နေသော သူမကို ဘေးအခန်းက သူတွေကတောင် တအံ့တသြ ငေးကြည့် နေကြတာ သူမတွေ့သည်။ မကြာခင် မောင် သူမဆီ ရောက်လာရင် ထိုသူတွေ ပိုအံ့သြသွားကြမှာ မြင်ယောင်သေးတော့။ အတွေးဖြင့် မြူးကြွသွက်လက်စွာ သူမ ထမင်းဟင်းများ ချက်ပြုတ်နေသည်။ နေ့ခင်း ထမင်းစားချိန်လောက်တော့ မောင် ပြန်ရောက်လာနိုင်သည်။ မောင်က ပုန်းရည်ကြီးနှင့်ဝက်သား ကြိုက်သည်။ နေ့ခင်းထမင်းစားချိန်ထက် ကျော်သွားသောအခါ သူမအနည်းငယ် ပူပန်စပြုလာသည်။ ရန်ကုန်ကနေ သူမ ရှိသော မြို့ကလေးကို မောင် ရောက်ရန် အလွန်ဆုံး လမ်းမှာ (၆) နာရီသာ ကြာမည်။ မနက်အစောကြီး ကားစီးခဲ့လျှင် မောင် ခုချိန် ရောက်ဖို့သင့်ပြီ။ ဘာ အကြောင်းနှင့်မျှ မမှားယွင်းနိုင်ပါ။ သည်နေ့ မောင် သူမဆီကို ပြန်ရောက်လာမည့်နေ့ဖြစ်သည်။ သူမ မျှော်လင့်ချက်သည် မှန်ကန်ခိုင်မာနေပါသည်။

ညနေစောင်းသွားသောအခါ သူမ မျှော်လင့်ချက်များသည် တဖြည်းဖြည်းချင်း ဝေဝါးသွားပြန်သည်။ မောင် ပြန်မလာတော့ဘူးလား။ ငါဟာ ဘာဖြစ်လို့ အဲဒီအကြောင်းအရာ ကို ရူးမိုက်စွာ ယုံကြည် နေမိပါလိမ့်။ မောင်သာ ပြန်ရောက် မလာခဲ့လျှင် အဲဒီနေရာကို နောက်တစ်ခေါက်ပြန်သွားမယ်။ ငါ့ကို အဓိပ္ပါယ်မရှိတဲ့ ကိစ္စတွေကို ယုံကြည်သွားအောင် လိမ်လည်ခဲ့တဲ့ အဲဒီနေရာကို နောက်တစ်ခေါက်ပြန်သွားမယ်။ မောင့်အပေါ်မှာ ငါ့အချစ်တွေ စစ်မှန်ရဲ့သား နဲ့ကွယ်။ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ သူမ မျက်ရည်ကျပြန်လေသည်။

+++++

# စက်ဝိုင်း

## ကူးကူး



မောင် သူမကို ထားခဲ့တုန်းကလည်း သူမ အကြာကြီး ငိုကြွေးနေခဲ့သည်။ သူမ ဘေးအခန်းကသူတွေ အကုန် သူမကို လာရောက် ဖျောင်းဖျပေးကြသည်။ သူမပြောသမျှ နားထောင်ကြသည်။ စုတ်တသပ်သပ်နှင့် သနားသူ သနားကြ။ ဖေးမသူ ဖေးမကြ။ အချိန်တန်တော့လည်း မေ့သွားမှာပါဟု ပြောကြနှင့် ဝိုင်းဝန်းနှစ်သိမ့်ပေးကြသည်။ ၅ နှစ် လောက် ချစ်ခဲ့သော ချစ်သူကို စွန့်ပစ်ထားခဲ့၍ မိဘသဘောတူသော ကောင်မလေးတစ်ယောက်နှင့် မောင် စေ့စပ်ကြောင်းလမ်း လိုက်သည်ဆိုသော သတင်းကို ကြားကြားချင်း သူမ ဘယ်လိုမှ မယုံကြည်နိုင်ခဲ့ပါ။ သတင်းစာထဲမှာ ပါလာတော့မှ သူမ ပြိုလဲခဲ့ရသည်။ မေ့လိုက်ပါတော့ဟူသော စာတစ်စောင်ကိုသာ နောက်ဆုံးလက်ခံရရှိခဲ့သည်။ သူမ ဘယ်လိုမှ ဖြေသာစရာမရသော နောက်တွင်တော့ လောကကြီးထဲက စွန့်ခွာရန် သူမ ဆုံးဖြတ်ချက်ချခဲ့သည်။ ငယ်စဉ်ကတည်းက မိဘမောင်နှမ မရှိသော တစ်ကောင်ကြွက်တစ်ယောက်အတွက် မောင်သည် နောက်ဆုံးနှောင်ကြိုးသာဖြစ်သည်။ ထိုနှောင်ကြိုး မရှိသည့်နောက် သူမ ရှင်သန်နေထိုင်စရာ အကြောင်းမရှိတော့ပါ။ မှတ်မှတ်ရရ ထိုနေ့က မိုးတွေ သဲကြီးမဲကြီး ရွာနေသည်။ မြို့ပြင်ခပ်ဝေးဝေးက ရေကန်ကလေးကို သူမ အကြာကြီးငေးကြည့်နေပြီးသည့် နောက် ကန်ထဲဆင်းရန် သူမ တစ်လှမ်းချင်းလျှောက်သွားမိသည်။ သူမ အလောင်းကို ရေကန်လေးထဲ ပြန်တွေ့လျှင် သူမအတွက် ငိုကြွေးပေးမည့်သူ ဘယ်နှစ်ယောက် ရှိပါမလဲ။ မောင့်ကိုကော အကြောင်းကြားပါ့မလား။ ဒီသတင်းကြားလို့ မောင်သည် သူမအတွက် ငိုကြွေးမည်ဆိုလျှင် သူမ သေဝံ့ပြီ။ ရေကန်ကလေးသည် သူမ ကြည့်နေတုန်းကသာ နီးနီးလေးထင်ရသည်။ သူ့ဆီသို့လျှောက်နေရင်း တဖြည်းဖြည်း ဝေးကွာလို့နေပါသည်။ လျှောက်နေရင်း သူမ မောပန်းလာသည် အထိဖြစ်သည်။

သူမ ရေကန်နံဘေးကို တစ်ချက်ကြည့်မိသောအခါ အလွန်နက်မှောင်သော ကျောင်းဆောင်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ ခုနက ရေကန်ကို ငေးကြည့်နေတုန်းကတော့ ထိုကျောင်းဆောင်ကို သူမ မမြင်ပါ။ ရေကန်ကို လျှောက်သွား နေရင်းပင် ရေကန်က သူမနှင့် တဖြည်းဖြည်း ဝေးကွာသွားကာ ထို အနက်ရောင်ကျောင်းဆောင်ကြီးသည် သူမနှင့် တဖြည်းဖြည်း နီးကပ်လို့လာပါသည်။ သူမ သေချာသတိထားလိုက်မိသောအခါ သူမသည် ကျောင်းဆောင်ကြီးရှေ့သို့ ရောက်နေပြီဖြစ်သည်။ ရေနံချေးများနှင့် ဝနေသော ရှေးဘုန်းကြီးကျောင်း တစ်ခု ဖြစ်သည်။ ဘုန်းကြီးကျောင်းများ၊ သာသနိက အဆောက်အအုံများသို့ သူမ မရောက်သည်မှာ အတော်ကြာပြီဖြစ်သည်။ မသေခင် သူမ ကိုးကွယ်သော ဘာသာတရားကို အလေးဂရုပြုသင့်သည်ဟု သူမ တွေးမိသဖြင့် ဘုန်းကြီးကျောင်းထဲသို့ ဝင်သွားရန် သူမ ဆုံးဖြတ် လိုက်သည်။ ဘုရားကို ဦးမချခဲ့တာ ကြာရောပေါ့။

ဘုန်းကြီးကျောင်းသည် အပြင်ကသာ မှောင်နေသည်ထင်ရပေမယ့် အတွင်းသို့ရောက်သောအခါ သူမ ထင်မထားလောက်အောင် လင်းနေပါသည်။ လျှပ်စစ်မီးထွန်းထားသော အလင်းရောင်မျိုး မဟုတ်ပါ။ အခန်း အကျယ်ကြီးထဲတွင် ကြီးမားလှသော ဗုဒ္ဓဆင်းတုတော်ကို ဖူးတွေ့ရသည်။ ဘုရားဆင်းတုတော်ကို ဦးချလိုက်စဉ် သူမ စိတ်သည် အတန်ငယ် လန်းဆန်းသယောင်ဖြစ်လာသည်။ သူမ ခံစားချက်များကို ရင်ဖွင့်ပြောပြချင်လာမိသည်။ မျက်ရည်သည် သူမ ပါးပြင်ပေါ်သို့ ကျလာပြန်သည်။ ဦးချလိုက်ပြီးနောက် သူမ ခေါင်းကိုပြန်မတ်လိုက်ချိန်တွင် ဝတ်ဖြူစင်ကြယ်နှင့် လူတစ်ဦးကို တွေ့ရသည်။ သူမရှေ့တွင်ထိုင်ကာ သူမကို ကြည့်နေပါသည်။

"ဘယ်သူလဲဟင်" လူကြီးက သူမအမေးကို မဖြေပါ။ သူမကို လက်ဖြင့်ကာပြပြီး ပြောသည်။

"ဟောဒီ ကျောင်းဝင်းထဲကို ရောက်တာတာဟာ သမီးရဲ့ ရေစက်လို့ ဆိုရမှာပဲ..၊ ဘာလို့များ သေမယ့်လမ်းကို ရွေးရသလဲ သမီးရယ်"

လူကြီး၏ အသံသည် ကြည်လင်ကာ အေးမြနေပါသည်။ မယုံသင်္ကာဖြစ်နေသော သူမစိတ်သည် ထိုအသံကို ကြားရုံမျှ ဖြင့် တိုင်တည်ရင်ဖွင့်ချင်စိတ်များ ဖြစ်လာရသည်အထိပင်။ ဘာကြောင့်များ မိုးဝေ သေချင်နေတာကို သိနေပါလိမ့် ဟု ထူးဆန်းသွားသည်။

"မိုးဝေက မိဘမဲ့ပါ.. မောင်နဲ့ ကလေးဘဝကတည်းက ခင်မင်ခဲ့တာ.. အရွယ်ရောက်တော့လည်း ချစ်ခဲ့ကြတယ်.. အခုတော့ မောင်က မိုးဝေကိုထားသွားတယ် ဘဘရယ်.. မိုးဝေဘဝမှာ နေလို့လည်းမပျော်ဘူး.. မိုးဝေ နေ့တိုင်းလည်း ငိုတယ် ဘဘရယ်"

လူကြီးက ခေါင်းညိတ်ပါသည်။ နောက် ပြုံးပြီးတော့ ပြောပြန်သည်။

"သမီးက လူတစ်ယောက်ကို တယ်လည်း တွယ်တာနေသကိုး..၊ ကဲ.. သမီး အခု သေချင်တယ်ဆိုတာ သမီးချစ်သူကို ဆုံးရှုံးရလို့လား"

"ဟုတ်.. ချစ်သူကို ဆုံးရှုံးရတယ် ဆိုတာထက် မိုးဝေလေ.. မိုးဝေ အချစ်တွေကို ဆုံးရှုံးလိုက်ရတာ.. မိုးဝေ ပေးခဲ့တဲ့ သူ့ကို ဖြည့်ဆည်းပေးခဲ့တဲ့ မိုးဝေအချစ်တွေကို ဆုံးရှုံးလိုက်ရတာကို ရင်နာမိတာ ဘဘရယ်"

"ဒါဖြင့် သမီးက ဘာဖြစ်ချင်တာလဲ"

"သူ သမီးအချစ်ကို နားလည်ပြီး သမီးဆီ ပြန်လာစေချင်တာ ဘဘ"

"ဒါဖြင့်ရင် သမီးက ပျော်ရောလား"

"ဟုတ် ပျော်မှာပေ့ါ ဘဘ"

"အေးလေ.. သမီး ပျော်ရင် ဘယ်သေချင်တော့မလဲနော့.. ကဲ ကဲ.. သမီး ... သစ္စာဆိုတာ သိသလားကွဲ့"

"သစ္စာ.." သူမ က ခပ်တိုးတိုးရေရွတ်တော့ လူကြီးက သူမ မျက်ဝန်းတွေကို စိုက်ကြည့်နေပါသည်။ သူမသည် စိတ် မလုံခြုံစွာ မျက်လွှာချလိုက်မိသည်။

"သစ္စာဆိုတာ မှန်ကန်မှုပေ့ါ သမီးရယ်.. သမီးအမြဲပြုလုပ်နေကျ.. ဒါမှ မဟုတ် သမီး ကျင့်ကြံနေတဲ့ သီလ.. အဲဒါမျိုးကို ပြောတာ.. အမှန်တစ်ခုခုကို ပြောပြီး တိုင်တည်ဆုတောင်းတာကို သစ္စာဆိုတယ် ခေါ်တာပေ့ါ.. အလွယ် ဆိုရင်တော့ မှန်တာပြောရင် သစ္စာပေ့ါကွယ်.. ဒါက လောကီသစ္စာ ဝစီသစ္စာပေ့ါ.. လောကုတ္တရာ သစ္စာတော့ မဟုတ်သေးဘူး.. အရှည်ပြောရင် သမီး နားရှုပ်သွားလိမ့်မယ်"

သူမ သေချာနားလည်သည် မဟုတ်သော်လည်း စိတ်ဝင်တစားဖြစ်သွားသည်ကတော့ အမှန်ပင်။

"သမီး မှန်ကန်တာတစ်ခုကို သစ္စာပြုပြီး တိုင်တည်ဆုတောင်း.. ဒါဆို သမီးဆုတောင်းပြည့်လိမ့်မယ်"

ဆုတောင်းရမယ် .. ထိုဆုတောင်းပြည့်မယ်ဆိုသဖြင့် သူမ စိတ်ထက်သန်သွားသည်။

"တစ်ခုတော့ရှိတယ်.. သစ္စာ ဆိုတဲ့အတွက်ကြောင့် သမီးပြောတဲ့စကားက မှန်ရမယ် "

မှန်ကန်သောစကားဆိုတော့ ဘာပြောရမှာပါလိမ့်။ သီလ.. ၅ ပါးသီလကို မှန်အောင်တောင် မစွတ်ဆိုခဲ့တာကြာပြီ ဖြစ်သည်။ သူမ အခန်းဘေးက သူမအကြောင်း အမြဲမကောင်းပြောတတ်သော သွားတွေဝါနေတဲ့ မိန်းမကြီးကို သူမ မုန်းတီးသည်။ ဒါလည်း အမှန်တရားဖြစ်သည်။ သို့သော်.. ထိုအမျိုးသမီး နေမကောင်းဖြစ်တော့ သူမ ဆေးတိုက်ပေးရသေးသည်။ အဲတုန်းကတော့ သူမ စိတ်မကောင်းဖြစ်ခဲ့သေးသည်။ အသေအချာတော့ သူမ မမုန်းဘူး ထင်ပါသည်။ ငယ်ငယ်တုန်းက သူမကို ကျွေးမွေးစောင့်ရှောက်ပေးနေသော အန်တီလေး ပိုက်ဆံအိတ်ထဲက ပိုက်ဆံတွေယူကာ မောင် နှင့် နှစ်ယောက် မုန့်ဝယ်စားဖူးသည်။ ဒါပြောလျှင်ကော.. မောင်.. ဟုတ်သားပဲ.. မောင်ရှိသားပဲ.. မောင့်ကို သူမ ချစ်သည်။ ဒါလောက် မှန်တဲ့စကား ဘယ်မှာရှိလို့လဲ..။ သူမ ပေ့ါပါးစွာ ပြုံးလိုက်မိသည်။ မောင်ထားခဲ့သော အချိန်တွေအတွင်း ပထမဆုံး သူမ ပြုံးမိခြင်းဖြစ်သည်။

"မိုးဝေ မောင့်ကိုချစ်တယ် ဘဘ.. အဲဒါ မှန်သော စကားပါ"

"ဟုတ်ပါပြီလေ အဲဒါသာ သေချာရင် သမီး ဆုတောင်းပြည့်ရမပေ့ါ.. ကဲ ဘုရားရှေ့မှာ သမီး အဲဒီစကားကို ပြောပြီး သမီး လိုချင်တဲ့ ဆုကိုတောင်းလေ.. ပြည့်မှာပေ့ါကွယ်"

သူမ ဘုရားရှေ့မှာ ဝတ်ချလိုက်သည်..

"အရှင်ဘုရား.. သမီး မိုးဝေသည် မောင့်ကို အမှန်တကယ် မေတ္တာစစ်နဲ့ ချစ်ပါတယ် ဘုရား.. ဒါကြောင့် မောင် မိုးဝေ အနားကို တစ်ပတ်အတွင်းမှာ ပြန်ရောက်ပါစေသား ဘုရား" လူကြီးက ပြုံးလျှက် ခေါင်းညိတ်သည်။

"ပြန်ပေတော့သမီး.." မိုးဝေ စိတ်လက်ပေ့ါပါးစွာဖြင့် အိမ်ပြန်ရောက်ခဲ့ပါသည်။

+++++





နောက်တစ်ခေါက် ကျောင်းကိုပြန်ရောက်သောအခါ အရင်က တွေ့ခဲ့သော လူကြီးကို ရှာမတွေ့ပါ။ ကျောင်းကြီးသည် အရင်တစ်ခေါက်ကလောက် မလင်းရှင်းပါ။ မိုးဝေသည် ဘုရားကိုလည်း ဦးမချဖြစ်ဘဲ လူကြီးကိုသာ ရှာဖွေနေမိသည်။

"ပြန်ရောက်လာပလား သမီး"

"ဘဘက မိုးဝေ ပြန်ရောက်လာမှာကို သိသလား" လူကြီးက သူမ အမေးကို မဖြေပါ။

"ဘဘ ဒီလို လိမ်ဖို့မကောင်းပါဘူး.. မိုးဝေ တကယ်ခံစားခဲ့ရတာ.. ဘဘဟာ လူကောင်းပဲ.. အမှန်တွေပဲ ပြောမယ်လို့ ယုံကြည်ခဲ့တာ "

"ဘဘ အမှန်ပဲ ပြောခဲ့တာပဲ သမီးရဲ့ "

"ဘဘကသာ အမှန်ပြောခဲ့တာဆိုရင် သမီး ဆုတောင်း ဘာလို့မပြည့်ရသလဲ"

"သမီး သစ္စာ မမှန်လို့ပေါ့ သမီးရယ်" သူမ ပြောစရာစကားများ ရုတ်တရက် ဆွံ့အသွားရသည်။

"မဖြစ်နိုင်ဘူး" အကျယ်ကြီး သူမ အော်ဟစ်လိုက်မိသည်။

"မိုးဝေ မှန်တာပြောခဲ့တာ.. မိုးဝေ မောင့်ကို ချစ်တာအမှန်ပဲ.. ဘယ်လိုမှ မလွဲနိုင်ဘူး.. ဟိုး ငယ်ငယ်တည်းက ခုချိန်ထိ မောင့် တစ်ယောက်တည်းကိုပဲ မိုးဝေ ချစ်ခဲ့တာ"

"သစ္စာဆိုတာလည်း ဘယ်တော့မှ မမှားနိုင်ဘူး သမီးရဲ့.. ဟိုးအရင် ဘုရားရှင်လက်ထက်ကစ ဒီအချိန်ထိ သစ္စာ ဆိုတာ မှန်ရင် သေရတော့မယ့် လူကိုတောင် အသက်ရှင်အောင် စွမ်းနိုင်တယ်.. သုဝဏ္ဏသာမဇာတ်မှာ မိဘနှစ်ပါးက သစ္စာဆိုတော့ သိကြားမင်းကြီးတောင် ဆင်းပြီးကယ်ရတယ် မဟုတ်လား.. အဲဒီတော့ သစ္စာ မှန်ရင်ပြည့်မှာပဲ.. သမီး သစ္စာမမှန် လို့သာ မပြည့်တာပေါ့ကွဲ့"

လူကြီးက ခပ်အေးအေးပင် ပြောနေသော်လည်း သူမ တုန်လှုပ်စွာ အော်ဟစ်နေမိသည်။

"မဖြစ်နိုင်ဘူး.. မိုးဝေပြောခဲ့တာလည်း အမှန်ပဲ.. မိုးဝေ မောင့်ကို တကယ်ချစ်ခဲ့တာ"

"သေသေချာချာ ပြန်စဉ်းစားပါ သမီး.. သမီးချစ်ခဲ့တာ တကယ် စစ်မှန်ရဲ့လားဆိုတာ" မိုးဝေ ခေါင်းတွေကို ခါရမ်းနေစဉ် ခဏမှာပင် လူကြီးသည် ပျောက်ကွယ်သွားပြန်သည်။ သူမသည် ဆောက်တည်ရာမရစွာ ကျောင်းဝင်းအတွင်းမှ ပြေးထွက်လာခဲ့မိသည်။

"မိုးဝေ မောင့်ကို တကယ်ချစ်ခဲ့တာပါ" နှုတ်မှ ဖျော့တော့စွာ ရေရွတ်မိသည်။ အပြင်က အမှောင်ထုသည် သူမနှင့်အတူ အိမ်ထိ ပါလာပါသည်။

+++++

တစ်နှစ်ခန့်ကြာပြီးနောက် ...။

+++++



# မောင့်ကို မိုးဝေ ချစ်တတ်ပြီ...

အမျိုးသမီးသည် ကလေးများကို စာသင်ခန်းတွင်းသို့ ဝင်ရန် ပြောလိုက်သည်။ ကွင်းအတွင်း ရပ်နေသည့် ထိုအမျိုးသမီးလေးဆီ တဖြည်းဖြည်းချင်း လျှောက်လာနေသော အမျိုးသားသည် စိတ်လှုပ်ရှားနေပုံရသည်။ အနားသို့ ရောက်သောအခါ လက်နှစ်ဖက်ကို တင်းတင်းယှက်ထားရင်း မြေကြီးများကို ဖိနပ်အဖျားလေးနှင့် စိတ်မှတ်မထင် ထိုးဆွနေသည်။

" မောင်.. မိုးဝေကို ရှာနေတာ ကြာပြီ.. ဒီမှာ တွေ့ခဲ့တယ်လို့ မမဖြူပြောလို့ "

"မမဖြူနဲ့ တွေ့ပြီးကတည်းက မောင်ရောက်လာမယ်လို့ မိုးဝေ ကြိုသိနေပါတယ်မောင်"

"မောင့်ကို ခွင့်လွှတ်နိုင်မလား မိုးဝေ "

သူမ ခေါင်းကို ညိတ်ပြလိုက်သည်။

"မောင် မိုးဝေကို ရက်စက်မိခဲ့တယ်.. အိမ်ကို မလွန်ဆန်နိုင်တာလည်း ပါပါတယ်.. အခု မောင်နားလည်ပြီ.. မိုးဝေကို မောင် မစွန့်လွှတ်နိုင်ဘူး "

သူမက နောက်တစ်ခေါက် ခေါင်းညိတ်ပြန်သည်။

"မောင့်ကို ပြန်လက်ခံမယ် မဟုတ်လား မိုးဝေ"

ဒီတစ်ခါတော့ သူမ ခေါင်းခါပါသည်။

"မိုးဝေ လက်မခံနိုင်တော့ဘူး မောင်.. ဒီအတိုင်း မိုးဝေပျော်နေပြီ"

"ဘာလို့လဲ.. မိုးဝေ ခွင့်လွှတ်နိုင်တယ်ဆို.. ဘာလို့ လက်မခံနိုင်ရတာလဲ.. မောင့်ကို မချစ်တော့တာလား.. ဒါမှမဟုတ် နောက်တစ်ယောက်ရှိနေပြီမို့လား မိုးဝေ"

"မဟုတ်ရပါဘူး မောင်ရယ်.. မိုးဝေ ဒီမှာ လုပ်အားပေးနေတာ ၃ လ လောက်ပဲရှိသေးတယ်.. မောင် ချန်ထားခဲ့ပြီးတဲ့ နောက်ပိုင်း မောင့်ကြောင့် မိုးဝေ ရူးမတတ်ခံစားခဲ့ရတာတွေကနေ လွတ်ကင်းသွားတာ ၃လ ပဲ ရှိသေးတယ် ဆိုပါတော့ မောင်.."

ဘုရားကျောင်းက ပြန်လာပြီးသည့်နောက် သူမ တစ်ချိန်လုံး ငိုကြွေးနေခဲ့သည်။ အိမ်ထဲက အပြင်မထွက်တော့။ ထမင်းလည်း မစားဖြစ်တော့။ လူမှန်း မသိတော့လောက်အောင် မိုးဝေ ခံစားခဲ့သည်။ ယုံကြည်မှု တစ်ခုကမှတောင် သူမ ကို မကယ်နိုင်တော့သောအခါ အရာရာကို လက်လျှော့ အရှုံးပေးမိခဲ့သည်။ နောက်တော့ သူမ ဆေးရုံတက်ရသည်။ နှစ်လခန့်ကြာသောအခါမှ ဆေးရုံက ဆင်းသည်။

"အရင်ကလို မောင့်စိတ်နဲ့ တငိုငို တရယ်ရယ် ဖြစ်မနေတော့ပေမယ့် မောင့်ကို မေ့လို့မရခဲ့တာတော့ အမှန်ပဲမောင်... မောင့် အကြောင်းတွေးမိတိုင်း မိုးဝေ ခံစားနေရတုန်းပဲ... မိုးဝေက ငယ်ငယ်တည်းက မောင့်အပေါ်ပဲ မှီခိုနေခဲ့တာလေ... မောင် မရှိတော့ မိုးဝေ ဆောက်တည်ရာမဲ့ခဲ့တာ... နောက် အန်တီလေး မြို့ကို ခဏပြန်ရောက်လာတော့ မိုးဝေကို လာ ပြောတယ်.. ဒီလောက်ကြီးခံစားမနေနဲ့... မောင့်ကိုတွေ့ချင်ရင် ရန်ကုန်ကိုလိုက်ခဲ့ ဆိုပြီးတော့...၊ ဒီလိုနဲ့ မိုးဝေ ရန်ကုန်ကို ရောက်ခဲ့တယ်.. မောင်တက်နေတဲ့ ကျောင်းကိုလည်း ရောက်ခဲ့တယ်.. ကောင်မလေး တစ်ယောက်နဲ့ ပြုံးပျော်နေတဲ့ မောင့်ကိုလည်း တွေ့ခဲ့တယ်.. အစကတော့ မောင့်ကို မိုးဝေဆီ ပြန်လာဖို့ တောင်းပန်မလို့.. ဒါပေမယ့် မောင် ပြုံးနေတာ မိုးဝေ မြင်ရတော့ မိုးဝေ တွေဝေသွားတယ်... သေသေချာချာ ပြန်စဉ်းစားတော့ မိုးဝေဟာ မောင့်အပေါ် မှီခိုခဲ့တာ... မောင့်ကို လိုအပ်ခဲ့တာကလွဲရင် မောင့် အတွက် ကောင်းအောင် လုပ်ပေးနိုင်ခဲ့တဲ့သူတစ်ယောက် မဟုတ်ခဲ့ဘူး မောင်... မောင့် အသိုင်းအဝိုင်းကပြောသလို မိုးဝေဟာ မောင့်ကို မြင့်အောင်လုပ်ပေးနိုင်တဲ့သူ မဟုတ်ဘူး... မိုးဝေနဲ့ မောင် တန်းညီဖို့ အတွက်ဆိုရင် မိုးဝေက မောင်ရှိတဲ့နေရာ မလာနိုင်ဘူး... မောင်က မိုးဝေဆီ ဆင်းခဲ့မှပဲဖြစ်မယ်... အဲလိုတော့ မိုးဝေ မဖြစ်စေချင်ဘူး... တကယ်တော့ မိုးဝေဟာ အတ္တတွေ ကြီးခဲ့တာပါလားလို့ သိလာရတယ်... မောင့်ကို ချစ်တာထက် မိုးဝေက ကိုယ့်လိုအပ်ချက်ကို အချစ်လို့ ခေါင်းစဉ်တပ်ပြီး ဖြည့်စွက်ချင်ယုံသက်သက်ဆိုတာ မိုးဝေ သိလာရတယ်.. တချိန်လုံး မိုးဝေ ထင်နေခဲ့တဲ့ အချစ်ဆိုတာက အချစ် မဟုတ်ခဲ့ဘူး... အချစ် အယောင်ဆောင်ထားတဲ့လိုအပ်မှုတစ်ခုပဲ... အခုတော့ မောင့်ကို မိုးဝေ ချစ်တတ်ပြီ.. ချစ်တာမှ မိုးဝေ မပိုင်ဆိုင်ရရင်နေပါစေ... မောင့်ဘဝ အဆင်ပြေ သာယာနေစေချင်တယ်... တကယ် အချစ်စစ်ဆိုတာ ဘာလဲဆိုတာ အခု မိုးဝေ သိပြီ... အဲဒီ အချစ်စစ်နဲ့လည်း မောင့်ကို မိုးဝေ ချစ်တတ်ပြီ"

"ဒါဆို အခု မောင့်ကို မိုးဝေ လက်ခံသင့်ပြီပေါ့ မောင် မိုးဝေရှိမှ ပျော်နိုင်မယ်"

"မဟုတ်ပါဘူး မောင်.. မောင်စိတ်က ထင်နေတာပါ.. ဟိုတစ်ယောက်နဲ့ တစ်ခုခု အဆင်မပြေတဲ့အချိန်မှာ မိုးဝေကို လိုအပ်တာပါ.. မိုးဝေကိုရွေးချယ်ခဲ့ရင် မောင် တစ်ချိန် နောင်တရလိမ့်မယ်.. ဘာဖြစ်လို့လဲဆိုတော့ မိုးဝေဆီမှာ မောင့်ဘဝ မရှိလို့.. မောင်ဟာ မောင့်အသိုင်းအဝိုင်းမှာပဲ တင့်ပါတယ် မောင်"

"ဒါပေမယ့် သူက အခု နိုင်ငံခြားကို သွားချင်သေးတယ်.. ကျောင်းတက်ချင်သေးတယ်.. မောင့်ကို မိုးဝေလို ဂရုမစိုက် ပေးဘူး.."

သူမ စိတ်လက်ပေါ့ပါးစွာ ပြုံးရီလိုက်မိသည်။

"နောက်တစ်ချိန်ကျတော့ ဒါတွေဟာ မောင် ဂုဏ်တက်စရာတွေ ဖြစ်လာမှာပါ.. မိုးဝေကို လိုအပ်တယ်ဆိုတာ သေချာလားဆိုတာ အိမ်ပြန်ပြီး အေးအေးဆေးဆေး ပြန်စဉ်းစားပါဦး မောင်.. မိုးဝေ အခု ဒီပညာဒါနကျောင်းလေးမှာ အခမဲ့ လုပ်အားပေးနေတာ.. ဆရာတော်က ထမင်းကျွေးထားတယ်.. မိုးဝေရဲ့ ကျန်နေသေးတဲ့ ဘဝကို ဒီမှာပဲ ကုန်ဆုံးတော့မှာ မောင်.. အဲဒါကို မောင် ဘယ်လောက်ကြာကြာလက်ခံနိုင်မလဲ.. တစ်ချိန်မှာ မောင်ဟာ မောင့်အသိုင်းအဝိုင်းထဲကိုပဲ ပြန်သွားချင်လာလိမ့်မယ်.. အဲဒီအခါကျရင် မိုးဝေ နောက်တစ်ခါ ရင်ကွဲရလိမ့်ဦးမယ်.. အခုအတိုင်း မိုးဝေ မောင့်ကို ဖြူဖြူစင်စင် ချစ်နေရပါရစေတော့မောင်.."

အမျိုးသားသည် ဆောက်တည်ရာမရစွာ ခေါင်းကို ခါရမ်းသည်။

"မဖြစ်ဘူး.. မောင် မိုးဝေကို ဆုံးရှုံးမခံနိုင်တော့ဘူး.. မောင် မှားခဲ့တာတွေအတွက် မောင် တောင်းပန်ပါတယ် မိုးဝေ.. ဒီတစ်ခါပဲ မောင့်ကို ပြန်လက်ခံပေးပါ.. မောင် မိုးဝေ အနားမှာပဲ အရင်လိုပြန်နေမယ်"

"ပြန်ပါတော့ မောင်.. မိုးဝေ ကလေးတွေကို စာသင်ရဦးမယ်..."

အမျိုးသားသည် ငိုင်တွေ ကျန်ရစ်သည်။ ထို့နောက် နေရာတွင်ပင် ထိုင်ချလိုက်သည်။ သူအကြာကြီး သေချာ စဉ်းစားခဲ့ သည်။ သူ မိုးဝေကို အလွန်ချစ်သည်။ သူ မိုးဝေကိုသာ လိုအပ်သည်။ အကြာကြီး မိုးဝေနှင့် ဝေးနေသည့် ရက်များတွင် တခြား တစ်ယောက်အပေါ် ချစ်သည် ထင်ခဲ့သော်လည်း မိုးဝေကိုသာ သူ ပိုလိုအပ်ခဲ့သည်။ သူ့အနားမှာ အစဉ်သဖြင့် ကြင်နာယုယပေးမည့် သူ။ သူ့အနွံအတာ ခံနိုင်သူသည် မိုးဝေကလွဲလျှင် အခြားသူမရှိနိုင်။ သူ မိုးဝေကို မဖြစ်မနေ လိုအပ်နေမှန်း သိရချိန်တွင်တော့ မိုးဝေသည် သူ့အနားတွင် မရှိတော့ချေ။ ဝေးရတော့မည်လားဟု တွေးမိတော့ နာကျင်မှုနှင့်အတူ မျက်ရည်တွေ ဝေသီလာသည်။

"မောင် မိုးဝေကို တကယ်ချစ်ပါပြီ မိုးဝေရယ်.. မောင့်အချစ်သာ စစ်မှန်ခဲ့မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် မိုးဝေဟာ မောင့်အနား ကို ပြန်ရောက်လာမှာပါ.."

တစ်ယောက်တည်း မိမိကိုယ်ကို အားပေးသလိုလို ခပ်တိုးတိုး ရေရွတ်ရင်း သူ့စိတ်တွေ ကြည်လင်လာပြန်သည်။ ဟုတ်တယ်.. သူ့ရဲ့ ဟောဒီစစ်မှန်တဲ့ အချစ်ကြောင့် မိုးဝေ တစ်နေ့ သူ့ဆီ ပြန်ရောက်လာရလိမ့်မယ်။ သူ့ မျှော်လင့်ချက် သည် မှန်ကန်ခိုင်မာနေပါသည်။ ထိုနောက် သူ စိတ်လက်ပေါ့ပါးစွာဖြင့် အိမ်ပြန်ရောက်ခဲ့ပါသည်။

+++++

**ကူးကူး**

**(MyChan123)**



# စိတ်ကို စွဲလမ်း စေတတ်သော

ပန်းဆိုးတန်းထိပ်ရှိ Panorama ဟိုတယ်ညှော်ခန်းထဲတွင် စပို့ရှပ်
အဝါနုရောင်၊ဘောင်းဘီ မီးခိုး ရောင်ဖျော့ဖျော့လေးဝတ်ထားသောနန်းကို သူပြန်တွေ့လိုက်ရတော့
ဟိုတုန်းကအတိုင်း ဖြူဖြူဖွေးဖွေး သေး သေးသွယ်သွယ်နှင့် ပခုံးစွန်းကျော်ကျော် ဆံနွယ်လေးတွေကို
ရှေ့မှာချထားတတ်သော အရိုးခံမျက်နှာ ထားလေး ရှိနေဆဲ၊နှုတ်ခမ်းတွန့်ခေါက်တောင်တန်း ပန်းရောင်ကလေး
တွေပေါ်မှာလည်းအပြုံးသဲ့သဲ့လေးတွေ လိမ်းကျံ ထားတတ်သည့် တရုတ်မကလေး ဖြစ်မြဲဖြစ်နေသည်။

နှစ်ကာလအလွှာတွေက ပို့ချသည့် အနယ်အနှစ်တွေ နန်းအပေါ် စွန်းထင်းခဲ့ပုံမရ။
တစ်ခုပဲကွာတာက ဟိုတုန်းကလိုမဟုတ်ဘဲ နဂိုဖြူသော အသားအရေပေါ်တွင် ရေခြားမြေခြား အရောင်ဝင်းလဲ့လဲ့လေးက နန်း
လက်သွယ်သွယ်လျလျကလေးတွေပေါ်မှာ ခြောက်နှစ်စာလောက် တဖျတ်ဖျတ် ယှက်သမ်းနေခြင်းဖြစ်သည်။

သူ နန်းကို
“နန်း နေကောင်းလားဗျ။ မတွေ့တာ ကြာလှပြီ”ဟု နှုတ်ဆက်လိုက်တော့ နန်း က
“ကောင်းတယ် ကိုဝေမိုး၊ မနေ့ကမှ ရောက်တာ၊ အဲဒါ ကိုဝေမိုးကို အစ်ကိုပေးလိုက်တဲ့စီဒီတွေ ပေးမလို့ ဖုန်းဆက်လိုက်တာ
၊ ကိုဝေမိုးတို့ကော နေကောင်းလား ”
နန်း က ပြောရင်း သူတို့ ဟိုတယ်ညှော်ခန်းရှိ ညှော်သည်များထိုင်ရာဖြစ်သော ဆိုဖာနှစ်လုံးပေါ်မှာ ထိုင်ပြီးစကား
အနည်းအကျဉ်း ပြောဖြစ်ကြသည်။ လွန်ခဲ့သည့် ခုနစ်လ ရှစ်လလောက်က မြန်မာပြည်ကို တစ်ခေါက် ပြန်လာခဲ့သေးသော နန်းအစ်ကို
သူ့သူငယ်ချင်းနှင့်တကွ အခုထက်ထိ ပြန်မလာနိုင်သေးသည့် နန်းအဖေ အမေ တွေအကြောင်း သူ နန်းကိုမေးသည်။ ပြီးတော့ နန်း က
နန်းအစ်ကို သူ့သူငယ်ချင်း ပေးလိုက်သည့် စီဒီ ထုပ်ကလေး သူ့ကိုလှမ်းပေးသည်။ စီဒီထုပ်ကလေးကို လှမ်းယူရင်း
ပြုံးမလိုနှုတ်ခမ်းတွေနှင့် နန်းကို သူ နှုတ်ဆက်လိုက်သည်။

Panorama က သူ ပြန်ထွက်လာတော့ အင်္ဂလန် နှင့် ပါရာဂွေး ပထမပိုင်း ပြီးခါနီးအထိ ဂိုးမသွင်းနိုင်သေးဘဲ
သရေဖြစ်နေသည်ကို လက်ဖက်ရည်ဆိုင်တစ်ဆိုင် ထဲတွင်ဖွင့်ထားသည့် တီဗီ ဖန်သားပြင် ပေါ်တွင် ရိပ်ခနဲတွေ့လိုက်သည်။
နောက်သုံးလေးရက်လောက်တော့ သူ နန်းနှင့် မတွေ့ဖြစ်။ နန်းကိုင်ထားသော လက်ကိုင်ဖုန်း နံပါတ်ကို သိသော်လည်း သူ ကမ္ဘာ့ဖလားပွဲတွေ
ရိုက်ရင်းကြည့်ရင်း အလုပ်ရှုပ်နေတာက တစ်ကြောင်း၊ ရောက်စမို့ နန်းလည်း နားချင် နားလိမ့်ဦးမည် ထင်ထားတာက တစ်ကြောင်းကြောင့်
သူ မခေါ်ဖြစ်။ သို့သော် နန်း ဆီက ဖုန်းဝင်လာတော့ သူ နန်းကို အားနာသွားပြန်သည်။ သူ ပျက်ကွက်သလို ဖြစ်သွားပြီလား တွေးနေမိရင်း
နန်းဆီ ရောက်သွားသည်။ အင်္ကျီအဖြူရောင် လက်ပြတ်၊ ဂျင်းဘောင်းဘီ ဝတ်ထားသည့် သွယ်သွယ်လျလျ ပုံစံလေးနှင့် နန်းလည်း
သူ့ကို ပြန်အားနာ နေလားမသိ။ နန်း အနေမကြုံ့စေရန် ဟိုဟို သည်သည် ပြောပြီး
ထိုနေ့ တစ်နေ့လုံး နန်းသွားချင်သည့် နန်းသူငယ်ချင်း တွေဆီ လိုက်ပို့ရသည်။

နန်းတို့ မောင်နှမ နှစ်ယောက် နှင့် သူက တစ်ကျောင်းတည်းထွက်မို့နန်းသူငယ်ချင်းတွေထဲက တချို့ကသူနှင့် နန်းအစ်ကို
ကျောင်းနေ ဖက်များ၏ ညီမတွေ ဖြစ်နေသည်။ ရေကျော် တဝိုက်တွင် ရှိသော နန်း သူငယ်ချင်း အိမ်တွေ လှည့်ပို့ပြီးနောက်
ရွှေဘုန်းပွင့် ဘုရားနား ပြန်အရောက် ရောက်တုန်းရောက်ခိုက် ကိုယ့်မြို့ကိုယ့်ရွာက ဘုရားကို ဖူးစေချင်သောစိတ်ဖြင့် သူက နန်းနှင့်
နန်း သူငယ်ချင်းကို ရွှေဘုန်းပွင့်ဘုရား ဝင်ဖူးရန် တိုက်တွန်းမိသည်။ နန်း နိုင်ငံခြား မထွက်မီက သည်နားတဝိုက်မှာ
နေခဲ့သောကြောင့်လည်း ဖြစ်သည်။ သူ ကမ္ဘာ့ဖလား ဘောလုံးပွဲဈေးတွေဖုန်းဖြင့်မေးရင်း ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ထိုင်ကာ
ဘုရားဝတ်ပြုနေသော မြန်မာဆန်နေသေးသည့် နန်းကို ငေး နေမိသည်။

နောက်တစ်ပတ်မှာတော့ နန်းနှင့် နန်းသူငယ်ချင်းများ ခရီးထွက်ရန် သူစီစဉ်ပေးရသည်။ နန်း ကတော့ ခရီးထွက်ရတော့မှာမို့
ယုန်မကလေးလို ခုန်ဆွခုန်ဆွ ဖြစ်နေသည်။ နန်းတို့ခရီးက မန္တလေး၊ မေမြို့၊ ပုဂံသို့ ဖြစ်သည်။
သူ့အသိ ကုမ္ပဏီ တစ်ခုထံမှ ပေါင်မုန့်ကားတစ်စင်း သူငှားပေးလိုက်သည်။
နန်းတို့ မနက် ထွက် သွားပြီး ညဘက် သူ ဘောပွဲတွေ ကြည့်နေတုန်း လက်ကိုင်ဖုန်း မြည်လာလို့ ဖုန်းကောက်ကိုင်လိုက်တော့
နန်း ဆီက ဖြစ်နေသည်။ သည်တော့မှ နန်းတို့ မိတ္ထီလာမြို့တွင် ကားပျက်နေကြောင်း သူသိရပြီး သူ့ကုမ္ပဏီကို ဖုန်း လှမ်းဆက်ရသည်။

တစ်ဖက်မှလည်း နန်းဆီ ကြိုးဖုန်းဖြင့် ပြန်ခေါ်ရသည်။
သူ နန်းနှင့် ကုမ္ပဏီအကြား တစ်နာရီ လောက် ဖုန်းနှစ်လုံးဖြင့် အလုပ်များပြီးမှ ကား လဲလှယ်ပေးမည့်ကိစ္စ ပြီးပြတ်သွားသည်။
သည်တစ်ညတော့ နန်းကို မိတ္ထီလာမှာပဲ တည်းခိုခန်းသန့်သန့် ရှာတည်းဖို့ တစ်ပါတည်း ပြောလိုက်ရသည်။
မေမြို့ရောက်စဉ်၊ ပုဂံမှာရှိနေစဉ် နန်းဆီက ဖုန်းတစ်ကြိမ်စီ ရပြီးနောက် လေးငါးရက်လောက် နေ၍ နန်းတို့ ပြန်ရောက်လာတော့မှ
နန်းတို့ လမ်းခရီး အဖြစ်အပျက်စုံကို သူသိရသည်။ အဆင်မပြေတာတွေကော ပြေတာတွေကောက အခုတော့လည်း ရယ်စရာလို ဖြစ်နေသည်။
တစ်ပတ်လောက် နေပူထဲတွင် ခရီးသွားခဲ့ သော်လည်း နန်းအသားအရေလေးကတော့ ရဲရဲတင်းတင်း ဝင်းမြဲဝင်းလျက် ဖြစ်ကြောင်း သူ တွေ့သည်။
နန်းကို ဘယ်သွားဦးမလဲ သူ မေးတော့ တစ်ပတ်လောက် အရင်နားလိုက်ဦးမယ်၊ ပြီးမှ နောက်ခရီးတစ်ခု စီစဉ်မယ် ဟု နန်း ကပြောသည်။
နောက် နှစ်ရက်သုံးရက်လောက်တော့ သူ နန်းသွားလိုရာတွေ လျှောက် ကားမောင်း ပို့ပေးရင်း အလုပ်များနေသည်။
တစ်ညနေတော့ နန်းနှင့် သူအရင်ကတည်းက သိနေခဲ့သည့် ယောက်လမ်းတွင် နေထိုင်သူ နန်း အစ်မ ဝမ်းကွဲဖြစ်သူကိုပါခေါ်ကာ
အင်းလျားသို့ ရောက်သွားသည်။

'စိမ်းလန်းစိုပြေ' ရှေ့တွင် ကားရပ်ထားခဲ့ပြီး ကန်ဘောင်ဘက် သူတို့ထွက်လာတော့ ဟိုးအရင်တုန်းကလို
နိုင်ငံတော် တာဝန်တွေကို ထမ်းဆောင်နေဆဲ ဖြစ် သော အင်းလျားကို သူ သမားရိုးကျ တွေ့ရသည်။ ကန်ဘောင်ပေါ်တွင်
ခဏလျှောက်ပြီးတော့သူတို့ "စိမ်းလန်းစိုပြေ" ဘက် ပြန်ထွက်ခဲ့သည်။
"စိမ်းလန်းစိုပြေ" အဝင်ဝရှိ လက်ဝတ်တန်ဆာ အလှပစ္စည်း ရောင်း သောဆိုင်တွင်နန်းက လည်ဆွဲလေးတစ်ခုကို ဝတ်ကြည့်နေသေးသည်။
ဆိုင်ထဲကနန်းကို ဆိုင်ဝမှ တစ်ချက်ငေးရင်း နန်းအစ်ကို သူ့ သူငယ်ချင်း ပြန်လာစဉ်က
"စိမ်းလန်းစိုပြေ" တွင် ဘီယာလာသောက်ခဲ့သည် ကို သတိရနေသည်။ ခဏနေတော့ နန်းနှင့် နန်းအစ်မ ဆိုင်ထဲမှ ပြန်ထွက်လာကာ
သူတို့ အောက်သို့ ဆင်းခဲ့ကြ သည်။ မိုးတွင်းကြီးမို့ ညနေကတော့ ခပ်မှိုင်းမှိုင်းပဲ တောက်ပနေသည်။
"စိမ်းလန်းစိုပြေ" ထဲရှိ အလှပြုပြင် ထားသော ပန်းကလေးတွေကို လျှောက်ကြည့်နေရင်း လေညင်းကလေးတွေနှင့် အင်းလျားကို
နောက်ခံထား၍ နန်းနှင့် နန်း အစ်မဝမ်းကွဲတော်ကို ဓာတ်ပုံ နှစ်ပုံသုံးပုံ ရိုက်ပေးရသည်။
နန်း ဒစ်ဂျစ်တယ် ကင်မရာ လေးထဲက ရိုက်ပြီးသော ပုံကလေးတွေကို သူပြန်ကြည့်နေစဉ် ဂျင်းဂျာကင်လေးနှင့် ပန်းလို လန်းဆန်းကာ
သိမ်မွေ့သော ရေမွှေးနံ့ကလေးနှင့် နန်းကသူ့ နံဘေး ရောက်လာပြီး သူ့ပုံလေးသူ ပြန်ကြည့်သည်။
"ဓာတ်ပုံကလေးတွေ လှတယ်ဗျ"
ဟု သူ တည်ဆဲ သတ်ပုံသတ်ညွှန်းတွေအတိုင်း ပြောမိတော့ နန်း၏ ငုံနေသော နှုတ်ခမ်းကလေးက အပြုံးကလေးတစ်ပွင့်
လိုက်လိုက်လှဲလှဲ ပွင့်လာပြီး နန်း အစ်မတော်က 'ဝေမိုးကော ရိုက်ဦးမလား'
ဟု သူ့ကို လှမ်းမေးတာကို သူ ပြုံး၍ ခေါင်းခါပြလိုက်သည်။

ခဏနေတော့ သူတို့ "စိမ်းလန်းစိုပြေ" မှ ပြန်ထွက်လာကာ ဘူးသီးကြော် ဆိုင်တွေဘက် လျှောက်လာခဲ့သည်။
ဘူးသီးကြော်ဆိုင် တစ်ဆိုင် အဝရောက်တော့ ယင်ကောင်တွေ သုံးလေးကောင် ကျသေနေသည့် တို့ဟူးဇွန်းကြီးနှင့် မလှမ်းမကမ်းက
ဆိုင်ကောင်တာကို ဖြတ်ကျော်အပြီး
အုတ်လှေကားထစ်အတိုင်း ဆင်းလာ ရင်း အင်းလျားနှင့် အနီးဆုံးဖြစ်သော စားပွဲကလေး တစ်ခုမှာ သူတို့ ထိုင်လိုက်ကြသည်။
မိုးတွင်းမို့ အင်းလျား ရေပြင်အစပ်က သူနှင့် လက်တစ်ကမ်းအကွာ ရောက်နေသည်။
သူ တက္ကသိုလ် ရောက်ခဲ့တာပင် ဆယ်နှစ် ကြာခဲ့ပြီဆိုတာ တွေးမိရင်း
ဘာကြောင့်မှန်းမသိ၊ စိတ်တို့ လှိုက်လှိုက်လှဲလှဲ အုံ့မှိုင်းနေသည်။ ဒါပေမယ့် ခဏနေတော့ ဘာပကာသနတွေမှ စွန်းထင်နေခြင်း မရှိသည့်
ဘူးသီးကြော်ချောင်း ကလေးတွေကို တစ်ချောင်း ပြီး တစ်ချောင်း ခုံခုံမင်မင် စားနေသည့် နန်းကို ကြည့်ရင်း သူ ပြန်လန်းဆန်းသွားရသည်။

နိုင်ငံတော်သစ္စာကို စောင့်သိနေဆဲဖြစ်သောအင်းလျားနှင့် အစိမ်းရောင် အကြောမျှင်နုနုလေးတွေ ကန့်ကွက်သူမရှိ ယှက်သမ်းနေ သော နန်းလက်ခုံကလေးကို ဘာရည်ရွယ်ချက်မှမရှိပါဘဲလျက် တစ်လှည့်စီကြည့်ပြီး ထုံးစံအတိုင်း အတွေး တွေ ကစဥ့်ကလျား ဖြစ်နေသည်။
အရေးထဲ ယင်ကောင်တွေကလဲ တစ်ချက်တစ်ချက် ခါနေရသေးသည်။ ဖွန်လမို့ ညနေခင်းက တော်တော်နှင့် ပျောက်မသွားပဲ အင်းလျားရေမျက်နှာပြင်ပေါ်မှာ တရစ်ဝဲဝဲ လုပ်နေသည်။ဟိုအရင်က နေ့တွေအကြောင်းနှင့် အခုနေ့တွေအကြောင်း ရောက်တတ်ရာရာတွေ ပြောနေရင်းသူတို့ ထိုင်နေရာကို အမှောင်တွေ ငြိမ့်ငြိမ့်ညောင်းညောင်း ကျလာသည်။ ဆိုင်ထဲက မီးရောင်တွေ သူတို့ ကိုယ်ပေါ်ကို စွန်းထင်းလာချိန်မှာ သူတို့ ထပြန်ခဲ့သည်။

နောက်သုံးလေးရက်နေတော့ မနက် ၁၁ နာရီလောက် ဆိပ်ကမ်းသာ လမ်းထဲရှိ 'စိတ်တိုင်းကျ' မှာ ထိုင်နေတုန်း သူ့ဖုန်းက မြည်လာသည်။
နန်း ဆိုသော ဖုံးခွက်မှ စာသားလေးကို ကြည့်ရင်း ဖုန်းကိုင်လိုက် တော့ ဖုန်းထဲမှ နန်းအသံကလေးက ပုစွန်တောင်က ချမ်းသာပလာဇာသို့
ရောက်နေသည်တဲ့ .ဖုန်းကို ပြန်ချလိုက် ပြီး ချမ်းသာပလာဇာသို့ သူ့ကားဖြင့် ထွက်လာခဲ့သည်။
ချမ်းသာပလာဇာပေါ် တက်ခါနီး နန်းဆီ တစ်ချက်လှမ်းဖုန်းဆက်တော့ နန်းက အောက်ထပ်က ကော်ဖီ ဆိုင်မှာလို့ ပြောတာနှင့် အဲဒီကိုပဲ တန်းသွားလိုက်သည်။ နန်းနှင့် နန်းသူငယ်ချင်းတို့ ထိုင်နေသော ကော်ဖီ ဆိုင်ထောင့် စားပွဲဆီ လျှောက်သွားပြီး ဝင်ထိုင်လိုက်သည်။
၁၁ နာရီ ထိုးနေပြီမို့ သူ ဘာမှတော့ မသောက် တော့။ ခဏနေ နန်းတို့ သွားတော့မည်ဟုဆိုရာ သူ ကောင်တာကိုသွားပြီး ငွေရှင်းလိုက်သည်။
နန်းဆီက အားနာသည့် အကြည့်ကလေးက တခုတ်တရ သူ့ထံရောက်လာသည်။ "ဘယ်သွားမလဲဗျ"
ဟု သူ နန်းကို မေးတော့ "တစ်နေရာရာမှာ ထမင်းသွားစားရအောင်"..... ဟု နန်းကပြောသည်။
သူ ဒီတစ်ခါ နန်းကို မြန်မာထမင်းဆိုင်ပဲ ခေါ်သွားတော့မည် အတွေးနှင့် "သိဒ္ဓိရှင်" သို့ မောင်းခဲ့သည်။ သိဒ္ဓိရှင်တွင် နန်းအတွက် စားရခဲ့သည့် ငါးရှဥ့်မြေအိုးနှင့် ဟင်းသုံးလေးမျိုး မှာပေးလိုက်သည်။ နန်းက ထမင်းတွေ ဟင်းတွေ ရောက်မလာမီတွင် "ကိုဝေမိုး မရှင်းနဲ့နော်၊ နန်း ရှင်းမှာ" ဟု ကြိုကြိုတင်တင် ပြောသည်။

ငါးရှဥ့်မြေအိုးက သူတို့ ထင်ထားတာထက် အများကြီး ပူနေသည်။
စားရင်း မတော်တဆ အိုးနှုတ်ခမ်း နှင့် နန်းလက်ခလယ် ထိမိသွားသည်။ ချက်ချင်း ရဲတက်သွားသော နန်း လက်နုနုကလေးကို သူ ကြည့်ရင်း "နန်း ပူသွားသေးလား"ဟု မေးလိုက်မိသည်။ နန်း က လက်ကလေးကို ပွတ်သပ်ရင်း "ရတယ် နည်းနည်းပါ"
ဟု သူ့ကို ပြန်ပြောသည်။ ထမင်းစားရင်း နန်းက
မိဘမဲ့ကလေးကျောင်း တစ်ကျောင်းတွင် နံနက်စာ ကျွေး လှူဒါန်းချင်သည်ဟု သူ့ကို ပြောသည်။
သူ သိဒ္ဓိရှင် ကောင်တာက Yellow pages စာအုပ်ကြီးဆီ ထွက်လာခဲ့သည်။
ဖုန်းနံပါတ် သုံးလေးခုလောက် ဖုန်းဆက် စုံစမ်းကာ သူတို့ သွားရမည့်နေရာကို စာရွက်ပိုင်းကလေးမှာ ရေးမှတ်အပြီး နန်းတို့ ထိုင်နေရာ လှမ်းကြည့်လိုက်တော့ နန်းက ရေနွေးကြမ်းသောက်ရင်း သူငယ်ချင်းနှင့် စကားပြောနေသည်။
ပိုက်ဆံအိတ်ကို တစ်ပါတည်းထုတ်၍ မန်နေဂျာအား ကျသင့်ငွေ တွက်ခိုင်းလိုက်သည်။
မန်နေဂျာက ကျသင့်ငွေကို ပြောတော့ ငွေခြောက်ထောင်ကျော် ထုတ်ပေးလိုက်ပြီး နန်းတို့ဆီ ပြန်လာခဲ့သည်။
သူ နန်းကို ဖုန်းဆက်မေးပြီးသမျှ ပြောပြပြီး "ဒါဆို သွားရအောင်" ဟု ပြောလိုက်သည်။
နန်းက ပိုက်ဆံရှင်းရန် ထောင်တန်အုပ်ကလေး တစ်အုပ်ထုတ်ရင်း စားပွဲထိုးအား လိုက်ရှာသည်။



ဒီတော့မှ သူ နန်းကို သူရှင်းပြီးကြောင်း ပြောလိုက်ရသည်။ နန်းက သူ့ကို အတော် အားနာသွားပုံမျိုးဖြင့် ဘာပြောရမှန်း မသိ အမူအရာမျိုး ဖြစ်သွားသည်။
လိပ်ခဲတည်းလည်း အခြေအနေကို နန်း သူငယ်ချင်းကပဲ
"သွားရအောင်" ဟု ပြောရင်း ဖြေရှင်းလိုက်သည်။
သူတို့ ပြန်ထွက်ခဲ့ကြတော့ နန်းသူငယ်ချင်းက သူ့အဖိုး အသည်းအသန် ဖြစ်နေသောကြောင့် ဆက် မလိုက်နိုင်ဟုဆိုတာနှင့် လမ်းလေးဆယ်သို့ ပြန်ပို့ပေးခဲ့ပြီး နှစ်ယောက်တည်း ထွက်လာကြတော့ နေ့လယ် တစ်နာရီကျော် နေပြီဖြစ်သည်။ ရွှေဂုံတိုင်ဘက်သို့ ထွက်လာရင်း နောက်ကြည့်မှန် ကလေးထဲက မြင်ရသည့် နန်းနှင့် စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောလာခဲ့သည်။
ဘဏ်ရိပ်သာ မျက်စောင်းထိုးလောက်က အစိုးရ မိဘမဲ့ဂေဟာကို သူ တွေ့တော့ ကားကို ချိုးကွေ့လိုက်သည်။

သူတို့ ဂေဟာထဲရောက်တော့ အဝင်ဝ စားပွဲတွင် ထိုင်နေသော ရိပ်သာမှ တာဝန်ရှိသူ အမျိုးသမီး နှစ်ယောက်ကို တွေ့ရသည်။
ခပ်ကြီးကြီး အမျိုးသမီးက နံနက်စာ ကျွေးမွေးနိုင်သည့် နေ့နှင့် ကုန်ကျငွေကို ပြောတော့ နန်းက ဟိုဟိုသည်သည် အကဲခတ်နေသည်။
ကျွေးမွေးနိုင်မည့် ရက်ကိုတောင် အတော်ရှာယူ ရသောကြောင့် မိဘမဲ့ရိပ်သာက နန်းမျှော်လင့်ခဲ့သလောက်တော့ မနွမ်းပါးမှန်း သူ
သတိထားမိသည်။နန်းနှင့် ခပ်လှမ်းလှမ်းသွား၍ စကားပြောပြီးနောက် "ကျွန်တော်တို့ အချိန်ညှိလိုက်ပါဦးမယ်"
ဟု စကားလှအောင်ပြောပြီး နန်းနှင့် အပြင် ပြန်ထွက်လာခဲ့သည်။ အပြင်ရောက်လို့ နန်းကို မေးကြည့် တော့ နန်းက
"ဒီ့ထက် ရှားပါးတဲ့ကျောင်း မရှိဘူးလား ကိုဝေမိုး ၊ သူတို့ကြည့်ရတာ တော်တော် ပြည့်ပြည့်စုံစုံပဲ" ဟု ပြောသည်။
သူ တစ်ချက်စဉ်းစားလိုက်ရင်း ကားဆီ ပြန်လျှောက်လာခဲ့သည်။

ကားထဲရောက်တော့ ဟိုဟိုသည်သည် ဖုန်းဆက်ရင်း နန်းနှင့်လည်း မျက်နှာချင်းဆိုင် တိုင်ပင်ရင်း နန်း လှူချင်သည့် နေရာ ရှာပုံတော်
ဖွင့်ရသည်။ နန်း ဆန္ဒပြည့်ချင်လို့ပဲလားတော့ မသိ။ ခဏနေတော့ သူတို့ နန်း အစ်ကိုဝမ်းကွဲ တစ်ယောက်ဆီက
သီလရှင်ဆရာကြီးတစ်ပါး ဦးစီးသော ယုဇနဉယျာဉ်မြို့တော် ဟိုးဘက် လယ်ကွင်းတွေရှိ မိဘမဲ့ဂေဟာတစ်ခု လိပ်စာရသည်။ သူ စီးကရက်
တစ်လိပ်ကို ထပ်မီးညှိရင်း ကားကို မောင်း ထွက်ခဲ့သည်။ယုဇနဉယျာဉ်မြို့တော်ဘက် ချိုးကွေ့ပြီးတော့ လိပ်စာကို သူ ရှာမရဖြစ်နေသည်။
ဟိုမေးသည်မေး သုံးလေးငါးခါ လောက်မေးပြီး သူ့ကားကလေးက တဝဲလည်လည် ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ်
နန်း အပြုံး ပူပူနွေးနွေး ကလေးတွေကို လမ်းညွှန်အနေနှင့်ကြည့်ရင်း နောက်ဆုံးတော့ သူ လမ်းမှန်ကို တွေ့သွားပြီး
နဖူးပေါ် စီးကျနေသည့် ချွေးတွေကို လက်ခုံနှင့်သုတ်ရင်း ကားမောင်းလာခဲ့သည်။ အဲကွန်းမရသည့် သူ့ကားထဲ တွင် အိုက်နေဟန်ရှိသည့်
နန်းကလည်း ရေသန့်ဘူးကလေးကို ခဏခဏ ဖွင့်ဖွင့်သောက်နေသည်။
ခုနက အသားညိုညို ပိန်ပိန်ပါးပါး ဂျိုးသိန်းကြော်ငြာ တီရှပ်လက်ပြတ်နှင့် ဆိုက်ကားသမား တစ်ယောက် ညွှန်လိုက်သော လိပ်စာအတိုင်း
ကားကို မောင်းမိတော့ ကောင်းကင်မှာ အလေ့ကျ တွေ့နေရသည့် တိမ်တွေအောက်က လယ်ကွင်းပြင်ကြီးတွေ
တစ်ဘက်တစ်ချက် ခြံရံထားသော လမ်းပေါ် ရောက်လာသည်။

ကားမောင်းလာရင်း ဇော်ဝင်းထွဋ် ဗီစီဒီထဲက သည်လို လယ်ကွင်းတွေကြားက ချက်ဗလက်ကားနီကြီးကိုသူ မြင်ယောင်လာသည်။
သည်မှာပင် တစ်ခါတစ်ခါ နန်း အပြုံး ကလေးတွေကို နှောင့်ယှက်ဖျက်ဆီး တတ်သည့် ချစ်ချင်ယောင် ဘယ်လိုမှ ဆောင်လို့
မရသော နေရောင်တွေ လျော့ပါးသွားပြီး မိုးနည်းနည်း အုံ့သွားသည်။ နန်းကတော့ မိုးတိမ်ရိပ်တွေအောက်က လတ်လတ်ဆတ်ဆတ်
လယ်ကွင်းတွေကို ကလေးလေး တစ်ယောက်လိုပဲ တအံ့တသြ ငေးနေသည်။လမ်းမမှ ဖဲ့ထွက်၍ လမ်းကျဉ်းကလေး အတိုင်း
ဟိုကွေ့သည်ကောက် ဝင်အပြီး သူတို့ကားလေးက ခြံဝန်းကျယ်ကြီး အတွင်းတွင်ရှိသော မိဘမဲ့ဂေဟာရှေ့ ထိုးရပ်သွားသည်။
ခွေးသုံးလေးကောင် သူတို့ဆီ ပြေးထွက်လာသည်။ နန်းက ချက်ချင်း တံခါးဖွင့် မဆင်းရဲသေးဘဲ "ခွေးကြောက်တယ်"
ဟု ဟန်ဆောင်မှု အမှုန်အမွှားတွေ ကင်းစင်နေသော အပြုံးနုနုကလေးတစ်ဝက်ဖြင့် သူ့ကို ပြောသည်။ သူက
"မကိုက်ပါဘူး နန်းရဲ့ ကျွန်တော် ရှိသားပဲ"
ဟု ယောကျာ်းတစ်ယောက် ထုံးစံအတိုင်း မယိမ်းမယိုင် ပြောကာ ကားသော့ကို ဆွဲနှုတ်၍ ကားပေါ်မှ ဆင်းလိုက်သည်။
ပြီးတော့ နန်းရှိရာ နောက်ခန်းဘက် သွားလိုက်မှ နန်းက တံခါးကို ဖွင့်၍ မရဲတရဲလေး ဆင်းလာသည်။ ခွေးတွေ နှင့် လေးငါးခြောက်နှစ်အရွယ်
ကလေးလေးတွေကြားမှ သူတို့ကို ထွက်ကြိုနေသော သီလရှင်တစ်ပါးဆီ လျှောက်လာခဲ့သည်။

အုတ် နှင့် သစ်သား ရောညှပ်ဆောက်ထားသော မိဘမဲ့ဂေဟာ အဆောက်အဦးကြီးကတော့ ခပ်နွမ်း နွမ်းပဲဖြစ်သည်။
ကလေးလေးတွေ စာသင်နေကြသည့် စာသင်ခန်း သုံးလေးခန်းကိုဖြတ်ပြီး သူတို့ လှေကားဆီ လာခဲ့ကြသည်။ လှေကားထစ်
လေးငါးဆယ်ထစ်လောက်ကွေ့ချိုးတက်လာပြီးတော့ သူတို့ ကျောင်း အပေါ် ထပ်သို့ ရောက်လာသည်။ ကျယ်ဝန်းပြန့်ပြူး လှသည့်
ဘုရားခန်းကြီးထဲမှာသူတို့ ထိုင်ရင်း သူနှင့် နန်း ဘုရား ဝတ်ပြုလိုက်ကြသည်။
မရှေးမနှောင်းမှာပင် မိဘမဲ့ဂေဟာ အကြီးအမှူး ထောင်ထောင်မောင်းမောင်း သီလရှင် ဆရာကြီးတစ်ပါး ထွက်လာသည်။
သူတို့ အပြန်အလှန် နှုတ်ဆက်ရင်း သူ က ဆရာကြီးကို
"ဒါက နိုင်ငံခြားက ခဏပြန်လာတဲ့ တပည့်တော် နှမလေးပါ ဘုရား"
ဟု အစချီကာ လာရင်းကိစ္စကို ရှင်းပြရသည်။

ဆရာကြီးကတော့ ဖြူဖြူဖွေးဖွေး တရုတ်မကလေး နန်း နှင့် ဝင်ရိုးစွန်းတစ်ဖက်မက ခြားနေသော ရုပ်ချင်း ဘယ်လိုမှ ဆက်စပ်မရသည့်သူ့ကိုမျက်မှန်ထဲမှ ဝေသီသော မျက်လုံးများဖြင့်ကြည့်ရင်း သူပြောတာတွေ နားထောင်နေသည်။ နန်းကတော့ ချို့တဲ့ပုံရသော ကျောင်းကလေး ကို စိတ်ဝင်စားနေပုံရသည်။
ဆရာကြီးနှင့် နန်း လှူရမယ့်ရက်ကို ဆယ်ရက်လောက်ခွာပြီး ရွေးနေချိန်တွင် သူ ကတော့ ကျောင်းနံရံတွင် ချိတ်ထားသော ယခင် အလှူရှင်တွေ လာလှူဒါန်းကြစဉ်က အမှတ်တရ ဓာတ်ပုံများ နှင့် မှန်ဘောင်သွင်း၍ ချိတ်ဆွဲထားသော ကျောင်း တည်ထောင်သည့် နေ့စွဲ မှတ်တမ်းများကို ကြည့်နေမိသည်။ အရေးထဲ ဆရာကြီးက သူ့ကို ယခင်က လာဖူးသလားဟု မေးနေသည်။
မလာဖူးကြောင်း ပြောတော့ သုံးလေး ခေါက်လာဖူးသည့် လူငယ်တစ်ယောက်နှင့် သူ အတော့်ကို ဆင်သောကြောင့် မေးခြင်းဖြစ်ကြောင်း ဆရာကြီး က သူ့ကို ရှင်းပြသည်။ ဆရာကြီးရှင်းပြမှ သူ ဘာကြောင့်မှန်းမသိ ပရဟိတ ဂေဟာတွေ မရောက်တာ ဆယ်နှစ်လောက် ရှိပြီ ဆိုတာ ချွေးတွေထွက်ရင်း တခုတ်တရ သတိရလာသည်။

အားလုံး စီစဉ်ပြီးတော့ သူတို့နှစ်ယောက်နှင့် ဆရာကြီး ကျောင်းအောက် ပြန်ဆင်းလာခဲ့သည်ကျောင်းအောက်တွင်တော့ တစုတဝေး ရပ်နေကြသည့် အရွယ်မျိုးစုံ ကလေး တွေကို သူ တွေ့သည်။ မူလတန်း အရွယ်မှ စ၍ တက္ကသိုလ်တက်နေသည့် ကျောင်းသူ နှစ်ဦးအထိ ရှိကြောင်း ဆရာကြီးက သူတို့ကို ရှင်းပြနေသည်။ နန်းကတော့ စောစောက ခွေးတွေ အရိပ်အခြည်ကို ကြည့်ရင်း ကလေးလေးများကို ကြည့်ကာ ပျော်နေသည်။ သူတို့ ကားပြန်ထွက်လာတော့ ကလေးလေးတွေက လက်တွေ ဝှေ့ယမ်းပြရင်း ကျန်ခဲ့သည်။သူတို့ သာကေတ က ရွှေပုစွန် ဘက်ဆီ ပြန်ရောက်တော့ နန်းကို ရွှေပုစွန် တွင် အအေးသောက်ဦး မလား မေးမိသည်။ နန်းဆီက ကိုယ်ပိုင်အပြုံး ကြွကြွရွရွကလေးတစ်ပွင့် သူ့ဆီ ရောက်လာပြီး
"ကိုဝေမိုး မရှင်းရင် သောက်မယ်"
ဟု ဆည်းလည်းသံ သဲ့သလို အသံလေး ထွက်လာသည်။ သူ ကျေကျေနပ်နပ် ရယ်မောမိရင်း နန်း အပြုံး ရင်ဖိုရင်လှိုက် ကလေး တွေ လှိုင်လှိုင်ထွက်ရာ နန်း နှုတ်ခမ်း တောင်စဉ်တောင်တန်း သွယ်သွယ်လျလျ ကလေး တွေကို တစ်ခါလောက် သေသေချာချာ ကြည့်လိုက်ချင်သည့် စိတ်နှင့် "အင်းပါဗျာ၊ ဒီတစ်ခါ နန်း ရှင်းလိုက်"
ဟု ပြန်ပြောမိသည်။ ခဏအကြာ နန်းအတွက် အအေးနှင့် သူ့အတွက် ကော်ဖီ သူတို့ရှေ့သို့ ရောက် လာသည်။
အအေးခွက်ကလေးကို နန်းက လှမ်းကိုင်လိုက်တော့ နန်း လက်ခလယ် ဖြူဖြူသွယ်သွယ် ကလေး ပေါ်မှာ နေ့လယ်က သိဒ္ဓိရှင်တွင် အပူလောင်လာခဲ့သည့် နီညိုရောင် အကွက်ကလေးကို သူတွေ့သည်။

ထိုညက နန်းသူငယ်ချင်းတစ်ယောက် အပါအဝင် သူတို့ ဝါးတန်းလမ်းရှိ **Feel** တွင် ညစာစားပြီး နန်းကို ဟိုတယ်သို့ ပြန်ပို့ကာ အိမ်ပြန်ခဲ့သည်။ ညကိုးနာရီခွဲလောက်မှာ နန်းက သူ့ကို ဖုန်းခေါ်ပြီး သူ ဘယ်ရောက်နေလဲဟု မေးသည်။ စာအုပ်ဆိုင်တွင် နန်း စာအုပ်ငှားချင်ကြောင်း ပြောတော့မှသူ နန်းကို စာအုပ်ငှားပေးဖို့ မေ့နေကြောင်း သတိရတော့၏။ ခုလေးတင်ပဲ ၄ဖလမ်းထိပ်ရှိ ရှိုးမှ သူ ပြန်လာတာ ဖြစ်သော်လည်း နန်းကို ဟိုတယ်မှာ ဝင်ခေါ်၍ တစ်ခါပြန်ထွက်ဖြစ်သည်။ စာအုပ်ဆိုင်တွင် နန်းက ရွှေအမြုတေ မဂ္ဂဇင်း အဟောင်းတချို့နှင့် မဟေသီ ငှားသည်။ နန်းက စာအုပ်တွေ အေးအေးဆေးဆေး ရွေးနေစဉ် တွတ်ပီ အဟောင်းတစ်အုပ် ဆွဲဖတ်ရင်း ဟိုအရင် ရန်ကုန်တွင်ရှိစဉ်ကတည်းက နန်း စာဖတ် ဝါသနာပါကြောင်း သူ ပြန်သတိရလာသည်။ သူကတော့ စောစောကပဲ စာအုပ်တွေငှားပြီးခဲ့ပြီ ဖြစ်သောကြောင့် ထပ်မယူဖြစ်။

နောက် နှစ်ရက်သုံးရက်နေတော့ နန်း နောက်ခရီးတစ်ခု မထွက်ဖြစ်တော့တာ သူသိသည်။ နန်း သူငယ်ချင်းများ မလိုက်နိုင်တော့သောကြောင့် ပျက်သွားရကြောင်း နန်းကတော့ တဖျစ်တောက်တောက် နှုတ်ခမ်းကလေးတွေနှင့် ပြောနေသည်။ ထို့နောက် နန်းနှင့် နန်းအစ်မဝမ်းကွဲ ပုသိမ်သို့ နေ့ချင်းပြန် ကားငှား သွားရန် စီစဉ်ကြသည်။ နန်းတို့ ညီအစ်မနှစ်ယောက် မသွားမီညတွင် သူ့ထံ နန်းတို့ဆီက ဖုန်းဝင်လာပြီး ငှားထားသည့်ကားက ပျက်သွားသောကြောင့် မလိုက်နိုင်တော့ကြောင်း လာပြောသွားသည်ဟု ဆိုသည်။ သူ နန်း အစ်မဝမ်းကွဲကို မနက်ဖြန်မနက် သူလိုက်ပို့ပေးမည်ဖြစ်ကြောင်း ပြောလိုက်သည်။

နောက်နေ့မနက်ကျတော့ သူ နန်းတို့နှစ်ယောက်ကို Panorama တွင် ဝင်ခေါ်ပြီး ဘုရင့်နောင် နန်း အစ်ကိုဝမ်းကွဲအိမ်တွင် ခဏတ်ဆီဝင်ထည့်ကာ ထိုအနီးအနားက လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် မုန့်ဟင်းခါး ဝင်စားကြသည်။
ပြီးတော့ ဘုရင့်နောင် တံတားကိုကျော်၍ ပုသိမ်ဘက်သို့ သူတို့ ထွက်ခဲ့သည်။
လမ်းတလျှောက်လုံး နန်းတို့ ညီအစ်မနှစ်ယောက်နှင့် သူ စကားပြောလာခဲ့သည်။
ကောင်းကင်မှာတော့ တိမ်တွေထူနေသည်။ သူတို့ ပုသိမ်ရောက်တော့ နေ့လယ်တစ်နာရီ ထိုးနေပြီဖြစ်သည်။
ဘယ်သူမှ မဆာသေး သောကြောင့် ဘုရားအရင်ဖူးရန် ဆုံးဖြတ်လိုက်သည်။ ပုသိမ် ရွှေမုဋ္ဌော ဘုရား ရင်ပြင်တော်ပေါ် ရောက်တော့ သူ နန်းတို့ညီအစ်မကို ဓာတ်ပုံရိုက်ပေးသည်။ ကြားရက်မို့ ထင်သည်။ စေတီရင်ပြင်တော်ပေါ်တွင် သူတို့လို အာဂန္တုများမှလွဲ၍ လူသူကင်းရှင်းနေသည်။ ပြီးတော့ သူတို့ ရေကြည်ဦးဘုရား ဟုလည်းခေါ်သည့် ဟိုယခင်က ဘုရားကို ငုံပြီးတည်ထားသော လေးကျွန်းမာန်အောင် ဖောင်တော်ဦး စေတီဆီ သွားကြသည်။ လေးကျွန်းမာန် အောင်မှာ ရှုခင်းကောင်းသောကြောင့် မိုးပေါက်ကလေးတွေ တစ်ခါတစ်ခါ သယ်သယ် လာနေသည့် စိမ်းစိမ်း စိုစို လေညင်းတွေကြား နန်းတို့ညီအစ်မ နှစ်ယောက်ကို ဓာတ်ပုံတွေ ထပ်မံရိုက်ပေးသည်။ ပြီးတော့ သူ ဘုရားပစ္စယံသို့ တက်ပြီး ဟိုး မှောင်ကြီးမည်းကြီးထဲတွင် အထီးကျန် စံပယ်နေသော အရင်က စေတီတော် အဟောင်းကို သံတိုင်တွေကြားထဲက ချောင်းကြည့်သည်။ ခဏနေတော့ သူ အောက်ပြန်ဆင်းလာသည်။
ပြီးတော့ သူတို့ နဂါးရုံဘုရား ရှိရာဆီ လမ်းလျှောက်လာခဲ့သည်။

နဂါးရုံ ဘုရားရှိ ရွှေဝါ ငါးကြင်းလေးတွေရှိရာ ကန်ကလေးကိုရောက်တော့ နန်းအစ်မနှင့် နန်းတို့ ကန်တော့နှင့်ထည့်ထားသော ပေါက်ပေါက်ဆုပ် ငါးစာခွက်ကလေးတွေ ဝယ်၍ ငါးလေးတွေကို အစာကျွေးကြ သည်။
ဂျင်းဘောင်းဘီ နက်ပြာရောင်ကလေး ဝတ်ထားသော
နှုတ်ခမ်းဖျားတွင် ထုံးစံအတိုင်း အပြုံးကလေးတွေ စိမ့်အိုင်နေသည့် နန်းနှင့် ကန်ထဲတွင် အစာလုရင်း လူးလာကူးခတ်နေသော ရွှေဝါငါးကြင်းကလေးတွေကို တစ်လှည့်စီသူငေးနေတုန်း သူ့ထက် လေးငါးခြောက်နှစ်ခန့် ကြီးပုံရသော နန်းအစ်မက သူ့ကို
"ဝေမိုး၊ ကျွေးဦးမလား"
ဟု မေးတော့ အတွေးလွန်နေသောသူက တစ်ခုခုစားဖို့ ပြောသလား မှတ်ကာ
"သုံးဆောင် အစ်မ သုံးဆောင်၊ ကျွန်တော် မဆာသေးဘူး" ဟု ပြောလိုက်မိသည်။
နန်းတို့နှစ်ယောက်ဆီက တခစ်ခစ် ရယ်သံကြားမှ သူမှားသွားမှန်း သတိရ သည်။ ငါးကလေးတွေကို အစာကျွေးပြီးတော့ သူတို့ ခကြီး ဆိုင်ဘက် ထွက်လာခဲ့သည်။ "ဝေမိုး မရှင်းရဘူးနော်၊ ရှင်းရင် မစားတော့ဘူး"
ဟု သူ့အကြောင်း နန်းဆီကတစ်ဆင့် တိတိကျကျ သိနေပြီဖြစ်သည့် နန်းအစ်မက သူ့ကို ခပ်သွက်သွက် ပြောလိုက်တော့ ရှင်းဖို့ စိတ်ကူးထားပြီးသည့် သူ့စိတ်ကူး ပျက်သွားသည်။

သူတို့ သုံးယောက် စလုံး သိပ်မစားနိုင်ကြ။ စားနေတာကို လက်စသတ်လိုက်ပြီးတော့ နေ့လယ်နှစ်နာရီ ခွဲနေခဲ့ပြီ။ ဟိုဟိုသည်သည် လမ်းမေးပြီး သူ နန်းတို့နှစ်ယောက်ကို ကျန်နေသေးသည့် ဘုရားများဖူးရန် လိုက်ပို့သည်။ ပြုပြင်ခြင်း ကင်းမဲ့ နေပြီဖြစ်သော ဘုရားတစ်ဆူအပါအဝင် နောက်ထပ် ဘုရားသုံးလေးဆူဆီသို့ ရောက်သွားကြသည်။ ဘုရားတွေ အားလုံးစုံအောင် ဖူးပြီးတော့ ညနေသုံးနာရီခွဲတော့မည်ဖြစ်သည်။ ဘုရားတစ်ဆူ အဝင်ဝတွင် ညဘက်ကန်မည့် ဘောလုံးပွဲဈေးတွေ ရန်ကုန်ကို သူလှမ်းမေးရင်း ဘုရားထဲမှ ပြန်ထွက်လာသော နန်းတို့နှင့် ရန်ကုန်သို့ ပြန်ခဲ့ သည်။
ပြန်လာသည့် လမ်းတလျှောက်တွင်တော့ မိုးတဖွဲဖွဲ ကျနေသည်။ တခါတခါ သူနောက်ဘက် စကား လှည့်ပြောတော့ မိုးစက်ကလေးတွေကို ချစ်ချင်ယောင် ဆောင်လို့ရသော အရွယ်မှာပဲ ရှိနေသေးသည့် ဘာကိုမှ သံသယရှိပုံမရတဲ့ နန်းက ကားမှန်ကို တဝက်ဖွင့်ပြီး မိုးစက်ကလေးတွေကို လက်ဖဝါးကလေးနှင့် ခံကာကြည့် နေတာတွေ့သည်။
လမ်းဘေးတစ်ဘက်တစ်ချက်ရှိ မိုးစက် သေးသေးကလေးတွေအောက်က
မြစ်ဝကျွန်းပေါ် သင်္ကေတ လယ်ကွင်းစိမ်းစိမ်းတွေကို တစ်ချက်တစ်ချက် သူ ငေးရင်း ကားကို ဂရုစိုက် မောင်းလာခဲ့သည်။
ရန်ကုန်ကို ပြန်ရောက်တော့ ည ရှစ်နာရီ ထိုးနေပြီဖြစ်သည်။ နန်းက မရောက်တာ ကြာပြီဖြစ်သည့် မြန်မာပြည် ရောက်လေရာရာမှာ ပျော်နေပုံရလေသည်။ တစ်နေ့လုံး လျှောက်သွားခဲ့ရသောကြောင့် မသိမသာလေး နွမ်းနေ ဟန်ရှိသည့် နန်းကို သူ တစ်ချက်လှမ်းငေးရင်း ဘောလုံးပွဲကြည့်ရန် အိမ်သို့ ပြန်ခဲ့သည်။

နောက် နှစ်ရက် သုံးရက်မှာတော့ နန်းတို့ ညီအစ်မနှစ်ယောက်ကို နန်း သွားချင်သည့် ရန်ကုန်ထဲက နေရာတွေနှင့် သူကိုယ်တိုင် ဘယ်တုန်းက နောက်ဆုံးရောက်ခဲ့မှန်း =မမှတ်မိတော့သည့် ဘုရားတွေကို လိုက်ပို့ ပေးခဲ့သည်။ သည်လိုနှင့် မိဘမဲ့ဂေဟာတွင် ကျွေးမွေးရန် နန်း စီစဉ်ထားသည့်နေ့သို့ ရောက်လာသည်။ထိုနေ့မနက် ကိုးနာရီလောက် သူတို့ ထွက်လာတော့  တစ်မနက်လုံး ရွာမည် ထင်ထားခဲ့သည့်မိုးက မရွာသော်လည်း မှိုင်းမှိုင်းညို့ညို့ ဖြစ်နေသည်။ မိဘမဲ့ဂေဟာရောက်တော့ သီလရှင် ဆရာကြီးက သူတို့ကို စောင့်ကြိုနေသည်။ နန်းတို့ ညီအစ်မနှင့် သူ ကလေးလေးတွေ စာသင်နေသည့် စာသင်ခန်းတွေရှေ့ ဖြတ်ပြီး ကျောင်းပေါ် တက်ခဲ့သည်။ သူတို့ ထမင်းစားရန် ရည်ရွယ်ချက် မရှိသော်လည်း ဆရာကြီးက သူတို့သုံးယောက် ကို ထမင်းအရင်ကျွေးရန် စီစဉ်ထားသည်။ ထမင်းစားပြီး ခဏနေတော့ သီလရှင်နှစ်ပါးနှင့် ကလေးများ ကျောင်းပေါ် တက်လာသည်။ သူကတော့ နန်းဆီက ဒစ်ဂျစ်တယ် ကင်မရာလေးနှင့် နန်းအတွက် ဓာတ်ပုံတွေ မှတ်တမ်းတင်ပေးနေမိသည်။ နန်းမိဘ နှစ်ပါး အမည်များနှင့် နန်းအမည်က ကျောက်သင်ပုန်းတစ်ချပ်ပေါ်တွင် ထင်ထင်လင်းလင်း ရေးထိုးထားသည်။ ကလေးတွေ နန်းတို့မိသားစုအတွက် ဆုတောင်းပြီးတော့ ထမင်းစားကြသည်။ နန်းက ချစ်ဖို့ကောင်းသော ကတုံးလေး တစ်ယောက်ကို ဖက်၍ ဓာတ်ပုံရိုက်လိုက်သေးသည်။

အားလုံးပြီးကြတော့ သူတို့ ဆရာကြီးကို နှုတ်ဆက်စကားဆိုကာ လက်ကလေးတွေပြပြီး ကျန်နေခဲ့ကြသော ကလေးတွေကို နောက်မှာ ချန်ထား၍ ပြန်ခဲ့ ကြသည်။ ထိုညတွင်တော့ နန်းတို့ ညီအစ်မနှစ်ယောက်နှင့် သူ သိမ်ကြီးဈေးအောက်ထပ်ရှိ ျသညိနမ စားသောက် ဆိုင်တွင် ထမင်းစားကြသည်။ နန်းအဆိုအရ မက်ဒေါနယ်၏ သင်္ကေတ M ကို ပြောင်းပြန်ရိုက်ထားသော ဝမ်းဒါး၏ အထိမ်းအမှတ် W ကိုကြည့်ရင်း အပြုံးကလေးတွေ ဝေ့ခိုနေသည့် နှုတ်ခမ်းကလေးနှင့် နန်းက သဘောကျနေသည်။ မက်ဒေါနယ်နှင့် စကြဝဠာ တစ်ခုစာမက ဝေးနေသည့် အရပ်တွင် နေထိုင်သူ သူကတော့ ကြည့်ဖူးသော ရုပ်ရှင်တွေ ဖတ်ဖူးသော စာနယ်ဇင်းတွေထဲက မက်ဒေါနယ်တံဆိပ်ကို ပြန်စဉ်းစားသော်လည်း ခေါင်းထဲ ဘာမှမပေါ်ဘဲ နန်းပြောသမျှ အင်းလိုက်နေမိသည်။ ထမင်းစားကြပြီးတော့ နန်းတို့ ဘာမှမပြောခင် သူ ကောင်တာသို့ ပိုက်ဆံ သွားရှင်းလိုက်သည်။ နန်းအစ်မ ဖြစ်သူကတော့ သူ့ကို "ပြောထားတဲ့ကြားကဟယ်၊ ဝေမိုး က လုပ်ပြန်ပြီ" ဟု ရာနှုန်းပြည့် အားနာသံဖြင့် သူ့ကိုပြောသည်။ ဆိုင်ထဲက ပြန်ထွက်လာတော့ နန်းက ကဏန်းပေါင်း စားချင်သည်ဟု ပြောသောကြောင့် သူတို့ ၁၉ လမ်းဘက် ထွက်ခဲ့ကြသည်။ ၁၉လမ်း ထဲက "ဝင်း"တွင် ကဏန်းပေါင်း မှာထားရင်း နန်းတို့ညီအစ်မနှစ်ယောက်က ၁၉လမ်းထိပ် မဟာဗန္ဓုလလမ်းပေါ်တွင် ဈေးလျှောက် ကြည့်ရန် ထွက်သွားသည်။ သူကတော့ ကဏန်းပေါင်းကိုစောင့်ရင်း ကျန်နေခဲ့သည်။ နန်းတို့ ညီအစ်မ ပြန်လာတော့ သူ့လက်ထဲ ကဏန်းပေါင်း ရနေပြီဖြစ်သည်။ သူ နန်းအစ်မကို ယောက်လမ်းတွင် ဝင်ပို့ပြီး နန်းကို ဟိုတယ်သို့ ပြန်ပို့တော့ ကားပေါ်မှအဆင်းတွင် နန်းက သူ့ကို "ကိုဝေမိုး ခုနက ကျတဲ့ ညစာဖိုးတော့ ပြန်ယူပါနော်" ဟု အပြုံး စိုစိုစွတ်စွတ်ကလေးနှင့် ပြောရင်း သူ မတားလိုက်နိုင်ခင်တွင်ပင် ဂီယာဘောက်စ် နောက်ရှိ ကက်ဆက်ခွေတွေ ထည့်ထားသည့် အံလေးထဲ ထောင်တန်အလိပ်ကလေးကို ထိုးထည့်လိုက်သည်။ ဒီ တစ်ခါတော့ သူ ပြန်လည် လက်ခံလိုက်ရသည်။ နောက် နှစ်ရက် သုံးရက်လောက်နေတော့ နန်း ပြန်ရန်ရက် တဖြည်းဖြည်း နီးလာသောကြောင့် သူ နန်းအတွက် အမှတ်တရလက်ဆောင် တစ်ခုခုပေးရန် သတိရသည်။ အရာရာ ပြည့်စုံနေသော နန်းအတွက် ဘာ ပေးရမလဲ သူ စဉ်းစားမရသဖြင့် နောက်ဆုံး ဒီရက်တွေတွင် စကားပြောကြရင်း သူသိထားသည့် နန်း အရမ်းချစ်သည် ဆိုသော Hello Kitty အရုပ်ကလေး ဝယ်ပေးရန် ဆုံးဖြတ်လိုက်ပြီး  ဗိုလ်ချုပ်လမ်းပေါ် သိမ်ဖြူ ထောင့်နားလောက်ရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် လျှပ်စစ်မီးရောင်အောက်တွင် လင်းရန် sensorထည့်ထားသော ကစ်တီရုပ်လေးတစ်ရုပ် သူ  ဝင်ဝယ်လိုက်သည်။

မိန်းကလေးတွေ အရုပ်ချစ်တတ်မှန်း သူ စဉ်းစားရင်း  နန်းဆီ ဖုန်းဆက်တော့ နန်းက ဟိုတယ်မှာပဲ အစ်မဖြစ်သူနှင့် အတူရှိနေသည်။ ခဏနေတော့ သူတို့ ပန်းဆိုးတန်းက ရွှေခရားကြီးတွင် လက်ဖက်ရည် သွားသောက်ကြသည်။ အပြန် ကားပေါ်မှာပဲ သူ နန်းကို အရုပ်ကလေး လက်ဆောင်ပေးလိုက်သည်။ အပြည့်အဝ ကျေနပ်ခြင်းတွေ တသွင်သွင် စီးဝင်နေသော မျက်နှာကလေးနှင့် နန်းက အပြုံး နူးနူးညံ့ညံ့ ဝတ်ထားသော ဆင်မယဉ်သာ နှုတ်ခမ်းကလေး ဖြင့် Thank you ဟုဆိုကာ အရုပ်ကလေးကို လှမ်းယူသည်။

နောက်တစ်ရက် မနက်ခင်းမှာ နန်းက သူငယ်ချင်းများနှင့် တစ်နေရာရာတွင် သူအပါအဝင် ညစာ စားချင်၍ စီစဉ်ပေးရန်ပြောသည်။ နန်းတို့အတွက်ကော သူ့အတွက်ပါ အဆင်ပြေနိုင်မည့် နေရာ သုံးလေးနေရာ စဉ်းစားအပြီး နောက်ဆုံး ရန်ကုန် အင်တာနေရှင်နယ် ဟိုတယ်ထဲရှိ Million coin တွင် ညစာစားရန် နန်း ကို အကြံပေးလိုက်သည်။ နန်း ကတော့

"ကိုဝေမိုး မရှင်းရဘူးနော်၊ လုံးဝ မရှင်းရဘူးနော်"

ဟု သုံးလေးငါးခါ သူ့ကို စိတ်မချဟန်ဖြင့် တဖွဖွ မှာနေသည်။ သူ သဘောတကျ ရယ်မောရင်း နန်း နှင့် သဘောထား ကွဲလွဲလိုခြင်း မရှိတော့သောကြောင့် "အင်းပါ နန်း ရဲ့" ဟုပဲ ပြန်ပြောမိသည်။ ထိုနေ့က နန်းနှင့်သူ ရှိနေသည့် တစ်ချိန်လုံးလိုလို ဆေးလိပ်သောက်နေ တတ်သည့်သူ့ကို နန်းက ကြည့်ရင်း သူ တစ်ရက် ဆေးလိပ်ဘယ်နှစ်လိပ် သောက်လဲဟု မေးသည်။ သူက တစ်ဘူးလောက်တော့ ရှိမလားပဲဟု ပြန်ပြောတော့ နန်း ဘာမှ ဆက်မပြောတော့။ သူကတော့ စိတ်ကို စွဲလမ်း စေတတ်သော ဆေးလိပ်တွေအကြောင်း စဉ်းစားမိရင်း နန်းကကော စိတ်ကို စွဲလမ်းစေတတ်သော စာရင်းထဲ ပါနေသလားဟု အပြုံး သန့်သန့်ရှင်းရှင်းကလေးတွေ မကြာမကြာ တသိမ့်သိမ့် စီးဆင်းနေတတ်သော နန်း မျက်နှာ နုနုငယ်ငယ်ကလေးကို ကြည့်ရင်း တွေးနေ မိပြန်သည်။ အဲဒီ အတွေးတွေ စီးစီးပိုင်ပိုင် ကပ်ငြိရင်း ထိုညက နန်းအပါအဝင် နန်းသူငယ်ချင်း ကောင်မကလေး လေးငါးယောက်နှင့် သူ ညစာစားမိတော့ နန်း ပြန်ရန် ရက်တွေ ကပ်လာပြီဖြစ်တာ တွေးမိသည်။ သူ ထမင်းစားပြီး နန်းတို့ လွတ်လွတ်လပ်လပ် စကားပြော နိုင်ရန် Million coin အပြင်ဘက်သို့ ထွက်လာခဲ့တော့ မိုးပေါ်မှာ လမင်းကြီးက ပြက်ပြက်ထင်ထင် သာနေ သည်။

ထို့နောက်တော့ နန်းပြန်ရန် ငါးရက်လောက်ပဲ လိုတော့သောကြောင့် သူတို့ ဝေးဝေးလံလံ မသွားဖြစ် တော့။ ရန်ကုန်မြို့ထဲမှာပဲ နန်း သွားချင်တဲ့နေရာတွေ သူလိုက်ပို့ပေးခဲ့သည်။ မှတ်မှတ်ရရ စွယ်တော်စေတီကို တစ်ရက်ရောက်တော့ လူတစ်ယောက်က သူ့ကားပေါ်မှ 'တစ်ပြည်သူ မရွှေထား' ပုံ ပေါက်နေပြီဖြစ်သည့် နန်းကိုကြည့်၍ နိုင်ငံခြားသားလားဟု ပိုက်ဆံကောက်ရန် လာမေးသည်။ နန်းက သွက်သွက်လက်လက် မြန်မာလို ပြန်ဖြေလိုက်မှ ထိုသူ ပြန်ထွက်သွားသည်။ နန်းတို့ ပုဂံရောက်စဉ်ကလည်း နန်းကို ဂျပန်တိုးရစ်စ်ဟု အထင်မှားကာ ကလေးတွေ ပစ္စည်းရောင်းရန် ပြေးလာကြကြောင်း နန်းက ရယ်သံတစ်ဝက်ဖြင့် သူ့ကို ရှင်းပြသည်။ ဘယ်သူကမှ နိုင်ငံခြားသားဟု အထင်မှား လောက်စရာ မရှိအောင် မြန်မာပီပီ အင်္ကျီမှာ ချွေးတွေ အမြဲ ရွှဲနေတတ်သော သူက နန်းပြောသမျှ တိတ်ဆိတ်စွာ နားထောင်ရင်း ဘယ်လိုမှ ဆက်စပ်၍ မရနိုင်အောင် ကွာခြားကွဲပြားနေသော ဟေမိုဂလိုဘင်အပြည့် လင်းလက် နန်း ဘဝ တောက်ပ အစိတ်အပိုင်းတွေနှင့် မနက်ဖြန် မီးလာမလာပင် သေချာအောင် မပြောနိုင်သေးသော သူ့ ဘဝ၊ ဘယ်လိုပြောရမှန်း မသိသည့် ရှုပ်ရှုပ်ထွေးထွေး လေးလေးလံလံ ကိုယ်ခံအား တချို့တဝက် ကျဆင်းနေသည့် ပြည်တွင်းဖြစ် အစိတ်အပိုင်းတွေ အကြောင်း သူတွေးနေမိသည်။



နောက်တစ်နေ့မနက် ဆိပ်ကမ်းသာလမ်းထဲရှိ မီးဖိုမှ မီးစက်သံတွေ တဝုန်းဝုန်း ညံနေသည့် စိတ်တိုင်းကျတွင် ဂျာနယ်မှ ဘောပွဲသတင်းတွေ သူဖတ်နေတုန်း နန်းဆီက ဖုန်းဝင်လာသည်။ တိုင်းရင်းသားကျေးရွာသို့ သွားလိုသောကြောင့် သူ အားမအား လှမ်းမေးတာဖြစ်ကြောင်း နန်းဆီက သိရတော့ အခုထက်ထိ သူ့ကို အားနာနေသေးသည့် နန်းဆီ အိမ်ပြန် ကားယူ၍ ထွက်လာခဲ့သည်။ ကားပေါ်ရောက်မှ နန်းသူငယ်ချင်းဖြစ်သူက နန်းက တက္ကစီနှင့် သွားမည်ပြောကြောင်း၊ ကျေးရွာထဲ တွင် တက္ကစီ ပေးမဝင်သဖြင့် ကိုယ့်ကားနဲ့ကိုယ်သွားမှ အဆင်ပြေမှာ ပြောရကြောင်းတွေ သူ့ကို ရှင်းပြနေသည်။အရေးမကြီးသော နန်းသူငယ်ချင်း၏ စကားတွေကို သူ ဝတ်ကြေတမ်းကြေ နားထောင်ရင်း အရေးကြီးသော နန်းမျက်နှာကလေးကို နောက်ကြည့်မှန်ထဲက ရံဖန်ရံခါ ငေးကာ ဗန္ဓုလတံတားကို ဖြတ်ပြီး ကားမောင်းလာခဲ့ သည်။ သူတို့ ကားကလေး တိုင်းရင်းသား ကျေးရွာရောက်တော့ လမ်းနံဘေး ကွင်းကြီးထဲမှာ ဖွင့်ထားသော လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ လက်ဖက်ရည် အရင် သောက်ကြသည်။

ပိုက်ဆံရှင်းတော့ ပိုက်ဆံလာယူသော အစ်မကြီးကို

"ဒီကယူပါ အစ်မ၊ ကလေးတွေဆီက မယူပါနဲ့ဗျာ"

ဟု သူ လူကြီးတစ်ယောက်လို ပြောတော့ သူ့ထက် လေးနှစ်သာသာ လူ့လောက အကြောင်း ရိပ်မိတာ သေသေချာချာ နောက်ကျသော နန်းနှင့် နန်းသူငယ်ချင်း မရှောင်မလွှဲသာ ခိုးခိုးခစ်ခစ် သဘောကျနေသည်။



ရယ်သံကလေးတွေ ထုံနေအောင် ဆွတ်ထားသော နန်း အပြုံးကလေးတွေမှာ သိပ်သည်းဆ ဘယ်လောက်ရှိလဲ သူစဉ်းစားရင်း နန်းတို့နှစ်ယောက်နှင့် ရပ်ထားသော ကားဆီ ပြန်ထွက်လာခဲ့သည်။ ပြီးတော့ သူ တိုင်းရင်းသားကျေးရွာထဲတွင် တစ်လမ်းဝင် တစ်လမ်းထွက် ကားမောင်းလာရင်း ရှုခင်းကောင်းသော နေရာတွေမှာ ကားရပ် ၍ နန်းကို ဓာတ်ပုံရိုက်ပေးသည်။
ဒီရေတောတွေရှိရာရောက်တော့ နန်း ဆံပင်ခွဲကြောင်းကလေးကြားက ဦးရေပြား စိမ်းစိမ်းကလေးကို အမှတ်တမဲ့ကြည့်ရင်း ပမာဏတွေ တနေ့တခြား ကျဆင်းလာနေသော ဒီရေတော တွေအကြောင်း သူသိသမျှ ရှင်းပြမိသည်။ နန်းက ရွှံ့စပ်စပ်ပေါ် ပြေးနေသော ကဏန်းကလေး တစ်ကောင်ကို  သစ်သား တံတားကလေးပေါ်တွင် ဆောင့်ကြောင့်ထိုင်၍ လိုလိုလားလား ကြည့်နေသည်။
ရိုးရာအိမ်ကလေး တွေနှင့် အတိပြီးသော လမ်းကလေးကို ဖြတ်သန်းရင်း မွန်ရိုးရာ အိမ်ကလေးတစ်အိမ် အပေါ်ထပ်ရောက်တော့ နို့နှစ်ရောင် အင်္ကျီလက်ရှည်ကလေးနှင့်  အပြုံးကလေးတွေကို တကူးတက ဝတ်ခိုင်းစရာ မလိုသော နန်းကို  သူ ဓာတ်ပုံရိုက်ပေးသည်။
လမ်းတစ်ဖက်ခြမ်း နောက်ဘက်မှာ သင်ဖြူးခင်းထားသလို ဖြစ်နေသော ရေကန်ကြီး ရှိရာက လှုပ်လီလှုပ်လဲ့ လျှောက်လာသော လေညင်း နုနုနယ်နယ် ကလေးတွေက အထူးတလည် ပြုပြင်စီရင် မထားသော နန်းဆံနွယ် သွယ်သွယ်လျလျကလေးတွေကြားတွင် သဘောထား ကွဲလွဲခြင်းမရှိဘဲ သာသာယာ ယာ လွင့်ဝဲနေကြသည်။

ထိုည ညစာကို သူ နန်းတို့ ညီအစ်မနှစ်ယောက်နှင့် ဆရာစံလမ်းထဲရှိ မီးလုံးဝါဝါကလေးတွေ ထွန်းထားသော အနောက်တိုင်းဆန်ဆန် ဆိုင်ကလေးတစ်ဆိုင်မှာ စားသည်။ နန်းက သူ့ထက် အရင်ဦးအောင် သူ့ပန်းကန်ထဲ ဟင်းတွေ ထည့်ပေးတော့ နားမလည်ချင် ယောင်ဆောင်လို့ မရတော့သော စိတ်တွေနှင့် “ကျေးဇူး” ဟု သူ ပြောလိုက်ရသည်။ ပြီးတော့ နန်းထက် အရင်ဦးအောင် သူ ပိုက်ဆံရှင်းပေးလိုက်ပြီး နန်း တို့နှစ်ယောက်နှင့် ဆိုင်ကလေးထဲက ပြန်ထွက်ခဲ့သည်။ နန်းအစ်မကို ယောက်လမ်း ပြန်ပို့အပြီးထိုနေ့ည နန်း နှင့်သူ စာအုပ်ဆိုင် ထပ်ရောက်တော့ ဂျင်းဂျက်ကက်ကလေး အောက်က **I Love L.A** ဟု စာတန်း ရေးထိုးထား သော အညိုရောင် တီရှပ်ကလေး ဝတ်ထားသော နန်းက ဇူလိုင်လထုတ် ရွှေအမြုတေကို တခုတ်တရ မေးသည်။ စာအုပ်က မထွက်သေးသောကြောင့် နန်း အခြားစာအုပ်ပဲ ငှားလိုက်ရသည်။ နန်းပြန်ဖို့ နှစ်ရက်ပဲလိုတော့ ကြောင်း သူတွေးလိုက်မိရင်း ပန်းဆိုးတန်းရှိ စာအုပ်ဆိုင်ကြီးများတွင် နောက်နေ့ သွားမေးရန် ဆုံးဖြတ်လိုက်သည်။ နောက်တစ်ရက် ပန်းဆိုးတန်းရောက်တော့ ရွှေအမြုတေက မထွက်သေး။ နောက်တစ်ရက် ထပ်ရောက် ပြန်တော့လဲ မထွက်သေးကြောင်း စာအုပ်ဆိုင်တွေထံမှ သူ သိရသည်။ တစ်လက်စတည်း ထင်လင်း ဘာသာပြန် သည့် “အေဂျေခရိုနင်း” ၏ “အဆိပ်” ဝတ္ထုကိုလည်း လက်ဆောင် ပေးချင်သောကြောင့် “အမေ့အိမ်” ထဲ ဝင်မေးတော့ သူနှင့် နည်းနည်းပါးပါး သိနေသည့် အရောင်းဝန်ထမ်း ကောင်မလေးက “အဆိပ်တော့ မရှိဘူး၊ ငါးဆယ်ပဲ ရှိတယ်” ဟု နောက်နေသည်။
“အဆိပ်” ကို သူ့အပေါင်းအသင်း စာအုပ်ဟောင်း ရောင်းသူတွေထံမှ အပါအဝင် ဘယ်မှာမှ ရှာမတွေ့ဘဲ လက်လျှော့လိုက်ရပြီး မနက်ဖြန် နန်း ပြန်တော့မည် ဖြစ်သောကြောင့် သူ ရွှေအမြုတေ မဂ္ဂဇင်း အဟောင်းတစ်စောင်ကို ကောက်လှန်ပြီး စာအုပ်ဖြန့်ချိရာကို ကြည့်လိုက်တော့ ၃၇လမ်း အထက်လမ်းရှိ ဇဗ္ဗူတလူစာပေ ဖြစ်နေသည်။ သူ့အိမ်ရှိရာ ပြန်လာရင်း အထက်လမ်းဘက် စာအုပ်တိုက်ရှိရာ သွားလိုက်သည်။ စာအုပ်တိုက်က မနက်ဖြန်မနက် မဂ္ဂဇင်း ထွက်မည်ဟု သူ့ကိုပြောသည်။

ထိုညနေက နန်းလည်း ပြန်ရန် ပစ္စည်းများထုပ်ပိုးရင်း အလုပ်ရှုပ်နေခဲ့သည်။ သူ ကတော့ ယောက်လမ်းရှိ နန်းအစ်မဝမ်းကွဲတော်သူ အိမ်နှင့် **Panorama** လူးလာခေါက်တုံ့နေသော နန်းကို လိုက်ပို့ရင်း တစ်နေကုန်ခဲ့သည်။ ညနေလေးနာရီလောက်မှ နန်းက ကောက်ကာငင်ကာ ဗိုလ်ချုပ်ဈေးသွားမည်ဟု ပြော သည်။ ကားတွေ လူတွေနှင့် ရှုပ်ယှက်ခတ် နေသော ဗိုလ်ချုပ်ဈေးထဲ အသိဆိုင်သို့ ဝင်သွားသော နန်းကို စောင့်ရင်း မုန့်စိမ်းပေါင်းသည် မြင်ရသည်နှင့် နန်းအတွက် ဝယ်လိုက်သည်။



နန်းက ခုချိန်ထိ မြန်မာမုန့်တွေကို သူ့ထက်ပင် အလေးအနက် ထားပုံရသေးသည်။
နန်းနှင့် နန်းသူငယ်ချင်း ပြန်ထွက်လာတော့ ညနေငါးနာရီ ထိုးတော့မည်ဖြစ်သည်။
သူ ကားပေါ်တွင် "မုန့်စိမ်းပေါင်း စားပါဦးလား"
ဟု လက်ထဲက အုန်းဆံနိုင်းချင်း မုန့်စိမ်းပေါင်းထုပ်ကို နန်းကို ပြောပြောပေးပေး
ပေးလိုက်တော့ နန်း ဆီက Thank you ဆိုသော အသံလေး ထွက်လာသည်။
တစ်ဆက်တည်း မုန့်စိမ်းပေါင်းထုပ်ကို လှမ်းယူသော နန်းလက်ဖျားကလေးနှင့် သူ
မတော်တဆ တွေ့ထိမိတော့ ဖသာတွေ ဝေဒနာတွေကတစ်ဆင့် သူ့စိတ်ထဲမှာ
ရစ်ချိတာစကေး ဘယ်လောက်မှန်း မသိသည့် လှုပ်ခတ်မှုတွေ ဖြစ်သွားသည်။
မုန့်စိမ်းပေါင်းကို နန်းက နစ်နစ်ခြိုက်ခြိုက် စားနေသည်။
ထို့နောက် ပြီးခဲ့တဲ့အပတ်က
တွေ့ခဲ့သော အရုပ်လေးတစ်ရုပ် ရန်ကင်းစင်တာ တွင် ဝယ်ချင်သည်ဆိုသော နန်းအတွက်
သူ ရန်ကင်းဘက်သို့ မောင်းခဲ့သည်။ ပြိုတော့မလို အုံ့နေသော မိုးသားတွေအောက်က ရန်ကင်းစင်တာထဲမှာ
နန်းတို့ အရုပ်ကလေးဝယ်ပြီးတော့ သူတို့ ဟိုတယ်သို့ ပြန်ခဲ့ သည်။
သူ အိမ်ခဏပြန်ပြီး နန်းအကြောင်းကို ဘယ်လိုမှ ခါချကြည့်၍ မရတော့သော စိတ်တွေနှင့် လေးလံညွတ်ပိရင်း နန်းဆီ အလိုအလျောက်
ပြန်ရောက်သွားတဲ့အခါ နန်းပစ္စည်းတွေ တဝက်လောက်တော့ သေသေသပ်သပ် ထုပ်ပိုးပြီးနေတာကို တွေ့ရသည်။ သူ နန်းကို
ဘယ်သွားဦးမလဲ မေးတော့ နန်းက စာအုပ် ဆိုင်သွား စာအုပ်တွေ ပြန်အပ်ပြီး လက်ဖက်ရည်ဆိုင် ထိုင်ချင်သည်ဟု သူ့ကိုပြောသည်။
နန်းအစ်မလည်း သူတို့နှစ်ယောက်နှင့် တူတူပါလာသည်။နန်းဆီက စာအုပ်တွေကို သူပဲ အပ်ပေးလိုက်တော့မည်ဟု ဆိုကာ ယူထားလိုက်ရင်း
ပန်းဆိုးတန်း တစ်ခြမ်းပွဲဗလီဘေးနားက ရွှေခရားကြီးရှေ့ သူတို့ ကားထိုးရပ်လိုက်တော့ ဆိုင်အပြင်ဘက် လမ်းမပေါ် ခုံတွေကြားတွင်
တစ်နေရာပဲ လွတ်နေသည်။ ဆိုင်ရှေ့လမ်းမပေါ်တွင် ထိုင်ရန် နန်းအတွက် မသင့်လျော်သဖြင့် သူတို့ ဆိုင်ထဲဝင်လာခဲ့သည်

နန်း စားချင်သည် ဆိုသော ပဲပလာတာနှင့် သူအတွက်ကတော့ လက်ဖက်ရည်ပဲ မှာလိုက်သည်။
နန်းက နန်းအစ်ကို သူ့ သူငယ်ချင်းဆီ ဘာမှာဦးမလဲဟု သူ့ကိုမေးလိုက်တော့မှ မနက်ဖြန် မနက် နန်း ပြန်တော့မည့်အကြောင်းက
သူ့ခေါင်းထဲ စေ့စပ်ကြောင်းလမ်း စရာမလိုတော့ဘဲ နေရာမလပ် ပြန်ဝင်လာသည်။ ဘာပဲဖြစ်ဖြစ် ဖြတ်ခဲ့ရသော လမ်းတွေမှာ
တုန်းကတည်းက သစ်ရွက်တွေ ကြွေကျခဲ့ပြီး ဖြစ်တာကို သူ သတိရရင်း "မမှာတော့ပါဘူး နန်းရာ၊ သတိရတယ်သာ ပြောလိုက်ပါတော့"
ဟု သူ ပြောပြီး "နန်းကော နောက်တစ်ခေါက် ဘယ်တော့ ပြန်လာဦးမလဲဗျ" ဟု နန်း ကို မေးလိုက်သည်။
နန်းက "ပြန်လာဦးမယ်၊ ဒီမှာ အရမ်း ပျော်တာပဲ၊ ဖြစ်နိုင်ရင် နောက်နှစ်တောင် ပြန်လာချင်တယ်၊ ဒါပေမယ့် ကျောင်းရှိသေးတော့
နောက် နှစ်နှစ်လောက်မှ ပြန်လာဖြစ်မယ် ထင်တယ်" ဟု သူ့ကို ပြန်ပြောသည်။
သူ တစ်ခုခု ပြန်ပြောဖို့ စဉ်းစားနေဆဲ နန်း အစ်မတော်က "ဝေမိုးတော့ နန်းကို လန့်နေတော့မှာပဲ၊ လိုက်ပို့ရလွန်းလို့"
ဟု ဆိုကာ သူ့ကိုနောက်သည်။ သူက စဉ်းစားစရာ မလိုပဲ အလိုအလျောက် "မဟုတ်တာ အစ်မရာ၊ ကျွန်တော်တို့က ဧည့်သည်
မျှော်နေတာပါ၊ ကိုယ့်ဆီ လာလည်တာပဲ ဝမ်းသာလှပါပြီ" ဟု အလိုက်သင့်ဆိုကာ ကွက်လပ်တွေ ပြည့်နေသော တစ်ခါမှ
မီတွယ်စရာ မရခဲ့ဖူးသောစိတ်နှင့် နန်း အကြောင်းတွေချည်း ဒီရေမြင့်သစ်ရင်း ဆိုင်အပြင်ဘက်ကို တစ်ချက်ကြည့်လိုက်သည်။
ရှဲခနဲ ကြော်သံလျှော်သံတွေ အခိုးအငွေ့တွေကြားမှ နန်းအတွက် မနက်ဖြန် တစ်ရက်လောက်ပဲ ထပ်အသုံးဝင်တော့မည့်
ပန်းဆိုးတန်း လမ်းမကြီးကို ဝါမှိုင်းသော မီးရောင်တွေအောက်မှာ သူ တွေ့သည်။

အိပ်မက်ထဲမှာ အိပ်မက်မက်နေရာမှ လန့်နိုးသလို လန့်နိုးလာသော နောက်တစ်နေ့မနက် ရှစ်နာရီ လောက်ကျတော့ သူ အိမ်ပေါ်က
ဆင်းလာပြီး ၃၇လမ်း အထက်လမ်းရှိ ဇဗ္ဗူတလူသို့ လာခဲ့သည်။ ဆိုင်တံခါး ဖွင့်ထားသောကြောင့် ဆိုင်ထဲဝင်လိုက်တော့ ရွှေအမြဲတေ
အသစ်က မဂ္ဂဇင်းများ ရိုက်နှိပ်ရာ ၄၂လမ်းရှိ ပုံနှိပ် တိုက်မှ ရောက်မလာသေးကြောင်း၊ ဆယ်နာရီလောက်ကျမှ ရောက်မည်ထင်ကြောင်း
ဆိုင်ထဲက လူတစ်ယောက် က သူ့ကို ပြောပြသည်။ သူ နန်းဆီ ကိုးနာရီလောက် အရောက်သွားရမှာကို တွေးမိပြီး
"နိုင်ငံခြားက ဧည့်သည်အတွက်ပါဗျာ၊ ၄၂ လမ်းဆိုတော့ အခု သွားယူပေးလို့ ရမလားမသိဘူး၊ ကျွန်တော့်မှာ ကား ပါပါတယ်"
ဟု ပြောလိုက်တော့ မနက်စောစောစီးစီး အသည်းအသန် ဖြစ်နေသော သူ့ကို ထိုသူက အားနာဟန် ဖြင့် ကြည့်ပြီး ၄၂လမ်းသို့
ဖုန်းလှမ်းဆက်သည်။

၄၂လမ်း ပုံနှိပ်တိုက်မှ သူ့အတွက် မဂ္ဂဇင်း တစ်အုပ်ကို လူတစ်ယောက်လွှတ်၍ ပေးပေးမည်ဖြစ်ကြောင်းပြောတော့ သူ အံ့လိုက်ကျင်းလိုက် ဝမ်းသာသွားသည်။ မိနစ် နှစ်ဆယ်လောက်နေတော့ ကုလားလေးတစ်ယောက်က ရွှေအမြုတေမဂ္ဂဇင်း အသစ်စက်စက်ကလေး လက်ထဲ ကိုင်ရင်း ဆိုင်ထဲဝင်လာသည်။

ဟိုး ပြီးခဲ့သည့် နှစ်ပေါင်းများစွာက ရွှေအမြုတေနှင့် မတူဘဲ အေဖိုးဆိုက်ဇ် အရွယ် ယခင်ထက် ပါးပါးဖြစ်နေသော သည်တစ်လ ရွှေအမြုတေကလေး၏ မျက်နှာဖုံးက အိန္ဒြာကျော်ဇင် ကတော့ နေကာမျက်မှန်တစ်လက်ကို တပ်လျက် သူ့ကို ပြန်ကြည့်နေသည်။ သူ မဂ္ဂဇင်းကိုယူပြီး နန်းရှိရာဆီရောက်တော့ နန်းက သွားရန် အသင့်ဖြစ်နေပြီဖြစ်သည်။ သူ့ကားကို လေဆိပ်လိုက်ပို့မည့် နန်းသူငယ်ချင်း သုံးယောက်ကစီး၍ နန်းကတော့ နန်းတို့ အမျိုးတစ်ယောက် ကားနှင့် လိုက်လိမ့်မည်ဟု သူ နန်း သူငယ်ချင်းမတစ်ယောက်ဆီက သိရသည်။
သူတို့ ကားနှစ်စီး ဟိုတယ်ရှေ့က ပြိုင်တူ ထွက်လာချိန်တွင် စောစောက သူ ရုပ်ကြယ်ကို ဆွတ်သလို ဝယ်ခဲ့ရသော ရွှေအမြုတေ ကလေးကသူ့ ပေါင်ပေါ်ဘေး ဂီယာတံနောက်တွင် ငြိမ်ငြိမ်သက်သက် ပါလာခဲ့သည်။
သူ နန်းသူငယ်ချင်းတွေနဲ့ စကားပြောရင်း ဟိုးလွန်ခဲ့သော ခြောက်နှစ်တုန်းကလဲ ခုလိုပဲ ထိုစဉ်တုန်းက ပီဘိ မြန်မာမကလေး နန်းကို သူ အခု မောင်း နေသော ဆူပါဆလွန်းကားနှင့်ပင် လေဆိပ်သို့ လိုက်ပို့ပေးခဲ့ရတာ ပြန်သတိရလာသည်။
လေဆိပ်နား ရောက် ခါနီးတော့ စာအုပ်ကို နန်းကိုပေးရန် နန်းသူငယ်ချင်းမကို လှမ်းပေးလိုက်သည်။

သူတို့ လေဆိပ်ဝင်းထဲ လေဆိပ် အဆောက်အဦ အဝင်ဝတွင် ကားတွေရပ်ပြီးတော့ ပစ္စည်းတွေ ကားပေါ်က ချကြသည်။ နန်းသူငယ်ချင်းတွေကို မေးကြည့်တော့ အပြန်တွင် သူ့ကား မလိုအပ်တော့၊ နန်းတို့ အမျိုးကားနှင့်ပဲ သူတို့ လိုက်ပြန်တော့မည်ဟု ပြောသောကြောင့် သူ လေဆိပ်ထဲ လိုက်မဝင်တော့ဘဲ ပြန်ရန် ဆုံးဖြတ်လိုက်သည်။ လေဆိပ်ဝင်းထဲ ကားကြာကြာ ရပ်လို့မရသောကြောင့် သူ အပြေးတပိုင်းပဲ အထုပ်တွေနှင့် အဆောက်အအုံ အဝင်ဝတွင် အလုပ်ရှုပ်နေသော နန်းကို ကပျာကသီ နှုတ်ဆက်လိုက်သည်။ နန်းထံမှ
"လိုက်ပို့တာတွေ အရမ်းကျေးဇူးတင်တယ်နော်"
ဟူသော အသံ ဖြူလွလွကလေးနှင့် အဓိပ္ပာယ်ကို ဘယ်ဓာတ်ခွဲခန်းမှာမှ ခွဲနိုင်မည်မထင်သည့် အံ့သြဖို့ ကောင်းလောက်အောင် စိတ်ထဲ တွယ်ကပ်ခဲ့ပြီဖြစ်သော အပြုံးကလေးက သူ့ဆီ ရောက်လာသည်။
"ရတယ် နန်း၊ နောက်တွေ့မယ်ဗျ နော်"
ဟု ဘာ အိုဗာအက်တင်မှ မပါဘဲ ဘာမှ မခံစားရသလို ပကတိအတိုင်း သူပြန်ပြောရင်း နန်းနှင့်တကွ နန်းအစ်မနှင့် နန်းသူငယ်ချင်းအားလုံးကို ခြုံ၍ ပြည်ဖုံးကားချ နှုတ်ဆက်လိုက်ပြီး သူ့ကားရှိရာ ပြန်လာခဲ့သည်။

နောက် ဆယ့်ငါးမိနစ်လောက်နေတော့ သူ့ကားကလေးက ပြည်လမ်းပေါ်တွင် ပြေးနေသည်။ နောက် နှစ်နာရီ လောက်နေတော့ သူ လမ်းဘေး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်ရင်း ဆိုင်နံဘေးမှ ဖြတ်သွားသော လူတွေ ကားတွေကို ထုံးစံအတိုင်း အဓိပ္ပာယ်မဲ့ ငေးကာ ဆေးလိပ်သောက်နေသည်။ အခုလောက်ဆို နန်း တစ်ယောက်တော့ လေယာဉ်ပေါ် ပါသွားလောက်ပြီ။ ခက်တာက သူက ရန်ကုန်မြို့ တစ်နေရာက မြေကြီး ပေါ်မှာ ကျန်နေခဲ့ခြင်း ဖြစ်သည်။ ။

ညိုထက်ညို (၂၀၀၆)





# အာရုံစေရာ

## မော်ကင်းလေး

ယခုပြောပြမည့် အကြောင်းအရာ
အဖြစ်အပျက်ကို စာရှုသူများ
လက်ခံယုံကြည်မည်ဟု
မမျှော်လင့်ပါ။ သို့သော်
ဤအဖြစ်အပျက်သည်
တကယ်ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပြီး
အမှန်တကယ်
ကြုံတွေ့ခဲ့ရသည်ကို ကျွန်ုပ်သည်
ဖြည့်စွက်ခြင်း ထုတ်နုတ်ခြင်း
အလျဉ်းကင်းစွာဖြင့်
ပြန်ပြောပြခြင်းဖြစ်ကြောင်းကို
ကျိန်ဆိုဝံ့ပါသည်။
မည်သို့ဆိုစေ ကျိန်တွယ်ပြရုံနှင့်
ဆန်းကျယ်လှသော
အဖြစ်အပျက်ကြီး
တကယ်ဖြစ်ခဲ့ပါသည်ဟု
စာရှုသူများ လက်ခံယုံကြည်
လိမ့်မည်ဟု မျှော်လင့်ပါလျှင်
ကျွန်ုပ် ရူးနေ၍သာ
ဖြစ်လိမ့်မည်ဟု နားလည်ပါသည်။

*

**လောဘတွေ ဒေါသတွေ မောဟတွေ
အဲဒါတွေရဲ့ ဆန့်ကျင်ဘက် အလောဘတွေ
အဒေါသတွေ အမောဟတွေ
ဒါတွေနဲ့ လောကကြီးကိုတည်ဆောက်
ပြီးတော့ သံသရာကြီးကို
လမ်းလျှောက်လာခဲ့ကြသူတွေချည်း
မဟုတ်လား။ အာရုံနဖားကြိုး မဖြတ်နိုင်သမျှ
အာရုံစေရာ အာရုံဆွဲခေါ်ရာ
လိုက်ပါနေရဦးမယ်....**

၁

အဖြစ်အပျက်ကြီးတစ်ခုလုံးသည် အိုဟောင်းနေပြီ ဖြစ်သော ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းအတွင်း၌ ဖြစ်ပျက်ခဲ့ခြင်းဖြစ်လေသည်။

နေးကွေးလေးလံသော ခြေလှမ်းများနှင့် ကျောင်းတော်ကြီး၏ မုခ်ဦးဝသို့ ကျွန်ုပ်တို့ ရောက်ရှိသွားချိန်သည် ငွေရောင်နှင်းခဲများ၏ သိပ်သည်းထူထည်းစွာ ဖုံးလွှမ်း ဖိနှိပ်ထားခြင်းကို ခံနေရသဖြင့် အလိုလိုနေရင်း ဒေါသထွက်နေကြသည့် တောင်တန်းကြီးများက နေမင်းကြီးကို စုပ်မြိုချလိုက်ပြီးစ အချိန်တွင်ဖြစ်လေ၏။

တစ်ဦးကိုတစ်ဦး ဖေးတွဲကာ ဒယီးဒယိုင် လှမ်းလျှောက်လာသည့် ကျွန်ုပ်တို့နှစ်ဦးကို နှင်းစများ စိုရွှဲနေသော မှိုင်းထေးညစ်ရော်နေသည့် မဟာရံတံတိုင်းကြီးသည် ရေညှိပင်များ နှင်းစများကို စောင်ပမာ ခြုံလွှမ်းထားရင်းမှ အေးစက်စက်အကြည့်နှင့် ကြည့်နေခဲ့သော်လည်း မုခ်ဦးကြီးကမူ ကွဲကွာနေသော မိတ်ဆွေများကို ပြန်တွေ့ရသဖြင့် ဝမ်းသာအယ်လဲ ဆီးကြိုဟန်နှင့် သူ၏ရင်ဘတ်ကြီးကိုဖွင့်ကာ ပြုံးရွှင်စွာ ဆီးကြိုရှာပါသည်။

မုခ်ဦးမှ ကနုတ်များသည် မြန်မာဟန်ထက်ပို၍ နွဲ့သည်၊ ပြောင်းသည်၊ ပါးလျားသည်၊ မြင့်မားသည်။ ကွာကျနေသော သစ်စေးများ ရွှေဆိုင်းစများ ဟင်္သပြဒါးများက မုခ်ဦး၏ တစ်ချိန်က ခန့်ညားထည်ဝါခဲ့ပုံကို ပြန်ပြောင်းပြောပြနေသယောင်ရှိ၏။ မုခ်ဦးပေါ်တွင် မြန်မာစာနှင့်ဆင်သော လုံးဝိုင်းသည့် အက္ခရာနှင့် ရေးသားထားသည့် စာအချို့ကို တွေ့ရသော်လည်း ကျွန်ုပ်တို့နှစ်ဦးစလုံး မဖတ်တတ်ကြပါ။ တိုင်းရင်းသား ဘာသာတစ်မျိုးမျိုး ဖြစ်ပါလိမ့်မည်။

မုခ်ဦးကိုဖြတ်စဉ် နှင်းခဲများကျဆင်းနေမှုက ပိုမိုသည်းထန်လာသည်။ ပင်ပန်းနွမ်းနယ်မှုနှင့် အအေးဒဏ်ကြောင့် ကျွန်ုပ်တို့နှစ်ဦးစလုံး၏ ခြေလှမ်းများက ဒယီးဒယိုင်။ ဘုန်းတော်ကြီးကျောင်းများ၏ ထုံးစံအတိုင်း ကျောင်းဝင်းအတွင်း သစ်ပင် ပန်းမာလ်များ စိုက်ပျိုးထားကောင်း စိုက်ပျိုးထားမည်ဖြစ်သော်လည်း ကျွန်ုပ်တို့ မြင်တွေ့နေရသော ကျောင်းပရဝဏ်တစ်ခုလုံးသည်ကား နှင်းခဲများ၏ ကြီးစိုးထားခြင်းအောက်ဝယ် နစ်မြုပ်အိပ်မောကျ နေရှာသည့်နှယ်။

မုခ်ဦးမှ မီတာ ၄၀၀ခန့်အကွာတွင် ကျောင်းအိုကြီးတည်ရှိသည်။ ကျောင်းတော်ကြီးမှာ အိုမင်းဟောင်းမြေ့မှုကြောင့် မှိုင်းရီနေသော်လည်း တချိန်က သူ၏ ရွှေရောင်တောက်ပခဲ့သော နေ့ရက်များ၏ အငွေ့အသက်များနှင့် လွှမ်းခြုံ ရစ်သိုင်းထားဆဲ။

ဖြူဖွေးနေသော နှင်းတောအလယ်တွင် ကျောင်းတော်ကြီးကား မည်းမှောင်နေလေ၏။

အတွင်းမှ မီးရောင်လက်လက်ကို မြင်ရသလား ထင်မိသော်လည်း ၎င်းသည် ပင်ပန်းမှုနှင့် အအေးဒဏ်ကြောင့် ဝေရီနေသော ကျွန်ုပ်၏ အမြင်အာရုံများ ထွေလီမှုကြောင့်လည်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မည်းမှောင်မှိုင်းကုပ်စွာနှင့် နှင်းတောထဲ ဆောင့်ကြောင့်ထိုင်ကာ ကျွန်ုပ်တို့အား ငုတ်တုတ်ထိုင်ကြည့်နေသည့်ပမာ ကျောင်းတော်ကြီးမှာ အနီးသို့ ရောက်ရှိသွားသည့်တိုင် တုတ်တုတ်မျှမလှုပ်ချေ။

မှုန်သီရီဝေ၍ ပါးလျားလွန်းသည့် အလင်းရောင်အောက်တွင် ကျောင်းတော်ပေါ်သို့ တက်နိုင်သည့် နဂါးရုပ် လက်ရမ်းနှင့် လှပစွာတန်ဆာဆင်ထားသော ကြီးမားလွန်းသည့် လှေကားကြီးတစ်စင်းကို ကျွန်ုပ်တို့နှစ်ဦး တွေ့ရသည်။ လှေကားကြီးကား အိုမင်းဟောင်းနွမ်းကာ အဆင်းမဲ့ကင်းနေငြား ခန့်ဆဲ ထည်ဆဲ ခိုင်ဆဲ မာဆဲ။

လှေကားအနီးသို့ ကပ်သွားသောအခိုက် ဂူး ... ဝုတ် ... ဝုတ် ... ဟူသောအသံနှင့်အတူ လေးလံနေးကွေးသော ခြေလှမ်းများနှင့် ကျွန်ုပ်တို့အနီးသို့ အရောင်မသဲကွဲသည့် ခွေးကြီးတစ်ကောင် တိုးကပ်လာသည်။

**အိုဟောင်းနေပြီ ဖြစ်သော ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းအတွင်း၌ ဖြစ်ပျက်ခဲ့ခြင်းဖြစ်လေသည်။**

ရုတ်တရက် လန့်ဖြန့်ကာ ခွေးရန်မှကာကွယ်ရန် နှစ်ယောက်သား ပြင်ဆင်လိုက်မိသော်လည်း ခွေးကြီး၏ ပုံသဏ္ဌာန်မှာ ရန်မူမည့်ဟန်ထက် မြင်တာကြာသောမိတ်ဆွေများကို ဝမ်းပန်းတသာ နှုတ်ဆက်နေဟန် ဖြစ်သည်ကို သတိထားမိလိုက်၏။

ထိုအခိုက် ...

"စိတ္တကြီး .. ဘာတွေကို ဟောင်နေရပြန်တာလဲ" ဟူသော တုန်ရီကွဲအက်နေသည့် အသံနှင့်အတူ လှေကားထက်၌ မီးရောင်လက်လက်ကို လှမ်းမြင်လိုက်ရသည်။

ပင့်မြှောက်ထားသော မှိန်ပြပြ ဖယောင်းတိုင်မီးအုပ်လေး၏ အလင်းရောင်အောက်ဝယ် မျက်နှာထက်ဇရာက ရေးခြစ်ထားခဲ့သော အရေးအကြောင်းပေါင်းများစွာနှင့် ဘုန်းကြီးအိုတစ်ပါး။

"တပည့်တော်တို့ ခရီးသွားတွေပါဘုရား" ဟု မိတ်ဆွေဖြစ်သူက လျှောက်တင်လိုက်သောအခါ ဘုန်းကြီးအိုမှ ဝမ်းသာအားရဟန်ဖြင့် "အိုး .. မြန်မာတွေပါလား လာကြလာကြ တက်လာကြ စိတ္တကြီးက အန္တရာယ်မပြုပါဘူး ဒကာလေးတို့ကို နှုတ်ဆက်တာပါ" ဟု ဖိတ်ခေါ်လေ၏။

*

၂

ကျောင်းမှာ အိုမင်းဟောင်းမြည့်နေပြီ ဖြစ်သော်လည်း နည်းပါးလွန်းသော အလင်းရောင်ထဲ၌ပင် သူ၏တစ်ချိန်က တောက်ပခဲ့သော ရွှေရောင်နေ့ရက်များအကြောင်းကို လှမ်းပြောနေသယောင် မြင်တွေ့နေရသေးသည်။ ရွှေများ၊ ဟသ်ာပြဒါးများ ကွာနေသော လူတစ်ဖက်စာ တိုင်လုံးကြီးများ၊ မှန်စီရွှေချ ကနုတ်ပန်းများ၊ ပန်းပုလက်ရာများ စသည်တို့ကို ဘုန်းတော်ကြီးအို လှမ်းလျှောက်သွားတိုင်း တလက်လက် လှုပ်ခါသွားသည့် ဖယောင်းတိုင် မီးအုပ်ဆောင်း ကလေးမှ ဖြာထွက်နေသောအလင်းအောက်ဝယ် ပြိုးခနဲ ပြက်ခနဲ လှမ်းတွေ့နေရသည်။

အနည်းငယ်သော မီးရောင်တိုးထွက်နေသော ကျောင်းခန်းမ အလယ်တွင် တငွေ့ငွေ့ တောက်လောင်နေသော မီးတစ်ဖိုရှိကာ ခန်းမကြီးကို အလင်းနှင့်အနွေးဓာတ်ကို ပေးနေလေသည်။ မီးဖိုအနီး ရောက်သောအခါ ထိုင်ကြဦးဟု ဘုန်းတော်ကြီးက ပီသသည့် မြန်မာသံနှင့်ပြောချိန်တွင် ပင်ပန်းမှု၊ ညောင်းညာနာကျင်မှု၊ ဆာလောင်မွတ်သိပ်မှု နှင့် ချမ်းအေးမှုများကို မနိုင်မနင်း ထမ်းပိုးထားရသည့် ကျွန်ုပ်တို့၏ ခြေထောက်များသည် မီးဖိုအနီးတွင် ပျော့ခွေကွေးညွတ် ကျသွားခဲ့လေသည်။

မီးဖို၏အလည်တည့်တည့်တွင် ကြိုးဖြင့် ချိတ်ဆွဲထားသော မြေခရားကြီးတစ်လုံးရှိပြီး နဂါး တစ်ကောင်ပမာ အငွေ့တစ်ထောင်းထောင်းနှင့် တခွီးခွီး နှာမှုတ်သံ ပေးနေလေ၏။

ဘုန်းတော်ကြီးက ပိန်လှီလွန်းလှသည့် သူ၏ လက်များနှင့် မြေခရားကို မီးဖိုထက်မှ ဆွဲယူလိုက်၏။ ထို့နောက် အနားရှိ ကြေးအိုးလေးထဲမှ သစ်မြစ်တုံးလေးများနှင့်ဆင်သော အတုံးကလေးများကိုနှိုက်၍ မြေခွက်နှစ်လုံးထဲ ထည့်လိုက်ပြီး ရေနွေးလောင်းငှဲ့ထည့်လိုက်၏။ အငွေ့တထောင်းထောင်းနှင့် ရေနွေးကြမ်းများ။

ရေနွေးကြမ်းခွက်ကို ကမ်းပေးရင်း ဖြည်းဖြည်း မှုတ်သောက် လျှာကျက်သွားလိမ့်မယ် ဟူသော ဘုန်းတော်ကြီး၏ သတိပေးချက်ကို အလေးမထားတော့ဘဲ ဆာလောင်ပင်ပန်းမှုကြောင့် တုန်ရီနေသော လက်များနှင့် ကမ်းယူ၍ ကျွန်ုပ်တို့နှစ်ဦးသား အငမ်းမရ သောက်မျိုချလိုက်ကြ၏။ လျှာကျက်လုမတတ် အပူသည် ခံတွင်းမှ လည်ချောင်းကို ဖြတ်ကာ ဝမ်းဗိုက်အတွင်း ပူနွေးစွာ စီးဆင်းသွားလေ၏။

ရေနွေးကြမ်း၏ အရသာမှာ ကျွန်ုပ်တို့ သောက်ဖူးနေကျ လက်ဖက်ကြမ်းကဲ့သို့ ဖန်ဆိမ့်ခါးခါး အရသာမျိုး မဟုတ်ပါ။ ချိုပေါ့ပေါ့အရသာရှိ၏။

စိတ်ထင်၍လားမသိ ပူလောင်နေသော ရေနွေးကြမ်း တစ်ကျိုက်သည် ချမ်းအေးမှုနှင့် မောပန်း နွမ်းနယ်ခြင်းတို့ကို ကျွန်ုပ်တို့၏ ခန္ဓာကိုယ်မှ ချက်ခြင်းပင် မောင်းထုတ်ပစ်လိုက်သည့်နှယ် ခံစားမိ၏။ ခွက်အတွင်း ကျန်နေသေးသည့် ရေနွေးကြမ်းများ ကုန်စင်သွားအောင် သောက်ပြီးချိန်တွင် ကျွန်ုပ်တို့ခန္ဓာကိုယ်အတွင်းဝယ် မောပန်းမှုသည်လည်းကောင်း၊ ဆာလောင်မှုသည် လည်းကောင်း၊ ချမ်းအေးမှုနှင့် စိတ်ပျက် အားငယ်မှုများ သည်လည်းကောင်း စိုးစိမျှပင် ကြွင်းရစ် မနေတော့သည်ကို အံ့သြစွာ သတိထားမိလိုက်ကြပါသည်။

“ကဲ ဒီညတော့ ဒီမှာပဲ မီးလှုံရင်း နေသာသလို နေကြတော့ .. မနက်အတွက်က မနက်မှ စဉ်းစားကြပေါ့” ဟု ပြောရင်း ဘုန်းတော်ကြီးက တုန်ချည့်ဖြည်းနှေးစွာ ထိုင်ရာမှထလိုက်၏။



"အရှင်ဘုရား ဒီရေနွေးကြမ်းက တပည့်တော်တို့ရဲ့ ပင်ပန်းနွမ်းနယ်မှုနဲ့ အင်အားမဲ့နေတာကို ယူပစ်လိုက်သလိုပဲ ဘုရား.. ရေနွေးထဲ ထည့်လိုက်တဲ့ သစ်တုံးလေး တွေရဲ့အမည်ကို တပည့်တော်တို့ သိပါရစေ" ဟု ကျွန်ုပ်မေးလိုက်သည်ကို " ပျားရည်နဲ့စိမ်ပြီး အခြောက်လှန်းထားတဲ့ မချစ်ဥတွေပါကွာ၊ ဟို အိုးထဲမှာ အများကြီးပဲ၊ ဒါပေမယ့် မင်းတို့ ဒီတစ်ခွက်နဲ့တင် ဒီညအဖို့ လုံလောက်ပါပြီ" ဟု ဘုန်းကြီးအိုက ဖြည်းညှင်းလေးကန်စွာ လျှောက်သွားနေရင်းမှ နောက်သို့ပြန်မလှည့်ကြည့်ဘဲ ပြန်ဖြေလေ၏။

အသစ်ပြန်လည်ပြည့်ဖြိုးလာသော အင်အားနှင့် လန်းဆန်းမှုများက မကြာသေးမီအချိန်အထိ ရပ်ဆိုင်းလုမတတ် နှေးကွေးနုံချည့်နေသော ဦးနှောက်ကို တဖန်ပြန်၍ အသက်ဝင်စေပါသည်။

ကျောင်းခန်းမကြီးမှာ အလွန်ကြီးမားလှပြီး ကျောက်သားများ၊ ထုထည်ကောင်းသော သစ်သားချောင်းများနှင့် တည်ဆောက်ထား၏။ ခေါင်မိုးများကို လေးထောင့်ကျောက်တိုင်များနှင့် ပင့်ထောက်ထားပြီး ထိုတိုင်များတွင် မီးတုတ်ထွန်းညှိရန် ကြေးအိုးများ တပ်ဆင်ထားသော်လည်း ဂန္ဓကုဋီတိုက်အနီး ကျောင်းတိုင်ရှိ မီးတုတ်နှစ်ချောင်းသာ ထွန်းညှိထားပါသည်။

ကြမ်းပြင်ကို ကျောက်ပြားများဖြင့် တည်ဆောက် ခင်းကျင်းထားပြီး ကျောင်းသင်္ခန်း၏ အပြင်အသွင်သဏ္ဍာန်ကဲ့သို့ပင် ခန်းမကြီးတွင်လည်း ထူးဆန်းလှသော ပိသုကာလက်ရာများနှင့် တန်ဆာဆင်ထား၏။ ထိုသို့ ကြီးမားသော အုတ်တိုင်များ သစ်သား ထုတ်၊ ယောက်၊ ဒိုင်းများနှင့် ခန့်ထည်စွာ တည်ဆောက်ထားသော်လည်း ခန်းမကြီးသည် ပြုပြင်သူအားနည်း၍လားမသိ မှိုင်းမှုန်ရီဝေလျက်၊ ခန်းမအလယ်တွင် တည်ထားသော မီးဖိုကြောင့် နံရံနှင့် မျက်နှာကြက်များတွင် ကျပ်ခိုးများ စွဲကပ်ညစ်ထေးနေလေသည်။

ဂန္ဓကုဋီတိုက်သည် ခန်းမကြီး၏ထိပ်တွင်တည်ရှိကာ ဘုရားကျောင်းများ၏ထုံးစံအတိုင်း တစ်ဆင့်မြင့်ထား၏။ ကြီးမားသော ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်မှာ ခပ်မှိန်မှိန်မီးရောင်အောက်တွင် ရွှေဝါရောင်ဝင်းပနေသည့် မျက်နှာတော်ရှိပြီး နီဝါဝါသင်္ကန်းတော်မှာ ကျပ်ခိုး အလူးလူးနှင့် ဖြစ်၏။

ဘုန်းကြီးအိုက ဆင်းတုတော်၏ ခြေတော်ရင်းအနီးရှိ ဆီမီးခွက်အတွင်းမှ ကုန်လုလု ဖယောင်းတိုင်များကို အသစ် လဲလှယ်ပူဇော်နေလေသည်။ ဘုရား မီးပူဇော်ထားသော ဖယောင်းတိုင်၏ ဝါကျင်ကျင် အလင်းရောင် ထဲတွင် ဂန္ဓကုဋီတိုက်ရှိ ပုရပိုက်စင်များ စာအုပ်စင်များ နှင့် စာအုပ်ဗီရိုများကို လှမ်း၍ မြင်နေရသည်။

"တပည့်တော် မမှားဘူးဆိုရင် ဆင်းတုတော်ရဲ့ မူရင်းလက်ရာက တိဘက်လက်ရာပဲ ဒါပေမဲ့ မူလလက်ရာကို ရှမ်းအနုပညာတွေနဲ့ ပြန်မွမ်းမံထားတယ်လို့ ထင်ပါတယ်ဘုရား" ဟု ဝတ်ပြုဦးချအပြီးတွင် မိတ်ဆွေဖြစ်သူက လှမ်းပြောလိုက်သည်။

"ဒကာလေးက ဒီပညာရပ်မှာ အတော် ပေါက်ပေါက်မြောက်မြောက် လိုက်စားထားတာပဲ" ဟု ဘုန်းတော်ကြီးက ဗုဒ္ဓဝေယျာဝစ္စများပြုနေရာမှ နောက်လှည့်ကာ ပြုံးရင်းပြောလေ၏။ "ဟုတ်တယ် မူလက ဒီကျောင်းတော်ကို တည်ထောင် သီတင်းသုံးခဲ့တာ မဟာယာန တိဘက်ရဟန်းတော်တွေပေါ့၊ နောက်ပိုင်းမှာ ဒီဒေသကို ရှမ်းတွေ အခြေချလာတာနဲ့အတူ ထေရဝါဒ ရှမ်းရဟန်းတော်တွေက တိဘက်ရဟန်းတော်တွေနေရာမှာ ဆက်ခံသီတင်းသုံးလာကြရင်း ထေရဝါဒ ရှမ်းကျောင်း ဖြစ်သွားခဲ့တာ"

"ထေရဝါဒနဲ့ မဟာယာန ရဟန်း အတူသီတင်းသုံးလို့ ရလို့လားဘုရား" ဟု ကျွန်ုပ်က သံသယကြီးစွာ ဝင်မေးလိုက်သောအခါ ဘုန်းကြီးအိုက ပြန်လှည့်သွားပြီး တကုန်းကုန်းနှင့် အလုပ်ပြန်ရှုပ်နေရင်းမှ "ငြင်းခုံဖို့ ဝါဒပြိုင်ဖို့ ရဟန်းဝတ်ကြရင်တော့ ဘယ်အတူနေလို့ရပါ့မလဲလေ ဒါပေမဲ့ လွတ်မြောက်ကြောင်းအတွက် ရဟန်းပြုသူတွေ အတွက်ကတော့ ဘာပြဿနာမှမရှိပါဘူး" ဟု ပြန်ဖြေ၏။ ဘုန်းတော်ကြီး၏စကားကို ကျွန်ုပ် ဘဝင်မကျပါ။ သို့သော် တုံ့ပြန်လျှောက်မထားနိုင်မီ မိတ်ဆွေက "ပန်းချီကားတွေက ကောင်းလိုက်တာ" ဟု ရေရွတ်ရင်း ထိုင်ရာမှထကာ နံရံရှိ ပန်းချီရုပ်ပုံများအနီး တိုးကပ်သွားလေသည်။

"အာရုံရဲ့ ကျေးကျွန်တွေကို ထောင်ဖမ်းဖို့ အာရုံရဲ့ကျေးကျွန်တွေက ဖန်တီးထားကြတာလေ၊ ဟောဟိုမှာ ဖယောင်းတိုင်တွေရှိတယ် ယူသုံးကြ" ဟု ဘုန်းတော်ကြီးက လှမ်းပြောလိုက်၏။

နံရံထက်ဝယ် ဆေးရောင်စုံနှင့် ရေးဆွဲထားသည့် ပန်းချီကားများစွာ ရှိလေသည်။ အချို့ကားများ၏အောက်တွင် ကျွန်ုပ်နားမလည်သော ဘာသာနှင့်ရေးထိုးထားသည့် စာတန်းများရှိပြီး အချို့ကားများတွင် မရှိပါ။ ရဟန်းတော်များ၊ သားရဲတိရစ္ဆာန်များ၊ ရှုမျှော်ခင်းများ၊ အမျိုးသမီး၊ အမျိုးသား၊ လူပုဂ္ဂိုလ်များကို ပန်းချီကားများထဲတွင် တွေ့ရသည်။ ပန်းချီကားအများစုမှာ ကျပ်ခိုးများကြောင့် ဝေဝါးမှိုင်းမှောင်နေပြီး အချို့မှာ ဆေးများပင် လွင့်ပြယ်သွားခဲ့ပြီဖြစ်၏။ သို့သော် ပန်းချီကားများထဲမှ သက်ရှိသက်မဲ့အားလုံးသည် အသက်ဝင်လွန်းလှသည်။

"ကောင်းလိုက်တဲ့ ပန်းချီကားတွေဗျာ၊ နမြောစရာကြီး၊ ဒီလိုသာ ထိန်းသိမ်းသူမဲ့နေရင် မကြာဘူး ပျက်စီးကုန်တော့မှာ" ဟု မိတ်ဆွေက ခပ်ညည်းညည်းဆို၏။

"ဘာပန်းချီလဲဗျ ဒီလိုလက်ရာတွေ ကျွန်တော်မတွေ့ဖူးဘူး" ဟု ကျွန်ုပ်ကမေးသောအခါ မိတ်ဆွေက "တိဘက်ရယ် ရှမ်းရယ် တရုတ်ရယ် သုံးမျိုးရောနေတဲ့လက်ရာလို့ ကျွန်တော်တော့ထင်တယ်၊ စုတ်ချက်တွေက တရုတ်တစ်ကြောင်းဆွဲ စုတ်ချက်ရဲရဲကြီးတွေကို သုံးထားပေမဲ့ ဆေးရောင်ထည့်ပုံက တိဘက်ဆန်တယ်၊ ဒါပေမဲ့ ဝတ်စားဆင်ယင်တဲ့ပုံစံက ရှေးခေတ် တိုင်းရှမ်းတွေရဲ့ ဝတ်စားဆင်ယင်ပုံ ဖြစ်နေပြန်ရော၊ ကျွန်တော်ကတော့ ဒီပန်းချီကားတွေဟာ အနည်းဆုံး နှစ် ၇၀၀ လောက်က ကားတွေလို့ ယူဆတာပဲဗျို့"ဟု စိတ်လှုပ်ရှားစွာ ပြန်ပြောပါသည်။

သူ၏ အသက်မွေးဝမ်းကြောင်းဘာသာရပ်နှင့် လွန်စွာဝေးကွာလှသော်လည်း ရှေးဟောင်းအနုပညာကို အလွန်အကျွံစိတ်ဝင်စားသူ မိတ်ဆွေ၏မျက်လုံးများမှာ ပန်းချီကားများကိုကြည့်ရင်းမှ စိတ်လှုပ်ရှားမှုကြောင့် ပေါက်ကွဲ ထွက်တော့မတတ် တောက်ပရွှန်းလဲ့နေလေ၏။

တစ်နေရာတွင် အနီရောင်ပန်းများကို ပွေ့ပိုက်ထားသော အမျိုးသမီးတစ်ဦး၏ ပန်းချီကားကို တွေ့ရသည်။ အောက်တွင် စာအချို့ရေးသားထားသော်လည်း ထိုစာများသည် ကျွန်ုပ်မသိသော အက္ခရာများနှင့် ရေးသားထားသော စာများဖြစ်နေသည်။

ပန်းချီကားထဲမှ အမျိုးသမီးလေးမှာ အလွန်သက်ဝင်လှ၏။ မှေးမှိန်နေသော ဆေးရောင်ထဲ၌ပင် ကော့ညွတ်နေသော မျက်ခုံးလေးများ၊ နက်မှောင် ကော့ပျံနေသည့် မျက်တောင်များ ဝန်းပတ်ထားသည့် သောကြာကြယ် သဖွယ် ရွှန်းပနေသော မျက်လုံးတစ်စုံ၊ ဖောင်းစင်းသော နှာတံနှင့် ထိုနှာတံအောက်တွင် နီထွေးဖူးငုံနေသည့် နှင်းဆီဖူးသဖွယ် ဖူးအိနေသော နှုတ်ခမ်းအစုံ၊ ဝင်းဝါနေသော အသားအရည်နှင့် လည်တိုင်ကျော့ကျော့ ...

ကြည့်ရင်းမှ ပန်းချီကားထဲမှ အမျိုးသမီးလေးက သွားကလေးများပေါ်အောင် ပြုံးပြရင်း ကျွန်ုပ်အား လက်ပြလှမ်းခေါ်သည်ဟု မြင်လိုက်မိသည်။ သေချာပြန်ကြည့်တော့ အနီရောင်ပန်းများကို ပွေ့ပိုက်ထားသော မိန်းကလေးက နဂိုအတိုင်း အပြောင်းအလဲမရှိ။ အိပ်ငိုက်သွားတာဖြစ်မယ်ဟု ကိုယ့်ဖာသာကိုယ် သတိပေးလိုက်၏။ မိတ်ဆွေဖြစ်သူက ပန်းချီကားများကို တစ်ချပ်စီ အသေအချာကြည့်နေဆဲ ..

"ကျုပ်တော့ အိပ်ငိုက်ပြီဗျို့" ဟု နှုတ်ဆက်ရင်း ဘုန်းတော်ကြီးရှိရာ ဆင်းတုတော်ရှေ့သို့ ပြန်လာခဲ့ လိုက်ပါသည်။

ဘုန်းကြီးအိုမှာ ဆင်းတုတော်ရှေ့ရှိ သားမွေးချပ် တစ်ခုပေါ်ဝယ် လဲလျောင်းရင်း ပုရပိုက်တစ်ချပ်ကို ဖတ်ရှုနေ၏။ အနားသွား၍ ဘုရားနှင့် သူ့အား ဦးချသောအခါ "အိပ်ရင် ဟောဟိုက သားမွေးတစ်လိပ်ကိုယူသွားပြီး မီးဖိုနားမှာ သွားအိပ်ပေါ့ ဒီည နည်းနည်းတော့ အအေးပိုတယ်" ဟု လှမ်းပြော၏။

ရတ်ချည်းအလွန်အမင်း ငိုက်မြည်းလာမှုကြောင့် စကားမပြန်တော့ပဲ ညွှန်ပြရာ သားမွေးလိပ်ကိုယူကာ မီးဖိုအနီး ဖြန့်ခင်းရင်း ကိုယ်လုံးကိုပစ်လှဲ လျောင်းချလိုက်သည်နှင့် ရတ်ချည်းပင် အိပ်ပျော်သွားခဲ့လေတော့သည်။

*



၃

ပြင်းထန်လွန်းသော အအေးဒဏ်ကြောင့် လန့်နိုး လာသည်။

မီးဖိုက ငြိမ်းလုလု။

ဘုရားခန်းရှေ့ ကျောင်းတိုင်မှ မီးတုတ်နှစ်ချောင်းက ကျွမ်းလောင်နေဆဲ။ နည်းပါးလွန်းသည့် အလင်းရောင်ထဲ၌ လက်မှ ဒစ်ဂျစ်တယ်နာရီလေးက ၃ နာရီ ၄၈ မိနစ်ဟူ၍ အချိန်ကိုပြောပြနေ၏။ ဆင်းတုတော်ရှေ့တွင် လဲလျောင်း အိပ်စက်နေသော ဘုန်းတော်ကြီးကို ခပ်ဝါးဝါးလေး လှမ်းမြင်နေသည်။

မှိန်မှိုင်းသော အလင်းရောင်ပါးပါးလေးထဲတွင် ကျွန်ုပ် အမြင်အာရုံကို အစွမ်းကုန်မြှင့်ကာ လှည့်ပတ်ကြည့်ရှု့ သော်လည်း မိတ်ဆွေဖြစ်သူကို မတွေ့ရပါ။

ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

ထင်းခြောက်များကို စုစည်းကာ မီးကို ပြန်ဖို လိုက်သည်။

ပြန်လည်အားကောင်းလာသော အလင်းရောင်ကိုအားကိုး၍ ရှာဖွေသော်လည်း မိတ်ဆွေ၏ အရိပ်အယောင်ကို မတွေ့ရ။ ကျိန်းစက်နေသော ရဟန်းအိုကြီး မနိုးအောင် ခြေသံလုံလုံနှင့် ဖယောင်းတိုင်များထားရှိရာသို့ သွားကာ ဖယောင်းတိုင်အချို့ကို လှမ်းယူလိုက်သည်။

"အေးလို့ နိုးလာတာနဲ့တူတယ်" ဟု နိုးထလာသော ဘုန်းတော်ကြီးက လှမ်းပြော၏။

"ဒီဒေသရဲ့ အအေးက အလေ့အကျင့်မရှိရင် ခံနိုင်ဖို့မလွယ်ဘူး"

"တပည့်တော်ရဲ့ မိတ်ဆွေကို မတွေ့လို့ဘုရား" ဟု ရဟန်းအိုကြီးစကားကိုဖြတ်ခါ ကျွန်ုပ်ကပြောလိုက်သည်။

ဘုန်းတော်ကြီးက လဲလျောင်းရာမှ ဖြည်းညင်းလေးကန်စွာထလိုက်ရင်း "အင်း .. အရဏ် နီးပြီထင်ရဲ့" ဟုဆိုကာ မီးဖိုအနီးသို့ လျှောက်သွားလေ၏။

လူတိုင်းဟာ မျက်စိတံခါး၊ နားတံခါး၊
လျှာတံခါး၊ နှာခေါင်းတံခါး၊
ကိုယ်ကာယ အထိအတွေ့တံခါး၊
စိတ်တံခါး စတဲ့ တံခါးတွေကို
တဒေါက်ဒေါက်ခေါက်လို့ ရောက်လာတဲ့
အာရုံညှို့သည်တွေခေါ်ရာ ဒါမှမဟုတ်
အာရုံရဲ့ နဖားကြိုးဆွဲရာနောက်
ကောက်ကောက်ပါအောင် လိုက်ပါရင်း...

"တပည့်တော်ရဲ့ မိတ်ဆွေပျောက်နေလို့ဘုရား"

စိတ်မရှည်စွာ ထပ်လျှောက်လိုက်၏။

"အာရုံစေရာ ခရီးသွားနေကြသူတွေပဲ အာရုံစေရာ နောက် လိုက်သွားမှာပေါ့၊ ဒကာလေးကို သတိရတဲ့ အာရုံက ကျန်တဲ့အာရုံထက် ကြီးမားနေရင် ဒကာလေးဆီ ပြန်လာလိမ့်မယ်" ဟု ဆူပွက်စ ရေနွေးများကို ခွက်ကြီးတစ်လုံးထဲ ငှဲ့ချရင်း မထူးဆန်းသလို လှမ်းပြောလိုက်သော ဘုန်းတော်ကြီး၏စကားကို ကျွန်ုပ် နားမလည်ပါ။

"အရှင်ဘုရားပြောတာ တပည့်တော် နားမလည်ဘူး ဘုရ့"

"လူတိုင်းဟာ မျက်စိတံခါး၊ နားတံခါး၊ လျှာတံခါး၊ နှာခေါင်းတံခါး၊ ကိုယ်ကာယ အထိအတွေ့တံခါး၊ စိတ်တံခါး စတဲ့ တံခါးတွေကို တဒေါက်ဒေါက်ခေါက်လို့ ရောက်လာတဲ့ အာရုံညှို့သည်တွေခေါ်ရာ ဒါမှမဟုတ် အာရုံရဲ့ နဖားကြိုးဆွဲရာနောက် ကောက်ကောက်ပါအောင် လိုက်ပါရင်းက လောဘတွေ ဒေါသတွေ မောဟတွေ အဲဒါတွေရဲ့ ဆန့်ကျင်ဘက် အလောဘတွေ အဒေါသတွေ အမောဟတွေ ဒါတွေနဲ့ လောကကြီးကိုတည်ဆောက်ပြီးတော့ သံသရာကြီးကို လမ်းလျှောက်လာခဲ့ကြသူတွေချည်း မဟုတ်လား။ အာရုံနဖားကြိုး မဖြတ်နိုင်သမျှ အာရုံစေရာ အာရုံဆွဲခေါ်ရာ လိုက်ပါနေရဦးမယ်၊ အခုလည်း ဒကာလေးမိတ်ဆွေဟာ အားကောင်းတဲ့ အာရုံနဖားကြိုးတစ်ချောင်းရဲ့ ဆွဲခေါ်ရာ လိုက်သွားတာ ဖြစ်မှာပေါ့။ တကယ်လို့ ဒကာလေးအပေါ်ထားတဲ့ သူ့ရဲ့အာရုံကြိုးက သူ့ကိုဆွဲခေါ်သွားတဲ့ အာရုံကြိုးထက် အားကောင်းမယ်ဆိုရင် ပြန်ရောက်လာမှာပါ၊ အဲ .. ဒကာလေးဆီ ပြန်ရောက်မလာရင်လည်း ဟိုကြိုးက ပိုအားကောင်းလွန်းလို့သာ မှတ်ပေါ့"

ဘုန်းတော်ကြီးက အဝတ်စတစ်စကို ရေနွေးခွက်ထဲနှစ်ထားရာမှ ပြန်ဆွဲယူလိုက်ကာ ရေညှစ်၍ မျက်နှာ လည်ပင်းနှင့် ခြေလက်တို့ကို သုတ်သင်ခြင်း ပြုလေ၏။

ဘာတွေလဲ၊ ဘာတွေ လာပြောနေတာလဲ၊ ကျွန်ုပ်က စိတ်မရှည်စွာ ဖယောင်းတိုင်ကို မီးညှိယူလိုက်သည်။

"ကိုတင်မောင်စိုး .. ကိုတင်မောင်စိုး .. ခင်ဗျား ဘယ်မှာလဲ ကိုတင်မောင်စိုး"

ကျောင်းခန်းမကြီး တစ်ခုလုံးဟိန်းအောင် အသံကုန် အော်ခေါ်လိုက်သော်လည်း ပဲ့တင်သံမှလွဲ၍ မည်သည့် တုံ့ပြန်မှုမျိုးကိုမှ မကြားရ။ ကိုတင်မောင်စိုး ဘယ်ရောက်သွားသလဲ ဘာတွေဖြစ်နေသလဲ၊ အန္တရာယ်များ ကြုံနေပြီလား။ မိတ်ဆွေအတွက် စိုးရိမ်စိတ်က ကျွန်ုပ်ရင်တွင်း တားဆီးမရ။

ကျောင်း ခန်းမကြီး တစ်ခုလုံး ဟိန်းအောင် အသံကုန် အော်ခေါ် လိုက်သော်လည်း ပဲ့တင်သံမှလွဲ၍ မည်သည့် တုံ့ပြန်မှုမျိုးကိုမှ မကြားရ။ ကိုတင်မောင်စိုး ဘယ်ရောက်သွားသလဲ ဘာတွေဖြစ်နေသလဲ၊ အန္တရာယ်များကြုံနေပြီလား။ မိတ်ဆွေအတွက် စိုးရိမ်စိတ်က ကျွန်ုပ်ရင်တွင်း တားဆီးမရ။

ရဟန်းအိုကြီးမှာ ကျွန်ုပ်၏ လှုပ်ရှားမှုအားလုံးကို ဥပေက္ခာပြုထားဟန်ဖြင့် တလှုပ်လှုပ်နှင့် ဗုဒ္ဓ ဆင်းတုတော်ရှေ့သို့ ပြန်လျှောက်သွားကာ ရဟန်းတော်များ ထုံးစံအတိုင်း နံနက်မိုးသောက် ပြုဖွယ် ဘုရားဝေယျာဝစ္စများကို စတင်လုပ်ဆောင်ရန် ပြင်ဆင်နေလေ၏။

ကျွန်ုပ် သည်းမခံနိုင်တော့ပါ။

“အရှင်ဘုရား .. တပည့်တော်ရဲ့ မိတ်ဆွေ ဘယ်ရောက်သွားပါသလဲ” ဟု ဒေါသနှင့် ဟစ်အော် မေးလိုက်၏။

ဘုန်းတော်ကြီးဆီမှ ဘုရားဝတ်ပြုသံသာ ထွက်ပေါ်လာသည်။

မိတ်ဆွေဖြစ်သူအတွက် စိုးရိမ်စိတ်၊ ရဟန်းအိုကြီးအား ဒေါသထွက်စိတ်၊ လွှမ်းခြုံလာသော ခြောက်ခြားမှု တို့ကြောင့် ကျွန်ုပ်သည် တံခါးဝသို့ပြေးထွက်ခဲ့၏။ ကျောင်းတံခါးကြီးကို ဆွဲဖွင့်လိုက်သောအခါ အရိုးကွဲမတတ် အေးမြမှုက ကျွန်ုပ်အား ဆီး၍ကြိုဆိုနေလေသည်။ အေးစိမ့်မှုနှင့် အမှောင်က တွဲဖက်လျက်။ မည်းမှောင်နေသော တံခါးအပြင်ဘက်တွင် စိမ်းလဲ့နေသော မျက်လုံးတစုံကိုတွေ့လိုက်သဖြင့် ခြေလှမ်းက နောက်သို့ အလိုလိုဆုတ်မိသည်။ ပြင်ပလေ၏ တိုးဝှေ့မှုကိုအံတုကာ ကြိုးစားထွန်းပနေသော ဖယောင်းတိုင်မီးကို လက်နှင့်ကာ၍ ကြည့်လိုက်သောအခါမှ မဲနက်သည့်အမွေးမျှင်ထူများနှင့် ကြီးမားလှသော ခွေးနက်ကြီးတစ်ကောင်။

စိတ္တကြီးဟု ဘုန်းတော်ကြီး ညဦးက ခေါ်သည်ကို ကျွန်ုပ်ပြန်၍ သတိရမိလိုက်သည်။ စိတ္တဟု ခေါ်ကြည့်သော်လည်း ခွေးနက်ကြီးက တုတ်တုတ်မှမလှုပ်၊ စိမ်းတောက်နေသော မျက်လုံးများနှင့် ကျွန်ုပ်အား စိန်းစိန်းကြီး စိုက်ကြည့်နေသည်ကို ပါးလျှော့သည့် အလင်းအောက်တွင် တွေ့မြင်ရ၏။

စိန်းစိန်းကြီး စိုက်ကြည့်နေသော ခွေးနက်ကြီးအား ကြည့်ကာ ကျွန်ုပ်ကျောထဲ အလိုလိုစိမ့်အေးလာသည်။ ထိုအခိုက် လေအေးတစ်သုတ်က အမှောင်ကို အံတုဖြိုခွင်းနေသော ဖယောင်းတိုင်မီးကို ဟုတ်ခနဲ ငြိမ်းသက်သွားစေလေ၏။

အပြင်ထွက်မည့်အကြံကို လက်လျှော့ကာ တံခါးကို ပြန်စေ့လိုက်ရင်းက ဘုရားခန်းဘက်ဆီသို့ ကျွန်ုပ် မျက်နှာ ပြန်မူလိုက်သည်။ ဖျော့တော့သော အလင်းရောင်ကိုဖြတ်၍ ဘုရားစင်ရှိရာသို့ ပြန်လျှောက်လာစဉ် နံရံပေါ်မှ ပန်းချီကားများရှိ အရုပ်များက အသက်ဝင်လှုပ်ရှားနေသယောင် ခံစားလိုက်ရသည်။ သေသေချာချာ ကြည့်တော့လည်း ပန်းချီကားများက သဘာဝအတိုင်း သက်ငြိမ်လျက်။

ရဟန်းအိုကြီး၏ ဘုရားရှိခိုးသံက ခန်းမကြီးအတွင်း လွင့်ပျံ့နေဆဲ။

ညအိပ်ရာမဝင်မီက ကျွန်ုပ်ကြည့်ခဲ့သော အနီရောင် ပန်းစည်းကို ပွေ့ပိုက်ထားသည့် မိန်းကလေးပုံပါ ပန်းချီကားရှေ့ အဖြတ်တွင် ကျွန်ုပ်ခြေလှမ်းများ အလိုလို ရပ်တန့်သွားကြသည်။

ပန်းချီကားထဲတွင် မိန်းကလေးတစ်ယောက်တည်း မဟုတ်တော့။

ပန်းချီကားထဲမှ မိန်းကလေးသည် လက်ထဲ တွင် ညဦးက ကျွန်ုပ်တွေ့ခဲ့စဉ်ကကဲ့သို့ အနီရောင် ပန်းစည်းကို ထွေးပွေ့ထားခြင်းလည်း မရှိတော့ပါ။ အနီရောင် ပန်းစည်းအစား သူမလက်ထဲတွင် အဖြူရောင်ပန်းတစ်ပွင့်သာ ရှိနေခဲ့ပြီး သူမသည် ထိုပန်းဖြူပွင့်လေး၏ပွင့်ဖတ်များကို ရက်စွဲ့စွာ ခြွေကစားနေလေ၏။

ပန်းဖြူပွင့်လေးတစ်ပွင့်၏ ပွင့်ဖတ်များကို ရက်စွဲ့စွာခြွေဆိတ်နေသော သူမသည် တစ်စုံတစ်ယောက်၏ ရင်ခွင်ထဲသို့ ရောက်ရှိနေသည်။ ထိုသူကား ..

ဟာ ..

ကိုတင်မောင်စိုး ....

ကျွန်ုပ်၏ မျက်လုံးများ ပြာဝေသွား၏။

ကိုတင်မောင်စိုးသည် အမျိုးသမီးလေးအား မြတ်နိုးစွာ ပွေ့ဖက်ထား၏။ သူ၏မျက်လုံးများမှ တပ်မက်မှု စွဲလန်းမှု ချစ်မြတ်နိုးမှုများ လျှံထွက်ကျဆင်းနေသယောင်။

ကျွန်ုပ်၏ ခြေလှမ်းများသည် အသိမဲ့စွာ ထိုပန်းချီကားအနီးသို့ တိုးကပ်သွားကြလေသည်။ ပန်းချီကားကိုကြည့်ရင်း ကျွန်ုပ်၏နှလုံးအိမ်ထဲ တစုံတရာ ဆို့ကျပ်နေသလို ခံစားရသည်။

ကိုတင်မောင်စိုး ကိုတင်မောင်စိုးဟု အသိမဲ့စွာ မည်မျှ ဟစ်ခေါ်နေမိမှန်း ပြန်၍သတိမရတော့ပါ။

*

၄

ကိုသောင်းတင် ကိုသောင်းတင် ဟူ၍ခေါ်ကာ လှုပ်နှိုးနေသည့် မိတ်ဆွေ၏အသံကြောင့် အိပ်နေရာမှ ကျွန်ုပ် နိုးထလာ၏။

ဖွင့်ထားသော ပြတင်းတံခါးများမှ တိုးဖြတ်ဝင်ရောက်လာသော အလင်းများကြောင့် ခန်းမကြီးသည် အားဖျော့သော်လည်း လုံလောက်သော အလင်းတို့နှင့် လင်းလျက်ရှိနေလေပြီ။ မီးဖိုမှ မီးခိုးများက တငွေ့ငွေ့ကျွမ်းမြေ့ထွက်နေဆဲ။ မီးခိုးများကြောင့် မြင်ကွင်းက ရှိသင့်သည်ထက်ပို၍ မှုန်ဝေနေသည်။

ကိုတင်မောင်စိုး ဟူ၍ ဟစ်ခေါ်ရင်း ဝမ်းသာအားရစွာ မိတ်ဆွေဖြစ်သူ၏လက်ကို ကျွန်ုပ် လှမ်းဆွဲဖြစ်ညှစ်မိသောအခါ မိတ်ဆွေဖြစ်သူက ကျွန်ုပ်အား နှစ်သိမ့်အပြုံးနှင့် တုံ့ပြန်လေသည်။

“ခင်ဗျား ညက … ”ဟု စ,ကာ အဖြစ်အပျက်ကို မေးရန်ပြင်သော ကျွန်ုပ်၏စကားကို ခေါင်းခါပြရင်းမှ မိတ်ဆွေက “ခင်ဗျား ဟိုလူစုနဲ့ ပူတာအိုကို လိုက်သွားတော့ ကိုသောင်းတင်၊ ခရီးက ၂ညအိပ် လောက်ကြာမယ်” ဟု ဖြတ်၍ ပြောလိုက်သည်။

ခပ်လှမ်းလှမ်းရှိ ဆင်းတုတော်အရှေ့တွင် ရဟန်းအိုကြီးနှင့် လူတစ်စုသည် ကျွန်ုပ်နားမလည်သော ဘာသာနှင့် စကား ပြောဆိုနေကြသည်။

“ခင်ဗျားကရော ..”

“ကျွန်တော်ဒီမှာ နေရစ်ခဲ့တော့မယ်”

“ဟာ.. မဟုတ်တာပဲဗျာ၊ ခင်ဗျားနဲ့ ဝတ်ရည်လှိုင်တို့ မင်္ဂလာကိစ္စ၊ ပြီးတော့ ကျုပ်တို့ လုပ်ငန်း …”

“အခုအချိန်မှာ ကျွန်တော့်ရင်ထဲမှာ စောသုစန္ဒီတစ်ယောက်ကလွဲလို့ ဘယ်သူမှ မရှိဘူး.. ဘာမှ မရှိတော့ဘူး” ဟု မိတ်ဆွေက ခပ်ပြတ်ပြတ်ဆို၏။

“ဘယ်က စောသုစန္ဒီလဲဗျ၊ ရှင်းစမ်းဗျာ၊ ကျုပ်ရှုးတော့မယ်၊ ညက ကျုပ်မြင်တဲ့ ပန်းချီကားဟာ တကယ်လား အိပ်မက်လား”

“အဲဒါတွေကို ခင်ဗျားနားလည်ဖို့ မလွယ်ပါဘူးဗျာ” ဟူသော မိတ်ဆွေ၏စကားကို ဂရုမစိုက်တော့ဘဲ အိပ်ရာမှ လူးလဲထကာ ပန်းချီကားအနီးသို့ ကျွန်ုပ်တိုးကပ်သွားမိသည်။

ပန်းချီကားထဲမှ မိန်းကလေးသည် ပန်းဖြူပွင့်လေးကိုကိုင်ကာ ကျွန်ုပ်အား ငေးကြည့်နေသည်သို့ ရှိသည်။ သူမ၏အကြည့်ထဲတွင် ကျွန်ုပ်အား တောင်းပန်ခြင်း၊ တိုးလျှိုးခြင်း၊ အသနားခံခြင်းနှင့် ရင်းနှီးလိုခြင်းတို့ ရောစပ်ယှက်နွယ်နေသယောင် ခံစားရ၏။

သူမ ဘာကိုတောင်းပန် အသနားခံတာလဲ၊ သူမတို့နှစ်ဦး၏ ချစ်ခြင်းကို ခွဲမပစ်ဖို့၊ သူမချစ်သူကို ခေါ်မသွားဖို့၊ ဒီလိုမှ မဟုတ်ပါလျှင် …

“ကျုပ်တော့ ဘာကိုမှ နားမလည်တော့ဘူး ကိုတင်မောင်စိုး” ဟူသော ကျွန်ုပ်၏စကားကို မိတ်ဆွေက မသိကျိုးကျွံပြုကာ ရေနွေးကြမ်းတစ်ခွက် ကမ်းပေး၏။ ပျားရည်စိမ်၍ အခြောက်လှမ်းထားသော မချစ်ဥ ခပ်ထားသည့် အကြမ်းခွက်။

*

ရဝမ်လူမျိုး ခရီးသွားများနှင့်အတူ ကျောင်းဝင်းထဲမှ အထွက်တွင် ခွေးကြီးစိတ္တက ကျွန်ုပ်၏ခြေကို နမ်းရှုပ်ပွတ်သပ်ရင်း နှုတ်ဆက်ဟန်ပြု၏။ နှင်းဖြူတောထဲမှ ကျောင်းတိုက်ကြီးသို့ လည်ပြန် လှမ်းကြည့်လိုက်သောအခါ လက်ပြနှုတ်ဆက်လိုက်သော မိတ်ဆွေကို ခပ်ဝါးဝါး လှမ်းတွေ့ရ၏။ မိတ်ဆွေနံဘေးတွင် ဘုန်းကြီးအို။

ဟင့်အင်း ... သုံးယောက်ပါ..

ဘုန်းတော်ကြီး၊ မိတ်ဆွေနှင့်... အမျိုးသမီး တစ်ယောက် ...

မျက်ခုံးနှင့် မျက်တောင်ပေါ်တင်လာနေသော နှင်းပွင့်များကို ပွတ်သပ်ချလိုက်၏။ မြင်ကွင်းက ဝေဝေဝါးဝါး။

*



လေယာဉ်ပြတင်းပေါက်မှတစ်ဆင့် တဖြည်းဖြည်း သေးငယ်စွာ ကျန်ရစ်သော ပူတာအိုလေဆိပ်ကို လှမ်းမြင်နေရ၏။ ဟိုးဝေးဝေးတွင် ငွေရောင်နှင်းခဲများ ဖုံးလွှမ်းထားသည့်တောင်ထွတ်များ။

ဝတ်ရည်လှိုင်အား ကျွန်ုပ် မည်ကဲ့သို့ ရှင်းပြရမည်နည်း။ ပြီးတော့ ရုံးချုပ်ကရော ကျွန်ုပ်၏ တင်ပြချက်ကို လက်ခံပါမည်လော။

ပူတာအိုရှိမိတ်ဆွေများကမူ သူတို့ဒေသတွင် ကျွန်ုပ်ပြောပြသည့် ဘုန်းကြီးကျောင်းမျိုး တစ်ခါမှ မကြားဖူးပါဟု ဆိုကြသည်။

ကျွန်ုပ် ခရီးကြုံလိုက်လာခဲ့သော ရဝမ်များကား ပူတာအို ရောက်သည်နှင့် အလျှိုလျှိုပျောက်သွားကြသည်မှာ အစအနပင် ရှာ၍မရတော့။

သို့သော် ယခုပြောပြခဲ့သည့် အဖြစ်အပျက်ကြီးသည် တကယ်ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပြီး အမှန်တကယ် ကြုံတွေ့ခဲ့ရသည်ကို ကျွန်ုပ်သည် ဖြည့်စွက်ခြင်း ထုတ်နုတ်ခြင်း အလျဉ်းကင်းစွာနှင့် ပြန်ပြောပြခြင်းဖြစ်ကြောင်းကို ကျိန်ဆိုဝံ့ပါသည်။ မည်သို့ဆိုစေ ကျိန်တွယ်ပြရုံနှင့် ဤသို့ဆန်းကျယ်လှသော အဖြစ်အပျက်ကြီး တကယ်ဖြစ်ခဲ့ပါသည်ဟု စာရှုသူများ လက်ခံယုံကြည်လိမ့်မည်ဟု မျှော်လင့်ပါလျှင် ကျွန်ုပ် ရူးနေ၍သာ ဖြစ်လိမ့်မည်ဟု နားလည်ပါသည်။

ဒေါက်တာသောင်းတင်
ရူပဗေဒပညာရှင်
လက်ထောက်သုတေသနဌာနမှူး
ရွှေဝါမြေ မြေရှားဒြပ်စင်ထုတ်လုပ်ရေးကုမ္ပဏီ

***



ဟဲမင်းဝေးရဲ့ စပိန် ပြည်တွင်းစစ် နောက်ခံ ဝတ္ထုတို တစ်ပုဒ်ပါ။ သူ့ရဲ့ အတိုဆုံး ဝတ္ထုလို့လည်း ပြောကြပါတယ်။ သင်္ကေတ ဝါဒီ တစ်ဦးဖြစ်တဲ့ ဟဲမင်းဝေးဟာ iceberg principle ရေးထုံးကို အသုံးပြုပြီး သမုဒ္ဒရာ မျက်နှာပြင်အောက် မြုပ်နေတဲ့ ရေခဲတုံးကြီးရဲ့ အောက်ပိုင်းလို အနက် အဓိပ္ပါယ်ကို အပေါ်မှာ အနည်းငယ်သာ ပေါ်နေတဲ့ ရေခဲထိပ်ဖူးလို နိမိတ်ပုံ သင်္ကေတ တွေနဲ့ သိုဝှက် ထားတတ်တဲ့ စာရေးဆရာ တစ်ဦးပါ။

The Old Man at the Bridge ကို မြန်မာ ဘာသာ ပြန်ထားတဲ့ တစ်ပုဒ်ကို ငယ်ငယ်က ဖတ်ခဲ့ဖူးတဲ့ ကျွန်တော်ဟာ ကချင်စစ်ပွဲ စစ်မက်တွေ ကြားလာ မြင်လာရတော့ ဖတ်ခဲ့ဖူးတဲ့ ဝတ္ထုတိုကို ပြန်အမှတ်ရ လာပြီး ပြန်ဖတ်ချင်တဲ့ အာသီသ ဖြစ်လာခဲ့တာကြောင့် ရှာဖွေမိတဲ့အခါ မူရင်း ဝတ္ထုတိုကို တွေ့ရှိတာနဲ့ ကိုယ်တိုင်ဖတ်ပြီး ပထမဆုံး ဘာသာပြန် မိပါတယ်။

# တံတားနားက အဘိုးအို



ဖုန် အလိမ်းလိမ်း ပေကျံနေတဲ့ အင်္ကျီကို ဝတ်ဆင် ထားပြီး သတ္တုကိုင်း မျက်မှန် တပ်ထားတဲ့ အဘိုးအို တစ်ယောက် လမ်းဘေးမှာ ထိုင်နေတယ်။ မြစ်ကို ဖြတ်ပြီး ထိုးထားတဲ့ တံတားပေါ်မှာတော့ ဝန်စည် စလွယ်တွေ အပြည့် တင်ဆောင် ထားကြတဲ့ လှည်းတွေ၊ ကုန်တင်ကားတွေ၊ ယောက်ျား၊ မိန်းမနဲ့ ကလေးတွေ အသီးသီး ဖြတ်ကူးလာကြတယ်။ ထစ်ငေါ့နေတဲ့ မြည်းလှည်း တစ်စီးကို တံတား ကနေ မတ်စောက်စောက် ကမ်းပါးပေါ်ထိ ရောက်အောင် စစ်သားတွေက လှည်းဘီးတွေကို ဝိုင်းတွန်း ပေးနေကြတယ်။ ကုန်ကားတွေက ခပ်သွက်သွက် မောင်းထွက်သွား ကြပြီး စစ်ပြေး ဒုက္ခသည် ရွာသူရွာသားတွေကတော့ ခြေမျက်စေ့လောက် မြုပ်တဲ့ ဖုန်တောထဲမှာ လေးဖင့်စွာ ထွက်ခွာနေကြတယ်။ ဒါပေမယ့် အဘိုးအိုကတော့ မလှုပ်မယှက် ထိုင်မြဲ ထိုင်လျက် ရှိနေရှာတယ်။ သူ့ ကြည့်ရတာ ပင်ပန်းနွမ်းနယ် နေပုံရပြီး ရှေ့ဆက် သွားနိုင်မယ့်ပုံ မပေါ်ဘူး။



ကျွန်တော့် တာဝန်ကတော့ တံတားကိုဖြတ်ကျော်ပြီး တံတားဦး အလွန် ဟိုဘက်ဆီကို စူးစမ်းဖို့နဲ့ ရန်သူ စီးနင်းယှဉ်လိုက်တဲ့ နေရာအနေအထားကို ကြည့်ရှု လေ့လာဖို့လေ။ တာဝန် ပြီးသွားလို့ ပြန်လှည့်လာခဲ့ချိန်မှာ ခရီးသွားအားလုံး တဖြည်းဖြည်း ထွက်ခွာကုန်ကြပြီး လှည်းအနည်းငယ်နဲ့ ခြေလျင်လျှောက်သွားနေတဲ့ လူတစ်ယောက်စ နှစ်ယောက်စ လောက်သာ ကျန်ပါတော့တယ်။ ဒါပေမယ့် ထိုင်နေတဲ့အဘိုးအိုကတော့ အဲ့ဒီမှာ ရှိနေတုန်းပါပဲ။

"ဩော်.." ဆိုပြီး နားလည်ရ ခဲခဲယဉ်းယဉ်းပဲ ကျွန်တော်ပြောတယ်။

"အေးကွဲ့..." လို့ အဘိုးအိုက ပြောတယ်။

"အဘိုး ဒီမှာ နေခဲ့တယ်..၊ လူကလေး သိလား..၊ အကောင်လေးတွေကို စောင့်ရှောက်ပြီး နေခဲ့တယ်..၊အဖိုးက ဆန်ကားလို့စ်မြို့ကို နောက်ဆုံးချန်ခဲ့မယ့် သူပေါ့ကွဲ့.."

"အဘိုး.. သူတို့လေးတွေကို ထားရစ်ခဲ့ရတယ်ကွယ်.."

ကျွန်တော်ဟာ ဒီတံတားနဲ့ အာဖရိကတိုက်ကြီးကို မျက်နှာမူထားတဲ့ အီဘရို မြစ်ဝကျွန်းပေါ် ဒေသကို စောင့်ကြည့်ရင်း ခုချိန်ကနေစပြီး ရန်သူ ဘယ်အချိန်ဝင်ရောက်လာတော့မလဲ..၊ စစ်ပွဲတစ်ခုကို အစပြုဖို့ ကနဦး ဆူညံသံတွေ ဘယ်တော့စ ကြားရတော့မလဲလို့ နားစွင့်နေမိတယ်။ အဘိုးအိုကတော့ အဲ့ဒီမှာ ထိုင်နေတုန်းပဲ။



"အဘိုး.. ဘယ်ကလာတာလဲ.." လို့ အဘိုးအိုကို ကျွန်တော် မေးမြန်းလိုက်တယ်။

အဘိုးအိုက ဆန်ကားလို့စ် ဘက်က လာတယ်လို့ ဆိုကြောင်း ကျွန်တော့်မေးခွန်းကို ဖြေပြီး ပြုံးပြတယ်။

သူ့အပြုံးက ကိုယ့်ရဲ့ ဇာတိနယ်မြေရဲ့ အမည်ကို ထုတ်ဖော်ဖြေကြားလိုက်ရလို့ ပီတိဖြစ်သွားပုံပဲ။

"အဘိုးက အကောင်လေးတွေကို စောင့်ရှောက်နေခဲ့တာပါကွယ်.." လို့ အဘိုးအိုက ဆက်ရှင်းပြတယ်။

အဘိုးအိုကို ကြည့်ရတာ သိုးထိန်းသမား၊ နွားကျောင်း ကျွဲကျောင်းသမား တစ်ယောက်တော့ ဟုတ်ဟန်မတူဘူး။ ညစ်ပေနေတဲ့ အဝတ်အစားတွေ..၊ ဖုန်အလိမ်းလိမ်း ဖြစ်နေတဲ့ မွဲခြောက်ခြောက်မျက်နှာနဲ့ သတ္တုကိုင်း မျက်မှန်တပ်ထားတဲ့ အဘိုးအိုကို ကြည့်ပြီး ကျွန်တော်ပြောလိုက်တယ်။

"အဘိုးရဲ့အကောင်လေးတွေက ဘာကောင်လေးတွေလဲ.."

"အကောင်ပလောင်လေးတွေ အစုံပါပဲ.."လို့ အဘိုးအိုကပြောပြီး သူ့ခေါင်းကို ခါရမ်းတယ်..၊

"အဘိုးရဲ့အကောင်လေးတွေက ဘာကောင်လေးတွေလဲ.."လို့ ကျွန်တော် မေးလိုက်ပြန်တယ်။

"အဲ့မှာက တိရစ္ဆာန် သုံးမျိုးကွဲ့..." လို့ အဘိုးအိုက ရှင်းပြတယ်။

"ကြောင်တစ်ကောင်ရယ်..၊ ဆိတ်နှစ်ကောင်ရယ်..၊ ပြီးတော့ ခိုစုံတွဲလေးစုံရယ်.."

"ဒါနဲ့ အဘိုးရဲ့ အကောင်လေးတွေကို ထားရစ်ခဲ့ရပြီလား.." လို့ ကျွန်တော် မေးလိုက်တယ်။

"ဟုတ်တယ်..၊ တိုက်ပွဲတွေကြောင့်ပေါ့..၊ ဗိုလ်ကြီးက

တိုက်ပွဲတွေကြောင့် အဘိုးကို သွားခိုင်းတာလေ..”

တံတားအဆုံး မြစ်ကမ်းပါး လျှောမှာ သုတ်ခြေတင် ထွက်ခွာနေကြတဲ့ အနည်းငယ်သာ ရှိတော့တဲ့ လှည်းတွေကို ကြည့်ရင်း ကျွန်တော် က “ဒါနဲ့ အဘိုးမှာ မိသားစု မရှိဘူးလား..” လို့ မေးလိုက်တယ်။

“မရှိပါဘူးကွယ်..” ဆိုပြီး အဘိုးအိုက ပြောတယ်။

“အဘိုး ခုနကပြောတဲ့ အကောင်လေးတွေပဲ ရှိပါတယ်..၊ ကြောင်ကလေး..၊ သူကတော့ အဆင်ပြေ လောက်မှာ ပါကွယ်၊ ကြောင် ဆိုတာက သူ့ကိုယ်သူ စောင့်ရှောက်တတ်ပါတယ်၊ ဒါပေမယ့်ကွယ်..၊ ကျန်တဲ့ အကောင်လေးတွေ ဘာဖြစ်ကြမယ် ဆိုတာကိုတော့ မတွေးတတ်ဘူး..”

“အဘိုးရဲ့ နိုင်ငံရေးဝါဒက ဘာလဲ..” လို့ ကျွန်တော်မေးလိုက်တော့ “နိုင်ငံရေးဝါဒ မရှိပါဘူးကွယ်..” ဆိုပြီး အဘိုးအိုက ဖြေတယ်။

“အဘိုးက အသက် ၇၆နှစ် ရှိပြီ..၊ ဒီကိုရောက်ဖို့ ၇မိုင်ခွဲလောက် လျှောက်လာခဲ့ရတယ်..၊ ဒီထက် ပို ရောက်အောင်လည်း မလျှောက်နိုင်တော့ပါဘူးကွယ်..”

“ဒီနေရာဟာ ရပ်နားဖို့ မသင့်ဘူး အဘိုး..” လို့ ကျွန်တော်က ပြောလိုက်တယ်။

“အဘိုး ဆက်လျှောက်ဖို့ တတ်နိုင်သေးရင် လမ်းပေါ်မှာ တော်တိုဆာဘက်ကို ကြုံတဲ့ ကုန်ကားတွေနဲ့ လိုက်လို့ ရနိုင်လောက်တယ်..”

“အဘိုး ခဏစောင့်ဦးမယ်..” လို့ အဘိုးအိုကပြောတယ်။

“ပြီးတာနဲ့ သွားမှာပါ..၊ ဒါနဲ့ ကုန်ကားတွေက ဘယ်သွားကြမှာတုန်း..”

“ဘာစီလိုနာဘက်ကို အဘိုး..”

“အဲ့ဒီဘက်မှာ အသိအကျွမ်းလည်း မရှိပါဘူးကွယ်..” လို့ အဘိုးအိုက ပြောတယ်။

“ဒါပေမယ့် လူကလေးကို ကျေးဇူး တင်ပါတယ်...၊ တကယ်ကို ထပ်ပြီး ကျေးဇူးအရမ်း တင်ပါတယ်ကွယ်..”

သူ့ရဲ့ အပူအပင်ကို တစ်ယောက်ယောက် ဆီ ရင်ဖွင့်ချင် နေဟန် တူတဲ့ အဘိုးအိုက ညှိုးနေတဲ့ မျက်လုံးတွေနဲ့ ပင်ပန်း နွမ်းနယ်စွာ ကျွန်တော့်ကို ကြည့်ပြီး “ကြောင်ကတော့ အဆင်ပြေ လိမ့်မယ်ဆိုတာ အဘိုး သေချာ သိတယ်..၊ သူ့ အတွက် ဘာမှ စိတ်ပူစရာမရှိဘူးကွယ်..၊ ဒါပေမယ့် ကျန်တဲ့ကောင်တွေအတွက်ကော..၊ လူကလေး ဘယ်လိုထင်တုန်းကွယ်..”

“သူတို့လည်း အဆင်ပြေ သွားမှာပါဗျာ..”

“ထင်လို့လားကွယ်..”

“ဒါပေါ့ အဘိုးရဲ့..” လို့ ပြောရင်းဆိုရင်း ခပ်လှမ်းလှမ်းက ကမ်းပါးဆီကို ကြည့်လိုက်ချိန်မှာ လှည်းတွေ တစ်စီးမှ မရှိကြတော့ဘူး။



“ဒါပေမဲ့ တိုက်ပွဲ တတွေကြောင့် အဘိုးကို အသွားခိုင်းတဲ့ အချိန်မယ် တိုက်ပွဲတတွေကြားထဲ သူတို့တွေ ဘာများ လုပ်နေကြမှာပါလိမ့်..”

“အဘိုးရဲ့ ချိုးငှက် လှောင်အိမ်ကို ဖွင့်ခဲ့သလားဗျ..” လို့ ကျွန်တော်က မေးလိုက်တယ်။

“ဖွင့်ခဲ့တာပေါ့..”

“ဒါဆို သူတို့တွေ ပျံသန်းသွားပါလိမ့်မယ်ဗျာ..”

“ဒါပေါ့ကွယ်..၊ သူတို့ ပျံသန်း သွားမှာ သေချာတာပေါ့..၊ ဒါပေမဲ့ ကျန်တဲ့အကောင် တွေ..၊ အို တော်ပါပြီ..၊ ကျန်တဲ့ကောင်တွေ အကြောင်း ဆက်မတွေးတာပဲ ကောင်းပါတယ် ကွယ်..” လို့ အဘိုးအိုက ရေရွတ် လိုက်လေတယ်။

“အဘိုး အနားရပြီဆိုရင် ကျွန်တော်သွားချင်ပြီ..”လို့ ကျွန်တော်က တိုက်တွန်း လောဆော်မိတယ်။

“အခု ထပြီး လမ်းလျှောက်ဖို့ ကြိုးစားကြည့်လိုက်စမ်းပါဗျာ..”

“ကျေးဇူးပါကွယ်..”

# အဘိုးရဲ့ ချိုးငှက် လှောင်အိမ်ကို ဖွင့်ခဲ့သလားဗျ



အဘိုးအို ပြောရင်း သူ့ခြေထောက်တွေပေါ်ကို ကြိုးစားပြီး မတ်မတ်ရပ်လိုက်တယ်။ ပြီးတော့ ဟိုဘက်ဒီဘက်ကို ယိမ်းယိုင်စွာ အနည်းငယ်လျှောက်ပြီး ဖုန်တောထဲကို နောက်ပြန်ထိုင်ကျသွားပြန်တယ်။

“အဘိုးက အကောင်လေးတွေ ကို ဂရုစိုက်ခဲ့ပါတယ်ကွယ်..”

အဘိုးအို သနားဖွယ် ပြောပြ နေပေမယ့် ကျွန်တော့်မှာ အချိန် သိပ်မကျန်တော့ဘူးလေ။

“အဘိုးက အကောင်လေး တွေကိုပဲ ဂရုစိုက်ခဲ့ပါတယ်ကွယ်..”

အဘိုးအိုနဲ့ ပတ်သက်ပြီး ဘာမှ ဆက်လုပ်လို့ မရတော့ဘူးဆိုတာ ကျွန်တော် သိလိုက်တယ်။ ဒီနေ့ က တနင်္ဂနွေအီစတာနေ့ပါ။ ဖက်ဆစ် တွေလည်း အီဘရိုကို တက်လာကြပြီ။ မိုးအုံ့ပြီး တိမ်ထူတွေ နိမ့်ဆင်း နေတာကြောင့် သူတို့ရဲ့ လေယာဉ်တွေ ဒီနေ့တော့ ရောက်မလာနိုင်လောက်ဘူး။ ဒီလို ရာသီဥတုမပွင့်လင်းတာနဲ့ ကြောင်တွေ လိမ္မာပါးနပ်စွာ ရှင်သန် လွတ်မြောက် နိုင်တယ်ဆိုတဲ့ အကြောင်းကို အဘိုးအို သိနိုင်စွမ်း ရှိနေသေးတာကိုက သူ့အတွက် နောက်ဆုံး ကံကောင်းခြင်းပဲ ဖြစ်တော့မယ် ထင်ပါရဲ့။

INCUBUZ
16 JAN 2013



# " " ဧည့်သည် " "

## အဲလဘတ်ကမူး ဘာသာပြန် - icy

Albert Camus

**အပိုင်း(၁)**

ကျောင်းဆရာက သူ့ဆီ တက်လာနေတဲ့ လူနှစ်ယောက်ကို ကြည့်နေမိတယ်။ တစ်ယောက်က မြင်းပေါ်မှာ၊ နောက်တစ်ယောက်က ခြေလျင်။ တောင်ကုန်းပေါ် မေးတင်ဆောက်ထားတဲ့ သူ့ကျောင်းပေါ်က လှမ်းကြည့်ရင် ထင်ထင် ရှားရှားမြင်သာတဲ့ နေရာလောက်ထိတော့ သူတို့ရောက်မလာကြသေး။ ကျယ်ပြန့်ပြီး လူသူကင်းမဲ့နေတဲ့ ကုန်းမြေမြင့်ဆီ တောင်တက်လမ်းတလျှောက် ကျောက်တုံးတွေ၊ ထူထဲတဲ့ နှင်းထုတွေအကြား ခက်ခက်ခဲခဲ သူတို့တက်လာနေကြရဲ့။ တစ်ချက်တစ်ချက် မြင်းက ဟပ်ထိုးဟပ်ထိုး။ ဘာအသံမှမကြားရပေမင့် မြင်းရဲ့နှာဝက နှာမှုတ်ထုတ်တာကိုဖြင့် သူ လှမ်း မြင်နေရတယ်။ နှစ်ဦးအနက် အနည်းဆုံး တစ်ဦးကတော့ ဒေသခံဖြစ်ရမယ်။ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်း ဆိုးဆိုး ဝါးဝါးကျခဲ့တဲ့ နှင်းထုအောက်မှာ ဖုံးအုပ်ပျောက်ကွယ်နေတဲ့ တောလမ်းကလေးကို သူတို့ ရှာရှာဖွေဖွေ တက်လာနေကြ တာ။ တောင်ကုန်းပေါ်ရောက်ဖို့ နောက်ထပ် နာရီဝက်လောက်ဖြင့် တက်ရပေဦးမယ်လို့ သူတွက်ဆမိတယ်။ အပြင်မှာဖြင့် အေးချက်။ အနွေးထည်ဝတ်ဖို့ သူ ကျောင်းထဲ ပြန်ဝင်လာခဲ့တယ်။

ကျောင်းထဲဝင်လာတော့ သူ့စာသင်ခန်းက အေးစက်စက်၊ ဟောင်းလောင်းပွင့်လို့။ နံရံသင်ပုန်းပေါ်မယ် မြစ်ဝတွေဆီ တသွင်သွင်စီးနေတဲ့ ပြင်သစ်နိုင်ငံရဲ့ မြစ်ကြီး ၄ စင်းကို မြေဖြူအရောင် ၄ ရောင်နဲ့ ရေးဆွဲထားတယ်။ ပြီးခဲ့တဲ့ ၃ ရက်လုံးလုံး နှင်းတွေ အဆက်မပြတ်ကျနေခဲ့။ ၈ လကြာ မိုးခေါင်အပြီး၊ မိုးတွင်းကို ရောက်မလာဘဲ အောက်တိုဘာလလယ်မှာ နှင်းတွေ ရုတ်တရက် ကျလာခဲ့တာ။ ကုန်းမြေမြင့်ပေါ်မယ် ဟိုတစ်စု၊ ဒီတစ်စု ကျဲပြန့်နေတဲ့ ကျေးရွာတွေက ကျောင်းသား ၂၀ ဝန်းကျင်လောက်လည်း ကျောင်းမတက်နိုင်ကြတော့။ ရာသီဥတုသာယာရင်ဖြင့် သူတို့ ပြန်လာကြမှာ။ စာသင်ခန်းနဲ့ကပ်လျက် လူနေတဲ့အခန်းကိုပဲ ဒါရူးက အပူပေးထားတယ်။ သူ့အခန်းရဲ့ အရှေ့မျက်နှာစာမှာ မြေကွက်လပ်။ စာသင်ခန်းခေါင်းတိုင်တွေလိုပဲ သူ့အခန်းပြတင်းပေါက်က တောင်ဘက်ကို မျက်နှာမူထားတယ်။ အဲ့ဒီဘက်မှာ တောင်ဘက်ဆင်ခြေလျှောမရောက်ခင် ကီလိုမီတာအနည်းငယ်လောက် ကျယ်တဲ့ မြေကွက်လပ်တစ်ခု ရှိတယ်။ ခြေခင်းလက်ခင်းသာရင်ဖြင့် ခရမ်းရောင် တောင်တန်းကြီးနဲ့ အဲ့ဒီ တောင်တန်းတွေအကြား ကန္တာရဆီ တစ်မျှော်တစ်ခေါ် ဦးတည်နေတဲ့ ကြားကွက်လပ်ကလေးကို သူ့ပြတင်းကနေ ရှုမြင်ရတယ်။

ညစ်ထေးထေးအလင်းရောင်နဲ့ မနက်ခင်းဟာ တိမ်အုပ်တွေ တဖြည်းဖြည်း လွင့်ပြယ်သွားမှ နည်းနည်း ပိုလင်းလာတယ်။

အခန်းထဲရောက်လို့ နည်းနည်း ... နွေးလာတဲ့အခါ ဒါရူးဟာ လူနှစ်ယောက်ကို ပထမဆုံး သူမြင်တွေ့ခဲ့တဲ့ ပြတင်း ပေါက်အနား ပြန် ... လာတယ်။ သူတို့ကို မမြင်ရတော့။ ဒါကြောင့် သူတို့တွေ အတက်ခရီးကြမ် ... ကို ခက်ခက်ခဲခဲ တက်လာ နေပြီလို့ သူသိလိုက်တယ်။ ကောင်းကင်က သိပ်မှောင်မည်းမနေ။ ... ညတုံးက နှင်းတွေ သိပ်မကျတော့တာကြောင့် ဖြစ်မယ်။ ညစ်ထေးထေးအလင်းရောင်နဲ့ မနက်ခင်းဟာ တိမ်အုပ်တွေ တဖြည်းဖြည်း လွင့်ပြယ်သွားမှ နည်းနည်း ပိုလင်းလာတယ်။ နေ့လည် ၂ နာရီလောက်မှာ နေ့တစ်နေ့ အစပျိုးသလိုမျိုး။ သို့ပေမဲ့ ပြီးခဲ့တဲ့ ၃ ရက်လုံးလုံး တစ်နေကုန် ပိန်းပိတ်အမှောင်ထုထဲ နှင်းတွေတရစပ်ကျ၊ တချက်တချက် လေပြင်းတိုက်လိုက်တိုင်း စာသင်ခန်းရဲ့ နှစ်ထပ်တံခါးကို တဒေါက်ဒေါက် လာရိုက်ခတ်နေတာမျိုးထက်စာရင်ဖြင့် အတော်လေး အခြေအနေပိုကောင်းလာတယ်လို့တော့ ဆိုနိုင် မယ်။ အဲ့ဒီနေ့တွေတုန်းကဆို ဒါရူးဟာ သူ့အခန်းထဲမှာပဲ နာရီပေါင်းများစွာ အချိန်ဖြုန်းနေခဲ့ရပေ့။ စတိုခန်းသွားတာ၊ ကြက်တွေအစာကျွေးဖို့ ဒါမှမဟုတ် မီးသွေးကောက်ဖို့လောက်သာ အပြင်ထွက်တာမျိုး ရှိတယ်။ မြောက်ဘက်အနီးဆုံး ရွာဖြစ်တဲ့ တာဒ့်ဂျစ်ရွာက ပုံမှန်ရိက္ခာကား၊ နှင်းမုန်တိုင်းမကျခင် နှစ်ရက်အလိုမှာ သူ့ဆီလာသွားခဲ့လို့သာ အဆင်ပြေ နေတာ။ ၄၈ နာရီကြာရင် နောက်တစ်ခေါက် ပြန်လာဦးမယ်။

ဒါ့အပြင် ရန်သူတွေဝိုင်းဝန်းပိတ်ဆို့တာ ခံရမယ်ဆိုရင်တောင် သူ့မှာ ရိက္ခာအလုံအလောက်ရှိလို့ သိပ်မှုစရာမလို။ မိုးခေါင်လို့ အတိဒုက္ခရောက်နေတဲ့ ကျောင်းသားမိသားစုတွေအတွက် အစိုးရကပို့ထားတဲ့ ဂျုံအိတ်တွေ သူ့အခန်း ကျဉ်းလေးထဲမှာ အပြည့်။ အမှန်တော့ ကျောင်းသားတွေ ကျောင်းသားမိသားစုတွေအားလုံးဟာ ဆင်းရဲကြသမို့ အားလုံး ဒုက္ခသည်တွေချည်းပါပဲ။ နေ့စဉ်နေ့တိုင်း ဒါရူးဟာ ကလေးတွေကို ရိက္ခာခွဲတမ်း ဝေငှပေးတယ်။ အခုဆို ရာသီဥတု ဆိုးပြီး ကျောင်းမလာနိုင်ကြတော့

သူတို့တွေ ရိက္ခာမရနိုင်တော့ပါလားလို့ ဒါရှူးတွေးမိတယ်။ ကနေ့ နေ့လယ် ကလေး အဖေ တစ်ယောက်လောက်များ တက်လာခဲ့ရင် ဂျုံတွေ သူပေးလိုက်နိုင်မယ်လို့ ဆက်တွေးတယ်။ လာမယ့် ကောက်ရိတ် ချိန်မတိုင်မီအထိ လောက်လောက်ငှငှ ဖြစ်ဖို့ပါပဲ။ အခုဆို ပြင်သစ်ကနေ ဂျုံသင်္ဘောတွေ ရောက်လာပြီဆိုတော့ အဆိုးဆုံး အခြေအနေကဖြင့် ကျော်လွှားနိုင်ခဲ့ပြီ။ သို့ပေသိ ဆင်းဆင်းရဲရဲနေခဲ့ရတဲ့ ကာလတွေကို မေ့ပျောက်ဖို့ရာ တယ်မလွယ်။ နေရောင်ထဲမယ် မွဲပြာစုတ်ပြတ် တစ္ဆေအဖွဲ့ကြီးလို၊ တစ်လပြီး တစ်လ အချိန်တွေ ကုန်ဆုံးသွားတာနဲ့အမျှ ကုန်းမြေမြင့်ဟာ လည်း မီးလောင်ပြင် သုသာန်တစပြင်လိုဖြစ်လာ၊ မြေကြီးကလည်း တစ်စတစ်စ ရှုံ့တွလာခဲ့တယ်။ လောင်တိုက်အသွင်း ခံရတယ်လို့ ဆိုနိုင်မယ်။ လူတွေရဲ့ ခြေဖဝါးအောက်က သဲမှုန်တွေထဲ ကျောက်တုံးတွေ ပေါက်ကွဲ လွင့်စင်လာသလိုလို။ သိုးတွေက ထောင်ချီ သေကြေပျက်စီး၊ လူတွေလည်း အနည်းအကျဉ်း ဟိုနားသေ၊ ဒီနားသေ။ တစ်ခါတလေ သေတာ တောင် ဘယ်သူမှ မသိလိုက်ကြတဲ့အဖြစ်။

အဲ့လိုအချိန်မှာ ရုတ်တရက်ဆိုသလို
ဘာမှတင်ကြို သတိမပေးဘဲ
နှင်းမုန်တိုင်းကျရောက်လာခဲ့တာ။

အဲ့သလို ဆင်းရဲမွဲတေမှုတွေ ကြုံနေရပေမင့် ဝေးသီခေါင်ဖျား ကျောင်းလေးတစ်ကျောင်းမှာ ဘုန်းကြီးတစ်ပါးလို ရှင်သန်နေရတဲ့ သူ့အဖို့ ဘာမှ မည်မည်ရရမရှိသော်ငြား၊ ဘယ်လိုပဲ ကြမ်းတမ်းခက်ခဲသော်ငြား၊ သူ့ဘဝကိုတော့ သူ ကျေနပ်နေမိတယ်။ ဖြူရော်ရော် အရောင် လွင့်ပြယ် နံရံတွေ၊ သေးသေးကျဉ်းကျဉ်း သူ့ခုတင်၊ ဆေးမသုတ်ထားတဲ့ စာအုပ် စင်တွေ၊ သူ့ရေတွင်း၊ ပြီးတော့ သူ့ရဲ့ အပတ်စဉ် ရေနဲ့ အစားအသောက်ခွဲတမ်း၊ ဒါတွေအားလုံးပိုင်ဆိုင်ထားတဲ့ သူ့ဘဝကို ရှင်ဘုရင်တစ်ပါးပမာ သူခံစားရတယ်။ အဲ့လိုအချိန်မှာ ရုတ်တရက်ဆိုသလို ဘာမှတင်ကြို သတိမပေးဘဲ နှင်းမုန်တိုင်း ကျရောက်လာခဲ့တာ။ မိုးလေးတောင် တစ်စက်မှ ကျခွင့်မသာခဲ့။ ဒီဒေသရဲ့ သဘာဝက အဲ့ဒီလိုပဲ လူတွေအတွက် အကြင်နာ ကင်းမဲ့လွန်းတယ်။ လူတွေမနေရင်တောင်မှပဲ ဒီဒေသကြီးက ရက်စက်လွန်းပါတယ်။ သို့သော် ဒါရှူးကို ဒီနေရာ မှာ မွေးဖွားခဲ့တာ။ ဒီနေရာကလွဲလို့ တခြားနေရာဟာ သူ့အတွက် "ပြည်နှင်ဒဏ်"။

ကျောင်းရှေ့က တောင်လှေကားဆီ သူထွက်လာတယ်။ လူနှစ်ယောက်ဟာ အခုဆို တောင်ပေါ်လမ်းတစ်ဝက် ရောက်နေပြီ။ မြင်းပေါ်ကလူဟာ ရဲအရာရှိ အဖိုးကြီး ဘာဒူးချီး ဆိုတာ သူမှတ်မိလိုက်တယ်။ သူနဲ့သိကျွမ်းခဲ့တာလည်း အတော်ကြာခဲ့ပြီ။ ဘာဒူးချီးနောက်မှာ ကြိုးတုပ်ပြီး ခြေကျင်ဆွဲခေါ်လာတဲ့ အာရပ်တစ်ယောက် ခေါင်းငုံ့ပြီး ပါလာတယ်။ ရဲအဖိုးကြီးက လက်ဖေ့ ရမ်းလို့ နှုတ်ဆက်လိုက်ပေမယ့် ဒါရှူးက ပြန်မနှုတ်ဆက်မိ။ အပြာရောင်ဝတ်ရုံနွမ်းနွမ်း၊ အောက်ခံ ခြေညှပ်ဖိနပ်မှာ သိုးမွှေးကြမ်း ခြေအိတ်ကြီးဝတ်လို့ ခေါင်းပေါင်းခပ်သေးသေး ပတ်ထားတဲ့ အာရပ်ဆီမှာသာ သူ့စိတ်က ရောက်နေမိတယ်။ သူတို့ နီးလာပြီ။ အာရပ်ကိုစောင့်ရင်း ဘာဒူးချီးဟာ မြင်းဇက်ကိုဆွဲလို့ ဖြည်းဖြည်းချင်း တက်လာ နေတယ်။

တစ်ခေါ်လောက်ရောက်တော့ "အယ်အမီးယားကနေ ၃ ကီလိုခရီးကို တစ်နာရီလောက် လာခဲ့ရသကွာ။" လို့ ဘာဒူးချီးက လှမ်းအော်ပြောတယ်။

ဒါရှူးကတော့ ဘာမှပြန်မပြော။ ဆွယ်တာထူထူနဲ့ တောင့်တောင့်ကြီးရပ်ပြီး သူတို့ တက်လာတာကိုသာ ငေးကြည့်နေတယ်။ အာရပ်ကဖြင့် ခေါင်းကို တစ်ချက်ကလေးမျှ မော့မကြည့်။ လှေကားထိပ် သူတို့အရောက်မှာ "ဟဲလို" လို့ လှမ်းပြောရင်း ဒါရှူးက နှုတ်ဆက်လိုက်တယ်။

"အထဲဝင်ပြီး နွေးနွေးထွေးထွေး နေကြဦးလေဗျာ။"

ဘာဒူးချီးက အာရပ်ကို ချည်ထားတဲ့ကြိုးကို လက်ကမလွှတ်ဘဲ မြင်းပေါ်ကနေ မသက်မသာပုံစံနဲ့ ဆင်းတယ်။ ပြီး သူ့နှုတ်ခမ်းမွှေးထူထူကြမ်းကြမ်းအောက်ကနေ ကျောင်းဆရာကို လှမ်းပြီး ပြုံးပြလိုက်ရဲ့။ သူ့အညိုရောင် နဖူးပြင် အောက်က ချိုင့်ဝင်နေတဲ့ မည်းမှောင်သေးငယ် မျက်လုံးတွေ၊ အရေးအကြောင်းတွေနဲ့ ရှုပ်တွနေတဲ့ သူ့ပါးစပ်ကို ကြည့်ခြင်းအားဖြင့် တမင်တကာကြီးကို ဟန်ဆောင်ပန်ဆောင် အလေးပေးနေတဲ့ပုံမျိုး ပေါက်နေတယ်။ ဒါရှူးက မြင်းကို ဇက်ကြိုးကဆွဲပြီး ဇောင်းထဲသွားထည့်၊ ပြီး ကျောင်းထဲမှာ စောင့်နေတဲ့ လူနှစ်ယောက်ဆီ ပြန်လာခဲ့တယ်။ ဧည့်သည် နှစ်ယောက်ကို သူ့အိပ်ခန်းထဲ ဝင်ဖို့ခေါ်ရင်း ဒါရှူးက "ကျွန်တော် စာသင်ခန်းထဲ မီးဖို မီးမွှေးလိုက်ဦးမယ်။ အဲ့ဒီမှာဆို ကျွန်တော်တို့ ပိုအဆင်ပြေမယ်။" လို့ ပြောလိုက်တယ်။

အခန်းထဲ သူပြန်ဝင်လာတော့ ဘာဒူးချီးက ခုတင်ပေါ်မှာ။ အာရပ်ကို ချည်ထားတဲ့ ကြိုးကိုတော့ လက်က ချထားလိုက်ပြီ။ အာရပ်က မီးလင်းဖိုနားမှာ ငုတ်တုပ်ထိုင်လျက်။ လက်ကိုတော့ တုပ်နှောင်ထားဆဲ၊ ခေါင်းပေါင်းကို အနောက်ဖက်ချပြီး ပြတင်းပေါက်ကနေ အပြင်ကိုငေးကြည့်နေတယ်။ ဒါရှူး ပထမဆုံးသတိပြုမိတာက သူ့ရဲ့ နှုတ်ခမ်း ထူထူတွေ။ ပြီး ဝဝဖိုင့်ဖိုင့်၊ အသားအရေပြေပြေပြစ်ပြစ်ရှိပြီး နီဂရိုးအနွယ်။ နှာတံဖြောင့်ပြီး မျက်လုံးတွေက မည်းနက်လို့ ဂနာမငြိမ်ဖြစ်နေတယ်။ ခေါင်းပေါင်းဖယ်လိုက်တဲ့အခါ မောက်နေတဲ့ သူ့နဖူးကို မြင်ရတယ်။ နေလောင် အသားအရေဟာ အအေးဒဏ်ကြောင့် အရောင်တွေ ကွက်တိကွက်ကြား။ သူ့မျက်လုံးတွေကို စေ့စေ့ကြည့်တော့ တစ်မျက်နှာလုံး သွေးပျက် ပြီး၊ ပုန်ကန်လိုတဲ့ အရိပ်အယောင်တွေ မြင်နေရတယ်။

“ကျွန်တော်တို့ စာသင်ခန်းထဲ သွားကြရအောင်။ ခင်ဗျားတို့အတွက် လက်ဖက်ရည်နဲ့မုန့် ကျွန်တော် ပြင်လိုက် ဦးမယ်” လို့ ကျောင်းဆရာကအပြောမှာ ဘာဒူးချီးက ပြန်ပြောတယ်။

“ကျေးဇူးပါပဲကွာ။ ပင်ပန်းလိုက်တာလည်း လွန်ပါရော။ ငါလည်း နားချင်လှပါပြီ။”

အဲ့ဒီနောက် ဘာဒူးချီးက သူ့အကျဉ်းသားကို အာရပ်ဘာသာနဲ့ “လာ.. သွားရအောင်” လို့ ပြောလိုက်တော့ အာရပ်က ခပ်ဖြည်းဖြည်းထပြီး တုပ်နှောင်ထားတဲ့ လက်နှစ်ဖက်ကို ရှေ့ချလို့ စာသင်ခန်းထဲ ဘာဒူးချီးနောက်က လိုက်ဝင်သွားတယ်။

လက်ဖက်ရည်နဲ့အတူ ဒါရူးက ခုံတစ်လုံးယူလာတယ်။ ဒါပေမယ့် ဘာဒူးချီးက အနီးဆုံး ကျောင်းသားစားပွဲမှာ ဝင်ထိုင်နှင့်နေပြီ။ အာရပ်ကတော့ ပြတင်းပေါက်နဲ့ ဘာဒူးချီးအကြား၊ စာသင်စင်မြင့်ကြမ်းပြင် မီးလင်းဖိုအနားမှာ ထိုင်နေတယ်။ အကျဉ်းသားကို လက်ဖက်ရည်ခွက် ကမ်းပေးတဲ့အချိန်ကျမှ သူ့ကို ကြိုးတုပ်ထားတာမြင်ပြီး ဒါရူးက ရဲအရာရှိကို လှမ်းမေးတယ်။

“သူ့ကို ကြိုးဖြေပေးရမယ်ထင်တယ်။”

“မှန်တာပေါ့။ ကြိုးက ဒီကို ဖမ်းခေါ်လာဖို့ ချည်ခဲ့ရတာ။” လို့ ပြောရင်း ထိုင်ရာကထဖို့ ဘာဒူးချီး ဟန်ပြင် လိုက်တယ်။ ဒါပေမယ့် ဒါရူးက ဖန်ခွက်ကို ကြမ်းပြင်ပေါ်ချပြီး၊ အာရပ်နံဘေးမှာ ဒူးထောက်လို့ သူကိုယ်တိုင်ပဲ ကြိုးဖြေပေးလိုက်တယ်။ အာရပ်က စကားတစ်ခွန်းမှမပြောဘဲ ဒါရူးကိုသာ စူးစူးရဲရဲ စိုက်ကြည့်နေရဲ့။ လက်တွေ လွတ်လပ်သွားတယ်ဆိုရင်ပဲ ရောင်ရမ်းနေတဲ့ သူ့လက်ကောက်ဝတ်နှစ်ဖက်ကို တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ပွတ်ရင်း၊ လက်ဖက်ရည်ခွက်ကို ကောက်ကိုင်လို့ ပူချစ်နေတဲ့ လက်ဖက်ရည်ကို နည်းနည်းချင်း အငမ်းမရ သောက်နေတော့တယ်။

“လူထူးလူဆန်းကျောင်းသားတွေပါကလားဗျို့။ ဒါနဲ့ ခင်ဗျားတို့ ဒီမှာကော ညအိပ်မှာလား။”

ဒါရူးက ရဲအရာရှိဘက်လှည့်ပြီး

“ဒါနဲ့ ခင်ဗျားတို့ ဘယ်သွားကြမလို့လဲ။”

“မင်းဆီ လာတာပေါ့ကွာ။” လို့ လက်ဖက်ရည်ခွက်ကနေ သူ့နှုတ်ခမ်းမွေးထူထူကို ခွာရင်း ဘာဒူးချီးက ပြန်ဖြေ တယ်။

“လူထူးလူဆန်းကျောင်းသားတွေပါကလားဗျို့။ ဒါနဲ့ခင်ဗျားတို့ ဒီမှာကော ညအိပ်မှာလား။”

“ငါ မအိပ်ဘူး။ ငါက အယ်အမီးယားကို ပြန်သွားရမှာ။ မင်းက ဒီကောင့်ကို တင်းဂျစ်မြို့ကို ပို့ပေးရမယ်။ အဲ့ဒီရဲဌာနက ဒီကောင့်ကို အလိုရှိနေတာ။” လို့ ဘာဒူးချီးက ကျောင်းဆရာကို ပြုံးကြည့်ရင်း ဖြေလိုက်တယ်။

ကျောင်းဆရာက တအံ့တသြနဲ့

“ဘာတွေလဲဗျာ။ ခင်ဗျား ကျွန်တော့်ကို နောက်နေတာလား။”

“မဟုတ်ဘူး၊ လူလေး။ ဒါ အမိန့်ပဲ။”

“ဘာ...အမိန့် ဟုတ်လား..”

ကော့ဆီကာဒေသသား မိတ်ဆွေရဲကြီးကို အားနာတာနဲ့ တုံ့ဆိုင်းဆိုင်းလုပ်ရင်း ဒါရူးက ဆက်တယ်။

“ကျွန်တော်ဆိုလိုတာက ဒါ ကျွန်တော့်အလုပ်မှ မဟုတ်ဘဲလို့ပါ။”

“ဘာ..ဒါက ဘာစကားလဲကွ။ စစ်ပွဲအတွင်းမှာ လူတွေဟာ အလုပ်မျိုးစုံ လုပ်ကြရတာပဲလေကွာ။”

“ဒါဆိုလဲ တရားဝင် စစ်ကြေညာတဲ့အထိ ကျွန်တော် စောင့်မယ်လေ။”

ဘာဒူးချီးက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်တယ်။

“ကောင်းပါပြီ။ ဒါပေမယ့် အမိန့်ကတော့ အမိန့်ပဲ၊ ပြီးအဲ့ဒီအမိန့်က မင်းနဲ့ဆိုင်နေတယ်။ အခြေအနေတွေက ပိုဆိုးလာပြီ။ မကြာမီ ပုန်ကန်မှုတွေ ဖြစ်တော့မယ်။ ငါတို့တပ်ဖွဲ့တွေ ရွှေ့ပြောင်းရတော့မယ်။”

ဒါရူးကတော့ မလုပ်နိုင်ဘူးဆိုတဲ့အကြည့်နဲ့ ခေါင်းမာမာ ပြန်ကြည့်နေတယ်။

ဘာဒူးချီးက သူ့စကားကို ဆက်တယ်။

“ဒီမှာ လူလေး၊ မင်းကိုငါ သဘောကျပါတယ်။ မင်းနားလည်ထားရမှာက အယ်အမီးယားမှာ နယ်မြေတစ်ခုလုံးကို ကင်းလှည့်ဖို့ ငါတို့တပ်ဖွဲ့ဝင် တစ်ဒါဇင်ပဲရှိတယ်။ ဒါကြောင့် ငါအမြန်ဆုံးပြန်ရလိမ့်မယ်။ ဒီအာရပ်ကို မင်းဆီကို လွှဲပေးဖို့ ငါ့ကိုခိုင်းတယ်၊ ပြီးရင် အချိန်မဆိုင်းဘဲ ပြန်လာရမယ်။ ဒါပဲ။ ဒီအာရပ်ကို အယ်အမီးယားမှာ ဆက်ပြီး ချုပ်ထား လို့ မရတော့ဘူး။ သူ့ရွာက လှုပ်လှုပ်ရွရွ ဖြစ်နေပြီ။ သူ့ကို ပြန်လွှတ်ပေးစေချင်နေပြီ။ မနက်ဖြန် နေမဝင်ခင် မင်းသူ့ကို တင်းဂျစ်မြို့ကို အရောက်ပို့ပေးရမယ်။ မင်းလို ကျန်းမာရေးကောင်းတဲ့ လူငယ်အဖို့ ကီလို ၂၀ ဆိုတာမပြောပလောက်ပါ ဘူး။ အဲ့ဒီလိုပို့ပြီးရင် အားလုံးပြီးသွားပြီ။ မင်းကျောင်းကို ပြန်လာ၊ မင်းတပည့်တွေဆီ ပြန်လာပြီး အေးအေးလူလူ နေလို့ ရပြီ။”

နံရံတစ်ဖက် ဇောင်းထဲက မြင်းရဲ့ နှာခြေသံ၊ ခွာရုပ်သံတွေ ကြားနေရတယ်။ ဒါရူးက ပြတင်းပေါက်ကနေ အပြင်ကို ငေးကြည့်နေရဲ့။ သေချာတာကဖြင့် ရာသီဥတု ကြည်ကြည်လင်လင်ရှိလာပြီး နှင်းဖုံးနေတဲ့ ကုန်းမြင့်ပေါ် အလင်းရောင်တွေ ပိုမိုရောက်ရှိလာတာပါပဲ။ နှင်းတွေအားလုံး အရည်ပျော်သွားတဲ့အခါ၊ နေမင်းက နောက်တစ်ခါ ပြန်လည်မင်းမူပြီး ကျောက်တုံးကွင်းပြင်တွေကို လောင်တိုက်သွင်းပေဦးမယ်။ နေ့ပေါင်းများစွာ၊ မပြောင်းလဲတဲ့ကောင်းကင် ဟာ ကျယ်ပြန့်၊ ထီးတည်း၊ လူသားနဲ့ဘာမှ ဆက်နွှယ်မှုမရှိတဲ့ ကုန်းမြေပေါ် သူ့ခြောက်သွေ့ အလင်းတန်းတွေနဲ့ ထွန်းညှိနေဦးမှာ။

ဘာဒူးချီးဘက်လှည့်ရင်း

“ထားပါတော့ဗျာ၊ ဒါနဲ့ အဲ့ဒီအာရပ်က ဘာလုပ်ခဲ့လို့လဲ” လို့ ဒါရူးက မေးလိုက်တယ်။

ရဲအရာရှိက ဖြေဖို့ ပါးစပ်မဟခင်မှာဘဲ

“သူ ပြင်သစ်စကား ပြောတတ်သလား။” လို့ ဒါရူးက ဆက်မေးတယ်။

“မပြောတတ်ဘူး။ တစ်ခွန်းမှကို မတတ်တာ။ ငါတို့ သူ့ကို လိုက်ဖမ်းနေတာ ၁ လရှိပြီ။ သူ့ရွာက သူ့ကို ဖွက်ပေးထား လို့။ သူက သူ့ညီဝမ်းကွဲကို သတ်ခဲ့တယ်လေ။”

“သူက ပြင်သစ်နယ်ချဲ့ ဆန့်ကျင်ရေးသမားလား။”

“ငါတော့ မထင်ဘူး။ ဒါပေသိ အသေအချာတော့ မပြောနိုင်ဘူးပေါ့လေ။”

“သူ့ညီကို ဘာလို့သတ်တာလဲ။”

“မိသားစုအချင်းချင်း စကားများတာက စတာပဲ။ ဂျုံကို သူပိုင်တယ်၊ ငါပိုင်တယ်ဖြစ်တာနဲ့ တူတယ်။ သိပ်တော့ မရှင်းဘူး။ တိုတိုပြောရရင်တော့ သူ့ညီကို သူက ကိုင်းညှပ် တဲ့ ကတ်ကြေးအရှည်နဲ့ လည်ပင်းကို ညှပ်ပစ်လိုက်တာ။ ဆိတ်တစ်ကောင်လိုပေါ့ကွာ။”

တရားမျှတမှုအပေါ်နဲ့၊ ဆိုးဝါးတဲ့ အာဃာတ တွေ၊ လက်ပန်းမကျနိုင်တဲ့ အမုန်းတရားတွေ၊ သွေးဆာမှုတွေအပြည့်နဲ့ လူသားတွေအပေါ် ဒေါသစိတ် ထောင်းကနဲ ဖြစ်ပေါ်မိတယ်။

ဘဒူးချီးက သူ့လည်ပင်းကိုသူ အမူအယာနဲ့ လုပ်ပြရင်းပြောတယ်။ အဲ့ဒါကိုမြင်တော့ ဘာမှနားမလည်တဲ့ အာရပ်က လှုပ်လှုပ်ရွရွဖြစ်လာတယ်၊ ရတ်တရက်ဆိုသလို ဒါရူးရဲ့စိတ်ထဲမှာ တရားမျှတမှုအပေါ်နဲ့၊ ဆိုးဝါးတဲ့ အာဃာတ တွေ၊ လက်ပန်းမကျနိုင်တဲ့ အမုန်း တရားတွေ၊ သွေးဆာမှုတွေအပြည့်နဲ့ လူသားတွေအပေါ် ဒေါသစိတ် ထောင်းကနဲ ဖြစ်ပေါ်မိတယ်။

အဲ့ဒီအခိုက်မှာပဲ မီးဖိုပေါ်က ရေနွေးအိုးက အသံတွေမြည် လာတယ်။ ဘဒူးချီးကို လက်ဖက်ရည် ထပ်ပေးပြီး၊ ခဏ လောက် တုံ့ဆိုင်းနေပြီးမှ အာရပ်ကို နောက်တစ်ခွက် ထပ် ပေးလိုက်တယ်။ ဒီတစ်ကြိမ်မှာလည်း အာရပ်ဟာ လက်ကို မြှောက်ပြီး အားပါးတရသောက်တော့ သူ့ဝတ်ရုံဟသွားတဲ့အ ကြားက ကျစ်လစ်၊ သန်မာတဲ့ရင်အုံကို ကျောင်းဆရာ လှမ်း မြင်လိုက်ရတယ်။

ဘဒူးချီးက

“ကျေးဇူးပဲ လူလေးရာ၊ ကဲ ငါလည်း ပြန်လိုက်ဦးမကွ။” လို့ ပြောတယ်။

သူက နေရာကထပြီး အိတ်ကပ်ထဲက ကြိုးကိုထုတ်လို့ အာရပ်ဆီ သွားဖို့ပြင်တော့

“ခင်ဗျား ဘာလုပ်မလို့တုန်း” လို့ ဒါရူးက အေးတိအေး စက် လှမ်းမေးလိုက်တယ်။

ဘဒူးချီးလည်း ကြောင်တက်တက်ဖြစ်သွားပြီး လက်ထဲ ကကြိုးကို ထောင်ပြတယ်။

“ချည်မနေပါနဲ့။” လို့ ဒါရူးကအပြောမှာ ရဲအဖိုးကြီးလည်း ခဏတော့ တွေသွားတယ်။ နောက်မှ

“မင်းသဘောပဲလေ။ ဒါနဲ့ မင်းမှာ သေနတ်ရှိတယ်မလား။”

“ရှိတယ်။”

“ဘယ်မှာထားလဲ။”

“သေတ္တာထဲမှာ။”

“မင်းသေနတ်ကို မင့်အိပ်ရာဘေးမှာ ထားသင့်တယ်။”

“ဘာကြောင့်လဲ။ ကျွန်တော့်မှာ ကြောက်စရာ ဘာမှမရှိ ဘူး။”

“မင်း ရူးနေသလားကွ။ ပုန်ကန်မှုတွေဖြစ်ရင် ဘယ်သူမှ မလုံခြုံတော့ဘူး။ ငါတို့တွေအားလုံး ဘဝတူတွေပဲ ဖြစ် ကြမှာ။”

“ကျွန်တော် ကိုယ့်ကိုကိုယ် ကာကွယ်နိုင်ပါတယ်။ ဒီတောင်ပေါ် သူတို့တက်လာရင် ကျွန်တော် ကြိုမြင်ရမှာ ပဲလေ။”

ဘဒူးချီးက သွားတွေပေါ်အောင်ရယ် လိုက်တယ်။ နောက် သွားတွေအပေါ် နှုတ်ခမ်းမွှေးတွေဖုံးသွားပြီး ခပ်တည် တည်မျက်နှာပေးနဲ့

“မင်းမှာ အချိန်ရှိတယ်၊ ဟုတ်လား။ ကောင်းပါပြီကွာ။ ငါ လည်း ဒီသဘောအတိုင်းပဲ ပြောနေတာပါ။ မင်းက နည်း နည်းတော့ အူကြောင်ကြောင်နိုင်သကွ။ ဒါကြောင့် ငါမင်း ကို သဘောကျတာ။ ငါ့သားလည်း မင်းလို ပုံစံမျိုးပဲ။”

ပြောပြောဆိုဆိုနဲ့ ဘဒူးချီးဟာ သူ့ ပစ္စတိုသေနတ်ကိုထုတ် ပြီး စားပွဲပေါ်တင်လိုက်တယ်။

“ဒီ သေနတ်ယူထားလိုက်၊ ဒီကနေ အယ်အမီးယားကိုပြန်တာ ငါ့အတွက် သေနတ်နှစ်လက် မလိုဘူး။”

အမည်းရောင်စားပွဲပေါ်မှာ ပစ္စတိုသေနတ်ဟာ ဝင်းလက် တောက်ပနေတယ်။ ရဲအဖိုးကြီး သူ့ဘက်လှည့်လာ တော့ သူ့ကိုယ်က သားရေနံ့နဲ့ မြင်းသားနံ့တွေရတယ်။

ဒါရူးက ရုတ်တရက်ဆိုသလို ဘဒူးချီးကို ပြောချလိုက်ရဲ့။

“ဒီမယ် ခင်ဗျားသိထားဖို့က အခုကိစ္စမှာ အားလုံးကို ကျွန်တော် အော့နှလုံးနာမိတယ်ဆိုတာ ပြောချင်တယ်။ အဲ့ဒီ အထဲ ဒီမှာရှိတဲ့ ခင်ဗျားလူတွေက ထိပ်ဆုံးကပဲ။ ကျွန်တော် သူ့ကို သွားပို့မပေးနိုင်ဘူး။ စစ်တိုက်စရာရှိရင် ကျွန်တော် တိုက်ပေးမယ်။ ဒါပေမယ့် ဒီလိုအလုပ်မျိုးတော့ ကျွန်တော် မလုပ်နိုင်ဘူး။”

ရဲအဖိုးကြီးဟာ သူ့ရှေ့မှာရပ်ရင်း ဒါရူးကို စူးစူးရဲရဲကြည့်လို့ ခပ်ဖြည်းဖြည်း ပြန်ပြောတယ်။

“မင်းဟာ အရူးပဲ၊ လူလေး။”

“မင်းရဲ့ အခုလိုပုံစံကိုလည်း ငါမကြိုက်ဘူး။ ဒီလောက် နှစ်တွေအကြာကြီးနေလာခဲ့တာတောင်ပဲ လူတစ်ယောက် ကို

ကြိုးတုပ်ဖို့အရေး မင်းကျင့်သားမရသေးဘူး။ ကျင့်သားမရတဲ့အပြင် မင်းက အဲ့လိုလုပ်ရမှာကို ရှက်တောင် ရှက်နေသေးတော့တယ်။ အေးပေါ့ကွာ၊ ရှက်ချင်လည်း ရှက်ပါ။ ဒါပေမယ့် သူတို့ကို စိတ်ကြိုက်လုပ်ခွင့်တော့ ပေးလို့မရဘူးကွ။"

"ကျွန်တော် သူ့ကို ရဲလက်မအပ်နိုင်ဘူး။" လို့ ဒါရှူးက ထပ်လောင်းပြောတယ်။

"ဒါ အမိန့်ပဲဆိုတာကိုလည်း ငါ ထပ်ပြောပါရစေ။"

"ကောင်းပြီလေ။ ကျွန်တော်သူ့ကို ရဲလက် မအပ်နိုင်ဘူးဆိုတဲ့ စကားကိုလည်း ခင်ဗျားလူတွေကို ခင်ဗျားပြန် ပြောပြလိုက်ပါ။"

ဘာဒူးချီးဟာ ခဏတော့ စဉ်းစဉ်းစားစား ဖြစ်သွားရဲ့။ အာရပ်နဲ့ ဒါရှူးကို တစ်လှည့်စီကြည့်ရင်း နောက်ဆုံး သူ စိတ်ဒုံးဒုံးချလိုက်တယ်။

"ငါ သူတို့ကို ဘာမှပြန်မပြောဘူး။ မင်း ငါတို့နဲ့ အဆက်ဖြတ်ချင်လည်း ရတယ်၊ မင်းသဘောပဲ။ မင်းကို ငါတို့ အပြစ်တင်မှာမဟုတ်ဘူး။ ငါ့မှာ ဒီအကျဉ်းသားကို မင်းဆီပို့ပေးဖို့ အမိန့်တစ်ခုပဲရှိတယ်။ အဲ့ဒီအမိန့်ကိုပဲ ငါလုပ် နေတာ။ ဒါကြောင့် ငါ့အတွက် ဒီလက်ခံစာရွက်လေးမှာ မင်း လက်မှတ်ထိုးပေးပါ။"

"မလိုပါဘူးဗျာ။ ကျွန်တော့်ဆီမှာ အကျဉ်းသားကို ခင်ဗျား မထားခဲ့ပါဘူးလို့ ကျွန်တော် ငြင်းမှာမဟုတ်ဘူး။"

"ငါ့ကို နားလည်ပေးပါကွာ။ မင်း အမှန်အတိုင်းပြောမယ်ဆိုတာ ငါသိပါတယ်။ မင်းက ဒီမှာမွေးတဲ့ကောင်၊ ပြီး မင်းကယောက်ျားပဲ။ ဒါပေမယ့် စည်းကမ်းအရတော့ မင်းငါ့ကို လက်မှတ်ထိုးပေးမှရမယ်။"

ဒါရှူးက အံဆွဲကို ဖွင့်ပြီး ခရမ်းရောင်လေးထောင့်မင်အိုးကို ထုတ်လိုက်တယ်။ အဲ့ဒီနောက် သူသုံးနေကျ ဆာဂျင်မေဂျာတံဆိပ် ဖောင်တိန်နဲ့ လက်မှတ်ထိုးပေးတယ်။ ရဲအဖိုးကြီးက စာရွက်ကို သူ့ပိုက်ဆံအိတ်ထဲ အသေအချာခေါက်ထည့်ပြီး၊ တံခါးဆီ ခြေလှမ်းဖို့ပြင်တယ်။

နှင်းထုတွေကြား သူ့ခြေသံတွေ သဲသဲကွဲကွဲ မကြားရ။ နံရံတစ်ဖက်က မြင်းရဲ့ လှုပ်လှုပ်ရှားရှားအသံတွေနဲ့အတူ ကြက်တွေလန့်ပြီး ထပျံသံတွေ ကြားရတယ်။

"ကျွန်တော် အပြင်ကို လိုက်ပို့ပေးပါ့မယ်။" လို့ ဒါရှူးက လောကွတ်ပြုတယ်။ ဘာဒူးချီးက

"မလိုပါဘူးကွာ။ အခုမှတော့ ယဉ်ကျေးပြမနေပါနဲ့တော့။ မင်းငါ့ကို စော်ကားမော်ကားလုပ်ခဲ့ပြီးပြီပဲ။" လို့ ပြန်ပြောလိုက်တယ်။ ဘာဒူးချီးဟာ သူထိုင်နေတဲ့နေရာမှာပဲ မလှုပ်မရှားရှိနေတဲ့ အာရပ်ကို တစ်ချက်လှမ်းကြည့်ပြီး မကျေမချမ်း နှာခေါင်းရှုံ့လို့ တံခါးဘက်ဆီ လှည့်လိုက်တယ်။

"သွားပြီ၊ လူလေးရေ" လို့ နှုတ်ဆက်ရင်း တံခါးပြန်ပိတ်သွားတယ်။ ပြတင်းပေါက်အပြင်ဘက်မယ် ဖြတ်ကနဲ တစ်ချက်ပေါ်လာပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့။ နှင်းထုတွေကြား သူ့ခြေသံတွေ သဲသဲကွဲကွဲ မကြားရ။ နံရံတစ်ဖက်က မြင်းရဲ့ လှုပ်လှုပ်ရှားရှားအသံတွေနဲ့အတူ ကြက်တွေလန့်ပြီး ထပျံသံတွေ ကြားရတယ်။ ခဏ နေတော့ ပြတင်းပေါက်မှာ မြင်းကိုဆွဲသွားတဲ့ ဘာဒူးချီး ပြန်ပေါ်လာတယ်။ နောက်ကို လှည့်မကြည့်ဘဲ ထွက်ခွာသွားတဲ့ ဘာဒူးချီးဟာ မြင်ကွင်းကနေ တစ်စတစ်စ ပျောက်ကွယ်သွားခဲ့တယ်။ ကျောက်ခဲကြီးတစ်လုံး ကျသံ ကြားလိုက်မိရဲ့။ အဲ့ဒီနောက် ဒါရှူးဟာ သူ့ကို မျက်စိအောက်က အပျောက်မခံဘဲ စိုက်ကြည့်နေတဲ့ အကျဉ်းသားဆီကို လျှောက်လာတယ်။

"ခဏစောင့်ဦး" လို့ ကျောင်းဆရာက အာရပ်ဘာသာနဲ့ လှမ်းပြောရင်း အိပ်ခန်းထဲဝင်သွားတယ်။ တံခါးကနေ ဖြတ်အလာမှာ စားပွဲဆီပြန်သွားလို့ ပစ္စတိုသေနတ်ကိုယူပြီး သူ့အိတ်ကပ်ထဲ ထည့်ထားဖို့ သူ့ခေါင်းထဲ အတွေးရလိုက်သေးတယ်။ ဒါပေသိ နောက်ပြန်လှည့်မနေတော့ဘဲ၊ အိပ်ခန်းထဲထိ သူဆက်ဝင်သွားတယ်။

**အပိုင်း(၂)**

သူ အိပ်ရာပေါ် အတန်ကြာလှဲလို့ တိတ်ဆိတ်မှုရဲ့အသံကို နားစွင့်ရင်း ကောင်းကင်ကြီး တဖြည်းဖြည်း တံခါးပိတ်သွားတာကို စောင့်ကြည့်နေတယ်။ ဒီကျောင်းမှာ အစောပိုင်းနေ့ရက်များက သူ့ကို နာကျင်စေခဲ့တာ အဲ့ဒီ တိတ်ဆိတ်မှုတွေပေါ့။ စစ်ကြီးအပြီးမှာ၊ အပေါ်ပိုင်းကုန်းမြင့်ဒေသနဲ့ သဲကန္တာရကို စည်းခြားပေးထားတဲ့ တောင်ခြေမြို့ကလေးက ကျောင်းမှာ တာဝန်ထမ်းဆောင်ဖို့ သူအလုပ်လျှောက်ခဲ့တယ်။ အဲ့ဒီဒေသဟာ ကျောက် သားနံရံတွေ၊ မြောက်ဘက်က အစိမ်းရောင်၊ အနက်ရောင်တွေ၊ တောင်ဘက်က ပန်းရောင်နဲ့ ခရမ်းပြာနုတွေ အားလုံးနဲ့ အဆုံးမဲ့ နွေရာသီရဲ့နယ်စပ်ကို သတ်မှတ်ပိုင်းခြားထားတဲ့ဒေသ။ ဒါပေမယ့် သူလျှောက်တဲ့နေရာ ထက် ပိုပြီးမြောက်ဘက်ကျတဲ့၊ အခု တောင်ပေါ်ဒေသမှာ သူ့ကိုအလုပ်ခန့်ခဲ့တယ်။ အစောပိုင်းကတော့ ကျောက်တုံးတွေပဲ နေထိုင်တဲ့ ဖုန်းဆိုးမြေမှာ အထီးကျန်ဆန်မှုတွေ၊ တိတ်ဆိတ်မှုတွေအတိပြီးလို့ သူ့အတွက် အလွန်ပဲ ခက်ခဲကြမ်းတမ်းခဲ့တယ်။ တစ်ခါတလေ ထယ်ရေးဆန်ဆန် မြင်ရတဲ့အခါ ထွန်ယက်စိုက်ပျိုးမှုတွေပဲ ရှိနေသယောင်ယောင်။ သို့ပေသိ

အဲ့လို တူးဆွခြင်းတွေဟာ အိမ်ဆောက်ဖို့ ကျောက်တုံး ကောင်းကောင်းရှာဖို့ အတွက်သာဖြစ်ပြီး၊ ဒီဒေသရဲ့ ထွန်ယက်ခြင်းဟာ ကျောက်တုံးတွေတူးဆွရှာဖွေခြင်းသာ ဖြစ်တယ်။ မြေဆီ မြေလွှာခပ်ပါးပါး ရှိမယ်ဆိုရင်လည်း ရွာက ဥယျာဉ်ငယ်တွေအတွက် ကုတ်ခြစ်ယူသွားပြီးကြပြီ။ ဒါကြောင့် လည်း ဒီဒေသရဲ့ ၄ ပုံ ၃ ပုံဟာ ကျောက်သားအတိ ပြီးနေခဲ့တာပေါ့။ မြို့တွေပေါ်လာတယ်၊ ထွန်းကားတယ်၊ နောက် ပျောက်ကွယ်သွားတယ်။ လူတွေရောက်လာတယ်၊ တစ်ယောက် တစ်ယောက် ချစ်ကြတယ် ဒါမှမဟုတ် ခါးခါးသီးသီး တိုက်ခိုက်ကြတယ်၊ နောက်ပြီး ကွယ်လွန်သွားကြတယ်။ ဒီသဲကန္တာရထဲမှာ ဘယ်သူမဆို၊ သူဖြစ်ဖြစ် သူ့ညှော်သည် ဖြစ်ဖြစ် အရေးမပါခဲ့ဘူး။ ပြီးတဲ့အခါ ဒီသဲကန္တာရရဲ့ အပြင်ဘက်မှာ သူတို့ နှစ်ယောက် စလုံး ဧကန်စင်စစ် ရှင်သန်နေထိုင်နိုင် လိမ့်မယ် မဟုတ်ဘူးဆိုတာလည်း ဒါရူးသိနေတယ်။

သူနိုးလာတော့ စာသင်ခန်းထဲက ဘာအသံမှ မကြားရ။ တကယ်လို့ အာရပ်အကျဉ်းသား ထွက်များ ပြေးသွားရင်၊ ငါတော့ ဘာမှစဉ်းစားဆုံးဖြတ်စရာ မလိုတော့ဘူးဆိုတဲ့ အတွေးတစ်ချက်နဲ့တင် သူ့အလွန်ပျော် သွားမိတာ အံ့သြစရာ။ သို့ပေသိ အကျဉ်းသားက ထွက်မပြေး။ မီးဖိုနဲ့ စားပွဲအကြား ခြေဆန့်လက်ဆန့်။ မျက်လုံးအပြူးသားနဲ့ မျက်နှာကြက်ကို မော့ကြည့်နေတယ်။ အဲ့လို အနေအထားမှာ သူ့နှုတ်ခမ်းတွေက နှုတ်ခမ်း စူထွက်နေတဲ့ပုံမျိုး ပိုပြီး သိသိသာသာ။

"ငါ့နောက် လိုက်ခဲ့။" လို့ ကျောင်းဆရာက ပြောလိုက်တယ်။

အာရပ်က လှဲရာက ထလာပြီး သူ့နောက်ကို လိုက်အလာ၊ အိပ်ခန်းထဲအရောက် ကျောင်းဆရာက ပြတင်းပေါက် အောက်က စားပွဲအနီး၊ ထိုင်ခုံကို လက်ညိုးထိုးပြတယ်။ အာရပ်က ဒါရူးဆီကနေ အကြည့်ကိုမခွာဘဲ ခုံမှာ ထိုင်ချလိုက်တယ်။

"မင်း ဗိုက်ဆာပြီလား။"

လုပ်ရင်းကိုင်ရင်းနဲ့ သူ့
ညာဖက်အိတ်ကပ်ထဲက
ပစ္စတိုကို တစ်ချက်ခိုက်မိသွားရဲ့။

"ဟုတ်ကဲ့။" လို့ အကျဉ်းသားက ပြန်ဖြေတယ်။

ဒါရူးက နှစ်ယောက်စာပြင်တယ်။ ဂျုံမှုန့်နဲ့ ဆီကိုနယ်၊ ဒယ်အိုးထဲ ကိတ်မုန့်ပုံစံလုပ်၊ ပြီး ဓာတ်ငွေ့မီးဖိုကို မီးမွှေးတယ်။ ကိတ်မုန့်ဖုတ်နေတုံးမှာ၊ စတိုခန်းထဲဝင်ပြီး ဒိန်ခဲ၊ ကြက်ဥ၊ စွန်ပလွံသီးနဲ့ နို့စိမ်းတွေ ယူတယ်။ ကိတ်မုန့်ကျက်သွားတဲ့အခါ ပြတင်းပေါက် ဘောင်ပေါ်တင်ပြီး အအေးခံ၊ ပြီး နို့စိမ်းကို ရေနဲ့ရောပြီး အပူပေး၊ အဲ့ဒီနောက် ကြက်ဥမွှေကြော် ကြော်တယ်။ အဲ့သလို လုပ်ရင်းကိုင်ရင်းနဲ့ သူ့ ညာဖက်အိတ်ကပ်ထဲက ပစ္စတိုကို တစ်ချက်ခိုက်မိသွားရဲ့။ ဒါကြောင့် ပန်းကန်လုံးကို လက်ကချ၊ စာသင်ခန်းထဲ ပြန်ဝင်ပြီး ပစ္စတိုသေနတ်ကို အံဆွဲထဲ ပြန်ထည့်လိုက်တယ်။ အခန်းထဲရောက်တော့ ညက မှောင်နေပြီ။ အခန်းကို မီးထွန်းပြီး အာရပ်ကို ညစာ ခူးခပ်ပြင်ဆင်ပေးတယ်။

"စားလေ။" လို့ သူပြောလိုက်တော့ အာရပ်က ကိတ်မုန့်တစ်ချပ်ကောက်ယူပြီး ပါးစပ်ထဲ အားတက်သရော ထည့်ဖို့ ဟန်ပြင်လိုက်ရဲ့။ အဲ့သလို စားဖို့ပြင်ရင်းတန်းလန်းနဲ့

"ခင်ဗျားကော မစားဘူးလား။" လို့ ပြန်မေးတယ်။

"မင်းပြီးရင် ငါလည်း စားမှာပေါ့။"

နှုတ်ခမ်းထူထူတွေဟာ နည်းနည်း ဟတတဖြစ်သွားရဲ့။ ခဏတော့ တုံ့ဆိုင်းနေပြီး၊ နောက်မှ အာရပ်ဟာ ကိတ်မုန့်ကို အားရပါး ရစားတော့တယ်။

ညစာစားပြီးတဲ့အခါ အာရပ်ဟာ ကျောင်းဆရာကို ကြည့်ပြီး မေးတယ်။

"ခင်ဗျားက တရားသူကြီးလား။"

"မဟုတ်ပါဘူး။ ငါက မင်းကို မနက်ဖြန်အထိပဲ ခဏထိန်းထားရမှာ။"

"ခင်ဗျား ဘာဖြစ်လို့ ကျွန်တော်နဲ့ ညစာအတူ စားတာလဲ။"

"ငါ ဗိုက်ဆာလို့ပေါ့။"

အာရပ်အကျဉ်းသား ငြိမ်ကျသွားတယ်။ ဒါရူးက ထိုင်ရာကထပြီး စတိုခန်းဘက် ထွက်သွားတယ်။ ပြန်လာတော့ ခေါက်ကုတင်ရယ်၊ အိပ်ရာခင်းရယ် ပါလာပြီး မီးဖိုနဲ့စားပွဲအကြား၊ သူ့အိပ်ရာနဲ့ အတည့် ထောင့်မတ်ကျတဲ့ နေရာ၊ ခြေရင်းဘက်မှာ အကျဉ်းသားအိပ်ဖို့ ခင်းပေးတယ်။ ထောင့်မှာရှိတဲ့ စာအုပ်တင်တဲ့ စားပွဲပေါ်ကနေ စောင်နှစ်ထည်ယူပြီး အိပ်ရာအေးမှာ ချပေး လိုက်တယ်။ အားလုံးပြီးသွားတော့ သူ ဘာမှအသုံး မဝင်တော့သလို ခံစားရပြီး အိပ်ရာပေါ် သူပြန်လှဲနေလိုက်တယ်။ ဘာမှ ထပ်လုပ်စရာမရှိသလို၊ ဘာမှလည်း ပြင်ဆင်စရာမရှိတော့။ ဒီလူကို သူစောင့်ကြည့်ရမယ်။ စောင့်ကြည့်ဖို့ဆိုရာမှာ ဒေါသတွေ ပေါက်ကွဲတောက် လောင်နေတဲ့ အဲ့ဒီလူရဲ့မျက်နှာကို ပုံဖော်ကြည့်ဖို့လိုမယ်။ ဒါပေမယ့် သူအဲ့ဒီလို ပုံဖော်လို့မရ။ မဲနက်ပြောင် လက်တဲ့ မျက်လုံးတွေနဲ့ တိရစ္ဆာန်လို ပါးစပ်ကလွဲလို့ ကျန်တာတွေ သူ့အာရုံထဲပေါ်မလာ။

"မင်းဘာလို့ မင်းညီကို သတ်ရတာလဲ။"
လွှတ်ခနဲထွက်သွားတဲ့ ကြမ်းရှရှသူ့အသံကို သူအံ့သြနေမိတယ်။
အာရပ်က အဝေးကို ငေးကြည့်ရင်းဖြေတယ်။
"သူက ထွက်ပြေးတယ်။ ကျွန်တော်က နောက်ကလိုက်တယ်။"
အကျဉ်းသားဟာ ကြေကွဲစရာမေးခွန်းတွေအပြည့်နဲ့ သူ့မျက်လုံးတွေကို ပင့်ပြီး ဒါရှုးကို လှည့်ကြည့်တယ်။
"အခု ကျွန်တော့်ကို သူတို့ ဘာလုပ်ကြမလဲ မသိဘူးနော်။"
"မင်း ကြောက်နေသလား။"
အကျဉ်းသားဟာ တောင့်တောင့်တင်းတင်းဖြစ်သွားပြီး သူ့မျက်လုံးတွေ လွဲသွားတယ်။
"မင်း စိတ်မကောင်းဖြစ်နေသလား။"
အာရပ်က သူ့ကို ပါးစပ်အဟောင်းသားနဲ့ ကြည့်နေရဲ့။ သူ နားမလည်ဘူးဆိုတာ သိသာတယ်။ ဒါရှုး စိတ်ထဲမှာ ကသိကအောင့်ဖြစ်တာတွေ တဖြည်းဖြည်း တိုးလာနေတယ်။ တစ်ချိန်တည်းလိုလိုမှာ သူဟာ ကိုးရိုး ကားရားနိုင်သလို ဖြစ်လာပြီး အိပ်ရာနှစ်ခုအကြားရောက်နေတဲ့ အာရပ်ရဲ့ ခန္ဓာကိုယ်ကြီးကိုလည်း သတိပြုမိ လိုက်တယ်။
ဒါရှုးက စိတ်မရှည်တဲ့လေသံနဲ့ အာရပ်ကို ပြောလိုက်တယ်။
"ဟိုဘက်မှာ သွားအိပ်ချေ။ အဲ့ဒါ မင်းအိပ်ရာပဲ။"
အာရပ်ကတော့ မလှုပ်မယှက်။ ဒါရှုးကို လှမ်းအော်ပြောတယ်။
"မနက်ဖြန် ရဲအရာရှိ ပြန်လာဦးမှာလား။"
"ငါ မသိဘူး။"
"ခင်ဗျား ကျွန်တော်တို့နဲ့ လိုက်လာမှာလား။"
"ငါမသိဘူး။ ဘာဖြစ်လို့လဲ။"
အကျဉ်းသားဟာ နေရာကထပြီး ပြတင်းပေါက်ဘက်ကို ခြေပေးလို့ စောင်တွေပေါ် လှဲဆန့်လိုက်တယ်။ လျှပ်စစ်မီးသီးက အလင်းရောင်ဟာ သူ့မျက်လုံးထဲ တန်းဝင်လာသမို့ ချက်ချင်းဆိုသလို မျက်စိကို ပိတ်လိုက်ရဲ့။
"ဘာဖြစ်လို့လဲ။" လို့ အိပ်ရာဘေးမှာ ထ–ရပ်ရင်း ဒါရှုးက မေးလိုက်တယ်။
အာရပ်က မျက်စိကျိန်းနေတဲ့ကြားက မျက်လုံးကိုကြိုးစားဖွင့်လို့ ဒါရှုးကို ကြည့်ရင်း၊ မျက်တောင် မခတ်အောင် အားတင်းပြီးပြောလိုက်တယ်။
"ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါဗျာ။"

> အခန်းထဲ လူစိမ်းတစ်ယောက်ရှိနေတာ သူ စိတ်အနှောင့်အယှက်ဖြစ်မိတယ်။

အပိုင်း (၃)

ညသန်းခေါင်အလယ် ဒါရှုးမှာ အိပ်မပျော်နိုင်သေး။ အဝတ်အစားတွေ အကုန်ချွတ်ပြီး အိပ်ရာဝင်တယ်။ ပုံမှန် အားဖြင့် အဝတ်ဗလာနဲ့ သူအိပ်လေ့ရှိရဲ့။ သို့ပေသိ သူဘာမှ ဝတ်မထားဘူးဆိုတာ ရုတ်တရက် သတိပြုမိလိုက်တဲ့ အချိန်မှာ အန္တရာယ်ရှိသလိုလို ခံစားလာရပြီး အဝတ်တွေပြန်ဝတ်ရင် ကောင်းမလားလို့ တွေးမိတယ်။ နောက်တော့လည်း ပုခုံးတစ်ချက်တွန့်လိုက်ပြီး ငါက ကလေးမှမဟုတ်ဘဲ။ လိုအပ်လို့ရှိရင် ငါ့ရန်သူကို နှစ်ပိုင်းတောင် ပိုင်းပစ်နိုင်သပလို့ တွေးဖြစ်သွားတယ်။ သူ့အိပ်ရာကနေ အာရပ်ကို လှမ်းအကဲခတ်လို့ရတယ်။ အာရပ်က ပက်လက်အနေအထားနဲ့ မျက်စိပိတ်အိပ်နေရဲ့။ ဒါရှုးက မီးကိုပိတ်လိုက်တဲ့အခါ အမှောင်ထုဟာ ရုတ်တရက် အေးခဲကျုပ်ထုတ်သွားသလို ခံစားလိုက်ရတယ်။ တဖြည်းဖြည်းနဲ့ ညဟာ ကြယ်တွေကင်းမဲ့ကောင်းကင်ရဲ့ ပြတင်းပေါက်အနီး တိုးညင်သာ လှုပ်ရှားမှု တွေနဲ့အတူ ပြန်လည်အသက်ဝင်လာတယ်။ ခဏအကြာမှာတော့ ကျောင်းဆရာဟာ သူ့ခြေရင်းမှာ လဲလျောင်းနေတဲ့ အာရပ်ရဲ့ပုံရိပ်ကို ပြန်မြင်လာရတယ်။ အာရပ်က မလှုပ်မရှား။ သို့ပေသိ သူ့မျက်လုံးတွေက ပွင့်နေသယောင်ယောင်။ ကျောင်းအဆောက်အအုံတစ်ဝိုက် လေအေးတစ်ချက် အငိုက်ဝင်တိုက်ခတ်လာတယ်။ အဲ့ဒီလေအေးတွေက ဖုံးကွယ်နေတဲ့ တိမ်သလ္လာထုကို ဖယ်ရှားပြီး အပြစ်တွေ ပြန်များပေါ်ထွန်းလာလေမလား။

ညနက်လေ လေကတိုးလို့ တိုက်ခတ်လာလေလေ။ ကြက်တွေက တဖျတ်ဖျတ် ထ–ခုန်လိုက်၊ ပြန်ငြိမ်လိုက်။ အာရပ်က ဒါရှုးကိုကျောပေးပြီး တစ်ဖက်ကိုလှည့်နေရဲ့။ သူ့ဆီက ညည်းညူသံကြားနေရသလိုလို။ ပြီး သူ့ဇွဲ့သည်းရဲ့ အသက်ရှူသံကို နားစွင့်ကြည့်တဲ့အခါ တဖြည်းဖြည်း အသံပြင်းလာပြီး နောက်တော့ ပြန်ငြိမ်သွားပြန်တယ်။ အဲ့ဒီလို အသက်ရှူသံကို နီးနီးကပ်ကပ် ကြားနေရတာကြောင့် သူအိပ်လို့မပျော်နိုင်။ အခန်းထဲ တစ်ယောက်ထဲ အိပ်လာတာ နှစ်ပေါက်နေပြီဆိုတော့ အခန်းထဲ လူစိမ်းတစ်ယောက်ရှိနေတာ သူ စိတ်အနှောင့်အယှက်ဖြစ်မိတယ်။ အလားတူပဲ သူ နားလည်တဲ့ ရင်းနှီးကျွမ်းဝင်မှုတစ်ခု ဆိုက်ရောက်လာတာကို လက်ရှိအခြေအနေတွေကြောင့် သူ့အနေနဲ့ လက်မခံဘဲ ငြင်းပယ်ရမယ့် အနေအထားမျိုးကြုံနေရတာကိုလည်း သူ့စိတ်ထဲ ကသိကအောက်ဖြစ်ရတယ်။ စစ်သားဖြစ်ဖြစ်၊ အကျဉ်းသားဖြစ်ဖြစ်၊ တစ်ခန်းထဲ အတူနေရရင် လက်နက်တွေကို သူတို့အဝတ်အစားတွေနဲ့အတူ ဘေးချရင်း၊ မတူညီမှုတွေ ကျော်လွှားပြီးတော့ကာ အရာရာမှာ ရင်းနှီးကျွမ်းဝင်တဲ့ပုံစံမျိုး ထူးခြားတဲ့ မဟာမိတ်စိတ်ထားလေးတွေ ဖြစ်ပေါ်တတ်သပေါ့။ မဟုတ်သေးပါဘူးလို့ ဒါရှုး သူ့ကိုယ်သူ ခေါင်းခါပြီး ငြင်းမိတယ်။ ဒီလိုအတွေးတွေ သူမနှစ်မြို့မိ။ အိပ်ပျော်ဖို့ကသာ အရေးအကြီးဆုံး။

သို့ပေမဲ့ ခဏလောက်ကြာတော့ အာရပ်က လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။ ကျောင်းဆရာ အိပ်မပျော်သေး။ အကျဉ်းသားက ဒုတိယအကြိမ် လှုပ်လိုက်တဲ့အခါ သူလန့်ပြီး တောင့်ခနဲဖြစ်သွားတယ်။ အိပ်မက်ထဲ လမ်းလျှောက်နေသလိုမျိုး အကျဉ်းသားဟာ သူ့လက်ပေါ်ထောက်ပြီး ဖြည်းဖြည်းချင်း ထ–လာတယ်။ အိပ်ရာထဲ ငုတ်တုတ်ထိုင်ပြီးတဲ့နောက် သူက ဒါရူးဘက်ကို ခေါင်းလှည့်လို့ တစ်ခုခုကို အာရုံစူးစိုက် နားထောင်နေသယောင်ယောင်။ ဒါရူးက မလှုပ်ရဲ။ ပစ္စတိုသေနတ်က သူ့စားပွဲအံဆွဲထဲမှာ ရှိနေတုံးပဲဆိုတာ သူတွေးလိုက်မိတယ်။ တစ်ခုခုဖြင့် လုပ်မှ ထင်ပါရဲ့။ သူအကျဉ်းသားကို ဆက်ပြီး အကဲခတ်နေတယ်။ အကျဉ်းသားက ခြေထောက်ကို အောက်ကိုချ၊ တဖြည်းဖြည်း ချင်း ထရပ်လိုက်တယ်။ ဒါရူးက လှမ်းအော်မယ့်ဆဲဆဲမှာပဲ အာရပ်က စပြီး လမ်းလျှောက်တယ်။ ပုံမှန်ဆိုပေမင့် ထူးထူးခြားခြား တိတ်ဆိတ်တဲ့ပုံစံမျိုးနဲ့။ အခန်းအဆုံးမှာ စတိုခန်းဘက်ထွက်တဲ့ တံခါးပေါက်ကို သူလှမ်းသွားတယ်။ မင်းတုံးကို သတိထားလို့ဖွင့်ရင်း အပြင်ထွက်သွားရာမှာ တံခါးကတော့ ပွင့်လျက်ကျန်ခဲ့။ ဒါရူးကတော့ မလှုပ်မယှက် ရှိနေဆဲ။ “သူထွက်ပြေးတာ နေမှာပါ” လို့ တွေးမိတယ်။ “ဒါလည်း ကောင်းတာပါပဲ” လို့ ဆက်တွေးနေမိရဲ့။ သူ့အသံတော့ နားစွင့်ကြည့်နေဆဲ။ ကြက်တွေ ထပျံသံမကြားရ။ သူ့ဧည့်သည်ဟာ မြေကွက်လပ်ဘက် ထွက်သွားပုံပဲ။ ရေသံ ခပ်တိုးတိုး ကြားရတယ်။ အဲ့ဒီနောက်တော့ တံခါးဝမှာ အာရပ် ပြန်ပေါ်လာတဲ့အချိန်အထိ သူဘာမှထပ်မကြားရ။ အာရပ်က တံခါးကို ဂရုတစိုက်ပိတ်ပြီး အိပ်ရာထဲကို အသံတစ်စက်မထွက်ဘဲ ပြန်ဝင်လာတယ်။ အဲ့ဒီနောက် ဒါရူးလည်း အကျဉ်းသားကို ကျောပေးလို့ အိပ်မောကျသွားတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့အချိန်မှာပဲ ကျောင်းပတ်ဝန်းကျင်မှာ ခြေသံ ခပ်တိုးတိုး ကြားနေရသလိုလို။ “ဒါ အိပ်မက်မက်နေတာ၊ ဒါ အိပ်မက်မက်နေတာ” လို့ ကိုယ့်ကိုကိုယ် ပြန်ပြောနေမိ။ ဆက်ပြီး အိပ်ပျော်နေခဲ့ပေါ့။

> သူနိုးလာတော့ ကောင်းကင်က ကြည်ကြည်လင်လင်။ တံခါးကြားတွေထဲ လေအေး၊ လေသန့်တွေ တိုးဝင်နေဆဲ။

အပိုင်း(၄)

သူနိုးလာတော့ ကောင်းကင်က ကြည်ကြည်လင်လင်။ တံခါးကြားတွေထဲ လေအေး၊ လေသန့်တွေ တိုးဝင်နေဆဲ။ အာရပ်ကတော့ စောင်တွေနဲ့ ကွေးလို့ အိပ်ပျော်နေတယ်။ ပါးစပ်အဟောင်းသားနဲ့ လုံးဝ တမေ့တမော။ ဒါရူးက သူ့ကို လှုပ်နှိုးလိုက်တဲ့အခါ ကြောက်လန့်တကြား၊ မျက်လုံးပြူးပြဲပြီး တစ်ခါမှ မမြင်ဖူးတဲ့ပုံမျိုး ဒါရူးကို ပြန်ကြည့်နေလိုက်တာ ကျောင်းဆရာတောင် နည်းနည်းလန့်ပြီး နောက်ဆုတ်လိုက်မိရဲ့။

“မကြောက်ပါနဲ့။ ငါပါကွ၊ ကျောင်းဆရာပါ။ ကဲ..ကဲ ထတော့ ငါတို့ တစ်ခုခုစားရအောင်။” လို့ ပြောလိုက်မှ အကျဉ်းသားက ခေါင်းညိတ်ရင်း “ဟုတ်ကဲ့” လို့ ပြန်ပြောတယ်။ သူ့မျက်နှာမှာ စိတ်အေးလက်အေး ဖြစ်သွားပုံရပေမယ့် သူ့အမူအရာကတော့ ငေးငေးငူငူ၊ နွမ်းနွမ်းရိရိပုံမျိုးတော့ ပေါက်နေတယ်။

ကော်ဖီ အဆင်သင့်ဖြစ်ပြီ။ ခေါက်ကုတင်ပေါ် သူတို့အတူတူထိုင်ပြီး၊ ကိတ်မုန့်စား၊ ကော်ဖီ အတူတူသောက်ကြ တယ်။ အဲ့ဒီနောက် ဒါရူးက အာရပ်ကို နောက်ဖေးခေါ်သွားပြီး သူခြေလက်ဆေးဖို့ ရေဘုံဘိုင်ကို ပြတယ်။ အခန်းထဲ ပြန်ဝင်၊ စောင်တွေခေါက်၊ အိပ်ရာတွေ သိမ်းလို့ အခန်းကို နေသားတကျဖြစ်အောင် ပြန်လုပ်တယ်။ အဲ့ဒီနောက် စာသင် ခန်းကို ဖြတ်လို့ တောင်လှေကားဖက် သူထွက်လာခဲ့တယ်။ အပြာရောင်ကောင်းကင်မှာ နေက ထွက်နှင့်နေခဲ့ပြီ။ ဝင်းပတဲ့အလင်းရောင်ဟာ လူသူကင်းမဲ့တဲ့ ကုန်းမြေမြင့်အပေါ် ရွှဲရွှဲစိုနေပေါ့။ တောင်ကုန်းတွေပေါ်မှာ နှင်းတွေ အရည် ပျော်ကျနေတာ ဟိုတစ်ကွက်၊ ဒီတစ်ကွက်။ ကျောက်တုံးတွေ ပြန်မြင်ရတော့မယ်။ ကုန်းမြင့်အစွန်မှာ ဆောင့်ကြောင့်ကလေးထိုင်ရင်း ကျောင်းဆရာဟာ လူသူမဲ့လွင်ပြင်ကြီးကို ငေးကြည့်နေတယ်။ ဘာဒူးချီးအကြောင်း တွေးမိတော့ သူ့အနေနဲ့ ဒီလူ့ကို ထိခိုက်နာကျင်စေခဲ့ပြီလို့ တွေးမိလာတယ်။ သူနဲ့ အပေါင်းအသင်းမလုပ်ချင်တဲ့ ပုံမျိုးနဲ့ သူ့ကို မောင်းထုတ်မိခဲ့ပြီ။ ရဲအဖိုးကြီးရဲ့ နှုတ်ဆက်သံကို ကြားယောင်ရင်း ဘာကြောင့်မှန်းမသိ သူ့စိတ်ထဲ ထူးထူးခြားခြား အနှစ်မဲ့မှုတွေ၊ အားငယ်မှုတွေ ခံစားလာရတယ်။ အဲ့ဒီအချိန်မှာပဲ ကျောင်းရဲ့တစ်ဖက်က အကျဉ်းသားရဲ့ ချောင်းဆိုးသံကို ကြားလိုက်ရ။ အကျဉ်းသားရဲ့အသံကို သတိလက်လွတ် နားစွင့်ရင်းက သူဒေါသထွက်လာမိတယ်။ ကျောက်စရစ်တစ်ခဲကို သူစိတ်တိုတိုနဲ့ လွှင့်ပစ်လိုက်တဲ့အခါ လေထဲ တဝီဝီပျံသန်းရင်း နှင်းထုတွေထဲ နစ်မြုပ် ပျောက်ကွယ်သွားရဲ့။ အဲ့ဒီလူရဲ့

မိုက်မဲတဲ့ ရာဇဝတ်မှုကို သူအော့နှလုံးနာတယ်။ ဒါပေသိ သူ့ကို ရဲလက်အပ်ရမှာကလည်း ကိုယ်ကျင့်သိက္ခာနဲ့ ဖီလာ ဖြစ်နေပြန်ပေါ့။ ဒါကို တွေးကြည့်ရုံနဲ့တင် အရှက်ရမှုတွေနဲ့ သူ့စိတ်မှာ ကျိန်းစပ်စပ်ဖြစ်လာတယ်။ တပြိုင်တည်းလိုလို အဲ့ဒီ အာရပ်ကို သူ့ဆီပို့ပေးတဲ့ သူ့လူတွေနဲ့၊ လူတော့သတ်ရဲပြီး လွတ်အောင် ထွက်မပြေးနိုင်တဲ့ အဲ့ဒီ အာရပ်ကိုယ်တိုင်ကို သူ ဆက်ပြီး ကြိမ်ဆဲနေမိတယ်။ ထိုင်ရာက ထ–ပြီး တောင်လှေကားကို ပတ်လျှောက်၊ ခဏတဖြုတ်ရပ်၊ ပြီး ကျောင်းဆရာ ကျောင်းထဲကို ပြန်ဝင်လာတယ်။

စတိုခန်းရဲ့ အင်္ဂတေကြမ်းပြင်ပေါ် မှီထိုင်ရင်း အာရပ်ဟာ လက်နှစ်ချောင်းနဲ့ သွားတိုက်နေတယ်။ ဒါရှူးက အကျဉ်းသားကို သူ့နောက်လိုက်ခဲ့ဖို့ လှမ်းခေါ်ပြီး အိပ်ခန်းထဲဝင်လာတယ်။ သူ့ဆွယ်တာအပေါ်ကနေ အမဲလိုက်ဂျာကင် ထပ်ဝတ်၊ ပြီး ဖိနပ်ကြိုး စီးတယ်။ သူအဆင်သင့်ဖြစ်တော့ အာရပ်ကို ခေါင်းပေါင်းပေါင်းပြီး ခြေညှပ်ဖိနပ်စီးပြီးတဲ့အထိ မတ်တပ်ရပ်ရင်း စောင့်တယ်။ စာသင်ခန်းထဲ ပြန်ဝင်လာတော့ ကျောင်းဆရာက အာရပ်ကို တံခါးဝဘက် လက်ညှိုး ထိုးပြတယ်။

"မင်းအပြင်က စောင့်နေ။" ဒါပေသိ အကျဉ်းသားက တုတ်တုတ်မှမလှုပ်။

"နောက်မှ ငါလိုက်လာခဲ့မယ်။" ဆိုမှ အပြင်ကိုထွက်သွားရဲ့။

ဒါရှူး အခန်းထဲပြန်ဝင်ပြီး မုန့်ကြွပ်ထုပ်၊ စွန်ပလွံသီးနဲ့ သကြားတွေ အိတ်ထဲထည့်။ အပြင်မထွက်မီ စာသင်ခန်းထဲက သူ့စားပွဲရှေ့မှာ တစ်ခဏ သူတို့ဆိုင်းနေသေးတယ်။ နောက်မှ အပြင်ထွက်လာပြီး တံခါးကို ပြန်ပိတ် တယ်။

အထုပ်နဲ့ငွေကို လှမ်းယူပြီး၊ ရင်ခွင်မှာပိုက်လို့ ဒါတွေကို ဘာလုပ်ရမလဲဆိုတဲ့ ဇဝေဇဝါအကြည့်မျိုးနဲ့ သူ့ကို လှမ်းကြည့် နေတယ်။

အရှေ့ဘက်ကို လက်ညှိုးထိုးပြရင်း "ဒီလမ်းက သွားရမှာ။" လို့ ကျောင်းဆရာ လှမ်းပြောလိုက်တယ်။ အကျဉ်းသားက နောက်ကလိုက်လာတယ်။ ခပ်လှမ်းလှမ်းရောက်တော့ ကျောင်းဘက်က အသံတစ်ခု ကြားလိုက်ရသလို သူထင်မိတယ်။ ခြေဦးပြန်လှည့်ရင်း ကျောင်းပတ်ဝန်းကျင်ကို လှမ်းကြည့်တော့လည်း တစ်ကောင်တစ်မြီးမှ မတွေ့ရ။ အာရပ်က သူ့ကို နားမလည်တဲ့အမူအရာနဲ့ ကြည့်တယ်။

ဒါရှူးက "လာကွာ၊ ဆက်သွားကြတာပေါ့။" လို့ ပြောလိုက်တယ်

နှစ်ဦးသား ၁ နာရီလောက် လျှောက်လာပြီးတဲ့နောက် ထုံးကျောက်တုံးကြီးတစ်ခုရဲ့ အစွန်နားမှာ ခဏနားတယ်။ နှင်းတွေ အရည်ပျော်တာ တဖြည်းဖြည်းမြန်လာပြီး နေရောင်က အရည်တွေ စုပ်ယူပစ်လိုက်သလိုမျိုး လျင်လျင် မြန်မြန်ကြီးကို တောင်ကုန်းဟာ ရှင်းရှင်းလင်းလင်းဖြစ်လာတယ်။ တဖြည်းဖြည်း ခြောက်သွေ့လာပြီး လေကိုက တုန်ခါ လာသလိုထင်ရ။ သူတို့ ခရီးပြန်ဆက်တဲ့အခါ သူတို့ခြေဖဝါးအောက်က မြေကြီးဟာ အသံတွေမြည်လို့။ တစ်ခါတလေ ငှက်တွေက သူတို့ရှေ့က ဖြတ်ပျံပြီး အသံတစာစာနဲ့ ပျော်ပျော်ရွှင်ရွှင်။ လတ်ဆတ်တဲ့ မနက်ခင်းအလင်းရောင်ကို ဒါရှူး နက်နက်ရှိုင်းရှိုင်း ရှူရှိုက်လိုက်တယ်။ တွေ့မြင်နေကျ ကျယ်ပြန့်လွင်ပြင်ကြီးဟာ အနုဆို အပြာရောင်လိပ်ခုံးကောင်းကင် အောက်မှာ အဝါရောင်လွင်ပြင်ကြီးတစ်ခုဖြစ်နေတာကို ကြည့်ရင်း သူ့မှာ အပျော်ပီတိတွေ ခံစားလာရတယ်။ နောက်ထပ် တစ်နာရီလောက် တောင်ဘက်ကို သူတို့ဆက်ဆင်းလာတယ်။ ကျောက်တုံးအရွယ်အစားသေးတဲ့နေရာကို သူတို့ ရောက်တဲ့ အထိ။ အဲ့ဒီကဆိုရင် ကုန်းမြေမြင့်ဟာ တောက်လျှောက်ဆင်ခြေလျှော။ အရှေ့ဘက်ကိုသွားရင် အပင်ရှည်အချို့ ပေါက် ရောက်တဲ့ မြေနိမ့်ပိုင်းကိုရောက်မယ်။ တောင်ဘက်ဆိုရင်တော့ ကျောက်တောင် အချွန်အတက်တွေနဲ့ မညီမညာဖြစ်နေတဲ့ ဒေသဆီ ဦးတည်နေ။

အဲ့ဒီ အရပ်နှစ်ခုကို ဒါရှူးအကဲခတ်ကြည့်တယ်။ မိုးကုတ်စက်ဝိုင်းမှာဖြင့် ကောင်းကင်ကလွဲလို့ ဘာမှမရှိ။ လူလည်း တစ်ယောက်မှမတွေ့ရ။ သူ့ကို တွေတွေကြီးကြည့်နေတဲ့ အာရပ်ဘက်ကို သူလှည့်ပြီး လက်ထဲကအထုပ်ကို လှမ်းပေးလိုက်တယ်။

"ဒါကို ယူထားလိုက်။ အဲ့ဒီအထဲမှာ စွန်ပလွန်သီး၊ ပေါင်မုန့်နဲ့ သကြားတွေပါတယ်။ နောက် ၂ ရက်စာ အတွက်တော့ လောက်မှာပါ။ နောက်ပြီး ဒီမှာ ဖရန့်ငွေ ၁၀၀၀။" လို့ ကျောင်းဆရာ ပြောလိုက်တယ်။

အထုပ်နဲ့ငွေကို လှမ်းယူပြီး၊ ရင်ခွင်မှာပိုက်လို့ ဒါတွေကို ဘာလုပ်ရမလဲဆိုတဲ့ ဇဝေဇဝါအကြည့်မျိုးနဲ့ သူ့ကို လှမ်းကြည့် နေတယ်။

ဒါရှူးက အရှေ့ဘက်ကို ညွှန်ပြရင်း

"ဒီလမ်းက တင်ဂျစ်ကို သွားတဲ့လမ်း။ ၂ နာရီလောက် လမ်းလျှောက်ရင် ရောက်မယ်။ အဲ့ဒီမှာ အုပ်ချုပ်ရေးရုံးနဲ့ ရဲဌာန ရှိတယ်။ သူတို့က မင်းကို အလိုရှိနေကြတယ်။"

အာရပ်က အထုပ်နဲ့ငွေကို ရင်ဘတ်ပေါ်တင်ရင်း သူပြတဲ့ အရှေ့ဘက်ကို လှမ်းကြည့်တယ်။ ဒါရှူးက အာရပ်ကို တံတောင်ဆစ်ကနေ ခပ်ကြမ်းကြမ်းဆွဲလို့ သူတို့ရပ်နေတဲ့နေရာအောက်ခြေက မှုန်ပျပျ တောလမ်းကလေးရှိရာ တောင်ဘက်အရပ်ကို ထပ်ပြတယ်။

“ဒါ ကုန်းမြေမြင့်ကို ဖြတ်သွားတဲ့တောလမ်း။ တစ်နေကုန်လျှောက်သွားရင် စားကျက်တွေနဲ့ ခြေသလုံးအိမ်တိုင် နိမက် လူမျိုးတွေနေတဲ့ အရပ်ကိုရောက်မယ်။ သူတို့က မင်းကိုလက်ခံမယ်၊ နေစရာပေးမယ်။ သူတို့ဥပဒေတွေနဲ့ အညီပေါ့။”
အဲ့သလိုပြောလိုက်တော့ အာရပ်က သူ့ဘက်ကို အထိတ်တလန့်လှည့်ကြည့်ရင်း “နေပါဦး...” လို့ စကားစလိုက်တာနဲ့ ဒါရူးက ခေါင်းခါပြီး စကားစဖြတ်လိုက်တယ်။
“မင်းဘာမှ မပြောနဲ့။ တိတ်တိတ်နေ။ ငါမင်းနဲ့ မလိုက်တော့ဘူး။ ငါ ပြန်တော့မယ်။” လို့ဆိုပြီး ချာကနဲ လှည့်ထွက်ကာ ကျောင်းရှိရာကို ခြေလှမ်းကျဲကျဲနဲ့ လှမ်းလာခဲ့တယ်။ တစ်ချက်တစ်ချက်တော့ အာရပ်ကို လည်ပြန်လှမ်းကြည့်မိသပေါ့။ ပထမတော့ သူ့ခြေသံကလွဲလို့ ဘာသံမှ မကြားရ။ လှည့်ကြည့်လိုက်တော့ သူ့ကို ငေးကြည့်နေတဲ့ အာရပ်ကို လှမ်းမြင် ရတယ်။ လည်ချောင်းထဲ တစ်ခုခု ပျို့တက်လာသလို သူခံစားရ။ စိတ်တိုတိုနဲ့ ဆဲဆိုမိပြီး အာရပ်ကို ယောင်ယမ်းလို့ လက် ဝှေ့ရမ်း နှုတ်ဆက်လိုက်တယ်။ ခပ်လှမ်းလှမ်းရောက်မှ နောက်တစ်ခါ ပြန်လှည့်ကြည့်တော့ အာရပ်ကို သူမတွေ့ရတော့။

ဒါရူးခြေလှမ်းတွေ နှေးလာတယ်။ နေက အတော်မြင့်နေပြီး သူ့ခေါင်းပေါ်တောင် ထုထောင်းနေခဲ့ပြီ။ ကျောင်းဆရာဟာ ပထမတော့ ခြေလှမ်းတွေမရေမရာနဲ့ နောက်ပိုင်းမှ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ဖြစ်လာတယ်။ တောင်ကုန်းလေးပေါ်ရောက်တော့ သူ ချွေးတွေရွှဲနစ်နေပြီ။ ခပ်မြန်မြန်တက်လာတဲ့အတွက် တောင်ထိပ်လည်းရောက်ရော သူအသက်ရှူတောင် မဝတော့။ တောင်ဘက်က ကျောက်တုံးကွင်းပြင်ကြီးဟာ အပြာရောင်ကောင်းကင်အောက်မှာ စူးစူးရှရှ ရပ်တည်နေပေမင့် အရှေ့ဘက်က လွင်ပြင်မှာတော့ အပူငွေ့လှိုင်းတွေ တဖြည်းဖြည်းမြင့်တက်လာနေပေါ့။ အဲ့သလို အရှေ့ဘက် မှိုင်းပျပျမြင်ကွင်းထဲမှာ အကျဉ်းထောင်ရှိရာဆီ ခပ်ဖြည်းဖြည်းဦးတည်သွားနေတဲ့ အာရပ်ရဲ့ပုံရိပ်ကို သူ စိတ်မသက်မသာနဲ့ ခပ်ရေးရေး လှမ်းမြင်လိုက်ရတယ်။

ခဏကြာတော့ စာသင်ခန်းပြတင်းရှေ့မှာ ရပ်ရင်း ကျောင်းဆရာဟာ ကုန်းမြေမြင့်ရဲ့ ရှင်းလင်းပြတ်သားတဲ့ မြင်ကွင်းကို ငေးမောကြည့်နေတယ်။ ဒါပေသိ သူဘာမှမမြင်ရ။ သူ့နောက်ဖက် နံရံသင်ပုန်းပေါ်က ပြင်သစ်နိုင်ငံရဲ့ မြစ်တွေအကြားမှာ မညီမညာရေးထားတဲ့ စာကြောင်းလေးကို အခုနကလေးတင် သူဖတ်ပြီးခဲ့ပြီ။

“ကျုပ်တို့ ညီအကိုတစ်ယောက်ကို ခင်ဗျား ရဲလက်အပ်လိုက်တယ်။

အဲ့ဒီအတွက် ခင်ဗျား ပြန်ပေးဆပ်ရလိမ့်မယ်။”

ကောင်းကင်ရယ်၊ ကုန်းမြေမြင့်ရယ်၊ မျက်စိတဆုံး လယ်ကွင်းတွေရဲ့အစွန်း ဟိုး ပင်လယ်အထိရယ်၊ ဒါရူး ငေးကြည့်နေမိတယ်။ အဲ့ဒီကျယ်ပြောတဲ့ ရှုမျှော်ခင်းကို သူအလွန်ပဲ ချစ်မြတ်နိုးခဲ့ပေါ့။ ကျောင်းဆရာတစ်ယောက်တည်း။

ဘာသာပြန် - icy

(The Guest by Albert Camus Translated by Justin O'Brien အား ဘာသာပြန်ဆိုပါသည်။)
(စကားချပ်။ ဒီဝတ္ထု နောက်ခံဒေသက ပြင်သစ်ကိုလိုနီ၊ အယ်ဂျီးရီးယားနိုင်ငံ ဖြစ်ပါတယ်။ မူရင်းမှာ အပိုင်းတွေ မခွဲထားပေမင့်၊ ဖတ်တဲ့အခါ အဆင်ပြေစေသောငှာ၊ မြန်မာဘာသာပြန်မှာ အပိုင်း(၄)ခု ခွဲထားပါတယ်။)

## ““ဧည့်သည်”” အဲလဘတ်ကမူး

ဘာသာပြန် - icy






Albert Camus

# ကျေးဇူးတင်လွှာ

မြန်မာကျူးပစ် ဂျာနယ် အမှတ်စဉ် (၁၀)
အောင်မြင်စွာ ထုတ်ဝေနိုင်ဖို့ အတွက်...
စာမူများ ချီးမြှင့် ပေးကြသော
စာမူရှင်များ၊
စာတည်းဖြတ်ပေးကြသော အယ်ဒီတာများ၊
စိတ်ရှည်လက်ရှည် စာစစ်ပေးကြသူများ၊
လှပဝေဆာစွာ ဒီဇိုင်းဆွဲပေးကြသူများ၊
ဟတ်ဒါပြိုင်ပွဲဝင်များ အားလုံး၊ ကူညီ မဲပေးရွေးချယ်ပေးသူများ နှင့်
ပြိုင်ပွဲကို ဦးဆောင်ကျင်းပပေးသူများ၊
ဂျာနယ် ဖြစ်မြောက်ရေးအတွက် အကြံပြုချက်၊ ဝေဖန်ချက်များနှင့်
လမ်းညွှန် ကူညီပေးကြသူများ၊
ကျေးဇူးတင်ထိုက်သူများ အားလုံးကို
ကျေးဇူးတင်ရှိခြင်း နှင့် အတူ
ဂျာနယ်ကို စိတ်ဝင်တစား
စောင့်မျှော်နေကြသူ စာဖတ်ပရိသတ်များ အားလုံးကိုလည်း
လှိုက်လှိုက်လှဲလှဲ
ကျေးဇူးတင်ရှိပါကြောင်း...။ ။



# 2013 MMCP Journal
# Management & Editorial

**Editing:**
nickybuddy, nnnaing, icy, koshwemung, suuchit
**Proofing:**
dotekha, PiNyat, sideeffect, nnnaing , koshwemung, Tawthumalay, suuchit
**Cover:**
academy
**Front Header:**
jelly13
**Back header:**
gypsydoll
**Inner header:**
gforgritty
**Design & layout:**
nelayne, academy, MrYoDa, mdy_3vil, Hollinaz, gforgritty, suuchit
**Illustration:**
nelayne, academy, gforgritty, suuchit
**Uploading & Downloading:**
GuruAM
**Header Contest:**
Hollinaz, academy
**General Support:**
mgchaint, nnnaing, MrYoDa, Hollinaz, GuruAM, academy, suuchit
**ePUB:**
Tayy Aye Yate


MMCP community
01.04.2013
7th
Anniversary
HBD cupid!!!
Happy 7th Anniversary
13
14
15
16

mmcpcommunity.net

# မြန်မာကျူးပစ်ဂျာနယ်

အမှတ်စဉ် (၁၀)

gypsydoll

